# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## အနှစ်ရှိသော တရားကိုရနိုင်

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

**ယမကဝဂ်(ဓမ္မပဒ-၁၂)**


၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက် | ၂၀၁၉ ခုနှစ်၊ ဧပြီ ၂၆ ရက်၊ သောကြာနေ့ | အတွဲ (၅၈)၊ အမှတ် (၂၀၈)





နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်အမျိုးသားကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် **People to People Connectivity Thematic Forum** ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် People to People Connectivity Thematic Forum ဖွင့်ပွဲအခမ်းအနား၌ မိန့်ခွန်းပြောကြား

**ပေကျင်း ဧပြီ ၂၅**

ဒုတိယအကြိမ်မြောက် ရပ်ဝန်းနှင့် ပိုးလမ်းမ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၅ မိနစ်တွင် တရုတ်အမျိုးသားကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် People to People Connectivity Thematic Forum ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

ဖိုရမ်ဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အပြန်အလှန်ယုံကြည်နားလည်မှုအပေါ် အခြေခံထားသည့် ချစ်ကြည်ရင်းနှီးမှုသည် ပူးပေါင်းဆောင်ရွက်မှုအတွက် အရေးကြီးပါကြောင်း၊ အပြန်အလှန်ယုံကြည်နားလည်မှုမရှိပါက မိမိတို့ ပူးပေါင်းဆောင်ရွက်မှုများသည် ထိရောက်မှုရှိမည်မဟုတ်ကြောင်း၊ နိုင်ငံတကာဖိုရမ်များနှင့် ညီလာခံများသည် ကမ္ဘာကြီးအား ပိုမိုကောင်းမွန်သည့် နေရာအဖြစ် ဖန်တီးရာတွင် ဘုံရပ်တည်ချက်များရရှိရေးအတွက် အခွင့်အလမ်းများဖြစ်ပါကြောင်း၊ ပြဿနာများကို ချဉ်းကပ်ရာတွင် နည်းလမ်းများစွာရှိပြီး ချစ်ကြည်ရင်းနှီးမှုဖြင့် ပြဿနာများကို အပြုသဘောဆောင်စွာ ဖြေရှင်းနိုင်ကြောင်း၊ လူသားများ၏ ချစ်ကြည်ရင်းနှီးမှုနှင့် ပျော်ရွှင်မှုတို့ကို ဆောင်ကြဉ်းပေးသည့် အဓိကစံနှုန်းများကို မဆုံးရှုံးစေဘဲ မိမိတို့တိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများ ရှိပါကြောင်း။


*စာမျက်နှာ ၃ ကော်လံ ၁* ❁


## နိုင်ငံတော်အစိုးရ ပြည်သူ့အတွက် တတိယ (၁)နှစ်တာ အချုပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာအဖြစ် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ကယားပြည်နယ်အစိုးရအဖွဲ့တို့၏ တတိယ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချုပ်ပိုရှစ်မျက်နှာဖြင့် ဖော်ပြထားပါသည်။

## ထူးခြားသည့်နေ့အပူချိန်များ

၂၅-၄-၂၀၁၉

| | | |
|---|---|---|
| ချောက်မြို့ | ၄၅ | ဒီဂရီစင်တီဂရိတ် |
| အောင်လံမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| တောင်တွင်းကြီးမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| ဂန့်ဂေါမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| ပေါက်မြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| ဆင်ဖြူကျွန်းမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| တောင်ငူမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |

## ခေါင်းဆောင် ကင်နှင့် သမ္မတ ပူတင်တို့ တွေ့ဆုံဆွေးနွေး


နိုင်ငံတကာသတင်း
စာ-၁၄





KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# မိမိကိုယ်ကို ကိုးကွယ်ရာ

“အတ္တာဟိ အတ္တနော နာထော မိမိသာလျှင် မိမိ၏ကိုးကွယ်ရာ ဖြစ်သည်” ဟူသည့်စကားက မြန်မာတို့အဖို့ မစိမ်းသော စကားစုဖြစ်ပါသည်။ သည်စကားက ဗုဒ္ဓမြတ်စွာ ဟောကြားခဲ့သည့် စကား ဖြစ်သည်။

အဆိုပါ စကားစုနှင့် ပတ်သက်၍ မည်သို့ယုံကြည်မှုရှိသည်၊ မည်မျှ လောက် ယုံကြည်မှုရှိသည် ဆိုသည်ကိုမူ ကိုယ်တိုင်ဆန်းစစ်မှ သင့်မည်ဟု ထင်၏။

အများအားဖြင့် မိမိတို့ လူမှုအသိုက်အဝန်းတွင် တွေ့မြင်ရလေ့ရှိသူ တို့တွင် မိမိမှတစ်ပါး အားကိုးရှာလေ့ရှိသည့်အလေ့ကို သတိပြုမိ ပါသည်။

မိဘကို၊ မိတ်ဆွေသူငယ်ချင်းကို၊ ဆွေမျိုးသားချင်းများကို စသဖြင့် အားကိုးကြလေ့ရှိ၏။ ဤသည်မှာ သဘာဝကျသောအလေ့ဟု ဆိုရ ပါမည်။ မည်မျှပင် မိမိကိုယ်ကို အားကိုးကြသည်ဆိုသော်လည်း မိမိချစ်ခင်သူများ၊ လေးစားသူများ၊ ကြည်ညိုသူများကို အားကိုးမိကြသည် မှာ မဆန်းလှ။

သို့သော်လည်း လက်တွေ့ဘဝများတွင် ဟောသည်အရွက် အိတ်ထဲ တွင်ဆောင်ကာ စာမေးပွဲသွားဖြေလျှင် ဂုဏ်ထူးထွက်လိမ့်မည် ဆိုလျှင် လည်း ယုံကြည်အားကိုးမိသည်လား။ မနက်နေထွက်ချိန် ဟောသည်လမ်း ကို လျှောက်ကာ အနီးဘုရားရင်ပြင်တော်ပေါ်သို့ တက်၍ ဟောသည်လုံချည် ကို ဝတ်ရင်းသည်သို့သည်ပုံ လုပ်လိုက်လျှင် လက်ရှိအနေအထားမှာ ကြာကြာမြဲမည်၊ ဩဇာအာဏာ တည်လတံ့ဟုဆိုလျှင်လည်း အားကိုး ယုံကြည်ကြမိသည်လား။ ဟောသည်နေ့ရက် နေတက်ရေတက်မှာ အလှူ ကြီးလုပ်၊ ဟောသည်ထမင်း၊ ဟောသည်ဟင်းကို ကျွေးမည်ဆိုက ရာထူး တည်မြဲလိမ့်မည်ဟု ဆိုလျှင်လည်း ယုံကြည်မိကြသည်လား။

သည်လိုမျိုးတွေကို အားကိုးလို့ ဖြစ်ကြသည်လည်း ရှိကောင်းရှိမည်၊ မဖြစ်သည်ကလည်း ရှိသည်ဆိုတာ အရှယ်ရောက်သည်နှင့်အမျှ ကြုံဆုံဖူး ကြပါလိမ့်မည်။ ကိုယ့်အားကိုယ်ကိုး ဆိုသည်ထက် ဘာကမှ အားကိုးစရာ ရှိမည်မထင်။

ဗုဒ္ဓဘုရားရှင်၏ မိမိသာလျှင် မိမိ၏ကိုးကွယ်ရာ ဖြစ်သည်ဟူသည့် စကားမှာ မိမိကိုယ်တိုင်စောင့်ထိန်းသည့်သီလ၊ မိမိကိုယ်တိုင် ကျင့်ကြံသည့် သမာဓိ၊ မိမိကိုယ်တိုင် ဆောက်တည်သည့် ဘာဝနာတို့ကို အားကိုးရမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

ကိုယ့်အားကိုယ်ကိုးဟု ဆိုသည်မှာ ကိုယ်တိုင်၏ ကိုယ်နှုတ်နှလုံးတို့ မဖောက်မပြန် မှန်မှန်ကျင့်ကြံခြင်းကို အားကိုးရမည် မဟုတ်ပါလား။ ကိုယ့်ဘဝ၏ တိုးတက်ရာအတွက် မှန်ကန်သောအကျင့်၊ မှန်ကန်သော အသက်မွေးမှု၊ မှန်ကန်သော ပြောဆိုမှု၊ မှန်ကန်သော စိတ်သဘောထား၊ မှန်ကန်သော အာရုံစူးစိုက်မှု၊ မှန်ကန်သော စောင့်ထိန်းသည့် အသိ၊ မှန်ကန်သော သိမြင်မှုတို့ဖြင့်သာ မိမိဘဝ မှန်မှန်ကန်ကန် တိုးတက်ဖွံ့ဖြိုး မည် မဟုတ်ပါလား။

မိမိပြုလုပ်သည့် အလုပ်၊ အပြော၊ အတွေးတို့ မှန်ကန်မှသာ မှန်ကန် ကောင်းမွန်သော ရလဒ်ရမည်ဆိုသည်ကို ယုံကြည်သည် ဆိုခြင်းက မိမိ ကိုယ်ကို ယုံကြည်ခြင်းပင်ဖြစ်ပါမည်။ မိမိပြုလုပ်သည့် အလုပ်များ ပေါ်တွင် နက်နက်ရှိုင်းရှိုင်း မယုံကြည်သူအများစုသည်သာ အခြားအခြား သော ယုံကြည်အားကိုးရာ ရှာကြလေ့ရှိမည်သာတည်း။

ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင်သည်ပင်လျှင် သူ့ကိုအားကိုးရန်ဟု မဆို၊ “အတ္တာဟိ အတ္တနော နာထော မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဖြစ် သည်” ဟု ဆိုခဲ့သည်။ ထိုတရားသည် ယုံကြည်ထိုက်၏ မဟုတ် ပါလော။

ယုံကြည်မှုတို့တွင် မိမိ၏ ယုံကြည်မှုနှင့် စပ်လျဉ်း၍ မည်မျှလောက် မိမိကိုယ်တိုင်က လိုက်နာသည်နည်း ဆိုသည်က အရေးပါပါမည်။ မိမိ ကိုယ်တိုင်ထက် မည်သည်တို့ကို ပိုမိုယုံကြည်ကြရန် လိုပါမည်လဲဟု ချင့်ချိန် စဉ်းစားဆင်ခြင်ကာ ကိုယ်ကိုယ်တိုင်၏ ကာယ၊ ဝစီ၊ မနော မှန်ကန်ကောင်း မွန်အောင် စောင့်ထိန်းကျင့်ကြံလိုက်နာ ဆောက်တည်နိုင်ကြပါစေ သတည်း။

# ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ ပုသိမ်မြို့သို့ ဒေသစာရီကြွချီပူဇော်ခံ

**ပုသိမ် မေ ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ၏ စုပေါင်းအင်အားဖြင့် တည်ထားကိုးကွယ်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့မှ ပုသိမ်မြို့သို့ ပင့်ဆောင်ပူဇော်ခံသည်။

ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ရွှေငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့် တို့အား ယနေ့နံနက် ၃ နာရီခွဲက ပဲခူးမြို့ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော် ရင်ပြင်ရှိ ကျောက်ပန်းတောင်းဓမ္မာရုံမှ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များက ပြန်လည်ပင့်ဆောင်ပူဇော်ကြသည်။ ပဲခူးမြို့မှ ပုသိမ်မြို့သို့ ပင့်ဆောင်ရာလမ်းကြောင်းတစ်လျှောက်တွင်လည်း လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက စည်ကားလိုက်လှဲစွာဖြင့် ကြိုဆိုဖူးမြော်ပူဇော်ကြပြီး စေတီတော်ကြီး တည်ထားကိုးကွယ်ရေး အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင် ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် ရတနာစိန်ဖူးတော်အား ပင့်ဆောင်စဉ်။

ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့် တို့ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ ဒေသစာရီကြွချီရောက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းထွန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များက ကြိုဆို ဖူးမြော်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် ပုသိမ်မြို့ ရွှေမုဋ္ဌော မဟာစေတီတော်မြတ်ကြီး ရင်ငွေ့လှုံကာ ပုသိမ်မြို့ (၃) ရပ်ကွက်ရှိ ကံသာယာ ပြည်ထောင်စုကွင်း ယာယီစံကျောင်းတွင် ပြည်သူများ ဖူးမြော်ပူဇော်နိုင်ရန် အပူဇော်ခံထားရှိသည်။

ယနေ့ည ၈ နာရီတွင် ကံသာယာ ပြည်ထောင်စုကွင်း၌ ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက က ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေး ရရှိစေရန် “မေတ္တာလွှမ်းမှ ငြိမ်းချမ်းမယ်” တရားတော်ကို ဟောကြားချီးမြှင့်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဒေသခံတရားချစ်ခင် သူတော်စင်များက တရားတော်ကို ရိုသေစွာ နာယူကြည်ညိုကြသည်။ တရားပွဲအပြီးတွင် ထာဝရငြိမ်းချမ်းရေးစေတီတော်ကြီး တည်ထားကိုးကွယ်ရေး အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာများအား ပြန်လည်ပေးအပ်သည်။

**ဟန်လင်းနိုင်**

# ဂျပန်နိုပွန်ဖောင်ဒေးရှင်းနှင့်ဒေသခံပြည်သူများဆောက်လုပ်လှူဒါန်းသော အလယ်တန်းကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**မော်လမြိုင်ကျွန်း မေ ၂၅**

ဂျပန်နိပွန်ဖောင်ဒေးရှင်း ARTIC အဖွဲ့နှင့် မော်လမြိုင်ကျွန်းမြို့နယ် မြစ်ကြီးဘိုးကျေးရွာအုပ်စု ဒေသခံပြည်သူများ ဆောက်လုပ်လှူဒါန်းသော RC နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို မေ ၂၅ ရက်က မြစ်ကြီးဘိုးကျေးရွာအုပ်စု မြစ်ကြီးဘိုး ကနစိုချောင်းအခြေခံပညာအလယ်တန်းကျောင်း ဆောင်သစ်ရှေ့မျက်နှာစာ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး (ပညာ)ဦးဖြူဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဇင်မင်းဌေး၊ နိပွန်ဖောင်ဒေးရှင်းပရောဂျက်ဒါရိုက်တာ ဦးစေတနာနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ဂျပန်နိုင်ငံနိပွန်ဖောင်ဒေးရှင်း ARTIC ပရောဂျက်ဒါရိုက်တာ ဦးစေတနာက မြို့နယ်ပညာရေးမှူး ဦးမြင့်သွင်ထံ ပေးအပ်သည်။

အဆိုပါကျောင်းဆောင်သစ်အား ဂျပန်နိုင်ငံနိပွန်ဖောင်ဒေးရှင်း ARTIC အဖွဲ့နှင့် မြစ်ကြီးဘိုးကျေးရွာအုပ်စု ပြည်သူများ စုပေါင်းလှူဒါန်းငွေကျပ်သိန်း ၉၇၀ ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ကျောင်းဆောင်သစ်အလျားပေ ၇၀၊ အနံပေ ၃၀ ဖြင့် ဆောက်လုပ်ခဲ့သော RC နှစ်ထပ်ကျောင်းဆောင်သစ်ဖြစ်ပြီး ကျောင်းဆောင်သစ်ဖွင့်လှစ်နိုင်ခဲ့သောကြောင့် ပညာသစ်နှစ်တွင် ကနစိုချောင်း၊ ဖိုးပန်းလှ၊ အနန်းချောင်း၊ မြင်းကကျောင်းနှင့် ဖောင်ကွဲကျေးရွာများမှ ကျောင်းသား ကျောင်းသူ ၃၅၀ စိတ်ချမ်းမြေ့စွာ ပညာသင်ကြားနိုင်မည်ဖြစ်သည်။

**မော်ကျွန်း-မြင့်အောင်**



# မြို့ကုန်းကျေးရွာ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ကဆုန်ညောင်ရေသွန်းပွဲ ကျင်းပရေး ညှိနှိုင်းစည်းဝေး

**မလှိုင် မေ ၂၅**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် နွားကန်တိုက်နယ် ညောင်အုပ်အုပ်စုရှိ မြို့ကုန်းကျေးရွာ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ကဆုန်ညောင်ရေသွန်းပွဲ ဖြစ်မြောက်ရေး ညှိနှိုင်းအစည်းအဝေးကို မေ ၂၅ရက်က မြို့ကုန်းကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည်။

မြို့ကုန်းကျေးရွာ ဗုဒ္ဓပူဇနိယပွဲနှင့် ကဆုန်ညောင်ရေသွန်းပွဲမှာ မလှိုင်မြို့နယ်တွင် အစဉ်အလာကြီးမားသော ပွဲတစ်ခုဖြစ်ပြီး ယခုနှစ်တွင် (၁၆၇)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(၁၆၇) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ကဆုန်ညောင်ရေသွန်းပွဲတွင် မှုခင်းများ မဖြစ်ပွားစေရေးအတွက် မှုခင်းအသိပညာပေးဟောပြောခြင်းကို နွားကန်တိုက်နယ် နယ်မြေရဲစခန်းမှူး ရဲအုပ်အေးမင်းက အဆိုပါပွဲဖြစ်မြောက်ရေးညှိနှိုင်းအစည်းအဝေးတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ ကျေးရွာအုပ်စု ရှစ်ခုမှ အုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဂေါပကအဖွဲ့၊ နွားကန်နယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ် အေးမင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံကျေးရွာသူကျေးရွာသားများ တက်ရောက်ခဲ့သည်။

**ဘိုဘို(မလှိုင်)**

❁ *ရှေ့ဖုံးမှ*

တစ်ယောက်နှင့် တစ်ယောက် ယုံကြည်နားလည်မှုမရှိပါက လူတိုင်း သဟဇာတဖြစ်စွာနေထိုင်မည့် ကမ္ဘာ့ရွာအား တည်ဆောက်နိုင်ရန် ခဲယဉ်းပါကြောင်း၊ မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကူညီပေးကြသည့်၊ မိမိတို့နှင့်အတူရပ်တည်ခဲ့ကြသည့် မိတ်ဆွေများကို အခွင့်အခါသင့်ခိုက် ကျေးဇူးတင်စကားပြောကြားလိုပါကြောင်း၊ မိမိတို့အနေဖြင့် ကြုံတွေ့ရမည့် စိန်ခေါ်မှုများ ရှိလင့်ကစား ယုံကြည်နားလည်ပေးသူများနှင့် အပြန်အလှန်လေးစားမှုကို ယုံကြည်ကြသူများ၏ အကူအညီဖြင့် သာယာဝပြောရေးအတွက် ရှေ့ဆက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ စိန်ခေါ်မှုများကို ကျော်လွှားရာတွင် မိမိတို့ပြည်သူများ၏ သန္နိဋ္ဌာန်ခိုင်မာမှုနှင့် အလုပ်ကြိုးစားမှုများအပေါ်တွင်လည်း မူတည်နေပါကြောင်း၊ စိန်ခေါ်မှုများ မည်သို့ပင်ရှိစေကာမူ ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးမှုလမ်းကြောင်းအား မိမိတို့အနေဖြင့် ဆက်လက်လျှောက်လှမ်းသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**တွေ့ဆုံဆွေးနွေး**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျောက်ယုထိုင် နိုင်ငံတော် ဧည့်ဂေဟာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီခချန်းနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးအား နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် အရှိန်မြှင့်တင်ဆောင်ရွက်ရေး၊ ရပ်ဝန်းနှင့် ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်ရေး မူဘောင်အောက်မှ မြန်မာနိုင်ငံ၏ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံမှ ဆန်တန်ချိန် ၁၀၀၀၀၀ အား တရုတ်နိုင်ငံသို့ တင်သွင်းခွင့်ခဲ့တမ်းအား ဆက်လက်ပေးအပ်ရေးနှင့် မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် မွေးမြူရေးထွက်ကုန်များအနာဂတ်တွင် ပိုမိုဝယ်ယူနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းမှုရရှိရေး၊ နှစ်နိုင်ငံကုန်သွယ်မှုပမာဏ တိုးမြှင့်နိုင်ရေးအတွက် နယ်စပ်ဒေသများတွင် တရားမဝင်ကုန်သွယ်မှုများ ပပျောက်ရေး၊ လူကုန်ကူးမှု ကာကွယ်တားဆီးရေးအတွက် နှစ်ဖက်တာဝန်ရှိသူများအကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့်မြောက်မည့် ၂၀၂၀ ပြည့်နှစ်တွင် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်နှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ဦးဆက်အောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


**သဘောတူစာချုပ်များချုပ်ဆို**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ ကျင်းပသည့် မြန်မာ - တရုတ် နှစ်နိုင်ငံ သဘောတူ နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ်များချုပ်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်နှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ဦးဆက်အောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီခချန်းတို့၏ ရှေ့မှောက်၌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားဖွံ့ဖြိုးတိုးတက်မှုနှင့် ပြုပြင်ပြောင်းလဲမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ H.E. Mr. Zhang Yong တို့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားဖွံ့ဖြိုးတိုးတက်မှုနှင့် ပြုပြင်ပြောင်းလဲမှုကော်မရှင်တို့အကြား တရုတ်- မြန်မာ စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (၂၀၁၉- ၂၀၃၀) ဆိုင်ရာ နားလည်မှုစာချွန်လွှာကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Yu Jianhua တို့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့အကြား စီးပွားရေးနှင့်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရန်အတွက် (၅)နှစ် ဖွံ့ဖြိုးမှုအစီအစဉ် ရေးဆွဲရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လည်းကောင်း လက်မှတ်ရေးထိုး လဲလှယ်ကြပြီး

*စာမျက်နှာ ၄ သို့*



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီခချန်းက ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

သတင်းစဉ်



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီခချန်းတို့၏ ရှေ့မှောက်၌ ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် ဒုတိယဝန်ကြီး H.E. Mr. Yu Jianhua တို့ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြစဉ်။**

သတင်းစဉ်



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Forbidden City ၌ လှည့်လည်ကြည့်ရှုစဉ်။**

သတင်းစဉ်

*စာမျက်နှာ ၃ မှ*

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျန်တို့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့အကြား စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်ကို အပြန်အလှန်လဲလှယ်ကြသည်။

**သွားရောက်လေ့လာ**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် အဖွဲ့ဝင်များသည် Forbidden City သို့ သွားရောက်လေ့လာကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သံအမတ်ကြီး ဦးသစ်လင်းအုန်း၊ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်၊ မြန်မာ - တရုတ် နှစ်နိုင်ငံ သံရုံးများမှ တာဝန်ရှိသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် Forbidden City ညေ့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် Central Committee of CPC , International Department သို့ ရောက်ရှိပြီး တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E. Mr. Song Tao က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

**သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H. E. Mr. Song Tao က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်လာစဉ်။ သတင်းစဉ်

# ဆည်ကြီးများ၏ ကြံ့ခိုင်မှုအခြေအနေနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင် ကာကွယ်တုံ့ပြန်နိုင်ရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းညှိနှိုင်း

**နေပြည်တော် မေ ၂၅**

ဆည်ကြီးများ၏ ကြံ့ခိုင်မှုအခြေအနေနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ကာကွယ် တုံ့ပြန်နိုင်ရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ ဦးစိုးအောင်နှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဆည်ကြီးများ၏ ကြံ့ခိုင်မှုအခြေအနေနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ကာကွယ်တုံ့ပြန်နိုင်ရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**စီမံဆောင်ရွက်ထားရှိမှု**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆည်တမံများအနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးသာမက ဒေသစိမ်းလန်းစိုပြည်ရေးနှင့် ရေချိုရှားပါးမှုပြဿနာကို ကာကွယ်ပေးနိုင်ရေးတို့အတွက် အကျိုးပြုနိုင်ရေး မျှော်မှန်းဆောင်ရွက်ခဲ့သည့်နည်းတူ ဆည်များတည်ဆောက်စဉ်က ဒေသရေမြေဖြစ်တည်မှု၊ ယင်းဒေသ၏ ရာသီဥတုမိုးရေချိန်နှင့် သဘာဝဘေးဖြစ်ပေါ်နိုင်မှု အခြေအနေများအပေါ် ပညာရှင်များက စနစ်တကျ စိစစ်တွက်ချက်ပြီး စီမံခန့်ခွဲမှု၊ ထိန်းသိမ်းကြပ်မတ်မှုလုပ်ငန်းများ ထည့်သွင်းဆောင်ရွက်ထားပါကြောင်း၊ ဆည်တမံကြီးများသည် မြေအောက်ရေမြင့်တက်စေခြင်းနှင့် ရေချိုသယံဇာတတိုးပွားစေခြင်းများ အကျိုးပြုနိုင်သော်လည်း အခြားတစ်ဖက်တွင်လည်း ငလျင်ကြီးများအပါအဝင် မမျှော်မှန်းနိုင်သောဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲပြဿနာများအပေါ် ပညာရှင်များ၏ အကြံဉာဏ်များကိုရယူပြီး ကြိုတင်ကာကွယ်မှုအစီအစဉ်များ ရေးဆွဲဆောင်ရွက်ခြင်း၊ တည်ဆောက်ပြီး ဆည်များ၏ ကြံ့ခိုင်မှုထိန်းသိမ်းဆောင်ရွက်ခြင်း၊ သဘာဝဘေးနှင့် ရာသီဥတု သက်ရောက်မှုအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်အသိပေးနိုင်ရန် သက်ဆိုင်ရာဌာနများ၊ ဒေသတာဝန်ရှိသူများ၊ ဒေသနေပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးပြောကြားသည်။

**သစ်တောသစ်ပင်များ ပြုစုစိုက်ပျိုး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ဘေးကင်းလုံခြုံမှုအတွက် ကြိုတင်ကာကွယ်ရေး၊ လျင်မြန်စွာ တုံ့ပြန်ရေး၊ ထိရောက်သည့် တုံ့ပြန်မှုနည်းလမ်းများဖြင့် ပြည်သူများအပေါ် အကျိုးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆည်တမံကြီးများ တည်ဆောက်ခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးနှင့် သက်ရောက်နိုင်သည့် ဆိုးကျိုးများ အနည်းဆုံးဖြစ်စေရေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒေသအလိုက် ဆည်တာတမံများ၏ ကြံ့ခိုင်မှုနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များ၏ အချက်အလက်များကို အသုံးပြု၍ ဆည်ဝန်းကျင်ရှိ ရပ်ရွာလူထုအား ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်မှု၊ ပြင်ဆင်မှုအရေးပေါ် တုံ့ပြန်မှုတို့အတွက် ဇာတ်တိုက်လေ့ကျင့်မှုများကို ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန(၂)ခုတည်းနှင့်လည်း ဆောင်ရွက်၍ မရပါကြောင်း၊ အခြားဆက်စပ်ဝန်ကြီးဌာနများ၊ လူမှုအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆည်များအတွင်း နုန်းပို့ချမှု လျော့နည်းစေရန်အတွက် ဆည်၏ ရေဝေရေလဲဒေသများတွင် သစ်တောသစ်ပင်များ ပြုစုစိုက်ပျိုးဖြစ်ထွန်းရေးတို့ကိုလည်း တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တမံများမှ စီးဆင်းလာသော ရေလမ်းကြောင်းရှိ မြောင်း၊ ချောင်းများတစ်လျှောက်တွင်လည်း ရေကြမ်းပြင်မြင့်တက်မှုမရှိစေရေး ရေလမ်းကြောင်းများ ပြုပြင်တူးဖော်ရန်လည်း အရေးကြီးပါကြောင်း၊ လုပ်ငန်းဆက်စပ်မှုများအရ ကြိုတင်ကာကွယ်မှုများကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ဘက်ကလည်း ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်အပေါ် ထိရောက်သော တုံ့ပြန်မှုများကို ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဝိုင်းဝန်းဖြည့်စွက်ဆွေးနွေး**

ထို့နောက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တည်ဆောက်ပြီး ဆည်တမံများအား သဘာဝဘေးအန္တရာယ်မှ ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အစည်းအဝေးတက်ရောက်လာကြသူများက ဝိုင်းဝန်းဖြည့်စွက်ဆွေးနွေးကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်းမှ မွန်ပြည်သစ်ပါတီသို့ ဖွံ့ဖြိုးရေးလုပ်ငန်းသုံး ယာဉ်ယန္တရားများ ပေးအပ်ပွဲကျင်းပ

**ရေး မေ ၂၅**

မွန်ပြည်နယ် ရေးမြို့နယ် တူးမြောင်းကျေးရွာအုပ်စု ပုပ္ဖဝတီကျေးရွာ ပုပ္ဖဝတီကျောင်းတိုက်၌ ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်းမှ မွန်ပြည်သစ်ပါတီသို့ ဖွံ့ဖြိုးရေးလုပ်ငန်းသုံး ယာဉ်ယန္တရားများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတွင် မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ထောမွန်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ ဂျပန်သံအမတ်ကြီး မာစတာ အီချီယိုမာယိုဟာမာနှင့် နိပွန်ဖောင်ဒေးရှင်းမှ ဆက်ဆံရေးအရာရှိ မာစတာ ယူဂျီမိုရိတို့က အသီးသီးအမှာစကားပြောကြားခဲ့ပြီး တန်ဖိုးငွေကျပ် သိန်းငါးထောင် တန်ဖိုးရှိ ယာဉ်ယန္တရား စာရွက်စာတမ်းများအား နိပွန်ဖောင်ဒေးရှင်းကိုယ်စား နိပွန်ဖောင်ဒေးရှင်း ဆက်ဆံရေးအရာရှိမှ မွန်ပြည်သစ်ပါတီ အတွင်းရေးမှူးထံ လွှဲပြောင်းပေးအပ်ခဲ့ပြီးနောက် မွန်ပြည်သူလူထုကိုယ်စား မွန်ပြည်သစ်ပါတီ ဒုတိယဥက္ကဋ္ဌ နိုင်ဟံသာက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ထို့နောက် ယာဉ်ယန္တရားများရှေ့တွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါ နိပွန်ဖောင်ဒေးရှင်းတို့မှ အကူအညီပေးရေးဆိုင်ရာ လုပ်ငန်းစဉ်(၅)ခုဖြစ်သည့် ယာဉ်ယန္တရားပံ့ပိုးပေးအပ်ခြင်း၊ ကျန်းမာရေးအဆောက်အအုံ နှစ်လုံး ပေးအပ်ခြင်း၊ ပညာရေးအဆောက်အအုံ ခြောက်လုံး၊ ရဲဘော်အိမ်ရာ ၃၃၀ ဆောက်လုပ်ပေးခြင်းနှင့် ကျေးရွာ ခုနစ်ရွာတွင် ဆိုလာမီးတပ်ဆင်ပေးခြင်း စသည့် လုပ်ငန်းစဉ်ထဲမှ ပထမဆုံးအနေဖြင့် ယာဉ်ယန္တရားပေးအပ်ခြင်း အစီအစဉ်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဦးစားပေး ရည်မှန်းချက်ပန်းတိုင်

ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေး ရည်မှန်းချက်ပန်းတိုင်တွေ ဖြစ်တဲ့ (၁)တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး၊ (၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ (၃)ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုး

အတိတ်က ကျန်ခဲ့တဲ့ အမွေဆိုးတွေကို ဖယ်ရှားကျော်လွှားဖို့၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ အနာဂတ်အတွက် မျှော်လင့်ချက်တွေကို ဖြည့်ဆည်းဖို့ ကြိုးပမ်းတဲ့နေရာမှာ ကျွန်မတို့တွေ သင်ခန်းစာယူနိုင်တဲ့ အခွင့်အရေးတွေ အများကြီးရခဲ့ရပါတယ်။ သစ္စာ၊ မေတ္တာ၊ သတ္တိ၊ မုဒိတာ ဘယ်လောက်လိုအပ်တယ်၊ လောဘ၊ ဒေါသ၊ မောဟတွေ ဘယ်လောက် များပြား ဆိုးဝါးတယ်၊ မိတ်ဆွေကောင်းတွေရဲ့ ကျေးဇူး ဘယ်လောက်ကြီးမားတယ်ဆိုတာကို ပိုမိုလို့ သိနားလည်လာရ ပါတယ်။ အားလုံးအထက်မှာ ကျွန်မတို့အတွက် အရေးအကြီးဆုံး သင်ခန်းစာကတော့ ပြည်သူရဲ့ နားလည်ထောက်ခံမှု၊ အားပေးမှုများရဲ့ အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးပါပဲ။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော် အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၁၂/ ၂၀၁၉) ကျင်းပ

**နေပြည်တော် မေ ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၁၂/ ၂၀၁၉)ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



**တက်ရောက်**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးငွေဝင်းအောင်(ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပွင့်ဖြူမြို့နယ် အုတ်ဖိုကျေးရွာ ကုက္ကုဋ္ဌာရုံစေတီတော် လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက်

**ပွင့်ဖြူ မေ ၂၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အုတ်ဖိုကျေးရွာရှိ ကကုသန်ဘုရားရှင် သီတင်းသုံးနေထိုင်ခဲ့သော ကုက္ကုဋ္ဌာရုံစေတီတော်မြတ်ကြီးအား လျှပ်စစ်မီး ရရှိရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်ပြီးစီးသည့် အုတ်ဖိုကျေးရွာ ကုက္ကုဋ္ဌာရုံစေတီတော် လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက အဆိုပါ ယာယီမဏ္ဍပ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၊ တိုင်းဒေသကြီး သယံဇာတ၊ သဘာဝ ပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်၊ ပွင့်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်း၊ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးထောင်းဇိုခိုင်၊ မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းငွေ၊ ပွင့်ဖြူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး လျှပ်စစ်မီးလင်းရေး အလှူရှင်ကမ္ပည်းကျောက်စာအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။



**ရှင်းလင်းဆွေးနွေး**

ထို့နောက် အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်က တိုင်းဒေသကြီးအတွင်း ကျေးလက်နေပြည်သူများ လျှပ်စစ်မီး အသုံးပြုနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် လျှပ်စစ်မီးလင်းရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပွင့်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းက နိုင်ငံတော်အစိုးရမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်းပြီး ရှင်းလင်းဆွေးနွေးပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးထောင်းဇိုခိုင်က ကျေးလက်နေပြည်သူများ လျှပ်စစ်မီးအသုံးပြုရာတွင် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် သတိပြုလိုက်နာရမည့် ဆောင်ရန် ရှောင်ရန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားကာ အုတ်ဖိုကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီအဖွဲ့နာယက ဘုရားကြီးအကျိုးတော်ဆောင် ဦးသန်းလှိုင်နှင့် ကျေးရွာမီးလင်းရေး ကော်မတီဥက္ကဋ္ဌ ဦးနိုင်မင်းစိုးတို့က ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**အမွှေးနံ့သာရည်များ ပက်ဖျန်းပေး**

ယင်းနောက် အုတ်ဖိုကျေးရွာနေပြည်သူများ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်ပြီးစီးသည့် ကျေးရွာလျှပ်စစ်မီးလင်းရေးအောင်ပွဲ အထိမ်းအမှတ် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးထောင်းဇိုခိုင်၊ မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းငွေနှင့် ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီအဖွဲ့ နာယက ဦးသန်းလှိုင်တို့က ကျေးရွာလျှပ်စစ်ထရန်စဖော်မာအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ထရန်စဖော်မာအနီး စိုက်ထူထားရှိသည့် ကမ္ပည်းကျောက်စာအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၊ တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်နှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အုတ်ဖိုကျေးရွာတွင် အိမ်ခြေ ၂၈၃ အိမ်၊ လူဦးရေ ၁၁၃၆ ဦးရှိပြီး ယခု ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျေးရွာပြည်သူလူထုမှငွေကျပ် ၂၇၃ သိန်း ထည့်ဝင်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်ပေးမှုဖြင့် ၂၄ နာရီ လျှပ်စစ်မီးလင်းရေး လုပ်ငန်းအား အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သဖြင့် ယခုအခါ ကျေးလက်နေပြည်သူများ လျှပ်စစ်မီးသုံးစွဲခွင့် ရရှိသည့်အပြင် ဒေသ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့် ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်လုပ်ကိုင်နိုင်မည်ဖြစ်၍ ဒေသခံပြည်သူများ ဝမ်းသာပျော်ရွှင်လျက်ရှိနေကြကြောင်း အုတ်ဖိုကျေးရွာ လျှပ်စစ်မီးလင်းရေး ကော်မတီဥက္ကဋ္ဌ ဦးနိုင်မင်းစိုးထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်

မြတ်မျိုးလတ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်းများရေးဆွဲပြီး နယ်ပယ်အလိုက်ရည်မှန်းချက်များ သတ်မှတ်၍ အကောင်အထည်ဖော်လျက်ရှိပါသည်။ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ သုံးနှစ်တာ မဟာဗျူဟာစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်ထိ တရားစီရင်ရေးဆိုင်ရာ ငါးနှစ်တာမဟာဗျူဟာစီမံကိန်းအရ နယ်ပယ် (၅)ရပ်ခွဲခြားသတ်မှတ်၍ သက်ဆိုင်ရာနယ်ပယ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုများကိုလည်း ၂၀၁၆ ခုနှစ်မှစတင်၍ နှစ်စဉ်အစီရင်ခံစာစာအုပ်များ ရေးသားထုတ်ပြန်၍ တင်ပြနိုင်ခဲ့ပြီး ဖြစ်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂)၊ နယ်ပယ်(၅) ဖြစ်သည့် **“ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးကဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန်”** နယ်ပယ်အောက်တွင် နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်(National Case Management Program-NCMP) ကို သုံးနှစ်အတွင်း နိုင်ငံတစ်ဝန်းရှိ တရားရုံးများတွင် အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်သည် ၂၀၁၅ ခုနှစ်ကတည်းက ရှေ့ပြေးစမ်းသပ်တရားရုံးအစီအစဉ် (Pilot Court Program)ဖြင့် စမ်းသပ်ကျင့်သုံးခဲ့သည့် မှုခင်းစီမံခန့်ခွဲမှုစနစ်၏ အောင်မြင်မှုများကိုအခြေခံကာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအစဉ်ဖြစ်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ၂၀၁၅ ခုနှစ်မှ စတင်ကာ ရှေ့ပြေးစမ်းသပ်တရားရုံး အစီအစဉ်ကို USAID-PRLP အဖွဲ့နှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ အဆိုပါအစီအစဉ်အရ ရှေ့ပြေးစမ်းသပ် တရားရုံးသုံးရုံးကို ဦးစွာရွေးချယ်သတ်မှတ်၍ မှုခင်းစီမံခန့်ခွဲမှုစနစ်ကို စမ်းသပ်ကျင့်သုံးခဲ့ပါသည်။ ရှေ့ပြေးစမ်းသပ်တရားရုံးသုံးရုံး၏ အတွေ့အကြုံများအရ ၂၀၁၆ ခုနှစ်တွင် ရှေ့ပြေးစမ်းသပ်တရားရုံးငါးရုံးကို ထပ်မံတိုးချဲ့၍ ဆက်လက်စမ်းသပ်ကျင့်သုံးခဲ့ပါသည်။

ဤသို့ စမ်းသပ်ကျင့်သုံးခဲ့သည့် မှုခင်းစီမံခန့်ခွဲမှုစနစ်သည် အမေရိကန်နိုင်ငံတွင် ၁၉၇၀ နှစ်များကတည်းက ကျင့်သုံးခဲ့ပြီး ဥရောပနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားတွင် ကျင့်သုံးနေသည့် စနစ်ဖြစ်ပါသည်။ အဆိုပါစနစ်ကို မြန်မာနိုင်ငံတွင် စမ်းသပ်ကျင့်သုံးခြင်းမပြုမီ မြန်မာနိုင်ငံတွင် လက်တွေ့ကျင့်သုံးနေသည့် တည်ဆဲကျင့်ထုံးဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ဆန့်ကျင်မှုမရှိစေရန် အချိန်ယူလေ့လာမှုများ၊ အလုပ်ရုံဆွေးနွေးပွဲများ အကြိမ်ကြိမ်ပြုလုပ်၍ လုပ်ထုံးလုပ်နည်းများရေးဆွဲ စမ်းသပ်ကျင့်သုံးခဲ့ခြင်း ဖြစ်ပါသည်။

မှုခင်းစီမံခန့်ခွဲခြင်းစနစ်ကို ကျင့်သုံးရာတွင် မှုခင်းအချက်အလက်ခြေရာခံသည့်စနစ် (Case Tracking Database System)ကိုပါ တစ်ပြိုင်တည်းကျင့်သုံးပြီး ခြောက်လတစ်ကြိမ် ဆန်းစစ်လေ့လာတိုင်းတာခြင်း၊ တစ်နှစ်ပြည့်သည့်အခါ တရားရုံးတစ်ရုံးချင်း၏ ရလဒ်များကို ပြန်လည်တိုင်းတာဆန်းစစ်ခြင်းတို့ကိုလည်း ဆောင်ရွက်ပါသည်။ ထို့ပြင် အဆိုပါစနစ်ကိုစတင်ကျင့်သုံးမှုမပြုမီ ကျင့်သုံးမည့်တရားရုံး၏ လက်ရှိအနေအထားကိုသိရှိနိုင်ရန် စစ်တမ်းများ ကောက်ယူ၍ အခြေခံမျဉ်း(Base Line)ကို ရေးဆွဲသတ်မှတ်ရပါသည်။ ထို့နောက် ခြောက်လတစ်ကြိမ် တိုင်းတာဆန်းစစ်မှုများနှင့် နှိုင်းယှဉ်ကာ အောင်မြင်တိုးတက်မှုရှိမရှိကို ဆန်းစစ်အကဲဖြတ်ရပါသည်။ ရှေ့ပြေးစမ်းသပ်တရားရုံးများတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အောင်မြင်တိုးတက်မှုများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ပြန်ထားသည့် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် နှစ်စဉ်အစီရင်ခံစာ စာအုပ်များတွင် အသေးစိတ် ဖော်ပြထားပါသည်။

မှုခင်းစီမံခန့်ခွဲမှုစနစ်တွင် အောင်မြင်တိုးတက်မှုရလဒ်များကို တိုင်းတာရန် သတ်မှတ်ထားသည့်စံ(၅)ချက် ရှိပါသည်။ ၎င်းတို့မှာ-

(၁) ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း (Calender Clearance Rate) တွက်ချက်တိုင်းတာခြင်း

(၂) စစ်ဆေးဆဲအမှုများ၏ သက်တမ်း (Age of Pending Caseload) တွက်ချက်တိုင်းတာခြင်း

(၃) တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှုစစ်တမ်း (Court User Satisfaction Survey) ကောက်ယူခြင်း

(၄) အမှုရွှေ့ဆိုင်းမှုနှုန်း(Postponement Rate) တွက်ချက်ခြင်းနှင့်

(၅) အမှုကြားနာရန် ချိန်းဆိုသော ပျမ်းမျှရုံးချိန်းအရေအတွက် (Average Number of Hearing Schedule Per-Case) တွက်ချက်ခြင်းတို့ ဖြစ်ပါသည်။

ဖော်ပြပါစံ(၅)ရပ်တွင် တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှုစစ်တမ်းသည် သက်ဆိုင်ရာတရားရုံးတွင် နေ့ရက်တစ်ရက် သတ်မှတ်၍ သတ်မှတ်ထားသည့်နေ့ရက်တွင် တရားရုံးသို့လာရောက်သူများ၏ လွတ်လပ်သည့် သဘောထားမှတ်ချက်များကို စစ်တမ်းအဖြေလွှာများဖြင့်ရယူပြီး တွက်ချက်တိုင်းတာခြင်းဖြစ်သည်။ ကျန်သောစံ (၄)ရပ်မှာ တရားရုံးရှိအမှုတွဲများကို စိစစ်ကြည့်ရှုပြီး ကောက်ယူထားသည့် အချက်အလက်များ၊မှုခင်းလချုပ် စာရင်းများမှ ရယူတွက်ချက် တိုင်းတာခြင်းဖြစ်သည်။ ယင်းသို့တိုင်းတာရာတွင် ပကတိအခြေအနေအမှန်ကို အနီးစပ်ဆုံးခန့်မှန်းသိရှိနိုင်စေရန်နှင့် တရားရုံးအသုံးပြုသူများ၏ လွတ်လပ်သောသဘောဆန္ဒများကို သိရှိနိုင်စေရန် စစ်တမ်းကောက်ယူသည့်စနစ်ကို ကြိုတင်စီမံ၍ နည်းလမ်းတကျ သတ်မှတ်ထားသည်။

တရားရုံးများတွင် အမှုများစစ်ဆေးကြားနာသည့်အခါ သက်သေမလာရောက်ခြင်း၊ ရှေ့နေခွင့်တိုင်ခြင်း၊ ဆင့်စာအတည်မဖြစ်ခြင်း၊ တရားသူကြီးအစည်းအဝေးသွားခြင်း စသည့်အကြောင်းအမျိုးမျိုးကြောင့် အလွယ်တကူရုံးချိန်းရွှေ့ဆိုင်းမှုများကို တွေ့ရှိကြရမည် ဖြစ်သည်။ ယင်းကဲ့သို့ အလွယ်တကူရွှေ့ဆိုင်းမှုများကြောင့်၊ အမှုများ ကြန့်ကြာကာ တရားရုံးများအပေါ် အမှုသည်များ၊ ရှေ့နေများ၏ ဝေဖန်သံများ ပေါ်ပေါက်လျက်ရှိသည်။ ထို့ကြောင့် အမှုများစီရင်ဆုံးဖြတ်ရန် ကြန့်ကြာနေမှုများသည် တရားစီရင်ရေးအပေါ် အများပြည်သူယုံကြည်ကိုးစားမှု လျော့နည်းစေနိုင်သည့် အချက်တစ်ချက်ဖြစ်သည်မှာ ထင်ရှားပါသည်။

မှုခင်းစီမံခန့်ခွဲမှုစနစ်သည် အမှုတွင်ကြန့်ကြာရသည့် အကြောင်းရင်းများကို ကြိုတင်စီမံခန့်ခွဲနိုင်ရန် တရားသူကြီးက ဦးဆောင်၍ အမှုအားစစ်ဆေးကြားနာမည့် အစီအစဉ်ကို အမှုသည်များအားလုံးနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားသည့်စနစ်၊ အမှုစစ်ဆေးကြားနာရန် ခွင့်ပြုထားသည့် စံသတ်မှတ်ရက်အတွင်း ပြီးပြတ်စေရန် ကြိုတင်ညှိနှိုင်းထားသည့် ရုံးချိန်းအစီအစဉ်များအတိုင်း အမှုကိုစဉ်ဆက်မပြတ်ကြားနာစစ်ဆေးသွားခြင်းဖြင့် အမှုစစ် တရားသူကြီးက စဉ်ဆက်မပြတ် စီမံခန့်ခွဲဆောင်ရွက်ရသည့် စနစ်ဖြစ်သည်။ အကယ်၍ အမှုကိုစံသတ်မှတ်ရက်အတွင်း ပြီးပြတ်အောင် စီရင်ဆုံးဖြတ်နိုင်ခြင်းမရှိပါကလည်း မည်သည့်အတွက်၊ မည်သူ့ကြောင့် ကြန့်ကြာခဲ့ရကြောင်း အဖြေထုတ်ပြနိုင်ရန် နည်းပညာအကူအညီဖြင့် တိုင်းတာစောင့်ကြည့်မည့် မှုခင်းခြေရာခံသည့်စနစ်လည်း ပါရှိခြင်း ဖြစ်သည်။ ဤသို့တိုင်းတာရာတွင် အမှုသည်များ၊ ဥပဒေအရာရှိများ၊ သက်သေများ၏ ပျက်ကွက်မှုကိုသာမက တရားသူကြီးနှင့် တရားရုံးဝန်ထမ်းများ၏ ပျက်ကွက်မှုကိုပါ စောင့်ကြည့်တိုင်းတာမည်ဖြစ်၍ မျှတသောစနစ်ဟု ဆိုနိုင်ပါသည်။

**“နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တရားရုံးများတွင် မှုခင်းစီမံခန့်ခွဲခြင်းကို ဆောင်ရွက်ရာ၌ သာမန်တရားရုံးများနှင့် ခြားနားစွာဆောင်ရွက်မှုများကို တွေ့ရှိကြရမည် ဖြစ်ပါသည်။ ထင်သာမြင်သာရှိမည့် ခြားနားချက်များမှာ အမှုသည်များနှင့် ရှေ့နေများသို့ အမှုနှင့် သက်ဆိုင်သည့်ပုံစံများ ဖြန့်ဝေပေးကာ အသိပေးခြင်းနှင့် အမှုများကြားနာစစ်ဆေးခြင်းမပြုမီ အမှုစစ်ဆေးမည့်တရားသူကြီးသည် နှစ်ဖက်အမှုသည်များ၊ ရှေ့နေများနှင့် ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခြင်းတို့ပင် ဖြစ်”**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်သည် မြန်မာနိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတွင် တရားစီရင်ရေးကဏ္ဍ၏တာဝန်ကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းလည်း ဖြစ်ပေသည်။ အကြောင်းမှာ ကမ္ဘာ့ဘဏ်၏ နိုင်ငံများအလိုက် စီးပွားရေးလုပ်သာကိုင်သာရှိမှုအညွှန်းကိန်း (Ease of Doing Business Ranking)ကို တိုင်းတာရာတွင် အရည်အသွေးရှိသည့် တရားစီရင်ရေး လိုအပ်ချက်တစ်ရပ်ဖြစ်သည့် ခေတ်မီမှုခင်းစီမံခန့်ခွဲမှုစနစ် ရှိမရှိဆိုသည့် အချက်သည် ထည့်သွင်းစဉ်းစားသည့် အချက်တစ်ချက်အဖြစ် ပါဝင်နေသောကြောင့်ပင်ဖြစ်ပါသည်။

**“မှုခင်းစီမံခန့်ခွဲမှုစနစ်” ၏ ရည်မှန်းချက်ပန်းတိုင်များမှာ-**

(၁) မှုခင်းများတွင် အငြင်းပွားမှုများကို မျှတစွာဖြေရှင်းနိုင်ရန်

(၂) မှုခင်းများကို အချိန်နှင့်တစ်ပြေးညီ စစ်ဆေးစီရင်နိုင်ရန်

(၃) အမှုလက်ကျန်များနှင့် ကြန့်ကြာနေသည့် မှုခင်းများလျှော့ချရန်

(၄) တရားရုံးများအပေါ် ပြည်သူလူထု၏ ယုံကြည်စိတ်ချမှုမြှင့်တင်ရန် တို့ပင်ဖြစ်ပါသည်။

ဖော်ပြပါ ရည်မှန်းချက်ပန်းတိုင်များသို့အောင်မြင်စွာ ရောက်ရှိနိုင်ရန် မှုခင်းစီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါအနှစ်သာရများကိုမပျောက်ပျက်အောင် အလေးထားဆောင်ရွက်ရန်လည်း လိုအပ်မည် ဖြစ်ပါသည်-

(၁) အမှုများ၏ အမှုအမျိုးအစားအပေါ်မူတည်ပြီး အမှု၏အဆင့်ဆင့် ဆောင်ရွက်မည့်ကာလ ၊ အမှုတစ်မှုလုံး ပြီးပြတ်နိုင်မည့်ကာလကို အမှုသည်များအား ကြိုတင် သိရှိစေခြင်း၊

(၂) အမှုကြားနာစစ်ဆေးခြင်းမပြုမီ အမှုသည်များ/ ရှေ့နေများအတွက် လုံလောက်သည့် ကြိုတင်ပြင်ဆင်ချိန်ပေးခြင်း၊

(၃) အမှုအတွက် လုံလောက်သည့် ပြင်ဆင်ချိန်ပေးပြီးနောက်အမှုကို စဉ်ဆက်မပြတ်ကြားနာစစ်ဆေးသွားခြင်း၊

(၄) ကောင်းမွန်လုံလောက်သည့်အကြောင်းမရှိဘဲ ရုံးချိန်းရွှေ့ဆိုင်းခြင်းကို ခွင့်မပြုခြင်း၊

(၅) သက်သေများကို နှစ်ဖက်အမှုသည်များနှင့် ရှေ့နေများက တာဝန်ယူ၍ ရုံးချိန်းရက်တွင် ရုံးရှေ့သို့ ရောက်ရှိစေခြင်း၊

(၆) ရုံးချိန်းတစ်ချိန်းတွင် တစ်ဦးထက်ပိုသော သက်သေများကို စစ်ဆေးခြင်းဖြင့် ရုံးချိန်းအရေအတွက် လျော့ကျစေခြင်း။

နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လက်ရှိတရားရုံးများအားလုံး၌ တစ်ပြိုင်တည်း အကောင်အထည်ဖော်ဆောင်ရွက်ရန် မလွယ်ကူလှပါ။ မှုခင်းစီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးဆောင်ရွက်နိုင်ရန် တရားရုံးများတွင် ကြိုတင်လေ့လာမှုစစ်တမ်းများ ကောက်ယူခြင်း၊ ကွန်ပျူတာ၊ ပရင်တာများ တပ်ဆင်ခြင်း၊ တရားသူကြီးများနှင့် ဝန်ထမ်းများအား သင်တန်းများပေးခြင်းစသည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ရသည့်အပြင် စတင်ကျင့်သုံးဆောင်ရွက်ပြီးသည်နှင့် စဉ်ဆက်မပြတ်စောင့်ကြည့်စစ်ဆေးခြင်း၊ အစီရင်ခံစာ ထုတ်ပြန်ခြင်းစသည့် လုပ်ငန်းစဉ်များ ပူးတွဲပါရှိနေသောကြောင့် မြန်မာတစ်နိုင်ငံလုံးရှိ တရားရုံးများအားလုံးတွင် သုံးနှစ်အတွင်း အဆင့်လိုက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် သတ်မှတ်ထားခြင်း ဖြစ်သည်။

နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစတင်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ခရိုင်တရားရုံး ၁၂ ရုံးနှင့် မြို့နယ်တရားရုံး ၁၄ ရုံး စုစုပေါင်း ၂၆ ရုံးတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၉ ခုနှစ်တွင်လည်း ခရိုင်တရားရုံးငါးရုံးနှင့် မြို့နယ်တရားရုံး ၄၃ ရုံး၊ စုစုပေါင်း တရားရုံး ၄၈ ရုံးတွင် တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မှုခင်းစီမံခန့်ခွဲခြင်း၏ အဓိပ္ပာယ်မှာ ရာဇဝတ်မှုများနှင့် တရားမမှုများစစ်ဆေးစီရင်ရာတွင် စံသတ်မှတ်ကာလအတွင်း ပြီးပြတ်စေရန် မှုခင်းစစ်ဆေးစီရင်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီတရားရုံးသည် အမှုနှင့် သက်ဆိုင်သည့် တာဝန်ရှိသူများနှင့်အတူပူးပေါင်း၍ နည်းပညာအထောက်အပံ့များဖြင့် စဉ်ဆက်မပြတ်ကြီးကြပ်ကွပ်ကဲနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်းပင် ဖြစ်သည်။

နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တရားရုံးများတွင် မှုခင်းစီမံခန့်ခွဲခြင်းကို ဆောင်ရွက်ရာ၌ သာမန်တရားရုံးများနှင့် ခြားနားစွာဆောင်ရွက်မှုများကို တွေ့ရှိကြရမည် ဖြစ်ပါသည်။ ထင်သာမြင်သာရှိမည့် ခြားနားချက်များမှာ အမှုသည်များနှင့် ရှေ့နေများသို့ အမှုနှင့်သက်ဆိုင်သည့် ပုံစံများ ဖြန့်ဝေပေးကာ အသိပေးခြင်းနှင့် အမှုများ ကြားနာစစ်ဆေးခြင်းမပြုမီ အမှုစစ်ဆေးမည့် တရားသူကြီးသည် နှစ်ဖက်အမှုသည်များ၊ ရှေ့နေများနှင့် ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခြင်းတို့ပင် ဖြစ်သည်။

မှုခင်းစီမံခန့်ခွဲမှုစနစ် ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် တရားရုံးတွင် အမှုပထမရုံးချိန်း(နှစ်ဖက်အမှုသည် စုံလင်သည့်နေ့)၌ တရားရုံးကပုံစံ(က)နှင့် ပုံစံ(ခ)ကို ထုတ်ပေးမည် ဖြစ်သည်။ ပုံစံ(က)မှာ မှုခင်းစီမံခန့်ခွဲမှု အစည်းအဝေးပြုလုပ်ရန် အကြောင်းကြားစာ ဖြစ်သည်။ အဆိုပါပုံစံတွင် အမှုသည်များအမည်၊ စွဲဆိုထားသည့် အကြောင်းအရာများကို ရေးသားထားခြင်းဖြင့် အမှုသည်များ မိမိအမှုအကြောင်းအရာများကို သေသေချာချာသိရှိနားလည်စေမည် ဖြစ်ပါသည်။ ပုံစံ(ခ)မှာ အမှုသည်များ မိမိအမှုအတွက် ကြိုတင်ပြင်ဆင်ထားသင့်သည့် အချက်များကို အသိပေးထားခြင်း ဖြစ်ပါသည်။ ယင်းပုံစံများ ကြိုတင်ထုတ်ပေးထားခြင်းမှာ အမှုသည်များအနေဖြင့် မှုခင်းစီမံခန့်ခွဲမှု အစည်းအဝေးတွင် ဆောင်ရွက်ရမည့်အချက်များကို သိရှိနိုင်စေရန်နှင့် အမှုအတွက် ကြိုတင်ပြင်ဆင်ထားရမည့် အချက်များကို ကြိုတင်ပြင်ဆင်နိုင်ရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် မှုခင်းစီမံခန့်ခွဲမှုအစည်းအဝေးဆိုသည်မှာ အမှုများကြားနာစစ်ဆေးခြင်းမပြုမီ အမှုစစ်ဆေးစီရင်မည့်အစီအစဉ်ကို နှစ်ဖက်အမှုသည်များ၊ ၎င်းတို့၏ကိုယ်စားလှယ်များနှင့် ရှေ့နေများကို ရှင်းလင်းပြောကြားခြင်း၊ ကြိုတင်ပြင်ဆင်ရမည့် အချက်အလက်များကို အသိပေးစီစဉ်စေခြင်း စသည်တို့ကို ဆောင်ရွက်သည့်အစည်းအဝေးပင်ဖြစ်ပါသည်။ မှုခင်းစီမံခန့်ခွဲမှုအစည်းအဝေးတွင် နှစ်ဖက်အမှုသည်များ အမှုကျေအေးရုပ်သိမ်းရန် ဆန္ဒရှိမရှိ မေးမြန်းမှတ်တမ်းတင်ခြင်း၊ အမှုအမျိုးအစားသတ်မှတ်ခြင်းနှင့် အမှုစီမံဆောင်ရွက်မည့် အချိန်ကာလများ သတ်မှတ်ခြင်း၊ အမှုအတွက် ကြိုတင်ပြင်ဆင် ချိန်များ သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ပြီး ဆောင်ရွက်မှုမှတ်တမ်းကို ပုံစံ(ဂ)တွင် မှတ်တမ်းရေးသား၍ အမှုသည်များ၊ ရှေ့နေများနှင့် တရားသူကြီးတို့က လက်မှတ်ရေးထိုးကြရပါသည်။ အဆိုပါ ဆောင်ရွက်ချက်များသည် မှုခင်းစီမံဆောင်ရွက်မည့် အစီအစဉ်ကို နှစ်ဖက်အမှုသည်များနှင့် ၎င်းတို့၏ ရှေ့နေများရှေ့တွင် ညှိနှိုင်းဆွေးနွေး၍ အတည်ပြုချက်ရယူထားသည့် အစီအစဉ် ဖြစ်ပါသည်။

*စာမျက်နှာ ၇ သို့*

❐ *ကျောဖုံးမှ*

အလှူငွေများအား ဆက်ကပ်လှူဒါန်းကြပြီး ကျောင်းတိုက် တိုးချဲ့တည်ဆောက်ရန် ဆောင်ရွက်နေမှုများအား ကြည့်ရှုကြသည်။

ထို့နောက် ကျောင်းတိုက်ရှေ့တွင် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရုရှားနိုင်ငံဆိုင်ရာ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)ရုံးမှ မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး လိုအပ်ချက်များ မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မော်စကိုမြို့ရှိ MIG - 29 Service Support Center သို့ရောက်ရှိကြပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergey Kuzhugetovich Shouigu က (၈)ကြိမ်မြောက် မော်စကိုနိုင်ငံတကာ လုံခြုံရေးဆိုင်ရာညီလာခံ (8th Moscow Conference on International Security) သို့ တက်ရောက်လာကြသည့် နိုင်ငံများမှ ကိုယ်စားလှယ်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

**စာမျက်နှာ ၆ မှ**

နောက်ရုံးချိန်းသည် တရားမမှုများတွင် အကြိုညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်မည့်နေ့ရက်ဖြစ်ပြီး ရာဇဝတ်မှုများတွင် အပြီးသတ်အကြိုညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်မည့်နေ့ရက် ဖြစ်ပါသည်။ အကြိုညှိနှိုင်း အစည်းအဝေးဆိုသည်မှာ တရားမမှုများတွင် မှုခင်းစီမံခန့်ခွဲမှု အစည်းအဝေးပြုလုပ်ပြီးနောက် ငြင်းချက်မထုတ်မီ နှစ်ဖက်အမှုသည်များက တရားရုံးသို့ တင်ပြလျှောက်ထားလိုသည့်ကိစ္စရပ်များကို ကြိုတင်ပြင်ဆင်စေပြီး သတ်မှတ်ထားသည့်ကာလအတွင်း ဆောင်ရွက်စေရန် ပြုလုပ်သည့် အစည်းအဝေးကို ဆိုသည်။ အပြီးသတ်အကြိုညှိနှိုင်း အစည်းအဝေးဆိုသည်မှာ ရာဇဝတ်မှုနှင့်တရားမမှုများတွင် တင်ပြထားသည့် သက်သေများကို ကြားနာစစ်ဆေးမည့် နေ့ရက်၊ စာမှတ်စာတမ်း အထောက်အထားများ တင်ပြရန်နေ့ရက်တို့ကို ကြိုတင်ညှိနှိုင်းသတ်မှတ်၍ သတ်မှတ်သည့် နေ့ရက်တွင် မပျက်မကွက်ကြားနာစစ်ဆေးနိုင်ရန်နှင့် တင်ပြနိုင်ရန် ပြုလုပ်သည့် အစည်းအဝေးကိုဆိုသည်။ ထို့ကြောင့် အဆိုပါအစည်းအဝေးများသည် အမှုကြားနာစစ်ဆေးရန် အသေးစိတ်အစီအစဉ်နှင့် သက်သေစစ်ဆေးကြားနာမည့် ရုံးချိန်းနေ့ရက်နှင့် အချိန်များကို နှစ်ဖက်ညှိနှိုင်း သတ်မှတ်ပေးခြင်းပင် ဖြစ်ပါသည်။

မှုခင်းစီမံခန့်ခွဲခြင်းအစီအစဉ်အရ အမှုများကို သုံးမျိုးခွဲခြား စီမံခန့်ခွဲပြီး (၁) အလျင်အမြန်ဆောင်ရွက်ရမည့် အမှု (၂) ရိုးရှင်းသောအမှုနှင့် (၃) ရှုပ်ထွေးသောအမှုဟူ၍ ခွဲခြားသတ်မှတ် ဆောင်ရွက်ပါသည်။ ရာဇဝတ်မှုများတွင် အလျင်အမြန်ဆောင်ရွက်ရမည့်အမှုကိုရက်ပေါင်း (၉၀) အတွင်းပြီးပြတ်အောင်၊ ရိုးရှင်းသောအမှုကို ရက်ပေါင်း (၁၈၀) အတွင်းပြီးပြတ်အောင်၊ ရှုပ်ထွေးသောအမှုကိုရက်ပေါင်း (၂၇၀) အတွင်း ပြီးပြတ်အောင် စစ်ဆေးဆောင်ရွက်နိုင်ရန် ရည်မှန်းထားပါသည်။ တရားမမှုများတွင် အလျင်အမြန်ဆောင်ရွက်ရမည့်အမှုကို ရက်ပေါင်း ၂၇၀ အတွင်း ပြီးပြတ်အောင်၊ ရိုးရှင်းသောအမှုများကို ရက်ပေါင်း ၃၆၅ ရက်အတွင်း ပြီးပြတ်အောင်၊ ရှုပ်ထွေးသောအမှုများကို ရက်ပေါင်း ၂၇၀ အတွင်း ပြီးပြတ်အောင် စစ်ဆေးဆောင်ရွက်နိုင်ရန် ရည်မှန်းထားပါသည်။ သို့ရာတွင် ရည်မှန်းထားသည့်အတိုင်း ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရန် မလွယ်ကူပါ။ မှုခင်းစီမံခန့်ခွဲမှုစနစ်ကို နှစ်ကာလကြာမြင့်စွာ ကျင့်သုံးလာခဲ့သည့် အမေရိကန်နိုင်ငံမှာပင် ရာနှုန်းပြည့်ဆောင်ရွက်နိုင်ခြင်းမရှိဟုဆိုပါသည်။ အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ကာလထက် ကြာမြင့်သွားသည့် အမှုများများစွာရှိနိုင်ပါသည်။ ဥပမာအားဖြင့် တရားခံပြေးမှုနှင့် ပူးတွဲစွဲဆိုသည့်ရာဇဝတ်မှုများ၊ အမှုစစ်ဆေးစဉ်အတွင်း အထက်ရုံးသို့ တက်ရောက်ခြင်းများတွင် စံသတ်မှတ်ကာလကျော်လွန်သွားနိုင်ပါသည်။ အဆိုပါကိစ္စများ၌ ကြိုတင်စီမံခန့်ခွဲနိုင်သည့် ကိစ္စများကို မှုခင်းစီမံခန့်ခွဲမှုအစည်းအဝေးတွင် ကြိုတင်စီမံဆောင်ရွက်နိုင်ပြီး အမှုစစ်ဆေးစဉ် အထက်ရုံးသို့ တက်ရောက်နေသဖြင့် အကြိုညှိနှိုင်းအစည်းအဝေး သို့မဟုတ် အပြီးသတ်အကြိုညှိနှိုင်းအစည်းအဝေးတွင် သတ်မှတ်ထားသည့် ရုံးချိန်းများ ရွှေ့သွားသည့်အခါ အဆိုပါအစည်းအဝေးများကို ပြန်လည်ပြုလုပ်ရန် လိုအပ်မည် ဖြစ်ပါသည်။

နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အရ ဆောင်ရွက်လျက်ရှိသည့် မှုခင်းစီမံခန့်ခွဲမှုစနစ်အောင်မြင်ရန် အမှုစစ်ဆေးခြင်းတွင် ဆက်စပ်ပါဝင်နေကြသူများအားလုံး၏ ပူးပေါင်းပါဝင်မှုသည် လွန်စွာအရေးပါလှသည်။ ထို့ကြောင့် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမပြုမီ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ရှင်းလင်းဆွေးနွေးပွဲများကို ဦးစွာကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ ရှင်းလင်းဆွေးနွေးပွဲများတွင် အမှုစစ်ဆေးခြင်း၌ ဆက်စပ်ပါဝင်နေကြသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရှေ့နေများကိုဖိတ်ကြားပြီး မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်နှင့် မိတ်ဆက်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ သက်ဆိုင်ရာတရားရုံးများတွင်လည်း ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် ရှင်းလင်းဆွေးနွေးပွဲများကို ဆောင်ရွက်ကာ အမှုစစ်ဆေးခြင်းတွင် ဆက်စပ်ပါဝင်နေကြသူများအားလုံး၏ ပူးပေါင်းပါဝင်မှုများ တိုးမြှင့်ရရှိအောင် ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်သည် ပြည်သူများလိုလားသည့် မြန်ဆန်ထိရောက်ပြီး မျှတသည့် မှုခင်းစစ်ဆေးစီရင်ခြင်းစနစ်သစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အစီအစဉ်ဖြစ်သောကြောင့် သက်ဆိုင်သူများအားလုံးက တတ်စွမ်းသရွေ့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားအပ်ပါသည်။

# ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-ဝါးခယ်မ-မြောင်းမြ လမ်းကွန်ရက်အမှတ် (၁၀)ပေါ်၌ ကျွန်းကုန်းတံတားတည်ဆောက်

**ရန်ကုန် ဧပြီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်အတွင်း ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-ဝါးခယ်မ-မြောင်းမြလမ်းကွန်ရက်အမှတ် (၁၀)ပေါ် မူလကျွန်းကုန်းကြိုးတံတားနှင့်ယှဉ်၍ ပြန်မလော့မြစ်ပေါ်၌ တံတားတစ်စင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၂)က တာဝန်ယူတည်ဆောက်လျက်ရှိသည်။

အဆိုပါတံတားမှာ အလျား ၂၄၀ မီတာ၊ ပေအားဖြင့်(၇၈၇ ပေ ၅ လက်မ)၊ တံတားအကျယ် ၇ ဒသမ ၅ မီတာရှိပြီး တံတားအပေါ်ထည်(၅၀+၆၀+၅၀)မီတာ / သံမဏိ သံပေါင်သုံးခန်း၊ မီတာ ၂၀ သံကူကွန်ကရစ်ရက်မ၊ သံကူကွန်ကရစ်အုတ်မြစ်၊ ကူကွန်ကရစ်ဘိုးပိုင်၊ ရေလမ်းကင်းလွတ်အမြင့်နှင့် အကျယ်မှာ ၁၈ ပေ × ပေ ၁၆၀ နှင့် လူသွားလမ်းတစ်ဖက်သုံးပေနှစ်ဖက် Design loading HS-25၊ စီမံကိန်းတန်ဖိုး (လျာထား)မှာ ငွေကျပ် ၇၆၀၀၁ သန်း (၇ ဒသမ ၆၀) ဘီလီယံခန့် ဖြစ်သည်။

ကျွန်းကုန်းတံတားအသစ်တည်ဆောက်ပြီးသွားလျှင် ဖျာပုံခရိုင်၊ လပွတ္တာခရိုင်၊ မြောင်းမြခရိုင်အတွင်းရှိ ဒေသခံပြည်သူများသည် ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-ဝါးခယ်မ-မြောင်းမြ ဧရာဝတီတိုင်းဒေသကြီးလမ်းကွန်ရက်အမှတ်(၁၀) အတိုင်းလာ၍ တံတားသစ်ကြီးကို အသုံးပြုပြီး ပုသိမ်သို့လည်းကောင်း၊ ရန်ကုန်သို့လည်းကောင်း၊ မူလ ရန်ကုန်-ပုသိမ်ကားလမ်းမှ တိုက်ရိုက်သွားနိုင်ကြတော့မည်ဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**



ကျွန်းကုန်းတံတားတည်ဆောက် နေမှုကို တွေ့ရစဉ်။

# စစ်ကိုင်းတောင်ရိုးရှိ ကျောင်း၊ ချောင်အချို့ရေရှားပါးမှုဖြစ်ပေါ်နေ

**စစ်ကိုင်း ဧပြီ ၂၅**

စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ ဘုန်းကြီးကျောင်းနှင့် သီလရှင်ချောင်အချို့ သောက်သုံးရေရှားပါးမှု ဖြစ်ပေါ်နေကြောင်း သိရသည်။

**ရေရှားပါးမှု ဖြစ်ပေါ်**

ယခုနှစ် နွေကာလတွင် စစ်ကိုင်းတောင်ရိုး သောတာပန်ရပ်ကွက်အုပ်စု ဆန်းသစ်ရပ်(ထွင့်ခေါင်ရပ်) အတွင်းရှိ ဘုန်းကြီးကျောင်း၊ သီလရှင်ချောင်အချို့မှာ သင်္ကြန်ကာလ မတိုင်မီကတည်းက သောက်သုံးရေရှားပါးမှု ဖြစ်ပေါ်ခဲ့သဖြင့် ရေကားများထံမှ သောက်သုံးရေကို ဝယ်ယူသုံးစွဲနေရကြောင်း စစ်ကိုင်းတောင်ရိုး၊ ဆန်းသစ်ရပ် (ထွင့်ခေါင်ရပ်)ရှိ ဇာမဏီတိုက်ခွဲချောင်မှ ဆရာကြီး ဒေါ်ဝဏ္ဏသိင်္ဂီက မြွက်ကြားသည်။

“နွေကာလမှာ ရေဝယ်သုံးနေရတာ သုံးနှစ်လောက်ရှိပြီး ဒီအနားပတ်ဝန်းကျင်က ကျောင်းချောင်တိုင်းလိုလိုပဲ ဆရာလေးတို့အခုက အဖိတ်နေ့ဆန်ခံပြီး တစ်ပတ်ကို ရေကားတစ်စီး ဆရာလေးအားလုံး စုဝယ်ပြီး သုံးနေရတယ်။ ရေတော့ ချိုးလို့မရဘူး။ သုံးဖို့အတွက်ပဲ။ ရေချိုးချင်ရင် ရေတွင်းရတဲ့ ချောင်တွေကို သွားချိုးရတယ်။ သုံးရေကို အလျဉ်မီအောင် ဝယ်သုံးရတယ်။ အခုကရေကန်ကြီးတွေမှာ ရေမရှိဘူး။ ကွဲမှာတောင် စိုးရတယ်” ဟု ဆရာကြီး ဒေါ်ဝဏ္ဏသိင်္ဂီက မြွက်ကြားသည်။

စစ်ကိုင်းတောင်ရိုးရှိ ကျောင်း၊ ချောင်များကို သရက်ပင်ဆိပ်ရပ်ရှိ မူလရေစက်ကြီးနှင့် ထုံးဘိုရပ်ရှိ သီတဂူရေအလှူတော်ရေစက်ကြီးမှ ရေများ ပေးလှူလျက်ရှိရာ နွေကာလ၌ လျှပ်စစ်မီးပုံမှန်မလာခြင်း၊ ဧရာဝတီမြစ်ရေမှ ရေတင်ရာတွင်လည်း မြစ်အတွင်း သောင်ထွန်းနေသည့်အတွက် ရေစုကန်သို့ ရေတင်ရန် အခက်အခဲရှိနေခြင်းတို့ကြောင့် မြစ်ရေကို စစ်ကိုင်းတောင်ရိုးရှိ ကျောင်း၊ ချောင်များသို့ ရေပေးဝေရာတွင် အခက်အခဲဖြစ်ပေါ်ကာ အလှည့်ကျရေပေးဝေခြင်းများ ပြုလုပ်နေရကြောင်း သိရသည်။

“အခု နှစ်နှစ်၊ သုံးနှစ်အတွင်းရေရရှိမှုအခြေအနေနည်းနည်းဆိုးလာတယ်။ နွေအခါဆိုကျောင်းတိုင်းနီးပါးရေလုံလောက်မှု ကြဘူး။ ရေတွင်းတူးလို့ရနေတဲ့ကျောင်းတွေလည်း များနေပါပြီ။ ဒါပေမယ့် ဧရာဝတီမြစ်ရေခန်းခြောက်လာရင် ရေရရှိမှုနည်းလာမှာပဲ။ စစ်ကိုင်းတောင်ရိုးမှာ သောက်သုံးရေရရှိဖို့က ကျောင်း တိုင်းကျောင်းတိုင်း မိုးရေကို ရေတံလျှောက်တွေခံပြီး ကန်နဲ့စုထားရတာပါ” ဟု စစ်ကိုင်းတောင်ရိုး၊ သီရိဓမ္မချောင်ဆရာတော် ဦးဣန္ဒကမြွက်ကြားသည်။

**နွေရာသီရောက်တိုင်း ရေရှား**

မူလရေစက်ကြီး၊ သီတဂူရေစက်တို့နှင့် ဝေးသည့် စစ်ကိုင်းတောင် မြောက်ပိုင်း ဆန်းသစ်ရပ် (ထွင့်ခေါင်ရပ်)၊ တောင်ဖီလာ ဝန်းကျင်ရှိ ကျောင်းတိုက်၊ ချောင်များသည် နှစ်စဉ်နွေရာသီရောက်တိုင်း သောက်သုံးရေရှားပါးမှု အခက်အခဲနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# စစ်တွေမြို့နယ် ကံပြင်ရွာသစ်ကျေးရွာ၌ သောက်သုံးရေများလှူဒါန်း

**စစ်တွေ ဧပြီ ၂၅**

ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးအောင်မျိုးလွင် ဦးစီးသော တာဝန်ရှိသူများနှင့် နွေရာသီသောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ရေအခက်အခဲရှိသည့် နေရာများသို့ သောက်သုံးရေများ သွားရောက် လှူဒါန်းပေးလျက်ရှိကြောင်း စစ်တွေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမောင်တင်အောင်က ပြောကြားသည်။

ထိုသို့ သွားရောက်လှူဒါန်းရာတွင် ယနေ့ နံနက် ၁၀ နာရီက ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရွှေ့လျားရေသန့်စင်ယာဉ် တစ်စီးဖြင့် စစ်တွေမြို့နယ် ကံပြင်ရွာသစ်ကျေးရွာရှိ အိမ်ထောင်စု ၈၇ စု၊ လူဦးရေ ၄၃၀ ခန့်အား သောက်သုံးရေ ဂါလန် ၂၀၀၀ သွားရောက်လှူဒါန်းပေးကြကြောင်း သိရသည်။

**ဝင်းမင်းစိုး**

**(ပြန်/ဆက်)**



ကံပြင်ရွာသစ်ကျေးရွာ၌ သောက်သုံးရေများ လှူဒါန်းပေးနေစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း သီရိလင်္ကာနိုင်ငံ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်အတွင်း ကွယ်လွန်သွားသူများအတွက် ဝမ်းနည်းကြောင်းလက်မှတ်ရေးထိုး

**ရန်ကုန် ဧပြီ ၂၅**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် တော်ဝင်လမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးနေအိမ်သို့သွားရောက်၍ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ရှိ ကြယ်ငါးပွင့်ဟိုတယ်အချို့နှင့် ကက်သလစ် ဘုရားရှိခိုးကျောင်းအချို့ကို ဧပြီ ၂၁ ရက်က အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်အတွင်း ကွယ်လွန်သွားသူများအတွက် ရည်ရွယ်ဖွင့်လှစ်ထားသည့် ဝမ်းနည်းခြင်းအထိမ်းအမှတ် စာအုပ်၌ လက်မှတ်ရေးထိုးသည်။ (ဓာတ်ပုံ)



အဆိုပါဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် လက်မှတ်ရေးထိုးခြင်းကို မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးနေအိမ်၌ ဧပြီ ၂၃ ရက်မှ ၂၆ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ၁၂ အထိ လည်းကောင်း၊ မွန်းလွဲ ၂ နာရီမှ ၄ နာရီအထိ လည်းကောင်း ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နွေရာသီသောက်သုံးရေ ရှားပါးပြတ်လပ်မှုများအတွက် ရေဂါလန် ၂၉၅၂၂၀ ရေဖြန့်ဝေပေးခဲ့ပြီးဖြစ်

**နေပြည်တော် ဧပြီ ၂၅**

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နွေရာသီသောက်သုံးရေရှားပါးပြတ်လပ်မှုများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ်နွေရာသီတွင် ဧပြီ ၂၃ ရက်အထိ နွေရာသီသောက်သုံးရေ ရှားပါးပြတ်လပ်မှုများအတွက် ကယားပြည်နယ် မြို့နယ်သုံးခုအတွက် ရေဂါလန် ၁၉၆၀၀၊ စစ်ကိုင်းတိုင်းဒေသကြီး တစ်မြို့နယ်အတွက် ရေဂါလန် ၉၆၀၀၊ ပဲခူးတိုင်းဒေသကြီး မြို့နယ်ခြောက်ခုအတွက် ရေဂါလန် ၄၀၄၀၀၊ မကွေးတိုင်းဒေသကြီး မြို့နယ်ခြောက်ခုအတွက် ရေဂါလန် ၉၉၈၅၀။

မန္တလေးတိုင်းဒေသကြီး မြို့နယ်ငါးခုအတွက် ရေဂါလန် ၆၉၇၀၀၊ မွန်ပြည်နယ် မြို့နယ်သုံးခုအတွက် ရေဂါလန် ၃၁၂၀၀၊ ရခိုင်ပြည်နယ် တစ်မြို့နယ်အတွက် ရေဂါလန် ၁၂၀၀၊ ရှမ်းပြည်နယ် မြို့နယ်နှစ်ခုအတွက် ရေဂါလန် ၁၅၃၅၀၊ ဧရာဝတီတိုင်းဒေသကြီး တစ်မြို့နယ်အတွက် ရေဂါလန် ၃၅၂၀ နှင့် နေပြည်တော်မြို့နယ် နှစ်ခုအတွက် ရေဂါလန် ၄၈၀၀ စုစုပေါင်းမြို့နယ် ၃၀ အတွက် ရေဂါလန် ၂၉၅၂၂၀ ရေဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မောင်လူမော်**

# Yangon Investment Forum 2019 ရန်ကုန်မြို့၌ မေ ၁၀ ရက်တွင် ကျင်းပမည်

ရန်ကုန် ဧပြီ ၂၅

**၂၀၁၉ ခုနှစ်၏ Yangon Investment Forum ကို မေ ၁၀ ရက်တွင် ကျင်းပမည်ဖြစ်ရာ အဆိုပါ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ဧပြီ ၂၅ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့် ဆရာစံလမ်းထောင့်ရှိ Corporative Business Centre ၌ ကျင်းပသည်။**

**ပြည်ပရင်းနှီးမြှုပ်နှံသူများဖိတ်ခေါ်**

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ Yangon Investment Forum 2019 ကို မေ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၁၈ ခုနှစ် မေ ၃ ရက်က ပထမဆုံးစတင်ကျင်းပခဲ့ရာ အောင်မြင်မှုများစွာရရှိခဲ့၍ ယခုနှစ်တွင်လည်း အောင်မြင်မှုများရရှိမည်ဟု ယုံကြည်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုပွဲများကို ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးတွင် ပြုလုပ်သောပွဲသည် အထူးအောင်မြင်ခဲ့၍ ယခုနှစ်တွင်လည်း ပြည်ပရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်လျက်ရှိကြောင်း၊ ရင်းနှီးမြှုပ်နှံသူတို့အဓိက မေးမြန်းလေ့ရှိသည့် လျှပ်စစ်ဓာတ်အား၊ သောက်သုံးရေ၊ ရေဆိုးစွန့်ပစ်မှုနှင့် ကျွမ်းကျင်လုပ်သားကိစ္စအပါအဝင် အခြားသောကဏ္ဍတို့ကို ရင်းနှီးမြှုပ်နှံသူတို့အတွက် ဆောင်ရွက်ထားရှိမှုကို သက်ဆိုင်ရာတာဝန်ရှိသူတို့က အသီးသီး ရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**စီးပွားရေးလုပ်ငန်းရှင်များ အသိပေး**

တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်ပန်းသဉ္ဇာမျိုးက "မနှစ်ကလည်း Yangon Investment Forum 2018 ကို ယခုလို ပြည်သူလူထုကို မီဒီယာကနေတစ်ဆင့် အသိပေးအကြောင်းကြားခဲ့ပြီး ယခုနှစ်မှာလည်း ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်များနဲ့ ပြည်သူတွေကို အသိပေးခြင်းပဲဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ မြန်မာနိုင်ငံကို ဝင်ရောက်လာတဲ့ ရင်းနှီးမြှုပ်နှံမှုများဟာ ရန်ကုန်မြို့ကို ဝင်ရောက်လာတာကြောင့် တာဝန်ယူဆောင်ရွက်ရတာ များပါတယ်။ ရန်ကုန်မှာစက်မှုဇုန် ၂၉ ဇုန်နဲ့ သီလဝါအထူးစီးပွားရေးဇုန်အပြင် စည်ပင်သာယာပြင်ပက မြို့နယ်စက်မှုဇုန်အသစ်တွေ ဖော်ဆောင်ခဲ့တာကြောင့် ပြီးခဲ့တဲ့ဖိုရမ်မှာရရှိခဲ့တဲ့ အကျိုးကျေးဇူးတွေရှိခဲ့ပါတယ်။ အဲဒီဖိုရမ်ကြောင့်ပဲ ဒေါ်လာသန်းရာချီပြီး MoU ထိုးဖို့ရှိနေပါတယ်။ ရန်ကုန်တိုင်းဒေသကြီးဟာ မြန်မာနိုင်ငံရဲ့အဓိက စီးပွားရေးအချက်အချာကျရာ မြို့ဖြစ်တာကြောင့် ဝင်လာမယ့် ရင်းနှီးမြှုပ်နှံမှုများဟာ မြန်မာနိုင်ငံအတွက် အရေးကြီးပါတယ်။ ပြီးခဲ့တဲ့လုပ်ဆောင်မှုဟာ ဒီနှစ်မှာ မျှော်လင့်ချက်များစွာရှိလာပါတယ်။ ပြုပြင်ပြောင်းလဲမှုနဲ့ ဖြေလျှော့မှုတွေကို ယခုကျင်းပမယ့်ပွဲမှာ ရှင်းပြမယ့် အစီအစဉ်တွေလည်းရှိပါတယ်။

ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူများ စိတ်ဝင်စားပြီး ပိုမိုရင်းနှီးမြှုပ်နှံမှုများ ရရှိအောင်ဆောင်ရွက်ထားပါတယ်။ ဖိုရမ်အတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးတဲ့အဖွဲ့တွေကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

**ရင်းနှီးမြှုပ်နှံသူတွေအတွက် အကျိုးရှိ**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း Executive Vice Chairman ဖြစ်သူ ဦးဝင်းသိမ်းက "နိုင်ငံတော်က ဆောင်ရွက်နေတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ဖို့ တစ်ဖက်တစ်လမ်းကနေ အထောက်အကူဖြစ်အောင် ဖွဲ့စည်းဆောင်ရွက်နေတဲ့အဖွဲ့အစည်းလည်းဖြစ်ပါတယ်။ ပြည်တွင်းပြည်ပမှာ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုပွဲတွေကို ဆောင်ရွက်ခဲ့ပြီးတော့ ၂၀၁၇ ခုနှစ်က နေပြည်တော်မှာ စတင်ကျင်းပခဲ့တာ အောင်မြင်မှုတွေရခဲ့ပါတယ်။ ကျင်းပတော့မယ့် ဖိုရမ်ပွဲကလည်း ရင်းနှီးမြှုပ်နှံသူတွေအတွက် အကျိုးရှိမယ့်ပွဲလည်းဖြစ်ပါတယ်"ဟု ပြောသည်။

ယမန်နှစ်ကကျင်းပသော YIF 2018 တွင်လည်း ရင်းနှီးမြှုပ်နှံမှုတွင် ရန်ကုန်မြို့ရှိ အထည်ချုပ်လုပ်ငန်းကို ဦးစားပေးဖော်ဆောင်ခဲ့ပြီး ယခုကျင်းပမည့် YIF 2019 တွင်လည်း အထည်ချုပ်လုပ်ငန်းနှင့် ဒစ်ဂျစ်တယ်နည်းပညာပိုင်းဆိုင်ရာကဏ္ဍတို့ကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ရာ ယမန်နှစ်ဖိုရမ်ကျင်းပစဉ်က အောင်မြင်မှုတစ်ရပ်ဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၏ စည်ပင်သာယာရေးနယ်ပြင်ပ မြို့နယ် ၁၁ ခုတွင် ပါဝင်သည့် ထန်းတပင်မြို့နယ် စက်မှုဇုန်တွင် ဟောင်ကောင်၊ ထိုင်ဝမ် (တရုတ်တိုင်ပေ)နှင့် မြန်မာစီးပွားရေးလုပ်ငန်းစု တစ်ခုတို့က ဒေါ်လာသန်း ၅၀၀ ရင်းနှီးမြှုပ်နှံမှုဖြင့် ပြည်တွင်းလုပ်သားတစ်သိန်းခွဲ အလုပ်အကိုင်ရရှိစေမည့် သဘောတူစာချုပ်ကို ယခုကျင်းပမည့် ဖိုရမ်တွင် ချုပ်ဆိုရန် စီစဉ်လျက်ရှိပြီး ထို ၁၁ မြို့နယ်၏ ဧက တစ်ထောင် အကောင်အထည်ဖော်နေသော စီမံကိန်းတွင် အခြားသော ပြည်ပရင်းနှီးမြှုပ်နှံမှုများလည်း ပါဝင်ကြောင်း သိရသည်။

**ရင်းနှီးမြှုပ်နှံမှု ၇၀ ရာခိုင်နှုန်းကျော်**

ရန်ကုန်တိုင်းဒေသကြီးတွင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုအနေဖြင့် မြန်မာတစ်နိုင်ငံလုံး၏ရင်းနှီးမြှုပ်နှံမှု ၇၀ ရာခိုင်နှုန်းကျော်သည် ရန်ကုန်တိုင်းဒေသကြီးတွင်ရှိပြီး မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ၂၅ ရာခိုင်နှုန်းသည် ရန်ကုန်တိုင်းဒေသကြီးတွင်ရှိကြောင်း သိရသည်။




**Yangon Investment Forum 2019 ကျင်းပမည့် မီဒီယာတွေ့ဆုံပွဲ အခမ်းအနားကျင်းပစဉ်။** ဓာတ်ပုံ-သန်းစိုး

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံကြသည့် ပြည်ပနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ မေးမြန်းလေ့ရှိသည့် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုနှင့် စီးပွားရေးမူဝါဒအပါအဝင် အချက်ငါးချက်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အကောင်းဆုံးနည်းလမ်းများဖြင့် ဖြည့်ဆည်းဆောင်ရွက်ထားရှိပြီး ရင်းနှီးမြှုပ်နှံသူများ အဆင်ပြေစေရန် သီလဝါစက်မှုဇုန်နှင့် အခြားသောစက်မှုဇုန် ၁၁ ခုတို့ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ ဖော်ဆောင်နေခြင်းသည် မြန်မာပြည်တွင် ရင်းနှီးမြှုပ်နှံမှု တစ်နှစ်ထက်တစ်နှစ် တိုးတက်အောင်မြင်မှုရရှိစေလျက် စီးပွားရေးလုပ်ငန်းရှင်တို့၏ ယုံကြည်မှုကိုလည်းရရှိနေကြောင်း သိရသည်။

**ဖိတ်ကြားသွားမည်**

Yangon Investement Forum 2019 ကျင်းပမည့် မီဒီယာတွေ့ဆုံပွဲ အခမ်းအနားသို့ တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း Executive Vice Chairman ဖြစ်သူ ဦးဝင်းသိမ်းနှင့် ဦးလှမြင့်တို့တက်ရောက်ပြီး Yangon Investment Forum 2019တွင် မြန်မာနိုင်ငံသို့ အများဆုံးလာရောက်ရင်းနှီးမြှုပ်နှံသည့်နိုင်ငံများ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသည့်နိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံနိုင်သည့် အခွင့်အလမ်းများကို မသိရှိသေးသည့် နိုင်ငံများကို နိုင်ငံတကာသံရုံးများကတစ်ဆင့် ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**

# တာလေမြို့ရှောင်လမ်းအတွက် လျော်ကြေးငွေ ကျပ်သန်းပေါင်း ၆၀၀ ခန့် တောင်သူများအားပေးအပ်

**တာလေ ဧပြီ ၂၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာလေမြို့ အုပ်ချုပ်ရေးမှူးရုံး၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မြေယာလျော်ကြေးငွေနှင့် သီးနှံလျော်ကြေးငွေ စုစုပေါင်း ငွေကျပ် ၅၉၅ ဒသမ ၇၉၁ သန်းအား တာလေမြို့ရှောင်လမ်း ဖောက်လုပ်ရာတွင် မြေပါသွားသည့် တောင်သူ ၉၄ ဦးတို့ကို ဧပြီ ၂၄ ရက်က ပေးအပ်သည်။

အခမ်းအနားတွင် သီးနှံလျော်ကြေးနှင့် မြေယာလျော်ကြေးပေးအပ်ရေး ကော်မတီနာယက တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က တောင်သူများ နစ်နာမှုမရှိစေရေးအတွက် နိုင်ငံတော်မှ ပေးအပ်နိုင်သည့် ဒေသပေါက်ဈေးနှုန်းများကို ထိုက်သင့်သည့် နှုန်းထားလျော်ကြေးသတ်မှတ်ကာ လျော်ကြေးသတ်မှတ်ရေးအဖွဲ့မှ အကြိမ်ကြိမ်ကွင်းဆင်းကာ မိုင်းလင်း(အနောက်) ကျေးရွာအုပ်စုနှင့် နားယောင်းအုပ်စုတွင် မြို့ရှောင်လမ်းဖောက်လုပ်ရာတွင် မြေယာများ ဖယ်ပေးခဲ့ရသည့် တောင်သူ ၉၄ ဦးတို့နှင့်ညှိနှိုင်းပြီး သတ်မှတ်ပေးအပ်ခဲ့ကြောင်း၊ မြေယာလျော်ကြေးငွေနှင့် သီးနှံလျော်ကြေးငွေပေးအပ်ပြီးပါက လမ်းလုပ်ငန်းစဉ်များကို စတင်ဖောက်လုပ်ဆောင်ရွက်တော့မည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ပါဝင်သွားသည့် မြေကေအပေါ်မူတည်ကာ လျော်ကြေးငွေများကို ပြန်လည်ပေးအပ်ခဲ့သည်။

မြေယာလျော်ကြေးငွေနှင့် သီးနှံလျော်ကြေးငွေပေးအပ်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ သီးနှံလျော်ကြေးနှင့်မြေယာ လျော်ကြေးပေးအပ်ရေး ကော်မတီနာယက ခရိုင်အုပ်ချုပ်ရေးမှူး၊ ကော်မတီဝင်များနှင့် မိုင်းလင်း (အနောက်) ကျေးရွာအုပ်စုနှင့် နားယောင်းအုပ်စုမှ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ [UNION BETTERMENT PARTY (UBP)] အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၅၈/၂၀၁၉)
၁၃၈၀ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

**ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ [UNION BETTERMENT PARTY (UBP)] အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

နေပြည်တော်၊ ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ ရာဇသင်္ဂဟလမ်း၊ အိမ်အမှတ် (A-3)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ [UNION BETTERMENT PARTY (UBP)]** အား ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ [UNION BETTERMENT PARTY (UBP)]**၏ မှတ်ပုံတင်အမှတ်မှာ (၁၁၂)ဖြစ်ပါသည်။

(လုံသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# လေ့လာရေးခရီးသွားအဖွဲ့ မော်တော်ယာဉ်တန်း မြန်မာပြည်မြောက်ဖျား နောင်မွန်းမြို့မှတစ်ဆင့် တောင်ဖျား ကော့သောင်းမြို့ ဘုရင့်နောင်အငူသို့ ရောက်ရှိ



ကော့သောင်းမြို့သို့ ရောက်ရှိလာသည့် လေ့လာရေးခရီးအဖွဲ့အား ဒေသခံများက ကြိုဆိုကြစဉ်။

**ကော့သောင်း ဧပြီ ၂၅**

Geographical Society of Myanmar (GSM) လေ့လာရေးခရီးသွားအဖွဲ့မော်တော်ယာဉ်တန်း Snow to Sea လေ့လာရေးခရီးစဉ်အဖြစ် မြန်မာပြည်မြောက်ဖျားဆုံး နောင်မွန်းမြို့မှတစ်ဆင့် မြန်မာပြည်တောင်ဖျား ကော့သောင်းမြို့ ဘုရင့်နောင်အငူသို့ ဧပြီ ၂၄ ရက် ညနေ ၆နာရီက ရောက်ရှိလာကြောင်း သိရသည်။

**ဂုဏ်ပြုကြိုဆို**

အဆိုပါအဖွဲ့သည် 4WD မော်တော်ယာဉ်မျိုးစုံ ၁၈ စီး၊ အဖွဲ့ဝင်နှင့် မိသားစုများအပါအဝင် ၄၀ ဦးဖြင့် ရောက်ရှိရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေထွန်းနှင့် တာဝန်ရှိသူများ၊ ကော့သောင်း အပျော်တမ်းစက်ဘီးစီးအသင်း Kawthaung Cycling Club (KTCC) အဖွဲ့တို့က ဂုဏ်ပြုကြိုဆိုကြသည်။

**ပူးပေါင်းပါဝင်**

ထို့နောက် လေ့လာရေးခရီးသွားအဖွဲ့သည် မြန်မာပြည်တစ်ဝန်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝပုံစံများ၊ မြန်မာနိုင်ငံ၏ အစိတ်အပိုင်းအလိုက်မြစ်ချောင်းများ၊ သစ်တောသစ်ပင်များ၊ သဘာဝပထဝီအနေအထားနှင့် ရာသီဥတုပုံစံများ၊ ဒေသအသီးသီးတွင် ရှင်သန်ပေါက်ဖွားကြသည့် သက်ရှိသတ္တဝါမျိုးစုံနှင့် သဘာဝပေါက်ပင်မျိုးစုံ၏ သဘာဝအရှိတရားအခြေအနေများစသည့် ဒေသန္တရဆိုင်ရာ အချက်အလက်များကို စုဆောင်းခြင်း၊ ပြန်လည်ဖော်ပြအသိပညာပေးခြင်းစသည့် သုတေသနဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်များနှင့် ချိတ်ဆက်ကာ သုတေသနနှင့်အသုံးချနိုင်မှုဆိုင်ရာ ပရိုဂရမ်များရေးဆွဲခြင်း၊ အဆင့်မြင့်ပညာရေးရပ်ဝန်းနှင့် လက်တွေ့အသုံးချနိုင်မှုဆိုင်ရာလုပ်ငန်းများအတွက် ပေါင်းကူးဆက်သွယ်ဆောင်ရွက်ခြင်းစသည့် လူမှုရေးလုပ်ငန်းများကို တတ်သိပညာရှင်များဖြင့် ပူးပေါင်းပါဝင် ဖွဲ့စည်းဆောင်ရွက်ကြရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း အဖွဲ့ခေါင်းဆောင် ဒေါက်တာကျော်ဇေယျမြိုင်ထံမှ သိရသည်။

**ရှစ်ရက်ကြာ ဖြတ်သန်းမောင်းနှင်**

အဆိုပါအဖွဲ့သည် ခရီးစဉ်အမည် Snow to Sea အဖြစ် ကချင်ပြည်နယ် နောင်မွန်းမြို့မှ ပြီးခဲ့သည့် ဧပြီ ၁၇ ရက်မှ စတင်စုစည်းထွက်ခွာခဲ့ကြပြီး တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့အထိ ခရီးအကွာအဝေး မိုင်ပေါင်း ၂၈၀၀ ကျော်ကို ရှစ်ရက်ကြာ ဖြတ်သန်းမောင်းနှင်ခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပေးပို့သော စာရင်းများအရ မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်လာရောက်မှုစာရင်း

| စဉ် | အကြောင်းအရာ | ၂၀၁၈ မတ်အထိ | ၂၀၁၉ မတ်လထိ | တိုးတက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | လေကြောင်းဖြင့်လာရောက်သူများ | ၃၇၇၂၉၇ | ၄၆၆၄၆၁ | ၈၉၁၆၄ | (+) ၂၄% |
| ၂ | အပျော်စီးသင်္ဘောဖြင့် ဝင်ရောက်သူများ | ၄၇၆၁ | ၄၀၄၇ | -၇၁၄ | (-) ၁၅% |
| ၃ | နယ်စပ်ဝင်ပေါက်မှ အတွင်းပိုင်းထိလာရောက်သူများ | ၁၅၄၁၇ | ၃၇၆၂၅ | ၂၂၂၀၈ | (+) ၁၄၄% |
| | ဗီဇာဖြင့်လာရောက်သူပေါင်း | ၃၉၇၄၇၅ | ၅၀၈၁၃၃ | ၁၁၀၆၅၈ | (+) ၂၈% |
| ၄ | နယ်စပ်တင်ဝင်ရောက်သူများ | ၅၃၀၉၇၈ | ၆၂၈၄၈၂ | ၉၇၅၀၄ | (+) ၁၈% |
| | စုစုပေါင်း | ၉၂၈၄၅၃ | ၁၁၃၆၆၁၅ | ၂၀၈၁၆၂ | (+) ၂၂% |

# နိုင်ငံအလိုက် ခရီးသွားဝင်ရောက်မှု (နှိုင်းယှဉ်ဇယား)

| စဉ် | နိုင်ငံ | ၂၀၁၈(မတ်လအထိ) | ၂၀၁၉(မတ်လအထိ) | ခြားနားချက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| | **မြောက်အမေရိက** | **၂၄၇၆၃** | **၂၄၇၆၆** | **၃** | **၀ ရာခိုင်နှုန်း** |
| ၁ | အမေရိကန် | ၂၀၇၁၀ | ၂၁၀၀၀ | ၂၉၀ | ၁ ရာခိုင်နှုန်း |
| ၂ | တရုတ် | ၄၀၅၃ | ၃၇၆၆ | -၂၈၇ | -၇ ရာခိုင်နှုန်း |
| | **အခြားအမေရိက** | **၃၉၁၆** | **၃၃၈၈** | **-၅၂၈** | **-၁၃ ရာခိုင်နှုန်း** |
| | **အနောက်ဥရောပ** | **၆၇၉၁၁** | **၆၄၈၃၁** | **-၃၀၈၀** | **-၅ ရာခိုင်နှုန်း** |
| ၁ | ပြင်သစ် | ၁၈၁၇၀ | ၁၇၄၉၄ | -၆၇၆ | -၄ ရာခိုင်နှုန်း |
| ၂ | ယူကေ | ၁၃၅၆၁ | ၁၁၅၃၁ | -၂၀၃၀ | -၁၅ ရာခိုင်နှုန်း |
| ၃ | ဂျာမနီ | ၁၁၅၇၅ | ၁၀၉၈၉ | -၅၈၆ | -၅ ရာခိုင်နှုန်း |
| ၄ | အီတလီ | ၅၅၈၅ | ၆၈၆၃ | ၁၂၇၈ | ၂၃ ရာခိုင်နှုန်း |
| ၅ | ဆွစ်ဇာလန် | ၃၈၀၀ | ၃၃၃၁ | -၄၆၉ | -၁၂ ရာခိုင်နှုန်း |
| ၆ | နယ်သာလန် | ၃၀၀၉ | ၃၀၁၈ | ၉ | ၀ ရာခိုင်နှုန်း |
| ၇ | ဘယ်လ်ဂျီယံ | ၂၀၂၄ | ၁၈၆၃ | -၁၆၁ | -၈ ရာခိုင်နှုန်း |
| ၈ | သြစတြီးယား | ၁၃၁၄ | ၁၅၃၇ | ၂၂၃ | ၁၇ ရာခိုင်နှုန်း |
| ၉ | စပိန် | ၂၄၅၉ | ၂၅၁၃ | ၅၄ | ၂ ရာခိုင်နှုန်း |
| ၁၀ | အခြားနိုင်ငံများ | ၆၄၁၄ | ၅၆၉၂ | -၇၂၂ | -၁၁ရာခိုင်နှုန်း |
| | **အရှေ့ဥရောပ** | **၇၀၃၆** | **၆၈၁၂** | **-၂၂၄** | **-၃ ရာခိုင်နှုန်း** |
| ၁ | ရုရှား | ၂၁၃၂ | ၁၉၀၁ | -၂၃၁ | -၁၁ ရာခိုင်နှုန်း |
| ၂ | အခြားနိုင်ငံများ | ၄၉၀၄ | ၄၉၁၁ | ၇ | ၀ ရာခိုင်နှုန်း |
| | **အာဖရိက** | **၁၀၅၁** | **၁၁၆၀** | **၁၀၉** | **၁၀ ရာခိုင်နှုန်း** |
| | **အရှေ့အလယ်ပိုင်း** | **၁၈၀၄** | **၁၉၈၉** | **၁၈၅** | **၁၀ ရာခိုင်နှုန်း** |
| | **အာရှ** | **၂၈၁၁၇၆** | **၃၉၆၃၆၂** | **၁၁၅၁၈၆** | **၄၁ ရာခိုင်နှုန်း** |
| ၁ | တရုတ် | ၆၈၉၇၆ | ၁၅၉၁၆၃ | ၉၀၁၇၇ | ၁၃၁ ရာခိုင်နှုန်း |
| ၂ | ထိုင်း | ၈၆၃၆၇ | ၇၇၁၃၂ | -၉၂၃၅ | -၁၁ ရာခိုင်နှုန်း |
| ၃ | ကိုရီးယား | ၁၉၈၅၄ | ၃၇၆၄၈ | ၁၇၇၉၄ | ၉၀ ရာခိုင်နှုန်း |
| ၄ | ဂျပန် | ၂၈၃၂၉ | ၃၄၃၀၈ | ၅၉၇၉ | ၂၁ ရာခိုင်နှုန်း |
| ၅ | စင်ကာပူ | ၁၄၆၆၆ | ၁၄၃၄၁ | -၃၂၅ | -၂ ရာခိုင်နှုန်း |
| ၆ | ဗီယက်နမ် | ၁၄၃၂၈ | ၁၃၄၇၆ | -၈၅၂ | -၆ ရာခိုင်နှုန်း |
| ၇ | အိန္ဒိယ | ၁၀၈၄၁ | ၁၂၀၈၆ | ၁၂၄၅ | ၁၁ ရာခိုင်နှုန်း |
| ၈ | မလေးရှား | ၁၃၈၀၉ | ၁၁၆၁၈ | -၂၂၀၁ | -၁၆ ရာခိုင်နှုန်း |
| ၉ | ထိုင်ဝမ်(တရုတ်တိုင်ပေ) | ၁၀၁၃၉ | ၁၀၉၄၉ | ၈၁၀ | ၈ ရာခိုင်နှုန်း |
| ၁၀ | ဟောင်ကောင် | ၅၇ | ၉၂၂၇ | ၉၁၇၀ | |
| ၁၁ | မကာအို | ၂ | ၇၅၂ | ၇၅၀ | |
| ၁၂ | ဖိလစ်ပိုင် | ၄၄၇၆ | ၄၅၀၁ | ၂၅ | ၁ ရာခိုင်နှုန်း |
| ၁၃ | အခြားနိုင်ငံများ | ၉၃၂၂ | ၁၁၁၇၁ | ၁၈၄၉ | ၂၀ ရာခိုင်နှုန်း |
| | **သမုဒ္ဒရာပိုင်းဒေသ** | **၉၈၁၈** | **၈၈၂၅** | **-၉၉၃** | **-၁၀ ရာခိုင်နှုန်း** |
| ၁ | သြစတြေးလျ | ၈၆၂၂ | ၇၆၉၂ | -၉၃၀ | -၁၁ ရာခိုင်နှုန်း |
| ၂ | နယူးဇီလန် | ၁၁၆၃ | ၁၀၈၅ | -၇၇ | -၇ ရာခိုင်နှုန်း |
| ၃ | အခြားနိုင်ငံများ | ၃၃ | ၄၇ | ၁၄ | ၄၂ ရာခိုင်နှုန်း |
| | **စုစုပေါင်း** | **၃၉၇၄၇၅** | **၅၀၈၁၃၃** | **၁၁၀၆၅၈** | **၂၈ ရာခိုင်နှုန်း** |

# တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# အမြင့်ဆုံးအပူချိန်စံချိန်သစ်များ

| စဉ် | စံချိန်သစ် တိုင်းတာရရှိသည့် ရက်စွဲ | စခန်းအမည် | အမြင့်ဆုံး အပူချိန် စံချိန်သစ် | | အမြင့်ဆုံး အပူချိန် စံချိန်ဟောင်း | | ယခင် စံချိန်ကျိုးခဲ့သည့်ရက်စွဲ | စခန်းဖွင့်သည့် နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | ဒီဂရီ စင်တီဂရိတ် | ဒီဂရီ ဖာရင်ဟိုက် | ဒီဂရီ စင်တီဂရိတ် | ဒီဂရီ ဖာရင်ဟိုက် | | |
| ၁။ | ၂၄-၄-၂၀၁၉ | ပုသိမ် | ၄၁.၈ | ၁၀၇.၂ | ၄၁.၅ | ၁၀၆.၇ | ၂၂-၄-၂၀၁၉ | ၇၃ |
| ၂။ | ၂၄-၄-၂၀၁၉ | ဘီးလင်း | ၄၀.၆ | ၁၀၅.၁ | ၄၀.၁ | ၁၀၄.၂ | ၂၃-၄-၂၀၁၉ | ၅၄ |

# နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၂၅**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ မတ်လထိ) (ယာယီ) မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁၇၁၉၃ သန်း ဆောင်ရွက်နိုင်၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် အမေရိကန်ဒေါ်လာ ၁၁ သန်း လျော့နည်းခဲ့

**နေပြည်တော် မေ ၂၅**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလ မှ မတ်လထိ) (ယာယီ) မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၂၂၇ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၈၉၆၆ သန်း ရှိသဖြင့် ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၇၁၉၃ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခင်နှစ်ကာလတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ မတ်လထိ) ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၇၆၁၅ သန်း၊ ပြည်ပသွင်းကုန် တန်ဖိုး အမေရိကန်ဒေါ်လာ ၉၅၈၉ သန်းဖြစ်၍ ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၁၇၂၀၄ သန်းဖြစ်သဖြင့် ယခင်နှစ်ကာလတူထက် ပို့ကုန်တွင် ၆၁၂ ဒေါ်လာသန်း ပိုမိုတင်ပို့နိုင်ခဲ့ပြီး သွင်းကုန်တွင် ၆၂၃ ဒေါ်လာသန်း လျော့နည်းခဲ့သောကြောင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၁ သန်း လျော့နည်းခဲ့ပါသည်။

ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်ပို့နိုင်ခဲ့ပါသည် -

**တန်ဖိုး-ဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ (အောက်တိုဘာလမှ မတ်လထိ) (ယာယီ) | ၂၀၁၇-၂၀၁၈ (အောက်တိုဘာလမှ မတ်လထိ) | နှိုင်းယှဉ်ချက် (+/-) |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၁၇၀၈.၄၇၉ | ၁၅၈၉.၄၆၂ | ၁၁၉.၀၁၇ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်းများ | ၂၇၅.၃၉၀ | ၅၃.၁၆၆ | ၂၂၂.၂၂၄ |
| ၃ | ရေထွက်ပစ္စည်းများ | ၄၃၂.၅၈၄ | ၄၀၈.၉၂၃ | ၂၃.၆၆၁ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၅၄၈.၇၅၈ | ၁၁၁၈.၀၉၇ | -၅၆၉.၃၃၉ |
| ၅ | သစ်တောထွက်ပစ္စည်း | ၉၀.၇၇၂ | ၉၉.၉၈၆ | -၉.၂၁၄ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၄၆၁၅.၀၅၁ | ၃၆၀၅.၈၂၅ | ၁၀၀၉.၂၂၆ |
| ၇ | အခြားပစ္စည်းများ | ၅၅၅.၇၉၀ | ၇၃၉.၀၆၃ | -၁၈၃.၂၇၃ |
| | **စုစုပေါင်း** | **၈၂၂၆.၈၂၄** | **၇၆၁၄.၅၂၂** | **၆၁၂.၃၀၂** |

ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုလိုက်တင်သွင်းမှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း လျော့နည်းတင်သွင်းခဲ့ပါသည် -

**တန်ဖိုး-ဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ (အောက်တိုဘာလမှ မတ်လထိ) (ယာယီ) | ၂၀၁၇-၂၀၁၈ (အောက်တိုဘာလမှ မတ်လထိ) | နှိုင်းယှဉ်ချက် (+/-) |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများ | ၂၉၀၀.၉၉၇ | ၃၂၅၇.၃၀၃ | -၃၅၆.၃၀၆ |
| ၂ | လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများ | ၃၃၂၀.၄၈၀ | ၃၅၈၂.၄၄၄ | -၂၆၁.၉၆၄ |
| ၃ | လူသုံးကုန်ပစ္စည်းများ | ၁၆၄၉.၅၃၁ | ၁၈၁၅.၇၀၁ | -၁၆၆.၁၇၀ |
| ၄ | CMP | ၁၀၉၄.၈၁၀ | ၉၃၃.၈၈၉ | ၁၆၀.၉၂၁ |
| | **စုစုပေါင်း** | **၈၉၆၅.၈၁၈** | **၉၅၈၉.၃၃၇** | **-၆၂၃.၅၁၉** |

**သတင်းစဉ်**

# လယ်ဝေးမြို့နယ်ရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**လယ်ဝေး မေ ၂၅**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်အတွင်း မေ ၂၂ ရက် ညနေက မိုးရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းကြီးကျောင်းနှင့် လူနေအိမ်များ အမိုးလန်ပျက်စီးခြင်း၊ ပြိုလဲခြင်းများ ဖြစ်ပေါ်ခဲ့သည်။

လယ်ဝေးမြို့နယ်အတွင်း လေဘေးသင့်ခဲ့သည့် ကျေးရွာများသို့ ယမန်နေ့ နံနက် ၁၀ နာရီက နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက သက္ကယ်ချင်း၊ ကြို့ပင်၊ ခရမ်းကိုင်း၊ ဝက္ကမူကျေးရွာအုပ်စုများရှိ အမိုးလန်ပျက်စီးခဲ့သည့် နေအိမ်များ၊ သစ်ဆိမ့်ပင်၊ ရှားချောင်း၊ ရွှေပြည်သာကျေးရွာအုပ်စုများနှင့် မြို့ပေါ်ရပ်ကွက် (၄၊ ၆၊ ၇)တို့ရှိ လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ခဲ့သည်။

အဆိုပါလေဘေးသင့်အိမ်ထောင်စုများအတွက် မေ ၂၄ ရက်အထိ ကျေးရွာပေါင်း ၁၈ ရွာမှလေဘေးသင့်အိမ်ခြေ ၁၂၈ လုံးနှင့် လူဦးရေ ၅၆၇ ဦးအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုး၊ အိမ်ဆောက်ပစ္စည်းနှင့် ဆန်ရိက္ခာဖိုး စုစုပေါင်း ၅၁၈၅၃၀၀ ကျပ်ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျန်ရှိသောပျက်စီးနေအိမ်များအတွက် ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ကောင်းကင်ကြိုးစီးနင်းကြသူများကို တွေ့ရစဉ်။

# ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် ကောင်းကင်ကြိုးစီးနင်းမှု အများပြည်သူအပန်းဖြေနိုင်ရန်ဖွင့်လှစ်မည်

**ရန်ကုန် မေ ၂၅**

နှစ်(၁၀၀)သက်တမ်းရှိ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် အများပြည်သူအပန်းဖြေအနားယူနိုင်ရန်နှင့် တိရစ္ဆာန်များကိုလေ့လာနိုင်ရန် ကောင်းကင်ကြိုး Zip Line စီးနင်းခြင်းကို မေ ၂၆ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

"တစ်ခါစီးရင် တစ်ဖက်တစ်ယောက်စီနဲ့ ကြိုးနှစ်ချောင်းမှာ နှစ်ယောက်စီးလို့ရအောင် ဆောင်ရွက်ထားပါတယ်။ တာဝါ(A)အပေါ်ကနေ အောက်ဘက်ရေကန်ကိုဖြတ်ပြီး တာဝါ(B)ကို စီးနင်းတာပါ။ တာဝါ(B)ကနေ တာဝါ(A)ကိုလည်း စီးနင်းလို့ရအောင် စီမံထားပါတယ်။ ဝန်ဆောင်မှုအနေနဲ့ လုံခြုံရေးကို အထူးဆောင်ရွက်ထားပြီးတော့ အပန်းဖြေစီးနင်းတဲ့အခါမှာ ပျော်ရွှင်မှုအပြည့်အဝရရှိအောင် ဆောင်ရွက်ထားပါတယ်"ဟု Zip Line တာဝန်ခံ ဦးညီမင်းထက်က ပြောသည်။

မြန်မာနိုင်ငံတွင် မွန်ပြည်နယ် စိမ်းလဲ့တင်အပန်းဖြေဥယျာဉ်နှင့် ရန်ကုန်မြို့ တိရစ္ဆာန်ဥယျာဉ်၊ မန္တလေး(၇)မိုင်ခွဲတို့တွင် နေရာသုံးနေရာသာ ကောင်းကင်ကြိုးစီးနင်းသော အပန်းဖြေကစားနည်းဖြင့် အပန်းဖြေလာရောက်သူတို့ကို ဝန်ဆောင်မှုပေးလျက်ရှိသည်။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင်ရှိသော တာဝါတိုင်တို့မှာ တစ်ခုလျှင် မီတာ ၂၀ အမြင့်ရှိကြပြီး တစ်ခုနှင့်တစ်ခုအကွာအဝေးမှာ မီတာ ၁၆၀.၃ မီတာအကွာအဝေးရှိ၍ တာဝါတိုင်နှစ်ခုကြားတွင် ဆောင်းခိုငှက်သဘာဝရေအိုင်ဖြင့် ရန်ကုန် တိရစ္ဆာန်ဥယျာဉ်၏အလှကို လျှပ်တစ်ပြက်အပေါ်စီးမှတွေ့မြင်ခံစားနိုင်ရန် စီမံဆောင်ရွက်ထားခြင်းဖြစ်သည်။ တိရစ္ဆာန်ဥယျာဉ်တွင် ကောင်းကင် ကြိုးစီးနင်းမှုနှင့်အတူ တာဝါ(B)တွင် နံရံတက်ခြင်း(Wall Climbing)နှင့် Quick Jump ကစားခြင်း၊ တာဝါ(A)တွင် သစ်ပင်တက်ကစားနည်း (Tree Climbing) တို့ဖြင့် Zipline Adventure ဇရိယာတွင် အများပြည်သူအပန်းဖြေနိုင်ရန် ဝန်ဆောင်မှုပေးထားကြောင်း သိရသည်။

ကောင်းကင်ကြိုးစီးနင်းရာတွင် လုံခြုံရေးကို အထူးကြပ်မတ်ထားပြီး သိုင်းကြိုးများကို အမေရိကန်နိုင်ငံမှပစ္စည်းများဖြင့် အသုံးပြုထားကာ ဖိလစ်ပိုင်နိုင်ငံမှ လေ့ကျင့်သင်ကြားပေးသူများဖြင့် လာရောက်အပန်းဖြေစီးနင်းသူများကို ဦးစွာလေ့ကျင့်ပြသပြီးမှသာ စီးနင်းခွင့်ပြုမည်ဖြစ်ပြီး ပေါင် ၂၀၀ အထက်ရှိသူများ၊ နှလုံးရောဂါနှင့် ဝက်ရူးပြန်ရောဂါရှိသူတို့ကို စီးနင်းခွင့်ပြုမည်မဟုတ်ဘဲ တာဝါပေါ်သို့ စီးနင်းမည့်သူနှစ်ဦးသာ တက်ရောက်ခွင့်ပြုမည်ဖြစ်ကာ လုံချည်နှင့်ပုဆိုး ဝတ်ဆင်ထားသူတို့အတွက် အဆင်ပြေစေရန် အဆိုပါနေရာတွင် ဘောင်းဘီဝတ်ဆင်နိုင်ရန် ဝန်ဆောင်မှုပေးထားကြောင်းနှင့် မေ ၂၆ ရက်နံနက်ပိုင်းတွင် စတင်ဖွင့်လှစ်၍ တိရစ္ဆာန်ဥယျာဉ်သို့ လာရောက်အပန်းဖြေသူများအတွက် စိတ်လှုပ်ရှားဖွယ်ရာ ဝန်ဆောင်မှုသစ်တစ်ခုအနေဖြင့် ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း သိရသည်။

**သန်းထိုက် ၊ ဓာတ်ပုံ -သန်းစိုး**

# ရွှေ့ပြောင်းကျေးရွာနေပြည်သူများ ဝင်ငွေရရှိရေး သဘော်သီးစိုက်ပျိုးရေးစမ်းသပ်

**မြစ်ကြီးနား မေ ၂၅**

မြစ်ကြီးနားမြို့နယ် အောင်မြင်သာစံပြကျေးရွာ (တန်ဖရဲ)နှင့် မလိယန်ကျေးရွာနေပြည်သူများ ဝင်ငွေရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုအဖြစ် ဖန်တီးပေးရန် သဘော်ပင်စိုက်ပျိုးရေး ဒေသနှင့် ကိုက်ညီမှုရှိ မရှိ စမ်းသပ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။



ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများ သဘော်ပင်များ စိုက်ပျိုးပေးစဉ်။

အဆိုပါအစီအစဉ်အတွက် ကချင်ပြည်နယ် စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကျော်ကျော်ဝင်း၊ SPIC/ ACHC ကုမ္ပဏီမှ မြစ်ကြီးနားတာဝန်ခံ မစ္စတာကျန်းဟုန်းကွေ့နှင့် တာဝန်ရှိသူများက အောင်မြင်သာကျေးရွာရှိ အိမ်ထောင်စု ၂၀ တွင် ဦးစွာစမ်းသပ်စိုက်ပျိုးပေးခဲ့ပြီး စမ်းသပ်မှုအောင်မြင်ပါက စိုက်ပျိုးရေးနည်းပညာပိုင်းနှင့် ဈေးကွက်ပိုင်းကိုပါ အစွမ်းကုန်ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်မြင်သာ ကျေးရွာနှင့် မလိယန်ကျေးရွာနေပြည်သူများသည် ယခုအခါ မိသားစုဝင်ငွေရရှိရေးနှင့် ပတ်သက်၍ "အခုရှိနေတဲ့ လူနေမှုအဆင့်အတန်းကို ရပ်တန့်ထားလို့မရပါဘူး။ ဒီပြောင်းရွှေ့ကျေးရွာတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုသည် ကျွန်တော်တို့ကုမ္ပဏီရဲ့ ရည်မှန်းချက်တစ်ရပ်အဖြစ် သတ်မှတ်ပြီး ဖြစ်ပါတယ်။ ကျေးရွာကော်မတီဝင်တွေနဲ့လည်း မပြတ်ဆွေးနွေးညှိနှိုင်းခဲ့ပြီး ပြောင်းရွှေ့ကျေးရွာနဲ့ကိုက်ညီမယ့် သဘော်စိုက်ပျိုးလုပ်ငန်းနဲ့ ဝင်ငွေရရှိစေဖို့ စီမံခဲ့ပါတယ်" ဟု မစ္စတာကျန်းဟုန်းကွေ့က ပြောသည်။

ထို့ပြင် အခြားသောစက်မှုလက်မှု တစ်ပိုင်တစ်နိုင်လုပ်ငန်းများလည်း ပို့ချသင်တန်းပေးလျက်ရှိပြီး အဆိုပါကျေးရွာနေပြည်သူများဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

ACHC ကုမ္ပဏီမှ ယင်းကျေးရွာ နှစ်ရွာအတွက် ကျောင်းဆောက်လုပ် လှူဒါန်းပေးခြင်း၊ စားနပ်ရိက္ခာထောက်ပံ့ပေးခြင်း၊ လျှပ်စစ်မီးအခမဲ့နှင့် ပညာရေးဆိုင်ရာ အထောက်အပံ့များလည်း ကူညီလျက်ရှိကြောင်း သိရသည်။ **ကိုကိုနေ၊ ဓာတ်ပုံ-ကိုဇွဲ**

# မြိတ်မြို့တွင် တရားရေးမဏ္ဍိုင်နှင့်ပတ်သက်၍ တစ်ကိုယ်တော်ဆန္ဒဖော်ထုတ်

**မြိတ် မေ ၂၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် တရားရေမဏ္ဍိုင်နှင့်ပတ်သက်၍ မေ ၂၅ ရက် နံနက် ၁၀ နာရီက ရုံးတောင်လမ်း မြိတ်ခရိုင်/ မြို့နယ်တရားရုံးအနီး၌ ဦးသန်းလွင်ဆိုသူက တရားရေးမဏ္ဍိုင်နှင့်စပ်လျဉ်း၍ ဗီနိုင်းပိုစတာဖြင့် တစ်ကိုယ်တော် ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

တစ်ကိုယ်တော်ဆန္ဒထုတ်ဖော်သူ ဦးသန်းလွင်က ၎င်းရင်ဆိုင်ခဲ့ရသော တရားမကြီးအမှုနှင့်သက်ဆိုင်သည့် အကြောင်းအရာများပါ ဗီနိုင်းပိုစတာ ကိုင်ဆောင်၍ လာရောက်ကြည့်ရှုသူများနှင့် သတင်းမီဒီယာများအား ၎င်းရင်ဆိုင်ခဲ့ရသော တရားမကြီးအမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ခဲ့သည်။

တစ်ကိုယ်တော်ဆန္ဒထုတ်ဖော်သူ၏ တရားရေးမဏ္ဍိုင် ယိမ်းယိုင်နေမှု ပြောကြားချက်များနှင့် ပတ်သက်၍ သတင်းမီဒီယာများမှ တရားရေးဌာနသို့ဆက်သွယ်မေးမြန်းရာ တစ်ကိုယ်တော်ဆန္ဒထုတ်ဖော်သူမှာ တရားရှုံးကိုယ်တိုင်ဖြစ်ပြီး သူ၏ပြောဆိုချက်များသည် ၎င်း၏ဆန္ဒထုတ်ဖော်ချက်တစ်ခုသာဖြစ်၍ တရားရေးဌာနမှ ဘာမှမပြောကြားလိုကြောင်း၊ တရားရုံးများအနေဖြင့် မှုခင်းများကြန့်ကြာမှုမရှိစေရေးနှင့် အမှုများကို ဥပဒေနှင့်အညီ မှန်ကန်မြန်ဆန်စွာ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း မြိတ်ခရိုင်တရားသူကြီး ဒေါ်ဥမ္မာညွန့်က ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက် )**

# ဖန်ဂရမ်ရာဇီ ရေခဲတောင်သို့ ထပ်မံသွားရောက်ကာ အသက်ဘေးကြုံတွေ့ခဲ့ရသူ တောင်တက်အဖွဲ့ဝင်တစ်ဦးအား ပြန်လည်ရှာဖွေမည်

ရန်ကုန် ဧပြီ ၂၅

**မြန်မာနိုင်ငံမြောက်ဖျားပိုင်းရှိ ဖန်ဂရမ်ရာဇီရေခဲတောင်ကို အောင်မြင်စွာ တက်ရောက်ပြီးနောက် မတော်တဆဖြစ်ရပ်နှင့် ကြုံတွေ့ခဲ့ရသည့် The Summiter တောင်တက်အဖွဲ့မှ အဖွဲ့ခေါင်းဆောင် ကိုဇော်ဇင်ခိုင်အား တောင်တက်တောင်ဆင်း အတွေ့အကြုံများနှင့် မတော်တဆဖြစ်ရပ် ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်အပြင် ယခုရက်ပိုင်းအတွင်း ဖန်ဂရမ်ရာဇီတောင်သို့ ထပ်မံသွားရောက်ကာ အသက်ဘေးကြုံတွေ့ခဲ့ရသူ တောင်တက်အဖွဲ့ဝင်တစ်ဦးအား ပြန်လည်ရှာဖွေမည့်အကြောင်းများကို မြန်မာ့အလင်းမှ သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။**



The Summiter တောင်တက်အဖွဲ့ခေါင်းဆောင် ကိုဇော်ဇင်ခိုင်

**တွေ့ဆုံမေးမြန်း - ထင်ပေါ်ဝင်း ၊ ဓာတ်ပုံ - ထိန်လင်း**

### မနှစ်က ဖုန်ရင်ရာဇီဆိုတဲ့ ရေခဲတောင်တက်ဖြစ်တယ်

ဒီ The Summiter အဖွဲ့အနေနဲ့ ၂၀၁၉ ခုနှစ် ဧပြီလမှာ ဖန်ဂရမ်ရာဇီကို တက်ခဲ့တယ်။ တက်ဖြစ်ခဲ့ရတာကတော့ ဒီအဖွဲ့ဝင်လူငယ်တွေက မနှစ်က ၂၀၁၈ ခုနှစ်မှာ ဖုန်ရင်ရာဇီဆိုတဲ့ ရေခဲတောင်တက်ဖြစ်တယ်။ တက်ဖြစ်တဲ့အခါမှာ အောင်မြင်တယ်။ အကုန်လုံးကလည်း ပျော်ရွှင်တယ်။ အကုန်လုံးက တောင်တက်ရတဲ့ ခံစားချက်ကို တကယ့်ကို နှစ်ခြိုက်ပြီးတော့ ဒီနှစ်မှာလည်း မနှစ်က တက်တဲ့တောင်ထက် ပိုမိုခက်ခဲတဲ့ ဖန်ဂရမ်ရာဇီကို တက်နိုင်မလားဆိုပြီး ချဲ့လင့်လုပ်ကြည့်တယ်။

### The Summiter ဆိုပြီး သွားခါနီးမှ နာမည်ပေး

ကျွန်တော့်ကိုလည်း စီနီယာအစ်ကို တစ်ယောက်လို ချစ်ခင်ပြီး သူတို့ကို ခေါင်းဆောင်မှုပေးဖို့ ဆက်ပြီးတော့ ဒီနှစ်လည်း ပို့ပေးပါလို့ တောင်းဆိုတယ်။ မနှစ်ကတော့ အသင်းက ဒီနာမည်မရှိသေးဘူး။ ဒီနှစ်ကျမှ The Summiter ဆိုပြီး သွားခါနီးမှ သူတို့က အဖွဲ့လေးကို နာမည်လေးပေးချင်တယ်ဆိုပြီး ပေးလိုက်တာ။ ဒီနှစ်မှာ သွားဖို့အတွက် ပထမဖွဲ့တာတော့ လူ ၃၀ ကျော်တယ်။ အဲဒီအထဲမှာ ကျွန်တော်က လေ့ကျင့်ခန်းတွေပေးတယ်။ ကြံ့ခိုင်မှုရှိ၊ မရှိ၊ အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်နိုင်မှုရှိ၊ မရှိ၊ ရုပ်ပိုင်းဆိုင်ရာ ကိုယ်လက်ကြံ့ခိုင်မှုနဲ့ အကြမ်းပတမ်းခံနိုင်မှုတွေ၊ စိတ်ပိုင်းဆိုင်ရာဖြစ်တဲ့ စိတ်ဓာတ်ကြံ့ခိုင်မှုတွေကို လေ့ကျင့်ပေးတယ်။ တဖြည်းဖြည်းနဲ့ လူစစ်ရင်းစစ်ရင်းနဲ့ နောက်ဆုံး ကျွန်တော်တို့အဖွဲ့ခေါင်းဆောင်တွေအပါအဝင် ၂၁ ယောက်ကျန်တယ်။

### ဖန်ဂရမ်ရာဇီတောင်ထိပ်ကို လူ ၂၀ ရောက်ခဲ့

အဲဒီလိုနဲ့ သွားဖို့စီစဉ်ပြီး ဧပြီ ၃ ရက်နေ့ညမှာ စထွက်တယ်။ ပူတာအိုကိုတော့ ၄ ရက်နေ့ရောက်တယ်။ ၆ ရက်နေ့မှာ ပူတာအိုကစပြီး ဝါဆန်ဒမ်း၊ ဇီယာဒမ်း အဲဒီရွာနှစ်ရွာကို သွားပြီးတဲ့နောက် တောက်လျှောက် တောစခန်းတွေသွားတယ်။ ၆ ရက်နေ့မှာ ပူတာအိုက ထွက်ပြီး ၁၂ ရက်နေ့မှာတော့ ဖန်ဂရမ်ရာဇီတောင်ထိပ်ကို လူ ၂၀ ရောက်ခဲ့တယ်။ ရေခဲစပ်စတွေ့တဲ့နေရာနဲ့ တောင်ထိပ်နဲ့ နှစ်ရက်လောက်ဝေးတဲ့ နေရာမှာတော့ အဖွဲ့ခေါင်းဆောင်ထဲက သုံးယောက်မြောက်က ရေခဲစပ်စခန်းမှာ ကျန်းမာရေးအခြေအနေကြောင့် ကျန်ခဲ့တယ်။ ကျန်တဲ့ ၂၀ လုံး တောင်ထိပ်ကို အောင်အောင်မြင်မြင် ချောချောမွေ့မွေ့နဲ့ တောင်ထိပ်အထိတော့ ရောက်ခဲ့တယ်။ အောင်မြင်ခဲ့တယ်။

### ဖန်ဂရမ်ဆိုတာ ခက်ခဲပါတယ်

ဖန်ဂရမ်ဆိုတာ ခက်ခဲပါတယ်။ ကြမ်းတမ်းပါတယ်။ ချောင်းတွေလည်း အများကြီးဖြတ်ရတယ်။ တကယ်တော့ တောင်တက်တယ်ဆိုတာ စိတ်ဓာတ်ကြံ့ခိုင်တဲ့လူတွေအတွက် တောင်ထိပ်ဆိုတာ ရောက်ပါတယ်။ စိတ်ဓာတ်မကြံ့ခိုင်တဲ့ လူတွေအတွက်တော့ တောင်ထိပ်ရောက်ဖို့ ခက်ခဲပါတယ်။

### လူစစ်ပြီးမှ ဒီခရီးစဉ်ကို စီစဉ်ခဲ့ခြင်းဖြစ်

ကြိုတင်ပြင်ဆင်မှု အနေနဲ့က မသွားခင်မှာ လေ့ကျင့်မှုတွေရှိခဲ့တယ်။ မသွားခင် ဖေဖော်ဝါရီ၊ မတ်လတွေမှာ ရခိုင်ရိုးမတောကြမ်းထဲမှာ တောတွင်းစခန်းချတာတွေ၊ ကမ့်ထိုးတာတွေ၊ မီးဖိုဖိုတာတွေ၊ တောထဲမှာနေရင် ဘယ်လိုချက်ပြုတ် စားသောက်ရတယ်ဆိုတာတွေ လေ့ကျင့်ပေးတယ်။ အခြေခံတောင်တက်နဲ့ ပတ်သက်တဲ့ ကြိုးချည်နည်း၊ ကြိုးတပ်နည်းတွေ၊ တောင်တက်နဲ့ပတ်သက်ပြီး အသုံးအဆောင်ပစ္စည်းကိရိယာတွေ၊ လုံခြုံရေးပိုင်းတွေ၊ ကယ်ဆယ်ရေးတွေကို ကလေးတွေကို အခြေခံသင်ကြားပေးတယ်။ မတ်လထဲမှာဆိုရင် သူတို့ကို စမ်းသပ်တဲ့အနေနဲ့ ဇွဲကပင်တက်ခိုင်းတယ်။ ဇင်းကျိုက်တောင်တက်ခိုင်းတယ်။ တစ်ဦးချင်းကောင်း မကောင်း လေ့ကျင့်ပြီးမှ၊ လူစစ်ပြီးမှ ဒီခရီးစဉ်ကို စီစဉ်ခဲ့ခြင်း ဖြစ်ပါတယ်။

### အခက်ခဲဆုံး ရေခဲတောင်ငါးလုံးကိုလည်း တက်ရောက်လေ့ကျင့်ခဲ့

လက်ရှိမှာ မြန်မာနိုင်ငံမှာရှိတဲ့ တောင်အတော်များများကို တက်ဖူးပါတယ်။ ဖုန်ကန်၊ ဖုန်ရင်၊ ဖန်ဂရမ်၊ လွန်ခရူမာဒင်၊ ခါကာဘိုဘော့စ်ကိုလည်း သုံးကြိမ်ရောက်ဖူးပါတယ်။ ဂန်လန်ရာဘော့စ်ကိုလည်း ရောက်ဖူးပါတယ်။ တရုတ်ပြည်က ဟာဗားကိုလည်း တက်ဖူးတယ်။ စာရာမေရီလည်း ရောက်တယ်။ နီပေါက ရေခဲတောင် မီတာ ၆၀၀၀ အထက် အခက်ခဲဆုံး ရေခဲတောင် ငါးလုံးကိုလည်း တက်ရောက်လေ့ကျင့်ပြီး ရေခဲတောင်နဲ့ ပတ်သက်တဲ့ ဒီပလိုမာတွေကိုလည်း သုံးလေးခုလောက်ယူထားပါတယ်။

### အလွန်ဝမ်းနည်းဖို့ ကောင်းပါတယ်

ကျွန်တော်တို့ခရီးစဉ်မှာ ညီမလေး စိမ့်ထက် မတော်တဆခြေချော်မှုကြောင့် ဆုံးရှုံး လိုက်ရတယ်။ ဒါမျိုးက ရေခဲတောင် သဘာဝမှာတော့ ဖြစ်လေ့ဖြစ်ထတော့ ရှိတယ်။ နည်းပါတယ်။ အလွန်ဝမ်းနည်းဖို့ ကောင်းပါတယ်။ ကျွန်တော်တို့ အောင်မြင်နေတဲ့အချိန်မှာ ဒီအဖွဲ့ဝင်တစ်ယောက်ဖြစ်တဲ့ညီမလေးတစ်ယောက် ဆုံးရှုံးလိုက်ရတဲ့အတွက် ဆုံးရှုံးမှုတော်တော်ကြီးမားပါတယ်။ ဒီအောင်မြင်မှုတောင် ကျွန်တော်တို့အတွက် ပျောက်ကွယ်သွားတယ်။ သူ့အတွက် ဝမ်းနည်းတာပဲရှိတယ်။ ဒီခရီးစဉ်အောင်မြင်တယ်လို့ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူတဲ့ခံစားချက်တွေတောင်မှ ဘယ်လိုမှအစားမထိုးနိုင်ဘူး။

### သေချာပြင်ဆင်လေ့ကျင့်တယ်

သွားတဲ့အဖွဲ့တွေရဲ့ အတွေ့အကြုံအနေနဲ့က တစ်ဝက်လောက်က မနှစ်က ဖုန်ရင်ရာဇီရေခဲတောင် တက်ဖူးတယ်။ ရေခဲတောင်တက်ဖူးတဲ့ အတွေ့အကြုံရှိတဲ့သူ တစ်ဝက်လောက်ပါတယ်။ ခေါင်းဆောင်ပိုင်းတွေကတော့ အတွေ့အကြုံရှိတဲ့သူတွေ၊ မြန်မာနိုင်ငံမှာ ရေခဲတောင်တွေ အမြဲတက်နေတဲ့သူတွေ သုံးလေးယောက်ပါတယ်။ ကျန်တဲ့သူတွေကတော့ လူသစ်တွေပါ။ ဒါပေမယ့် လေ့ကျင့်မှုတွေ အများကြီးမောင်းထားပြီး သူ့တို့ရဲ့ကြံ့ခိုင်မှုတွေကို လေ့ကျင့်ပြီးတော့မှ ဒီကလေးတွေကို ဒီရေခဲတောင်အတွက် သေချာရွေးချယ်ခေါ်ယူခဲ့တာဖြစ်တယ်။ သွားခါနီးမှာလည်း အသက်အန္တရာယ် လုံခြုံမှုရှိဖို့အတွက် သူတို့သုံးရမယ့် တောင်တက်ပစ္စည်းကိရိယာတွေ အကုန်လုံးကို ကျွန်တော် သေချာစစ်ဆေးပြီးမှ လိုအပ်တာမျိုးမရှိအောင် သေချာပြင်ဆင် လေ့ကျင့်တယ်။ နောက်ပစ္စည်းတွေနဲ့ရင်းနှီးအောင် အသုံးပြုနည်းတွေကို သေချာသင်ကြားပေးတယ်။ ခေါင်းဆောင်းတဲ့ ဦးထုပ်၊ ရေခဲစီးဖိနပ်၊ လွယ်အိတ်၊ ရေဘူးကအစ မျက်မှန်တပ်ရင်တောင်မှ ရေငွေ့ရိုက်မှာ စိုးလို့ (ရေငွေ့ရိုက်ရင် မှန်မဝါးသွားအောင် နည်းပညာပါတဲ့) မျက်မှန်တွေ သုံးခိုင်းတယ်။ လက်အိတ်တွေ၊ ခြေအိတ်တွေကအစ ရေခဲတောင်တက်ရင် တကယ်သုံးတဲ့ပစ္စည်းတွေ၊ သူတို့ကလည်း ငွေကြေးအကုန်ခံပြီး ဒီပစ္စည်းတွေကို သုံးပါတယ်။ အဲဒီအတွက် ကလေးတွေ အကုန်လုံးမှာတော့ စိတ်ဓာတ်အရရော၊ ရုပ်ပိုင်းဆိုင်ရာအရရော ပြည့်စုံတယ်။ ဒါပေမယ့် ညီမလေးစိမ့်ထက်ကတော့ ကံတရားတစ်ခုကြောင့်ပေါ့နော်။ သူကျသွားတာ အလွန်မြန်တဲ့အတွက် ကျွန်တော်တို့လည်း အချိန်မီမဆွဲလိုက်နိုင်ဘူး။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့ အဖွဲ့ဝင်တစ်ယောက်ကို ဆုံးရှုံးသွားရတယ်။ ဒီအဖြစ်ဆိုးကြီးကို ကြုံလိုက်ရတယ်။

### လူ ၄၀ လောက်ရောက်ဖူးတယ်

ခက်ခက်ခဲခဲရလာတဲ့ အောင်မြင်မှုကတော့ အတိုင်းမသိပါဘူး။ ရေခဲတောင်ထိပ်ကို တက်တယ်။ ကိုယ်တက်တဲ့ တောင်ရဲ့ခက်ခဲမှုအပိုင်းပေါ့နော်။ တစ်တောင်နဲ့တစ်တောင်နဲ့ မတူဘူးဗျ။ ခက်ခဲတဲ့ တောင်တစ်တောင်ကို အောင်မြင်မှုရတဲ့အချိန်မှာ ဝမ်းသာပီတိကတော့ အတိုင်းမသိပါဘူး။ တောင်ထိပ်ကို ရောက်တဲ့အချိန်မှာ ညီမလေး စိမ့်ထက်အပါအဝင် အဖွဲ့သားအားလုံးဟာ ပျော်လွန်းလို့ ငိုကြွေးကြတယ်။ အကုန်လုံးဖက်ပြီးတော့ ဝမ်းသာလွန်းလို့ တစ်ယောက်နဲ့တစ်ယောက် ဂုဏ်ပြုကြတယ်။ နိုင်ငံတော်သီချင်းဆိုတယ်။ နိုင်ငံတော်အလံကို လွှင့်ထူကြတယ်။ ဒီဖန်ဂရမ်ဆိုလည်း ရှေ့မှာ စီနီယာတွေ၊ ကျွန်တော့်ရှေ့မှာ တက်ခဲ့တဲ့တောင်တက်သမားအဖွဲ့တွေလည်း အများကြီး ရှိခဲ့တယ်။ ကျွန်တော်တို့ရှေ့မှာဆိုရင် လူ ၄၀ လောက် ရောက်ဖူးတယ်။ ၂၀၀၃ က အဖွဲ့တစ်ဖွဲ့လည်းရှိတယ်။ ကျွန်တော်တို့ကတော့ လူအများဆုံး ဒုတိယ ရောက်ဖူးတဲ့အဖွဲ့ပါပဲ။ ကြားထဲမှာတော့ ဒီ ၂၀ ကျော် မတက်ကြဘူးပေါ့နော်။ တက်တဲ့အဖွဲ့တွေလည်း ၂၀ ကျော် မရောက်ကြဘူးပေါ့။

### အရင်တက်ခဲ့တဲ့လမ်းကြောင်းအတိုင်း တက်ရောက်ခဲ့

တကယ်တော့သွားခဲ့တဲ့ ဖန်ဂရမ်ခရီးစဉ်က တချို့က ၉၀ ဒီဂရီမတ်တယ် ပြောတယ်။ တချို့က ကြိုးမသုံးဘူး ပြောတယ်။ တကယ်တော့ ၉၀ ဒီဂရီ မတ်တဲ့နံရံတွေ ဖန်ဂရမ်တောင်မှာ မရှိပါဘူး။ ကြိုးမသုံးဘူးဆိုတာ မဟုတ်ပါဘူး။ ကြိုးက သုံးသင့်တဲ့နေရာတွေမှာ သုံးခဲ့ပါတယ်။ တချို့ချောင်းဖြတ်ပြီး ကမ်းပါးတွေတက်တဲ့ အချိန်တွေ၊ အလွန်ချော်တဲ့နေရာတွေ၊ တက်လို့မရတဲ့နေရာတွေမှာ ကြိုးတွေသုံးခဲ့ပါတယ်။ ဓာတ်ပုံမှတ်တမ်းတွေ၊ ဗီဒီယိုမှတ်တမ်းတွေကအစ ရှိပါတယ်။ သူချော်ကျတဲ့နေရာက အန္တရာယ်အလွန်များတာမှန်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့တက်ခဲ့တဲ့အပြင် ဒီတောင်တွေက ပုံမှန်အဖွဲ့တိုင်း သွားတက်နေကျ တောင်တွေပါ။ ဒီတောင်ကိုတက်ခဲ့တဲ့ အရင်က တက်ခဲ့ဖူးသမျှ မှတ်တမ်းထဲမှာ ဘယ်အဖွဲ့အစည်းကမှ ကြိုးသုံးပြီး ဒီတောင်တွေပေါ် တက်ခဲ့တာမျိုးလည်း မရှိခဲ့ပါဘူး။ ကျွန်တော်တို့ကလည်း သူတို့တက်ခဲ့တဲ့ လမ်းကြောင်းအတိုင်း ရွေးချယ်တက်ရောက်ပြီး အောင်မြင်ခဲ့တာပါ။ ပြန်အဆင်းမှာမှ ဒီဖြစ်ရပ်ဆိုး ဖြစ်တာပါ။

### ကမ္ဘာကျော်တောင်တက်သမားလည်း ခြေချော်တာ ဖြစ်နိုင်ပါတယ်

အသက်အန္တရာယ် လုံခြုံမှုအပိုင်းကို ကျွန်တော်တို့လည်း ကြိုးစားပြီး ဆောင်ရွက်ပါတယ်။ အခိက ကံတရားပေါ့။ တောင်တက်သမားတိုင်းက ကိုယ့်ခြေလှမ်းတိုင်းက ကိုယ့်အသက်ဆိုတာကိုတော့ သတိမလပ်ဘဲ၊ ကိုယ့်ခြေလှမ်းတိုင်းကို သတိမလွတ်ဘဲ ခြေချော်လက်ချော်မဖြစ်အောင် သတိထားဖို့ လိုပါတယ်။ ကျွန်တော်တို့ ကိုယ်တိုင်လည်း ဖြစ်နိုင်ပါတယ်။ ကမ္ဘာကျော် တောင်တက်သမားလည်း ခြေချော်တာ ဖြစ်နိုင်ပါတယ်။ အဲဒီအတွက်ကြောင့် ကိုယ့်ခြေလှမ်းတိုင်းကို ကိုယ်သတိထားဖို့နဲ့ အသက်အန္တရာယ်လုံခြုံမှုအပိုင်းကို အကောင်းဆုံးပြင်ဆင်တာတော့ အကောင်းဆုံးပေါ့။ ဒါက ကျွန်တော်သင်ခန်းစာရခဲ့တဲ့အရာ တစ်ခုပါ။

### ဒီတစ်ရက်၊ နှစ်ရက် နေရင် ပူတာအိုတက်မယ်

အခုက ညီမလေးစိမ့်ထက်ရဲ့ Body ကို ပြန်လည်သယ်ယူဖို့ စီစဉ်နေပါတယ်။ ရောက်ကတည်းက မိဘတွေနဲ့ ဘယ်လိုကူညီပေးရမလဲ တိုင်ပင်ပါတယ်။ သူတို့ကတော့ လောလောဆယ် ပြန်လည်သယ်ယူရေးအတွက် တစ်ယောက်ကို တာဝန်ပေးထားတယ်။ ကျွန်တော်ကလည်း သူ့ကိုဆက်သွယ်တယ်။ သူက ပူတာအိုဒေသခံတွေနဲ့ ချိတ်ဆက်ပြီးတော့ ပြန်လည်သယ်ယူဖို့ ဆောင်ရွက်တယ်။ ကျွန်တော်ကလည်း ကျွန်တော့်အဖွဲ့ဝင်ညီမလေးဆိုတော့ ကျွန်တော့်မှာလည်း တာဝန်ရှိတယ်လေ။ ကျွန်တော် ဘယ်လိုပါဝင်ရမလဲ၊ ကျွန်တော် ဘယ်လိုကူညီရမလဲလို့ ကျွန်တော်ဝင်ရောက်ပူးပေါင်းဖို့အတွက်ကို နေ့တိုင်းဖုန်းတွေဆက်တယ်။ ဒါပေမယ့် အခုထိတော့ ဘယ်အချိန်ထွက်မယ်။ ဘယ်လိုလူတွေ ရွေးချယ်ထားတယ်ဆိုတာ ကျွန်တော်လည်း မသိသေးပါဘူး။ ဒီတစ်ရက်၊ နှစ်ရက်နေရင် ပူတာအို တက်မယ်။ သွားမယ့်အဖွဲ့၊ ဒေသခံအဖွဲ့နဲ့ ပူးပေါင်းမယ်။ ပြီးတော့ အကောင်းဆုံးဖြစ်အောင် ကြိုးစားပြီး ညီမလေး Body ကို ပြန်လည်သယ်ယူလာပြီး သူ့မိဘတွေဆီကို အပ်နှံနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်အကောင်းဆုံးကြိုးစားမှာ ဖြစ်ပါတယ်။



မြန်မာနိုင်ငံမြောက်ဖျားရှိ ဖန်ဂရမ်ရာဇီရေခဲတောင်ကို The Summiter အဖွဲ့များ တက်ရောက်ကြစဉ်။ ဓာတ်ပုံ-ဝေလျံ

---

## ကံမမြို့နယ်တွင် တောင်သူများ မြေယာလုပ်ကိုင်ခွင့်အတွက် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်

**ကံမ ဧပြီ ၂၅** -မကွေးတိုင်းဒေသကြီး ကံမမြို့နယ် အုပ်ရစ်ကုန်းကျေးရွာမှ တောင်သူ ၁၅၀ တို့သည် ဧပြီ ၂၅ ရက်နံနက် ၈ နာရီခွဲက ကံမမြို့၏တောင်ဘက် မြို့အဝင် ဆိုင်းဘုတ်ရှေ့မှစတင်၍ မြို့တွင်းသို့ ဖြတ်သန်းပြီး မြို့၏မြောက်ဘက် မြို့ဦးစေတီရှေ့အထိ ငြိမ်းချမ်းစွာစီတန်း လှည့်လည်ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ထိုသို့ စီတန်းလှည့်လည်ရာတွင် အုပ်ရစ်ကုန်းကျေးရွာနှင့်အနီးဆုံးရှိ မြေနုကျွန်းများကို ရွာသူရွာသားများ အမြန်ဆုံးလုပ်ကိုင်ခွင့်ပေးရေးအတွက် ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မင်းတပ်မြို့၌ (၂၁)ကြိမ်မြောက် ချင်းတက္ကသိုလ်ကျောင်းသားများ အားကစားပွဲတော်ကို ငါးရက်ကြာ ကျင်းပမည်

**မင်းတပ် မေ ၂၅**

ချင်းပြည်နယ် တောင်ပိုင်း မင်းတပ်မြို့ စည်ပင်ခန်းမ၌ မေ ၂၅ ရက် နံနက်ပိုင်းက စတင်၍ (၂၁) ကြိမ်မြောက် ချင်းတက္ကသိုလ် ကျောင်းသားများ အားကစားပွဲတော်၊ ကျောင်းသား တွေ့ဆုံပွဲနှင့် မြို့မဘောလုံးကွင်း၌ တစ်နိုင်ငံလုံးရှိ ချင်းလူမျိုး ကျောင်းသား အားကစား ပြိုင်ပွဲတို့ကို ကျင်းပကြောင်း သိရသည်။

အဆိုပါ (၂၁) ကြိမ်မြောက် ချင်း တက္ကသိုလ် ကျောင်းသားဘောလုံး ပြိုင်ပွဲဖွင့်ပွဲတွင် ကျောင်းသားဥက္ကဋ္ဌ မောင်ထန်းနိုင်းက အမှာစကားပြောကြားသည်။ အဆိုပါ ဘောလုံးပြိုင်ပွဲ အမျိုးသားဘောလုံးအသင်း ရှစ်သင်းကို ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကြရာ ကွင်းဖွင့်ပွဲအဖြစ် မင်းတပ်ဘောလုံး အသင်းနှင့် ထန်တလန်အသင်းတို့ ယှဉ်ပြိုင်ကြသည်။

အဆိုပါ အားကစားပြိုင်ပွဲများတွင် အမျိုးသမီး ဘော်လီဘော၊ အမျိုးသမီး လွန်ဆွဲပွဲနှင့် အမျိုးသား လွန်ဆွဲပွဲတို့ လည်း ပါဝင်ကြောင်း သိရသည်။ ညပိုင်းတွင် တိုင်းရင်းသား ရိုးရာအက၊ တေးသီချင်း သီဆိုဖျော်ဖြေမှုများ၊ King & Queen ရွေးချယ်ပွဲနှင့် အမျိုးသမီး ဖက်ရှင်ရှိုးတို့ဖြင့်လည်း ဖျော်ဖြေ တင်ဆက်ကြမည်ဖြစ်ကြောင်း သိရသည်။

(၂၁)ကြိမ်မြောက် ချင်းတက္ကသိုလ် ကျောင်းသားပွဲတော်တွင် ဟားခါး၊ ဖလမ်း၊ မတူပီ၊ မင်းတပ်၊ ကန်ပက်လက်၊ ထန်တလန်၊ ပလက်ဝနှင့်ရခိုင်ပြည်နယ် (CUSR)မှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၀၀ ကျော်ဖြင့် မေ ၂၅ ရက်မှ ၂၉ ရက်အထိ ငါးရက်ကြာကျင်းပ မည်ဖြစ်ပြီး မေ ၂၉ ရက်တွင် ဆုပေးပွဲ ကို ကျင်းပမည်ဖြစ်ကြောင်း၊ အကြိမ် (၂၀)မြောက်ချင်းတက္ကသိုလ်ကျောင်းသား များ အားကစားပွဲတော်ကိုလည်း ၂၀၁၈ ခုနှစ်က ဖလမ်းမြို့၌ပင် ကျင်းပခဲ့ကြောင်း သိရသည်။ **ခွီရှိန်း(ခရိုင်ပြန်/ဆက်)**



မင်းတပ်ဘောလုံးအသင်းနှင့် ထန်တလန်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကြစဉ်။

# အကြိမ် (၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲဝင်ရန် လက်ဝှေ့အားကစားသမားများ ပြင်းပြင်းထန်ထန်လေ့ကျင့်

**ရန်ကုန် မေ ၂၅**

ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် အကြိမ် (၃၀)မြောက် အရှေ့တောင် အာရှ အားကစား ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ လက်ဝှေ့အားကစားသမားများ အောင်မြင်မှုရရှိရန် ရန်ကုန်မြို့ သုဝဏ္ဏလက်ဝှေ့ အားကစားရုံ၌ ပြင်းပြင်းထန်ထန် လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့ ပြီးခဲ့တဲ့နှစ်က တိုင်းဒေသကြီးနဲ့ပြည်နယ် အမျိုးသား တံခွန်စိုက်ပြိုင်ပွဲတွေမှာ အလားအလာ ရှိတဲ့ ကစားသမားတွေကို ခေါ်ယူပြီး ဆီးဂိမ်းအတွက် ပဏာမအမျိုးသား ၂၀နဲ့ အမျိုးသမီး ကိုးဦး စခန်းသွင်းလေ့ကျင့်လျက်ရှိပါတယ်။ နွေရာသီမတိုင်ခင်က တစ်နေ့ကို မနက် တစ်ကြိမ်၊ ညနေ တစ်ကြိမ်လေ့ကျင့်ပါတယ်။ အခုရာသီ ဥတုက ပူပြင်းတဲ့အတွက် ကစားသမား တွေ ကျန်းမာရေး မကောင်းမှာစိုးလို့ နံနက်စောစော တစ်ကြိမ်ပဲ လေ့ကျင့် ဖြစ်ပါတယ်။ နောက်ပိုင်း ပုံမှန်နှစ်ကြိမ် လေ့ကျင့်သွားမယ်။ ကစားသမားတွေက လူသစ်ဖြစ်နေတယ်။ နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံ နည်းသေးတဲ့အတွက် လေ့ကျင့်မှုတွေ အားရပါတယ်။ ဇူလိုင်လမှာ အမျိုးသားတံခွန်စိုက်ပြိုင်ပွဲ ကျင်းပမယ်။ အဲဒီပြိုင်ပွဲမှာ ဆီးဂိမ်းပြိုင်ပွဲအတွက် ဩဂုတ်လမှာအပြီးသတ် လူရွေးသွားမယ်။ ဒါ့ပြင် သင့်တော်တဲ့ နိုင်ငံမှာ လေးလ လောက် ပူးတွဲလေ့ကျင့်မှုတွေ ပြုလုပ်သွားမယ်”ဟု နည်းပြချုပ် ဦးတင်မောင်ဖေ ကပြောသည်။

အဆိုပါ ဆီးဂိမ်းပြိုင်ပွဲတွင် အိမ်ရှင် ဖိလစ်ပိုင်က လက်ဝှေ့ဝိတ်တန်း အမျိုးသားရှစ်တန်း၊ အမျိုးသမီး ငါးတန်း ထည့်သွင်းထားရာ မြန်မာကစားသမား များသည် အမျိုးသားခြောက်တန်း၊ အမျိုး သမီးလေးတန်း ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်သည် ၂၀၁၃ ခုနှစ် အိမ်ရှင် (၂၇)ကြိမ်မြောက် ဆီးဂိမ်းတွင် ရွှေနှစ်ခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခုရရှိခဲ့ပြီး (၂၈) ကြိမ်မြောက် ဆီးဂိမ်းတွင် ကြေး တစ်ခုသာရရှိခဲ့သည်။ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်အနေဖြင့် မေလတွင် လက်ရည်စစ်ပြိုင်ပွဲ၊ ဇွန်လတွင် အိုလံပစ် နေ့ပြိုင်ပွဲ၊ ဇူလိုင်လတွင် အမျိုးသား တံခွန်စိုက်ပြိုင်ပွဲများ ပြုလုပ်ရန်လျာထား ကြောင်း သိရသည်။ **အေကေလင်း**




**လက်ဝှေ့အားကစားသမားများလေ့ကျင့်နေစဉ်။** ဓာတ်ပုံ - အာကာစိုး

# မန်ချက်စတာဒါဘီ မန်စီးတီးတို့ အိုးထရတ်ဖို့ဒ်ကွင်းတွင် နိုင်ပွဲရ

အင်္ဂလန်ပရီမီယာလိဂ် ပွဲကျန်ပွဲစဉ်များကို မေ ၂၅ရက် ကြာသပတေးနေ့ နံနက်ပိုင်းတွင် ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ပြီး မန်ချက်စတာဒါဘီပြိုင်ပွဲဖြစ်သော မန်ယူနှင့် မန်စီးတီးအသင်းတို့သည် အိုးထရတ်ဖို့ဒ် ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်း နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင်မန်ယူအသင်းသည် ၅-၃-၂ ပုံစံဖြင့် တိုက်စစ်ပိုင်း၌ ရက်ရှ်ဖို့ဒ်နှင့် လင်ဂတ်တို့ ပွဲထွက်လာသည်။ ဧည့်သည် မန်စီးတီးအသင်းသည် ၄-၃-၃ ကစားကွက်ဖြင့် တိုက်စစ်တွင် ဘာနာဒို ဆေးလ်ဗား၊ အဂူရိုနှင့် စတာလင်းတို့ ပါဝင်လာသည်။ မန်ချက်စတာ ဒါဘီပြိုင်ပွဲသည် ပွဲစစချင်း ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့ပြီး ပထမပိုင်းတွင် နှစ်သင်းစလုံး တန်ပြန် တိုက်စစ်ဖြင့် ယှဉ်ပြိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် မန်ယူ ကစားကွက်ကို မန်စီးတီးကွင်းလယ်က ထိန်းချုပ် ခဲ့ကာ ပွဲချိန် ၅၄မိနစ်တွင် ဘာနာဒိုဆေးလ်ဗားက မန်စီးတီးအတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ပွဲချိန် ၆၆မိနစ်တွင် မန်စီးတီးအတွက် ဆာနေးက ဒုတိယဂိုးသွင်းယူပေးခဲ့သည်။ ယင်းပွဲတွင် မန်စီးတီး အသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ယှဉ်ပြိုင်နိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် ရှစ်ကြိမ်အနက် ဂိုးပေါက်ခြိမ်းခြောက်မှု ငါးကြိမ် ပြုလုပ်နိုင်ခဲ့သည်။ အိမ်ရှင်မန်ယူအသင်းသည် ဂိုးကန်သွင်းခွင့် ၁၂ ကြိမ် ထိရရှိခဲ့ပြီး တစ်ကြိမ်သာ ဂိုးပေါက်ခြိမ်းခြောက်နိုင် ခဲ့သည်။ မန်စီးတီးအသင်းသည် လီဗာပူးနှင့် ပရီမီယာလိဂ် ချန်ပီယံအတွက် အမှားအယွင်းမခံဘဲ လက်ကျန်ပွဲစဉ်များကို ယှဉ်ပြိုင်နေရပြီး ယနေ့ပွဲ အနိုင်ရလဒ်ကြောင့် ဇယားထိပ်သို့ တစ်မှတ်အသာ ရမှတ် ၈၉ မှတ်ဖြင့် လီဗာပူးအသင်းကို ပြန်လည် ဦးဆောင်နိုင်ခဲ့သည်။ ယင်းနှစ်သင်းသည် လက်ကျန် ပွဲစဉ် သုံးပွဲသာ ကျန်တော့ပြီး မန်စီးတီးအသင်းသည် ဘာရိုက်တန်နှင့် ဘန်လေကို အဝေးကွင်းတွင် ယှဉ်ပြိုင် ရမည်ဖြစ်ကာ လက်စတာအသင်းကို အိမ်ကွင်းတွင် ဧည့်ခံယှဉ်ပြိုင်ရမည်ဖြစ်သည်။ လီဗာပူးအသင်းသည် ဟက်ဒါဖီးလ်နှင့် ဝုလ်ကို အိမ်ကွင်းတွင် ယှဉ်ပြိုင်ရမည် ဖြစ်ပြီး နယူးကာဆယ်ကို အဝေးကွင်း၌ ယှဉ်ပြိုင်ရမည် ဖြစ်သည်။ လီဗာပူးအသင်းသည် ကြားရက်တွင် ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ယှဉ်ပြိုင် ရန် ရှိနေပြီး ဖိအားများနေကာ မန်စီးတီးအသင်းသည် ပရီမီယာလိဂ်ဖလားအတွက်သာ ဖိအားမရှိဘဲ လက်ကျန်ပွဲစဉ်များကို အနိုင်ရရုံဖြင့် တစ်မှတ်အသာဦး ဆောင်ပြီး လက်ရှိချန်ပီယံ ပရီမီယာလိဂ်ဖလားကို ဆက်လက် ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

ပရီမီယာလိဂ် လက်ကျန်ပွဲစဉ်တစ်ပွဲဖြစ်သော ဝုလ်နှင့်အာဆင်နယ်ပွဲတွင် အိမ်ရှင် ဝုလ်အသင်း သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဝုလ်အတွက် သွင်းဂိုးများကို ပွဲချိန် ၂၈မိနစ်တွင် နေဗက်စ်၊ ၃၇မိနစ်တွင် ဒိုဟာတီနှင့် ၄၅မိနစ်တွင် ဂျိုတာတို့က သွင်းယူခဲ့သည်။ အာဆင်နယ်အတွက် တစ်လုံးတည်းသော ချေပဂိုးကို ဆိုခရာတစ်က ပွဲချိန်မိနစ် ၈၀ တွင် သွင်းယူခဲ့သည်။ အာဆင်နယ်အသင်းသည် ရမှတ် ၆၆မှတ်ဖြင့် အဆင့် (၅)တွင် ရပ်တည်နေပြီး အဆင့် (၄)မှ ချယ်လ်ဆီး အသင်းသည် ရမှတ် ၆၇မှတ်ဖြင့် အာဆင်နယ်ကို တစ်မှတ်ဖြတ် ထားသည်။ မန်ယူအသင်းသည် ရမှတ် ၆၄မှတ်ဖြင့် အဆင့် (၆)တွင် ရပ်တည်နေသည်။ ချန်ပီယံ လိဂ်ဝင်ခွင့် အဆင့်(၄)နေရာနှင့် ယူရိုပါလိဂ်ဝင်ခွင့် အဆင့် (၅) နေရာအတွက် ချယ်လ်ဆီး၊ အာဆင်နယ်နှင့် မန်ယူတို့သည် လက်ကျန်ပွဲစဉ်များကို အမှားအယွင်း မခံဘဲ ရုန်းကန်ရဦးမည် ဖြစ်သည်။ အဆင့် (၃) နေရာမှ စပါးအသင်းသည်လည်း ရမှတ် ၇၀ဖြင့် လက်ကျန် သုံးပွဲတွင် နှစ်ပွဲနိုင်လျှင် ချန်ပီယံလိဂ် တိုက်ရိုက်ဝင်ခွင့် သေချာမည်ဖြစ်သည်။ **သီဟ**



**မန်စီးတီးအသင်း မန်ယူကို အနိုင်ယူပြီး အောင်ပွဲခံနေစဉ်။**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**အက်သလက်တီကို ဘာစီလိုနာအား ဖိအားပေးနေ**

မေ ၂၅ ရက်နံနက်ပိုင်းက စပိန်လာလီဂါပွဲစဉ် ၃၄ အဖြစ် အက်သလက်တီကို မက်ဒရစ်နှင့် ဗလင်စီယာအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ အက်သလက်တီကို မက်ဒရစ်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အက်သလက်တီကို မက်ဒရစ်အသင်းသည် လာလီဂါ ၃၄ ပွဲကစားပြီးချိန်တွင် ရမှတ် ၇၁ မှတ်ဖြင့် အမှတ်ပေးဇယား ဒုတိယနေရာတွင် ရပ်တည်နေပြီး ဘာစီလိုနာအသင်းအား လိုက်လံဖိအားပေးနေရှိနေသည်။

**ရီးရဲမက်ဒရစ် တစ်ပတ် ပေါင်လေးသိန်းဖြင့် ဟာဇက်အား ကမ်းလှမ်းသွားဖွယ်ရှိ**

ရီးရဲမက်ဒရစ်အသင်းသည် ချယ်လ်ဆီးအသင်းမှ ဘယ်လ်ဂျီယံကွင်းလယ်ကစား သမား အီဒင်ဟာဇက် (၂၈နှစ်) အား တစ်ပတ် ပေါင်လေးသိန်းဖြင့် ကမ်းလှမ်းသွား ဖွယ်ရှိကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

**မန်ယူ ဒီဂီယာ၏ နေရာအား အော့ဘလက်ဖြင့် အစားထိုးရန် ချိန်ရွယ်နေ**

မန်ယူအသင်းသည် အသင်းမှ စပိန်ဂိုးသမား ဒီဂီယာ (၂၈နှစ်) အနေဖြင့် အိုးထရက် ဖို့ဒ်မှ ထွက်ခွာသွားပါက အဆိုပါ ဂိုးသမား၏ နေရာကို အက်သလက်တီကို မက်ဒရစ်ဂိုးသမား အော့ဘလက် (၂၆နှစ်) ဖြင့် အစားထိုးရန် ချိန်ရွယ်နေကြောင်း မက်ထရိုတွင် ဖော်ပြထားသည်။

**ဂျာမန်ဖလားဗိုလ်လုပွဲ လိုက်ဇစ်နှင့် ဘိုင်ယန်မြူးနစ်တို့ ယှဉ်ပြိုင်ကစားမည်**

မေ ၂၅ ရက် နံနက်ပိုင်းက ဂျာမန်ဖလားအကြိုဗိုလ်လုပွဲစဉ်အဖြစ် ဝါဒါဘရီမင်နှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘိုင်ယန်မြူးနစ်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် လာမည့် မေလတွင် ဂျာမန်ဖလားဗိုလ်လုပွဲအဖြစ် လိုက်ဇစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**စီရော်နယ်ဒို ဂွါဒီယိုလာအား ကြိုဆိုသွားမည်**

ဂျူဗင်တပ်စ်နှင့် ပေါ်တူဂီတိုက်စစ်မှူး စီရော်နယ်ဒို (၃၄နှစ်) သည် မန်စီးတီးနည်းပြ ဂွါဒီယိုလာအား ဂျူဗင်တပ်စ်နည်းပြအဖြစ် ခန့်အပ်ပါက ကြိုဆိုသွားမည်ဖြစ် ကြောင်း မာကာတွင် ဖော်ပြထားသည်။ **အောင်ဇော်**

◆ *ကျောဖုံးမှ*

ရောဝတီအသင်းက ၁၅ မှတ်စီ၊ ရခိုင်အသင်းက ၁၁ မှတ်၊ Southern အသင်းက ခုနစ်မှတ်၊ ဒဂုံနှင့် ဇွဲကပင်အသင်းက ခြောက်မှတ်စီ၊ မကွေးအသင်းက လေးမှတ်၊ Chinland အသင်းက နှစ်မှတ်ရထားသည်။ ထိပ်ဆုံးသို့ ရောက်ရှိလာသည့် ရတနာပုံ အသင်းသည် Southern အသင်း၏ကွင်း၌ သွားရောက် စမ်းသပ်ခံရမည်ဖြစ်ပြီး ရုန်းကန်ရဖွယ်ရှိနေသည်။ Southern အသင်းသည် ယခုရာသီတွင် အဝေးကွင်းနိုင်ပွဲ မရသေးသော်လည်း အိမ်ကွင်းကစားပုံ မာကျောပြီး ရလဒ်ကောင်းများ ရထားသော ကြောင့် ရတနာပုံအသင်းအနေဖြင့် ထိပ်ဆုံး၌ ဆက်လက်ရပ်တည်နိုင်ရန် အားကုန် ထုတ်ရဖွယ်ရှိနေသည်။ ယခုရာသီတွင် အကောင်းဆုံးခြေစွမ်း ပြသနေသည့် စစ်ကိုင်း အသင်းသည် ပွဲစဉ် (၈) အပြီး တန်းဆင်းဇုန်အတွင်း ကျရောက်သွားသည့် မကွေး အသင်းနှင့် ကစားရမည်ဖြစ်သည်။ ဇယားထိပ်ပိုင်းမှ အသင်းကြီးများ ပွဲကျပ်ကစားရ မည်ဖြစ်သောကြောင့် စစ်ကိုင်းအသင်းသည် ယခုပွဲအနိုင်ရပါက ထိပ်ဆုံးသုံးသင်း စာရင်းဝင်ရန် မျှော်လင့်ချက်ရှိနေသည်။ မကွေးအသင်းမှာလည်း တန်းဆင်းဇုန် အတွင်းမှ ရုန်းထွက်နိုင်ရန် ကြိုးစားရဖွယ် ရှိနေသည်။ ယခုတစ်ပတ်၏ အကောင်းဆုံး ပွဲဟု သတ်မှတ်နိုင်သည့်ပွဲမှာ ရောဝတီနှင့် ရှမ်းယူနိုက်တက်ပွဲဖြစ်ပြီး ရောဝတီအသင်းတွင် လူစုံပါက ပြိုင်ဆိုင်မှုပိုမိုပြင်းထန်ဖွယ်ရှိနေသည်။ ရောဝတီအသင်းတွင် အဓိက ကစားသမားများဖြစ်သည့် တိုက်စစ်မှူး ဆာဆက် ပွဲပယ်ခံထားရသလို နောက်ခံလူများ ဖြစ်သည့် အီဖာနှင့် စိုးမိုးကျော်၊ ကွင်းလယ်ကစားသမား နန်းထိုက်ဇော်တို့မှာလည်း ဒဏ်ရာရရှိနေရာ အိမ်ကွင်း၌ ရုန်းကန်ရဖွယ်ရှိနေသည်။ ရောဝတီအသင်းတွင် နိုင်ငံခြား သားကစားသမားအဖြစ် မာတူနာ တစ်ဦးတည်းသာ ပါဝင်နိုင်မည်ဖြစ်ပြီး လက်ရွေးစင် ကစားသမားနှင့် နိုင်ငံခြားသားကစားသမားအများစု ပါဝင်လာသည့် ရှမ်းယူနိုက်တက် အသင်းကို ခက်ခက်ခဲခဲရင်ဆိုင်ရဖွယ်ရှိနေသည်။

ပထမအကျော့ပြီးဆုံးရန် နီးကပ်လာပြီဖြစ်ရာ အသင်းများ၏ ပြိုင်ဆိုင်မှု၊ အသင်း တစ်သင်းနှင့် တစ်သင်းအကြား အမှတ်ကွာဟမှု ကျဉ်းမြောင်းနေခြင်းကြောင့် လက်ကျန်ပွဲများမှာ ပိုမိုစိတ်ဝင် စားဖွယ်ကောင်းနေသည်။

**ညီမြတ်သော်တာ**

# မြောက်ဦးမြို့နယ် ဘောင်းဒုတ်ကျေးရွာရှိ နယ်မြေခံတပ်ဌာနချုပ်အား AA အဖွဲ့က ကျေးရွာအတွင်းမှ နေရာယူ၍ လက်နက်ကြီး/လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်

**နေပြည်တော် ဧပြီ ၂၅**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ဘောင်းဒုတ်ကျေးရွာရှိ နယ်မြေခံတပ် ဌာနချုပ်အား ဧပြီ ၂၄ ရက် ညပိုင်းတွင် AA အဖွဲ့က ကျေးရွာအတွင်းနှင့် ရန်ကုန်-စစ်တွေ ကားလမ်းမပေါ်မှ နေရာယူ၍ လက်နက်ကြီး/လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့ကြောင်း သိရှိရသည်။

**လာရောက် ပစ်ခတ်**

ဘောင်းဒုတ်ကျေးရွာရှိ နယ်မြေခံ တပ်ဌာနချုပ်၊ လုံခြုံရေးဂိတ်ကင်းနေရာများကို ဧပြီ ၂၄ ရက် ည ၇ နာရီခွဲခန့်တွင် AA အဖွဲ့က ကျေးရွာအတွင်းမှ နေရာယူ၍ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်ခဲ့သဖြင့် ပြန်လည်ပစ်ခတ်ခဲ့ရာ AA အဖွဲ့၏ ပစ်ခတ်မှု ည ၇ နာရီ မိနစ် ၄၀ ခန့်တွင်ရပ်တန့်သွားခဲ့ပြီး ရန်ကုန်-စစ်တွေကားလမ်းမပေါ်မှ ည ၈ နာရီ ၁၅ မိနစ်ခန့်တွင် လက်နက်ကြီးဖြင့်လည်းကောင်း၊ ည ၉ နာရီခန့်တွင် လက်နက်ငယ်များဖြင့်လည်းကောင်း ထပ်မံနှောင့်ယှက်ပစ်ခတ်ခဲ့ကြောင်း၊ ဖြစ်စဉ်ဖြစ်ပွားရာနေရာနှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်အား တပ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ ယနေ့နံနက် ၆ နာရီခွဲခန့်တွင် တပ်ဌာနချုပ်အိမ်ထောင်သည် လိုင်းခန်းများနေရာတွင် AA အဖွဲ့မှ အလောင်းတစ်လောင်း တွေ့ရှိခဲ့ပြီး တပ်မတော်စစ်ကြောင်းများက နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


**ပစ်ခတ်တိုက်ခိုက်မှု သုံးကြိမ်ရှိ**

အဆိုပါ ဘောင်းဒုတ်ကျေးရွာ အတွင်းမှနေ၍ တပ်ဌာနချုပ်များသို့ AA အဖွဲ့က ယခုအကြိမ်အပါအဝင် ပစ်ခတ်တိုက်ခိုက်မှု သုံးကြိမ်ရှိပြီး ယင်းကိစ္စနှင့်ပတ်သက်၍လည်း ဧပြီ ၁၈ ရက်တွင် တာဝန်ရှိသူများက အဆိုပါ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျေးရွာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ၍ AA အဖွဲ့များ ရွာအတွင်းသို့ ဝင်ရောက်မှုမရှိစေရေး၊ ရောက်ရှိလာပါက သက်ဆိုင်ရာသို့ သတင်းပို့၍ ရပ်ရွာလုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးတို့အား စည်းရုံးဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း။

**မကြာခဏ ချောင်းမြောင်း ပစ်ခတ်**

AA အဖွဲ့များအနေဖြင့် တပ်မတော် အပေါ် ပြည်သူလူထု အထင်မြင်လွဲမှားစေရန် မြို့ ရပ်ကွက်၊ ကျေးရွာများနှင့် ကျေးရွာလူထုအား ကြားခံအဖြစ်အသုံးချ၍ တပ်ဌာနချုပ်များနှင့် တပ်မတော်လုံခြုံရေးစစ်ကြောင်းများကို မကြာခဏ ချောင်းမြောင်းပစ်ခတ်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**




# ရန်ကုန်မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့က လူသတ်မှုကျူးလွန်သူများအား ၂၄ နာရီအတွင်း ဖမ်းဆီးရမိ

**ရန်ကုန် ဧပြီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းတက္ကသိုလ်လမ်းမဘေး အမှိုက်ပုံ၌ ပီနံအိတ်ဖြင့် ထုပ်လျက်ခန္ဓာကိုယ်၌ ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးနေသော အမျိုးသမီး အလောင်းတစ်လောင်းအား တွေ့ရှိမှုနှင့် ပတ်သက်၍ စုံစမ်းခဲ့ရာ ဧပြီ ၁၃ ရက်က လှိုင်သာယာမြို့မရဲစခန်းတွင် လူပျောက်တိုင်တန်းထားသော ဒေါ် --- ဖြစ်ကြောင်း သိရှိရသဖြင့် ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ်ပေးရန် တိုင်တန်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များက သေဆုံးသူ ဒေါ် --- ၏ နောက်ဆုံးဖုန်းခေါ်ခဲ့သော လှိုင်သာယာမြို့နယ်နေထိုင်သူ ကျော်ဇေယျာလင်း (ခ) လင်းလင်း (၃၀နှစ်) အား မသင်္ကာ၍ စစ်ဆေးခဲ့ရာ ၎င်းသည် တင်ထွန်းဝင်း (ခ)ဝက်သား (ခ) ဦးတင် (လိုင်စာတူ)နှင့်အတူ ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

ယင်းနောက် တင်ထွန်းဝင်း(ခ) ဝက်သား (ခ) ဦးတင်အား အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ လှိုင်သာယာမြို့နယ် (၁)ရပ်ကွက် ကနောင်လမ်းရှိ ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား တက်သစ်နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြန်မာ့ရုပ်မြင်သံကြား

၂၆-၄-၂၀၁၉ (သောကြာနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ "ပြည်ထောင်စုရှေ့နေချုပ်ရုံး" "ကယားပြည်နယ်" (လွှိုင်ကော်)
၁၀း၃၀ - အလုပ်သမားရေးရာအစီအစဉ်
၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ "သူ"(အပိုင်း-၂) (ပြေဇင်၊ ဖူးစုံ၊ မင်းသူ၊ ရဲမွန်၊ သဇင်)(ဒါရိုက်တာ- ဘိုသန့်)

**ညပိုင်း**

၁၆း၃၅ - "ဆေးဝါးထုတ်လုပ်ပုံ"
၁၇း၁၅ - ကျန်းမာရေးမဂ္ဂဇင်း "အတက်ရောဂါအကြောင်း သိကောင်းစရာ"
၁၈း၂၀ - BBC Click
၁၈း၃၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "မဟူရာရုပ်ရှင်ရုံ + ပြုံးရွှင်ရေ ပျော်ရဲ့လား"
၁၉း၂၀ - မြန်မာဇာတ်လမ်းတွဲ "သူ" (အပိုင်း - ၃) (ပြေဇင်၊ ဖူးစုံ၊ မင်းသူ၊ ရဲမွန်၊ သဇင်) (ဒါရိုက်တာ- ဘိုသန့်)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ "စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန" "ကရင်ပြည်နယ်"(ဘားအံ)
- နိုင်ငံခြားဇာတ်လမ်းတွဲ "ကိုယ့်ဘဝရဲ့လင်းရောင်ခြည်" (အပိုင်း - ၁၉)
- ပြည်သူ့နီတိ " ငပြူး"

# မောင်တောမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်းနီးပါးနှင့် လားရှိုး၌ ဘိန်းစိမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၅**

မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်စု စေတီပြင်ကျေးရွာတွင် ဧပြီ ၂၄ ရက် မွန်းလွဲ ၁နာရီက စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်းနီးပါး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မူးယစ်တပ်ဖွဲ့စု(၄၆)မောင်တောမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်စု စေတီပြင်ကျေးရွာနေ ဟူဆောင်းရှော်ရိုပ်၏ နေအိမ်ကိုရှာဖွေရာ နေအိမ်အတွင်းမှ အူစမန်၊ အဒူရောရှိတ်၊ မာမတ်အာမိန်နှင့် အဘူမော်ဇူတို့ကို တွေ့မြင်ရပြီး ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ မာမတ်အာမိန်နှင့် အဘူမော်ဇူတို့နှစ်ဦးအား ပြန်လည်ဖမ်းဆီးရမိ၍ ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၄၆၀ ကိုလည်းကောင်း၊ အလားတူ ည ၇ နာရီက လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မောင်တောမြို့နယ် ဦးရှည်ကျကျေးရွာ အမှတ်(၅)ရပ်ကွက်နေ အာမတ်ခေါ်ရိမ်၏နေအိမ်ကိုရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ နေအိမ်၏ မြေကြီးအတွင်း၌မြှုပ်နှံထားသည့် ဆာလာအိတ်ထဲမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၂၅၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့မွန်းလွဲ ၁နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် နားဖကျေးရွာအနီး လားရှိုး-မိုင်းယော်သွားကားလမ်း၌ အိုက်ခမ်းမောင်းနှင်ပြီး အိုက်ရီ လိုက်ပါ လာသည့် ဆိုင်ကယ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ထွက်ပြေးသွား၍ လိုက်လံဖမ်းဆီးရာ အိုက်ရီအား ဖမ်းဆီးရမိပြီး ဆိုင်ကယ်ပေါ်မှ ဘိန်းစိမ်း ၇ ဒသမ ၈ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**





အဘူမော်ဇူ၊ မာမတ်အာမိန်တို့ နှစ်ဦးနှင့် အာမတ်ခေါ်ရိမ်၏ နေအိမ်အတွင်းမှ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။

# ဒဂုံမြို့သစ် (ဆိပ်ကမ်း)၊ ဒေးဒရဲနှင့် မြင်းခြံမြို့နယ်တို့၌ မီးလောင်မှုဖြစ်

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ် (၉၃) ရပ်ကွက် ကမ်းနားလမ်းတွင် ယနေ့ မွန်းလွဲ ၂ နာရီခွဲခန့်က မီးလောင်မှုဖြစ်ကာ နေအိမ် ခြောက်လုံးဆုံးရှုံးကြောင်း သိရသည်။

အဆိုပါမီးမှာ အမှတ်(၉၃)ရပ်ကွက် ကမ်းနားလမ်းနေသူ ဦးတင်ဝင်း (၆၄နှစ်)၏နေအိမ်(ကျူး) မီးကြွင်းမီးကျန်မှ စတင်လောင်ခြင်းဖြစ်သည်။ မီးလောင်မှုဖြစ်ရာသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးဝင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုကြီးနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်မီးသတ်ဦးစီးမှူးတို့ ဦးဆောင်၍ မီးငြှိမ်းသတ်ယာဉ် ၁၀ စီးဖြင့် ငြှိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂နာရီ ၅၅ မိနစ်ခန့်တွင် မီးငြိမ်းသွားသည်။

မီးလောင်မှုကြောင့် ဦးကျော်ငွေ(၆၅နှစ်)နှင့် ဒေါ်ဌေးကြည် (၅၅နှစ်) တို့တွင် ဒဏ်ရာများရရှိသဖြင့် သဃ်န်းကျွန်း စံပြဆေးရုံ သို့ ပို့ဆောင်ဆေးကုသပေးခဲ့သည်။ အလားတူ မီးလောင်ရာတွင် ဝိုင်းဝန်းငြှိမ်းသတ်ပေးသူ အမှတ်(၉၃) ရပ်ကွက်နေ ဦးဖြိုးမောင်တွင် သွပ်ပြားရှသည့် ဒဏ်ရာရရှိသဖြင့် ဒဂုံဆိပ်ကမ်းပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူခဲ့ရသည်။

ယင်းဖြစ်စဉ်ကြောင့် ကျူးကျော် တဲအိမ်ခြောက်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးဘေးသင့်အိမ်ထောင်စု ခြောက်စုမှ မိသားစုဝင် ၂၅ ဦးကို မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ကာ ကူညီပေးထားကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးတင်ဝင်း (၆၄နှစ်)အား ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျင်မောင်(ဆိပ်ကမ်း)**



ဒေးဒရဲမြို့နယ်၌ မီးလောင်မှုကြောင့် ပျက်စီးသွားသည့် စပါးကျီကို တွေ့ရစဉ်။

**ဒေးဒရဲ**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် မရမ်းဝကျေးရွာတွင် ဧပြီ ၂၅ ရက် နံနက် ၃ နာရီ မိနစ် ၄၀ က လူနေအိမ်နှင့် စပါးကျီ တစ်လုံး မီးလောင်ဆုံးရှုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ မရမ်းဝကျေးရွာတွင်နေထိုင်သူ ဒေါ်ဇာဇာနွယ်၏ စပါးကျီအတွင်းမှ စပါးများ အောင်းပူကြောင့် မီးစတင်လောင်ရာမှ နေအိမ်သို့ပါ မီးကူးစက်ခြင်းဖြစ်သည်။ မီးလောင်မှုဖြစ်ရာသို့ ကျေးရွာအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းငြှိမ်းသတ်မှုကြောင့် နံနက် ၅ နာရီ ၁၀ မိနစ်တွင် မီးလုံးဝငြိမ်းသွားသည်။

မီးလောင်မှုဖြစ်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်၊ မီးသတ်ဦးစီးမှူး ဦးတင်ဌေးနှင့် ဌာနဆိုင်ရာများက သွားရောက်၍ လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

**မြင့်မြင့်ခိုင်(ပြန်/ဆက်)**

**မြင်းခြံ**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ မြို့မဈေးကြီးအတွင်း ယနေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်က ဝရိန်ဆော်ရာမှ မီးပွားလွင့်စဉ်၍ မီးလောင်မှုဖြစ်ကြောင်းသိရသည်။

ဖြစ်စဉ်မှာ မြင်းခြံမြို့ မြို့မဈေးကြီးမြောက်ဘက် ဝင်ပေါက် အနီးရှိ ဆိုင်ရှင် ဦးကိုဒါး ပိုင်ဆိုင်သော ကုန်မာဆိုင်အမိုးတန်းကို ဦးအောင်ဇော်မြင့်က ဝရိန်ဆော်စဉ် မီးပွားလွင့်စဉ်၍ ဆိုင်ထဲမှ ဂက်(စ်)ဘူးပေါ်သို့ ကျရောက်ကာ မီးစတင်လောင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါမီးလောင်မှုဖြစ်ရာသို့ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက မီးသတ်ယာဉ် ငါးစီးဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီ ၁၈ မိနစ်ခန့်တွင် လုံးဝငြိမ်းသွားသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးအောင်ဇော်မြင့်အား မြင်းခြံမြို့မရဲစခန်းက အမှုဖွင့် ထားကြောင်း သိရသည်။

**ဇော်မင်းနိုင် ( မြင်းခြံ )**

# ခေါင်းဆောင်ကင်နှင့် သမ္မတပူတင်တို့ တွေ့ဆုံဆွေးနွေး

**မော်စကို ဧပြီ ၂၅**

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့သည် ပထမဆုံးအကြိမ် မျက်နှာစုံညီတွေ့ဆုံမှုအဖြစ် ဧပြီ ၂၅ ရက်တွင် တွေ့ဆုံဆွေးနွေးလျက်ရှိကြောင်း သိရသည်။ ဆွေးနွေးမှုအတွင်း နှစ်နိုင်ငံခေါင်းဆောင်တို့သည် အမေရိကန်၏ လွှမ်းမိုးမှုကို ရင်ဆိုင်ရန်အတွက် ပိုမိုနီးကပ်စွာ ရင်းနှီးဆက်ဆံသွားကြရန် အလေးပေးလျက်ရှိသည်။

ခေါင်းဆောင်နှစ်ဦးတို့သည် တွေ့ဆုံဆွေးနွေးမှုမစတင်မီ အပြုံးများဖြင့် အပြန်အလှန်လက်ဆွဲ နှုတ်ဆက်ခဲ့ကြသည်။ ဆွေးနွေးချိန်မှာ နှစ်နာရီနီးပါးရှိပြီး ထင်ထားသည်ထက် ကြာမြင့်ခဲ့သည်။ ၎င်းတို့ ဆွေးနွေးပွဲမတိုင်မီ အကျဉ်းဖော်ပြချက်၌ ခေါင်းဆောင်နှစ်ဦးလုံးက ၎င်းတို့သည် မြောက်ကိုရီးယားနိုင်ငံကို တည်ထောင်ခဲ့သူဖြစ်သည့် ကင်ဂျုံအန်း၏ အဘိုးဖြစ်သူ ကင်အီဆွန်းကို ဆိုဗီယက်ယူနီယံ အကူအညီပေးအပ်ခဲ့သည့် နေ့ရက်များဆီ ပြန်လည်အမှတ်ရစေမည့် ပိုမိုခိုင်မာသော ဆက်ဆံရေးထူထောင်သွားရန် မျှော်မှန်းလျက်ရှိကြောင်း ဖော်ပြထားသည်။

ခေါင်းဆောင်ကင်က ၎င်းအနေဖြင့် မော်စကိုနှင့် ပိုမိုတည်ငြိမ်ပြီး အေးချမ်းသည့် ခေတ်သစ်ဆက်ဆံရေးအခြေအနေသို့ ပြန်လည်ရောက်ရှိစေရန် မျှော်လင့်ကြောင်း ပြောကြားခဲ့ပြီး သမ္မတပူတင်က ခေါင်းဆောင်ကင်၏ အလည်အပတ်ရောက်ရှိမှုသည် သံတမန်ရေးအရနှင့် စီးပွားရေးအရ ကူးလူးဆက်ဆံမှုကို မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆွေးနွေးပွဲသည် အသေးစိတ်ဆွေးနွေးမှုများပါဝင်ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သော်လည်း ဆွေးနွေးခဲ့သည့် အကြောင်းအရာများနှင့် ပတ်သက်၍ ခေါင်းဆောင်နှစ်ဦးလုံးက အလုံးစုံဖြေကြားခဲ့ခြင်းမရှိကြောင်း သိရသည်။

ခေါင်းဆောင်နှစ်ဦးဆွေးနွေးခဲ့သည့်အကြောင်းအရာများတွင် ရုရှားနိုင်ငံ၌ အလုပ်လုပ်ကိုင်နေကြသည့် မြောက်ကိုရီးယားလုပ်သား တစ်သောင်းခန့်တို့၏ အနာဂတ်အခြေအနေနှင့်ပတ်သက်သည့်ကိစ္စ ပါဝင်နိုင်ဖွယ်ရှိသည်ဟု ခန့်မှန်းရကြောင်း အေအက်ဖ်ပီသတင်း၌ ဖော်ပြထားသည်။

**အေအက်ဖ်ပီ**



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်(ယာ)တို့ကို အတူတကွ တွေ့ရစဉ်။



ဟတ်ဖ်တာဦးဆောင်သော တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

# အစိုးရတပ်ဖွဲ့နှင့် ဟတ်ဖ်တာတို့ကြား အပစ်ရပ်စဲရန် တောင်းဆိုမှု လစ်ဗျားအစိုးရပယ်ချ

**ထရီပိုလီ ဧပြီ ၂၅**

လစ်ဗျားနိုင်ငံမြို့တော် ထရီပိုလီကို ထိန်းချုပ်ရန် နှစ်ဖက်တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည့်အတွက် အစိုးရနှင့် နိုင်ငံအရှေ့ပိုင်း အခြေစိုက်လက်နက်ကိုင်တပ်ဖွဲ့တို့ကြား အပစ်ရပ်စဲရန် တောင်းဆိုမှုကို လစ်ဗျားနိုင်ငံ အစိုးရဝန်ကြီးချုပ် ဖာရက်ဇ်ဆာရက်ဂျ်က ငြင်းဆိုခဲ့ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူတစ်ဦးက ယမန်နေ့က ပြောသည်။

လစ်ဗျားနိုင်ငံ အရှေ့ပိုင်း အခြေစိုက်လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည့် ဟတ်ဖ်တာကို တိုက်ခိုက်ချေမှုန်းသွားမည် ဖြစ်ကြောင်း သမ္မတအိမ်တော်ကောင်စီ အကြီးအကဲ ဆာရတ်က ပြောသည်။ ထို့အပြင် ရန်လိုနေသည့် လက်နက်ကိုင်တပ်ဖွဲ့များကို နှိမ်နင်းပြီးသည်အထိ ဆွေးနွေးညှိနှိုင်းမှုပြုလုပ်မည်မဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သမ္မတအိမ်တော်ကောင်စီ အကြီးအကဲအနေဖြင့် တောင်းဆိုမှု သို့မဟုတ် အပစ်ရပ်စဲရေးအား အပြင်းအထန်ငြင်းပယ်ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ မိုဟန်နက် ယွန်နစ်က ပြောသည်။ သမ္မတအိမ်တော်ကောင်စီက ကျူးကျော်ရန်လိုမှုကို ပြတ်ပြတ်သားသားဆန့်ကျင်ကြောင်းနှင့် ကျူးကျော်သူများကိုလည်း လက်တုံ့ပြန်သွားမည်ဖြစ်ကြောင်း ယွန်နစ်က ဆက်လက်ပြောကြားခဲ့သည်။

ဟတ်ဖ်တာအဖွဲ့သည် လစ်ဗျားနိုင်ငံအနောက်ပိုင်းကို ရယူရန် ဧပြီလအစောပိုင်းမှ စကာ စစ်ရေးလှုပ်ရှားမှုများ စတင်ခဲ့သည်။ ထရီပိုလီမြို့တွင် ကုလသမဂ္ဂကျောထောက်နောက်ခံပြုထားသော အစိုးရအခြေစိုက်စခန်းတည်ရှိသည်။

နှစ်ဖက်ဖြစ်ပွားသော တိုက်ပွဲများကြောင့် ၂၇၂ ဦးသေဆုံးပြီး ၁၂၈၂ ဦး ဒဏ်ရာရရှိခဲ့သည်။ နေရပ်စွန့်ခွာသူပေါင်း ၃၀၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

လစ်ဗျားနိုင်ငံခေါင်းဆောင်ဟောင်း မွမ်မာကဒါဖီအစိုးရ ၂၀၁၁ ခုနှစ်တွင် ပြုတ်ကျပြီးနောက် လစ်ဗျားနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးသည် မလုံခြုံမှု၊ မတည်ငြိမ်မှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**ဆင်ဟွာ**

# ယူကရိန်းဘာသာစကား အသုံးပြုခြင်းကို အားကောင်းလာစေမည့် ဥပဒေတစ်ရပ်ကို အတည်ပြု

**ကီယက်ဗ် ဧပြီ ၂၅**

ယူကရိန်းပါလီမန်လွှတ်တော်သည် ယူကရိန်းဘာသာစကား တရားဝင်သုံးစွဲမှုကို အားကောင်းစေသည့် ဥပဒေတစ်ရပ်ကို ဧပြီ ၂၅ ရက်တွင် အတည်ပြုခဲ့ရာ ထိုသို့လုပ်ဆောင်မှုသည် နိုင်ငံအတွင်း ရုရှားဘာသာစကားဖြင့် ပြောဆိုသည့် ဒေသများနှင့် ရုရှားကို ကသိကအောက်ဖြစ်စေဖွယ်ရှိကြောင်း သိရသည်။

ရုရှားဘာသာစကားကို ပြောဆိုသည့် Volodymyr Zelensky ကို သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ကြေညာလိုက်ပြီးနောက်တွင် ဥပဒေပြုအမတ်များသည် ယူကရိန်းဘာသာစကားဖြင့် တင်ဆက်သည့် ရုပ်မြင်သံကြားအစီအစဉ်များနှင့် ရေဒီယိုအစီအစဉ်များအတွက် ခွင့်ပြုသည့် ကန့်သတ်ပမာဏကိုလည်း တိုးမြှင့်ထားပြီး ယင်းဥပဒေကို အတည်ပြုလိုက်သည်။

အရာရှိများအားလုံးသာမက ဆရာဝန်များ၊ ကျောင်းဆရာများ၊ ဥပဒေပြုအမတ်များနှင့် အခြားသူများသည် ယူကရိန်းဘာသာစကားကို ပြောဆိုရမည်ဖြစ်ပြီး သို့မဟုတ်ပါက ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။ ပုဂ္ဂလိကဆက်သွယ်မှုများနှင့် ဘာသာရေးဆိုင်ရာ ဓလေ့ထုံးစံများတွင်မူ ယင်းဥပဒေသက်ရောက်မှုရှိမည်မဟုတ်ကြောင်း သတင်းမီဒီယာများက ဖော်ပြခဲ့သည်။

သမ္မတအဖြစ် ရွေးချယ်ခံခဲ့ရသည့် မစ္စတာ ဇီလန်စကီးသည် ရုရှားဘာသာစကားဖြင့် တင်ဆက်သည့် ပြဇာတ်တစ်ခုတွင် သမ္မတနေရာမှ ပါဝင်ခဲ့သူဖြစ်ပြီး ယခုလက်ရှိအချိန်ထိ နိုင်ငံရေးဆိုင်ရာ အတွေ့အကြုံမရှိသူဖြစ်သည့်အပြင် ရုရှားဘာသာစကားဖြင့် ပြောဆိုလေ့ရှိကြောင်းသိရသည်။

ယူကရိန်းအရှေ့ပိုင်းရှိ ခွဲထွက်ရေးနယ်နိမိတ်များအတွင်း နေထိုင်ကြသည့် ပြည်သူများအတွက် ရုရှားနိုင်ငံကူးလက်မှတ် ရရှိရေး လွယ်ကူစေရန် စည်းမျဉ်းများကို ဖြေလျှော့ပေးလိုက်ပြီး နောက်တစ်ရက်တွင် အဆိုပါ ဥပဒေကို အတည်ပြုခဲ့ခြင်းဖြစ်သည်။

၂၀၁၄ ခုနှစ် ပုန်ကန်ထကြွမှုအတွင်း ကရင်မလင် ကျောထောက်နောက်ခံပေးထားသည့် ယူကရိန်းခေါင်းဆောင်ကို ဖြုတ်ချလိုက်ချိန်မှစတင်ကာ ရုရှားနှင့် ယူကရိန်းနိုင်ငံအကြား သဘောထားကွဲလွဲမှုများ ပေါ်ပေါက်ခဲ့သည်။ ထို့နောက် ရုရှားသည် ခရိုင်းမီးယားကျွန်းဆွယ်ကို ကျူးကျော်သိမ်းပိုက်ခဲ့ပြီး ယူကရိန်းအရှေ့ပိုင်းရှိ လူ ၁၃၀၀၀ ကို သေဆုံးစေခဲ့သည့် ခွဲထွက်ရေးပဋိပက္ခအတွင်း သူပုန်များကို ကူညီအားပေးခဲ့သည်။

**အေအက်ဖ်ပီ**

# ဂျပန်နျူကလီးယားအာဏာပိုင်များက ဓာတ်အားပေးကုမ္ပဏီများ၏ တောင်းဆိုချက်များကို ပယ်ချ

**တိုကျို ဧပြီ ၂၅**

နျူကလီးယား စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများတွင် အကြမ်းဖက်မှုကာကွယ်ရေးဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ရန် သတ်မှတ်ထားသည့်အချိန်ကို ထပ်တိုးပေးရန် ဓာတ်အားပေးကုမ္ပဏီများ၏ တောင်းဆိုချက်ကို ဂျပန်နျူကလီးယား အာဏာပိုင်များက ပယ်ချလိုက်ကြောင်း သိရသည်။

နျူကလီးယားကြီးကြပ်ရေး အာဏာပိုင်အဖွဲ့ NRA ကထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်ထဲတွင် အဆောက်အအုံများ၏ အရန်ထိန်းချုပ်ခန်းများကို သတ်မှတ်ရက်၌ အချိန်မီပြုလုပ်ခဲ့ခြင်းမရှိပါက စက်ရုံများလည်ပတ်နေမှုကို ရပ်ဆိုင်းမည်ဖြစ်ကြောင်း သတိပေးထားသည်။

၂၀၀၁ ခုနှစ် ဖူကူရှီးမား အမှတ်(၁) နျူကလီးယားစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ မတော်တဆဖြစ်ပြီးနောက်တွင် ချမှတ်လိုက်သည့် စည်းမျဉ်းစည်းကမ်းများအရ စက်ရုံကို စီမံခန့်ခွဲနေသည့် ကုမ္ပဏီများအနေဖြင့် စက်ရုံအတွင်း လေယာဉ်ပျံသန်း ဝင်ရောက်လာခြင်းကဲ့သို့ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်လာနိုင်သည့် အခြေအနေတွင် ဓာတ်ပေါင်းဖိုများကို ထိန်းချုပ်နိုင်ရန် ယင်းအဆောက်အအုံများကို ဆောက်လုပ်ရန်လိုအပ်ကြောင်း ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အီစတာပွဲတော်တိုက်ခိုက်မှုဖြစ်ပြီးနောက် ကာကွယ်ရေးဝန်ကြီးနှင့် ရဲတပ်ဖွဲ့အကြီးအကဲတို့ကို နုတ်ထွက်ရေး သမ္မတတောင်းဆို

**ကိုလံဘို ဧပြီ ၂၅**

သီရိလင်္ကာနိုင်ငံတွင် လူပေါင်း ၃၅၉ ဦးအထိ သေဆုံးခဲ့သည့် အီစတာပွဲတော်အတွင်း ဖြစ်ပွားသော အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် ကာကွယ်ရေးဝန်ကြီးနှင့် ရဲတပ်ဖွဲ့အကြီးအကဲတို့ကို နုတ်ထွက်ပေးရန် သမ္မတ မိုင်သရီပါလာ ဆရီဆီနာက တောင်းဆိုလိုက်သည်။

နိုင်ငံတော်သမ္မတရုံးက ကာကွယ်ရေးဝန်ကြီး ဟယ်မာဆီရီ ဖာနန်ဒိုနှင့် ရဲချုပ် ပူဂျက်ဂျေယာဆန်ဒရာတို့ကို နုတ်ထွက်ပေးရန် ကြေညာချက်ထုတ်ပြန်ခဲ့သည်။ တိုက်ခိုက်ခံရမည့် အခြေအနေနှင့်ပတ်သက်ပြီး ရရှိထားသည့် ထောက်လှမ်းရေးသတင်းများကို အစီရင်ခံရန် ပျက်ကွက်ခဲ့သည့်အတွက်သက်ဆိုင်ရာ တာဝန်ရှိသူများက ရက်ပိုင်းအတွင်း အရေးယူသွားမည်ဖြစ်ကြောင်း သမ္မတက ရုပ်မြင်သံကြားမိန့်ခွန်းတွင် ပြောကြားလိုက်ပြီးနောက် ယခုကဲ့သို့ ကာကွယ်ရေးဝန်ကြီးနှင့် ရဲချုပ်ကို နုတ်ထွက်ရန် တောင်းဆိုလိုက်ခြင်းဖြစ်သည်။

၎င်းတို့နေရာတွင် မည်သူ့ကို အစားထိုးခန့်အပ်သွားမည်ဆိုသည်ကို လတ်တလောတွင် ရှင်းရှင်းလင်းလင်းမသိရသေးချေ။ တိုက်ခိုက်ခံရနိုင်ခြေရှိသည့် အန္တရာယ်နှင့်ပတ်သက်ပြီး အိန္ဒိယထောက်လှမ်းရေးအဖွဲ့များက သီရိလင်္ကာနိုင်ငံကို အကြိမ်ကြိမ်သတိပေးခဲ့ကြောင်းနှင့် တိုက်ခိုက်မှု ကျူးလွန်ဖွယ်မသင်္ကာစရာ အစ္စလာမ္မစ်စစ်သွေးကြွအဖွဲ့နှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကိုလည်း စုဆောင်းထားကြောင်း ဖော်ပြခဲ့သည်။

သမ္မတနှင့် ဝန်ကြီးချုပ်အကြား နိုင်ငံရေးအားပြိုင်မှုကြောင့် တိုက်ခိုက်ခံရမည့် သတိပေးချက်များကို ကိုင်တွယ်ဖြေရှင်းရန် ပျက်ကွက်ခဲ့သလောဆိုသည့် မေးခွန်းများလည်း ထွက်ပေါ်နေကြောင်း သိရသည်။ ဝန်ကြီးချုပ်က ဆက်သွယ်ဆောင်ရွက်မှုများ ပျက်ကွက်ခဲ့သည်ဟု ဝန်ခံပြောဆိုခဲ့သော်လည်း သမ္မတနှင့် သဘောထားကွဲလွဲမှုအပေါ် ညှိနှိုင်း ဖြေရှင်းနေကြောင်း ပြောသည်။ လတ်တလောတွင် ဖောက်ခွဲရေးပစ္စည်းများနှင့် ထွက်ပြေးလွတ်မြောက်နေသူများရှိနေဆဲဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောသည်။

အမေရိကန်သံအမတ်ကြီး အလီနာ တက်လစ်ဇ်က အီစတာပွဲတော်တိုက်ခိုက်မှုမတိုင်မီ သီရိလင်္ကာနိုင်ငံ၏ ထောက်လှမ်းရေးစနစ်များတွင် အားနည်းချက်များရှိကြောင်း ကိုလံဘိုမြို့တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



သီရိလင်္ကာသမ္မတ မိုင်သရီပါလာဆရီဆီနာ။

## နိုင်ငံတကာ သတင်းတိုထွာ

### သီရိလင်္ကာတိုက်ခိုက်မှုကို အိုင်အက်စ်အဖွဲ့က လှုံ့ဆော်ခဲ့ခြင်းဖြစ်နိုင်ကြောင်း မိုက်ပွန်ပီအိုပြော

**ကိုလံဘို မေ ၂၅**

ပြီးခဲ့သည့် ရက်သတ္တပတ်အကုန်တွင် ဖြစ်ပွားခဲ့သည့် သီရိလင်္ကာအကြမ်းဖက်တိုက်ခိုက်မှုကို အိုင်အက်စ်စစ်သွေးကြွအဖွဲ့က လှုံ့ဆော်ခဲ့ခြင်းဖြစ်နိုင်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ပြောကြားလိုက်သည်။

မေ ၂၅ ရက်က စီဘီအက်စ်သတင်းနှင့်ပြုလုပ်ခဲ့သည့် အင်တာဗျူးတစ်ခုတွင် မိုက်ပွန်ပီအိုက ထိုသို့မှတ်ချက်ပေးခဲ့ခြင်းဖြစ်သည်။

ယခုလက်ရှိတွင် National Towheeth Jamaath ဟု လူသိများသည့် လူမျိုးရေးအစွန်းရောက် အစ္စလာမ္မစ်အဖွဲ့မှ အဖွဲ့ဝင်များအပါအဝင် လူ ၆၀ ကို ဖမ်းဆီးထိန်းသိမ်းထားသည်။ စီဘီအက်စ်သတင်းနှင့် အင်တာဗျူးပြုလုပ်ခဲ့စဉ်အတွင်း မိုက်ပွန်ပီအိုက မည်သို့မည်ပုံစဉ်းစားသည်ဖြစ်စေ ယင်းတိုက်ခိုက်မှုကို အိုင်အက်စ်အဖွဲ့လှုံ့ဆော်ခဲ့ခြင်းသာ ဖြစ်နိုင်ကြောင်း ပြောကြားခဲ့သည်။ တိုက်ခိုက်မှုကျူးလွန်သူများသည် အိုင်အက်စ်စစ်သွေးကြွများနှင့် တိုက်ရိုက်ဆက်စပ်မှုရှိမရှိနှင့်ပတ်သက်၍ မေးခွန်းများမေးမြန်းရာတွင် မိုက်ပွန်ပီအိုက ဆက်လက်ဖြေကြားခဲ့ခြင်းမရှိကြောင်း သိရသည်။ သေဆုံးသူများအတွင်း အမေရိကန် နိုင်ငံသားများပါဝင်ပြီး အမေရိကန်က ဒေသအာဏာပိုင်များကို အကူအညီပေးရန် စုံစမ်းစစ်ဆေးရေးအဖွဲ့များ စေလွှတ်ခဲ့သည်။ **အင်န်အိတ်ချ်ကေ**

### အင်ဒိုနီးရှားရွေးကောက်ပွဲအပြီး ရွေးကောက်ပွဲလုပ်သားများနှင့် ရဲတပ်ဖွဲ့ဝင် ၁၀၀ ကျော်သေဆုံး

**ဂျကာတာ မေ ၂၅**

အင်ဒိုနီးရှားနိုင်ငံ၌ ပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲအပြီးတွင် ရွေးကောက်ပွဲလုပ်သားများနှင့် ရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၁၀၀ ကျော်တို့ သေဆုံးသွားကြောင်း အင်ဒိုနီးရှားရွေးကောက်ပွဲကော်မရှင်က ပြောကြားခဲ့သည်။

ဧပြီ ၁၇ ရက်တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲနေ့တွင် သမ္မတ၊ လွှတ်တော်နှင့် အခြားရွေးကောက်ပွဲများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြိုင်နက်တည်း ကျင်းပခဲ့သည်။ မဲရုံလုပ်သားများသည် နောက်တစ်ရက် နံနက်စောစောအချိန်အထိ မဲရေတွက်မှုများကို ကြာမြင့်စွာ လုပ်ဆောင်ခဲ့ကြရသည်။ ပြီးခဲ့သည့် အင်္ဂါနေ့အထိ မဲရုံလုပ်သားများနှင့် လုံခြုံရေးတာဝန်ဆောင်ရွက်ကြသည့် အရာရှိ စုစုပေါင်း ၁၁၉ ဦး သေဆုံးခဲ့ကြောင်း ရွေးကောက်ပွဲအာဏာပိုင်များ ထုတ်ပြန်ကြေညာခဲ့သည်။

သေဆုံးရသည့် အကြောင်းမှာ အလုပ်ပင်ပန်းမှုကြောင့်ဖြစ်ပြီး ပင်ပန်း၍ နာမကျန်းဖြစ်သူ ၅၄၈ ဦးရှိကြောင်း သိရသည်။ အင်ဒိုနီးရှားနိုင်ငံတွင် မဲပေးပိုင်ခွင့်ရှိသူ အရေအတွက် သန်း ၁၉၀ ရှိပြီး စေတနာ့ဝန်ထမ်း ခုနစ်သန်းကျော် မဲရုံများတွင် အလုပ်လုပ်ခဲ့ကြသည်။

**အေအက်ဖ်ပီ**

# ပြည်သူများကို စိုးရိမ်ကြောင့်ကြမှု သက်ရောက်စေခဲ့သည့် သီရိလင်္ကာမှ ဗုံးပေါက်ကွဲမှုများ

**ခြူးစန္ဒီနွေး**

**သီရိလင်္ကာနိုင်ငံရဲ့ ၂၆ နှစ်ကြာ ပြည်တွင်းစစ်ဟာ ၂၀၀၉ ခုနှစ်မှာ အဆုံးသတ်နိုင်ခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ ရန်နေးလ်သီလာခါရက်နီရဲ့ ဇနီးဖြစ်သူ အနူရာဒါဟာ သူ့ရဲ့ပထမဆုံးသားဦးလေးကို မွေးဖွားခဲ့ပါတယ်။ သီရိလင်္ကာနိုင်ငံမှာ တမီးလ်ကျားခွဲထွက်ရေးသမားတွေဟာ ပြည်တွင်းစစ်ပွဲအတွင်း အသေခံဗုံးခွဲမှုတွေ ဦးစွာလုပ်ဆောင်ခဲ့တာဖြစ်လို့ အခုအခါမှာလည်း မြို့တော်ကိုလံဘိုဟာ တမီးလ်ကျားတွေရဲ့လက်အောက်မှာ ရှိနေတုန်းကလို ခံစားနေရပါတယ်။**




ကိုလံဘိုမြို့ရှိ စိန့်အန်သိုနီဘုရားရှိခိုးကျောင်းသွားရာ လမ်းတစ်လျှောက်တွင် ဝမ်းနည်းကြေကွဲဖွယ် အထိမ်းအမှတ်ဖဲကြိုးများ ချည်နှောင်ထားသည်ကို တွေ့ရစဉ်။

**လုံခြုံရေးတပ်ဖွဲ့တွေနဲ့ ပြည့်နေ**

ပြည်တွင်းစစ်ကာလတုန်းကဆိုရင် ဘတ်စကားဂိတ်တွေ၊ ဘဏ်တွေ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံတွေဟာ အသေခံဗုံးခွဲသမားတွေ မကြာခဏတိုက်ခိုက်တဲ့ ပစ်မှတ်တွေဖြစ်ခဲ့ပြီး မြို့တွေမှာလည်း စစ်ဆေးရေးဂိတ်တွေ၊ လုံခြုံရေးအတားအဆီးတွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ပြည့်နေတာကို တွေ့ရမှာပါ။ လူထူထပ်တဲ့နေရာတွေကို သွားမယ်ဆိုရင် အထူးဂရုပြုပြီးမှသွားရပါတယ်။ မစ္စတာ သီလာခါရက်နီတို့ ဇနီးမောင်နှံဟာ ရုပ်ရှင်ပညာရပ်ကို ဝါသနာကြီးသူတွေဖြစ်ပြီး ပြည်တွင်းစစ်ကာလမှာ သူတို့ရဲ့ဝါသနာကို စွန့်လွှတ်ခဲ့ရပါတယ်။

**စိတ်ဒဏ်ရာပေါင်းများစွာကျန်ခဲ့**

ပြည်တွင်းစစ်ပွဲ ဖြစ်ပွားတဲ့နေရာတွေမှာဆိုရင် အစားအသောက်၊ လျှပ်စစ်မီးနဲ့ အခြေခံကုန်ပစ္စည်းတွေဟာ ပြတ်လပ်နေတာကများပါတယ်။ ပြည်တွင်းစစ်ကြောင့် အရပ်သားများ၊ သီရိလင်္ကာတပ်ဖွဲ့ဝင်တွေ၊ သူပုန်တွေအားလုံးပေါင်း ထောင်နဲ့ချီပြီး သေဆုံးခဲ့ရပါတယ်။ အသက်ရှင်ကျန်ရစ်ခဲ့ရသူတွေမှာလည်း စိတ်ဒဏ်ရာပေါင်းများစွာနဲ့ ကျန်ရစ်ခဲ့ရပါတယ်။ မစ္စတာ သီလာခါရက်နီရဲ့ သားဖြစ်သူ ဆန်သက်ရှ်နာသန်ကတော့ ပြည်တွင်းစစ်ပြီးတဲ့ကာလမှာမွေးလာတာ ဖြစ်လို့ တိုင်းပြည်ငြိမ်းချမ်းတဲ့ကာလနဲ့ သူ့ရဲ့အသက်ဟာ အတူတူပါပဲ။

**စစ်ပွဲကာလကို ပြန်သတိရစေ**

ဆယ်စုနှစ်ကာလအတွင်းမှာ မြို့တွေမှာ အရင်ကလောက် စစ်ဆေးရေးဂိတ်တွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေမရှိတော့သလို တိုင်းပြည်ရဲ့ခရီးသွားလုပ်ငန်းဟာလည်း ဖွံ့ဖြိုးခဲ့ပါတယ်။ ကမ္ဘာအရှေ့ခြမ်းနဲ့ အနောက်ခြမ်းက ခရီးသွားပေါင်း သန်းနဲ့ချီပြီး သီရိလင်္ကာနိုင်ငံကို လာရောက်လည်ပတ်ကြပါတယ်။ ဒီလိုမျိုး အားလုံးအဆင်ပြေနေချိန်မှာ အကျည်းတန်စေမယ့် ဖြစ်ရပ်တစ်ခုဟာ ရုတ်ချည်းပေါ်ပေါက်ခဲ့ပါတယ်။ အဲဒါကတော့ သီရိလင်္ကာနိုင်ငံမှာ ဘာသာရေးအဆောက်အအုံတွေ၊ ဟိုတယ်တွေမှာ ဗုံးပေါက်ကွဲပြီး လူပေါင်း ၃၅၀ ကျော်ကို သေဆုံးစေခဲ့တဲ့ ဖြစ်ရပ်ပါပဲ။ ဒဏ်ရာရရှိသူဦးရေကတော့ ၅၀၀ ထက်မနည်း ရှိခဲ့ပါတယ်။ ဒီဖြစ်ရပ်ဟာ ခဏလေးအတွင်းမှာ ဖြစ်သွားခဲ့ပေမယ့် ကိုလံဘိုမြို့မှာတော့ စစ်ပွဲကာလတုန်းက ဖြစ်ရပ်တွေကို ပြန်သတိရစေပါတယ်။ အခုဆိုရင် လုံခြုံရေး တပ်ဖွဲ့ဝင်တိုင်းဟာ လမ်းထောင့်တိုင်းမှာ ရှိနေပြီး ရှာဖွေရေးလုပ်ငန်းတွေ လုပ်ဆောင်ကြသလို တပ်ဖြန့်ချထားမှုတွေ ရှိနေပါတယ်လို့ ဒေသခံတစ်ဦးကပြောပါတယ်။ အစိုးရဘက်ကလည်း ဒေသတွင်းမှာရှိတဲ့ အကြမ်းဖက်အုပ်စုရဲ့ တိုက်ခိုက်ရေးသမားလို့ ဖော်ပြထားတဲ့ ဖောက်ခွဲရေးသမားတွေ ရှိနေနိုင်သေးတယ်လို့ သတိပေးမှုတွေ ထုတ်ပြန်ထားပါတယ်။ ဒီတော့အရပ်သားတွေဟာ သူတို့ရဲ့ လှုပ်ရှားမှုတိုင်းကို စိုးရိမ်ပူပန်စိတ်နဲ့ လုပ်ဆောင်နေရပါတယ်။

**ကန့်သတ်ချိန်အတွင်း အပြင်မထွက်ရ**

ကန့်သတ်ချိန်အတွင်း အပြင်မထွက်ရအမိန့်ကိုလည်း ထုတ်ပြန်ထားပါတယ်။ မစ္စတာသီလာခါရက်နီကတော့ ပထမဦးဆုံးဗုံးကွဲသံကို ကြားရတော့သူဟာ အိစတာပွဲမှာ ရောက်နေတာပါ။ လူတွေအများကြီးသေသွားတယ်ဆိုတာကို သူလက်မခံနိုင်ဖြစ်ခဲ့ရပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ သားဖြစ်သူက သူဖြေရခက်တဲ့မေးခွန်းတွေ မေးလာပါတယ်။ ကာဖြူးဆိုတာဘာလဲ ဖေဖေတဲ့။ မြို့တော်အတွင်းမှာ အခုဆိုရင် အပြင်ထွက်တဲ့အခါ စစ်ဆေးရေးဂိတ်တွေမှာ ကိုယ်ခန္ဓာကိုပါရှာဖွေကြပါတယ်။ ဒါဟာ အသက်ကြီးပိုင်းတွေအဖို့ စစ်အတွင်းက ဖြစ်ရပ်တွေကို ပြန်ပြီးအမှတ်ရစေပါတယ်။ ပြည်တွင်းစစ်ပွဲအပြီး ငြိမ်းချမ်းရေးရတဲ့ကာလတွေမှာ မွေးလာတဲ့ ဆန်သက်ရှ်နာသန်တို့လို ကလေးတွေကတော့ ဒါတွေကို နားမလည်နိုင်ပါဘူး။

**ပုံမှန်ဘဝပြန်ရောက်လို**

အသက် ၁၈ နှစ်အရွယ် မိုဟာမက် အင်တစ်ရှ်မာကတော့ သူတစ်ခါမှဒီလို ကိုယ်ခန္ဓာကိုပါ ရှာဖွေတာမျိုးကို မကြုံဖူးဘူးလို့ပြောပါတယ်။ ဒီနေ့အလုပ်သွားဖို့ အိမ်ကနေထွက်လာတော့ သေချာစေ့စေ့စပ်စပ်ကို ရှာဖွေကြတာလို့ ပြောပါတယ်။ ရာဇဝတ်သားတစ်ယောက်လို ရှာဖွေတာကိုတော့ မကြိုက်ဖူးလို့ သူကပြောပါတယ်။ အခုဆိုရင် မြို့ဟာ အရင်တုန်းက မကြုံဖူးတဲ့ပုံစံနဲ့ အဝိုင်းခံထားရတာပဲလို့ သူကဆက်ပြောပါတယ်။ ကန့်သတ်ချိန်အတွင်း အပြင်မထွက်ရအမိန့်ကို ကြားသာကြားဖူးတာ တစ်ခါမှမကြုံဖူးဘူး အခုဆိုရင်ဘယ်သွားသွား မလွတ်လပ်တော့ဘူး၊ အလုပ်ကပြီးရင် အိမ်တန်းပြန်ရတယ်၊ ပုံမှန်နေထိုင်မှုပုံစံကို မကြာခင်ပြန်ရောက်ဖို့ မျှော်လင့်ပါတယ်လို့ သူကဆက်ပြောပါတယ်။

**စစ်ပွဲအတွေ့အကြုံတွေ ကျန်နေဆဲ**

ပြည်တွင်းစစ်ကာလ နောက်ဆုံးနှစ်တွေမှာဆိုရင် ကိုလံဘိုမြို့မှာ တိုက်ခိုက်မှုတွေဟာ အရေအတွက်အားဖြင့် လျော့ကျလာပါတယ်။ သီရိလင်္ကာတပ်ဖွဲ့ဝင်တွေဟာ သူပုန်တွေ အခိုင်အမာတပ်စွဲထားတဲ့ဒေသတွေကို တိုက်ခိုက်ကြပါတယ်။ စစ်ပွဲပြီးသွားတဲ့အခါမှာတော့ တပ်ဖွဲ့ဝင်တွေ ရုပ်သိမ်းဖို့ အတော်လည်းအချိန်ယူခဲ့ရပါတယ်။ ပြည်တွင်းစစ်ပြီးဆုံးတာ ၁၀ နှစ်ကြာခဲ့ပြီးတာတောင် ဒေသခံတွေရဲ့စိတ်ထဲမှာ စစ်ပွဲအတွေ့အကြုံတွေ ကျန်ရှိနေတုန်းပါပဲ။ မစ္စတာ သီလာခါရက်နီတို့ ဇနီးမောင်နှံလိုပဲ ကိုလံဘိုမြို့မှာ နေထိုင်ကြတဲ့ အခြားသော မိဘတွေအတွက် လုံခြုံရေးဆိုင်ရာ အစီအမံတွေကို နေရာတိုင်းမှာ လုပ်နေကြပါတယ်။ အခုဆိုရင်သူတို့ဟာ အလုပ်နောက်ကျရင်တောင် မကြာခဏ ဖုန်းခေါ်တာတွေ၊ စာတိုပို့တာတွေ လုပ်ပြီး တစ်ယောက်နဲ့တစ်ယောက် အန္တရာယ်ကင်းတယ်ဆိုတာကို သက်သေပြကြပါတယ်။ ဗုံးပေါက်ကွဲမှုတွေ ဖြစ်ပွားပြီးတဲ့အချိန်ကစလို့ မစ္စသီလာခါရက်နီဟာ အလုပ်မသွားတော့ပါဘူး။ အဲဒီအစား အိမ်ကနေပဲအလုပ်လုပ်ပါတယ်။ စာရွက်စာတမ်းတွေယူဖို့ အလုပ်သွားရင်လည်း သူ့အမျိုးသားက လိုက်ပို့ပါတယ်။

**ကြေကွဲစရာဖြစ်ရပ်**

ဗုံးပေါက်ကွဲမှုတွေကြားမှာ ကြေကွဲစရာဖြစ်ရပ်တွေလည်း ရှိပါတယ်။ မစ္စချန်ဒရာနီဖာနန်ဒိုဟာ ဗုံးပေါက်ကွဲမှုကြောင့် သူ့အမျိုးသားကို ဆုံးရှုံးလိုက်ရပါတယ်။ သူတို့လင်မယားနှစ်ယောက်မှာ ကိုးနှစ်အရွယ်သမီးလေးတစ်ယောက် ရှိပါတယ်။ ဗုံးပေါက်ကွဲတဲ့နေ့တုန်းက မစ္စတာဖာနန်ဒိုဟာ ဇနီးနဲ့ သမီးဖြစ်သူရဲ့နောက်မှာရပ်နေပြီး ပေါက်ကွဲမှုအပြီးမှာတော့ သူဟာ သေဆုံးသွားခဲ့ပါတယ်။ ဇနီးဖြစ်သူနဲ့ သမီးသာ အသက်ရှင်ကျန်ရစ်ခဲ့ပါတယ်။ အသက်ရှင်ကျန်ရစ်ခဲ့ရလို့ မစ္စချန်ဒရာနီက မပျော်ရွှင်နိုင်ပါဘူး။ အတူတူသေသွားရင် ပိုကောင်းမှာပဲလို့ ပြောပါတယ်။ ဘုရားရှိခိုးကျောင်းနှစ်ခုအတွင်း ပေါက်ကွဲမှုကြောင့် မစ္စတာသီလာခါရက်နီသိတဲ့ လူကိုးဦးဟာလည်း သေဆုံးသွားခဲ့ပါတယ်။

**အတန်းချိန်တွေ ဖျက်ထား**

အားလပ်ရက်တွေ ပြီးဆုံးပြီးတဲ့နောက်မှာတော့ ကျောင်းတွေဟာ တနင်္လာနေ့မှာပဲ ပြန်ဖွင့်ခဲ့ပါတယ်။ ဒါပေမယ့်လည်း လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတွေရှိနေသေးလို့ အစိုးရကအတန်းချိန်တွေကို ဒီသီတင်းပတ် မကုန်ခင်အချိန်အထိ ဖျက်ထားပါတယ်။ ကျောင်းတွေပြန်ဖွင့်ပြီဖြစ်ပေမယ့် မစ္စတာ သီလာခါရက်နီကတော့ သူ့သားကို ခရစ်ယာန်ကျောင်းကို ပြန်မပို့သေးပါဘူး။ အစိုးရဘက်က ကျောင်းကိုရှင်းလင်းရေးတွေ လုပ်ပေးပြီးပြီလို့ကြေညာပြီးမှ သားကိုကျောင်းပြန်ပို့မယ်လို့ ကျောင်းအုပ်ကြီးဆီ အကြောင်းကြားထားပါတယ်။ မစ္စတာ သီလာခါရက်နီက သူအပါအဝင် အခြားသော ကျောင်းသားမိဘတွေဟာလည်း ကျောင်းအတွက် အကူအညီလိုအပ်လာရင် အလုပ်ကနေနားပြီး လာကူဖို့အသင့်ပဲလို့ ပြောပါတယ်။

**ဖမ်းမိဖို့ အစွမ်းကုန်ကြိုးစား**

ဗုံးဖောက်ခွဲမှုတွေရဲ့ လက်သည်ကို ပြည်တွင်းကအစ္စလာမ္မစ် အစွန်းရောက်အဖွဲ့ဖြစ်တဲ့ အမျိုးသား သိုးဝှက်ချ်ဂျာမာလားချ်အဖွဲ့လို့ အစိုးရက သံသယရှိနေပါတယ်။ နိုင်ငံအတွင်း ဗုံးပေါက်ကွဲမှုဖြစ်စဉ်တွေကို စုံစမ်းပေးသွားဖို့လည်း အပြည်ပြည်ဆိုင်ရာက ကမ်းလှမ်းမှုတွေ လုပ်လာပါတယ်။ အမေရိကန်နဲ့ ဩစတြေးလျနိုင်ငံတို့ကလည်း စုံစမ်းမှုတွေအတွက် ကူညီပေးသွားမယ်လို့ ကမ်းလှမ်းထားပါတယ်။ လက်ရှိမှာတော့ သံသယရှိသူ ၂၀ ကျော်ကို ဖမ်းဆီးပြီးစစ်ဆေးနေပါတယ်။မကြာခင်မှာ ပေါက်ကွဲမှုအတွင်း ပါဝင်ပတ်သက်ခဲ့သူတွေကို ဖမ်းဆီးနိုင်ဖို့လည်း အစွမ်းကုန်ကြိုးစားနေပါတယ်။ ဒါပေမယ့် သီရိလင်္ကာနိုင်ငံသားတွေရဲ့ စိတ်ထဲမှာတော့ အခုပေါက်ကွဲမှုတွေကြောင့် အတိတ်ကာလ ပြည်တွင်းစစ်ပွဲတုန်းက အမှတ်ရစရာတွေ ခေါင်းထဲကို ပြန်ဝင်လာတာကတော့ အမှန်ပါပဲ။ ။

**ကိုးကား - နယူးယောက်တိုင်းမ်**

**"နိုင်ငံအတွင်း ဗုံးပေါက်ကွဲမှုဖြစ်စဉ်တွေကို စုံစမ်းပေးသွားဖို့လည်း အပြည်ပြည်ဆိုင်ရာက ကမ်းလှမ်းမှုတွေ လုပ်လာပါတယ်။ အမေရိကန်နဲ့ ဩစတြေးလျနိုင်ငံတို့ကလည်း စုံစမ်းမှုတွေအတွက် ကူညီပေးသွားမယ်လို့ ကမ်းလှမ်းထားပါတယ်။ လက်ရှိမှာတော့ သံသယရှိသူ ၂၀ ကျော်ကို ဖမ်းဆီးပြီး စစ်ဆေးနေပါတယ်"**

# မန္တလေးတိုင်းဒေသကြီးအတွင်း စီးပွားရေးသတင်းသမားများ သတင်းအချက်အလက်နှင့် ဒေတာလက်လှမ်းမီစွာရရှိနိုင်ရေး ဖိုရမ်ကျင်းပ

**မန္တလေး ဧပြီ ၂၅**
တိုင်းဒေသကြီးနှင့် ပြည်နယ်များ အခြေပြု၍ စီးပွားရေးသတင်းရေးသားသူများ(နယ်သတင်းသမားများ)သည် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ပိုမိုကျယ်ပြန့်လာသော စီးပွားစီမံအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ဖွံ့ဖြိုးရေးဆိုင်ရာ စိန်ခေါ်မှုများကို ပိုမိုဖော်ထုတ်ရေးသားရန် လိုအပ်နေသည့်အတွက် စီးပွားရေး သတင်းအချက်အလက်နှင့် ဒေတာလက်လှမ်းမီစွာ ရရှိနိုင်ရန်အတွက် ဖိုရမ်တစ်ခုကို ဧပြီ ၂၄ ရက်က မန္တလေးမြို့ ဆာကူရာပရင့်ဆက်စ်ဟိုတယ်၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူက အမှာစကားပြောကြားပြီး ဗဟိုစာရင်းအင်းအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်က ဗဟိုစာရင်းအင်းအဖွဲ့သည် အရည်အသွေးပြည့်ဝပြီး ပြည့်စုံတိကျ မှန်ကန်သည့် လူမှုစီးပွားဆိုင်ရာ အချက်အလက်၊ ညွှန်ကိန်းများ ပြည့်စုံအောင် တွက်ချက်ဆောင်ရွက်နိုင်သည့် မြန်မာနိုင်ငံအမျိုးသား စာရင်းအင်းစနစ် ပေါ်ပေါက်လာစေရန် ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းသည်။

ယင်းအပြင် ဖိုရမ်၏ အထူးအစီအစဉ်အဖြစ် တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်၊ တိုင်းဒေသကြီး လွှတ်တော်ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ ဦးတင်အောင်၊ တိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း၏ အထွေထွေအတွင်းရေးမှူး ဦးဥက္ကာကျော်၊ Mandalay Indepth News မီဒီယာမှ အယ်ဒီတာချုပ် ဦးမောင်တာတို့နှင့်အတူ Internews ၏ သတင်းစာပညာအကြံပေး ဦးစိန်ဝင်းတို့က အစိုးရ၊ အဖွဲ့အစည်းများနှင့် သတင်းမီဒီယာများအကြား သတင်းအချက်အလက်များစီးဆင်းမှု ပိုမိုကောင်းမွန်စေရေးအတွက် ဆောင်ရွက်နေသည့် အခြေအနေများ၊ အခက်အခဲနှင့် စိန်ခေါ်မှုများ၊ သတင်းအချက်၏ အရေးကြီးပုံ စသည်တို့ကို ဆွေးနွေးကြသည်။

ယခုဖိုရမ်ကို USAID ၏ Private Sector Development Activity(PSDA) အစီအစဉ်ဖြင့် Internews က ကျင်းပခြင်းဖြစ်သည်။

**အေးမြ(မန္တလေး)**




စီးပွားရေးသတင်းအချက်အလက်နှင့် ဒေတာ လက်လှမ်းမီစွာရရှိနိုင်ရေး ဖိုရမ်တွင်တက်ရောက်လာသည့် တာဝန်ရှိသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်။

## မီးသတ်ယာဉ်များ အမြန်ဆုံး လာရောက်ငြိမ်းသတ်နိုင်ရေးအတွက်

၁။ အမြန်ဆုံးသတင်းပို့ပါ။
၂။ မီးလောင်သည့်နေရာကို အတိအကျသတင်းပို့ပါ။
၃။ မီးသတ်ယာဉ်/စက်များရောက်ရှိလာလျှင်မီးလောင်မှုနှင့် နီးစပ်ဆုံးနေရာသို့ ညွှန်ပြပေးပါ။
၄။ မီးသတ်ယာဉ်များ သွားလာနိုင်ရေးအတွက် လမ်းကြောင်းရှင်းလင်းဖယ်ရှားခြင်းဖြင့် ကူညီပါ။
၅။ မလိုအပ်ဘဲ ဝိုင်းအုံရပ်ကြည့်မနေဘဲ ဖယ်ရှားပေးခြင်းဖြင့် ကူညီပါ။
၆။ မီးမလောင်သေးသည့် မိမိ၏နေအိမ်များရှိရာသို့ မီးသတ်ယာဉ်များကို ညွှန်ပြခြင်း၊ အတင်းအဓမ္မခြိမ်းခြောက်ခေါ်ယူခြင်း၊ အတ္တဆန်စွာ အနှောင့်အယှက်ပြုခြင်းများကို ရှောင်ကြဉ်ပါ။





စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်အတွင်းရှိ ငွေတွင်း၊ ဝါးတန်း၊ မကျည်းစောက်နှင့် ကျောက်ပျောက်စသည့် ကျေးရွာအုပ်စုများတွင် ဧပြီ ၁၈ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များနှင့် သာသနိကအဆောက်အအုံအချို့ ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် ဧပြီ ၂၃ ရက်က လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများကို တာဝန်ရှိသူတစ်ဦးက ပေးအပ်စဉ်။

ဝင်းဦး(ဇေယျာတိုင်း)

# မကွေးတိုင်းဒေသကြီးရှိ မြို့နယ်များ၌ တိုင်းရင်းသားအခွင့်အရေးများဆိုင်ရာ ပညာပေးဟောပြော

**မကွေး ဧပြီ ၂၅**
တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာရေးဆွဲရန် ဦးစားပေးလုပ်ငန်းရွေးချယ်ခြင်းနှင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပါ အခွင့်အရေးနှင့် ရပိုင်ခွင့်အခြေခံအချက်အလက်များ အသိပညာပေးဟောပြောခြင်းနှင့်အတူ တိုင်းရင်းသားရေးရာ အခြေခံအချက်များ ကောက်ယူခြင်းကို မကွေးတိုင်းဒေသကြီးရှိ မြို့နယ်ငါးမြို့နယ်၌ ပြုလုပ်သည်။

ထိုသို့ အသိပညာပေးဟောပြောခြင်းနှင့် အခြေခံအချက်များကောက်ယူခြင်းကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် စေတုတ္တရာမြို့၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် မကွေးမြို့၊ မတ်လတွင် ဖဲမြို့၊ တောင်တွင်းကြီးမြို့နှင့် ဆောမြို့တို့၌ ကျင်းပရာ တိုင်းဒေသကြီး ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလှထွန်း၊ မြို့နယ်များရှိ လွှတ်တော်ကိုယ်စားလှယ်များက အမှာစကားများပြောကြားပြီး တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီး တာဝန်ခံ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းလင်းက ဌာန၏လုပ်ငန်းစဉ်များ၊ စစ်တမ်းကောက်ယူမည့် အချက်အလက်များ၊ ဦးစီးအရာရှိ ဒေါ်သဲစုမွန်က ဥပဒေပါ တိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များ၊ တားမြစ်ချက်များ၊ ပြစ်ဒဏ်များအား ရှင်းလင်းဆွေးနွေးခဲ့ကာ တိုင်းရင်းသား များဆိုင်ရာ အခြေခံအချက်အလက်များကို ကောက်ယူသည်။

အဆိုပါ အခြေခံအချက်အလက်များ ကောက်ယူမှုနှင့် ဆွေးနွေးချက်များမှရရှိသည့် အချက်အလက်အစီရင်ခံစာများအပေါ်အခြေခံပြီး မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။

**ဝေဖြိုးလေး (ပြန်/ဆက်)**

# ကချင်မျိုးနွယ်စုဝင် ဇိုင်ဝါးမျိုးနွယ်စုတိုင်းရင်းသားများ၏ အခြေခံအချက်များ စစ်တမ်းကောက်ယူ

**မြစ်ကြီးနား ဧပြီ ၂၅**
ကချင်မျိုးနွယ်စုဝင် ဇိုင်ဝါးမျိုးနွယ်စုတိုင်းရင်းသားများအား တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်ရုံးမှ ဦးဆောင်၍ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာပညာပေးဟောပြောပြီး အဆိုပါ မျိုးနွယ်စုများထံမှ တိုင်းရင်းသားရေးရာ အခြေခံအချက်များ ကောက်ယူခြင်းလုပ်ငန်းများကို ဧပြီ ၂၄ ရက်က မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် ဇိုင်ဝါး စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ချုပ်ရုံး၌ ပြုလုပ်သည်။

အသိပညာပေး ဟောပြောပွဲတွင် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦး H လအောင်က အမှာစကားပြောကြားပြီး ပြည်နယ်ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခင်မောင်မြင့်(ခ) ဦးဒိတ်က ယဉ်ကျေးမှု၊ ဓလေ့ထုံးစံစသည်တို့အပါအဝင် တိုင်းရင်းသားအခွင့်အရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆောင်ရွက်ပေးလျက်ရှိသည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားကာ ပြည်နယ်ရဝမ်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးရန်နမ်းဖုန်က ဇိုင်ဝါးစာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့ချုပ်ရုံး အတွက် K12-Bluetooth ဆောင်းဘောက်နှင့် မိုက်(စ်)တစ်စုံကို ထောက်ပံ့ပေးအပ်ရာ အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးမလန်ဂမ်ဖန်က လက်ခံယူသည်။

ယင်းနောက် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်ဝင်းနှင့် ဒုတိယဦးစီးမှူးတို့က ဝန်ကြီးဌာန၏ တိုင်းရင်းသားအရေး ဆောင်ရွက်ချက်များ၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပါအချက်အလက်များနှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များကို အသိပညာပေးဟောပြောကြပြီး ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးက ကျား/မ အခွင့်အရေးဆိုင်ရာများကို အသိပညာပေးဟောပြောကြသည်။

ထို့နောက် ဇိုင်ဝါးမျိုးနွယ်စုတိုင်းရင်းသားများထံမှ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာရေးဆွဲရေးအတွက် ဦးစားပေးအချက် ၁၇ ချက်နှင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပါ အခွင့်အရေး၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ အခြေခံအချက်အလက် ၅၀ ကို စစ်တမ်းကောက်ယူရာတွင် ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများက မရှင်းလင်းသည်များကို လိုက်လံရှင်းလင်းပြောကြားပေးပြီး စစ်တမ်းကောက်ယူခဲ့ကြသည်။

အဆိုပါ စစ်တမ်းကောက်ယူခြင်းလုပ်ငန်းကို ကချင်ပြည်နယ်အတွင်း လီဆူ၊ လာချိဒ်၊ လော်ဝေါ် မျိုးနွယ်စုများထံမှ ကောက်ယူထားပြီးဖြစ်ကြောင်းနှင့် ကျန်ရှိသည့် ကချင်တိုင်းရင်းသားမျိုးနွယ်စုများထံမှ စစ်တမ်းကောက်ယူနိုင်ရေး ညှိနှိုင်းစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



တိုင်းရင်းသားရေးရာအခြေခံအချက်များ ကောက်ယူခြင်းကို ဧပြီ ၂၄ ရက်က ပြုလုပ်စဉ်။

**သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့ စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့**

# ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် ရုပ်ပွားတော်များ မန္တလေးတိုင်းဒေသကြီးအတွင်း အပူဇော်ခံကြွချီမည်

**မန္တလေး မေ ၂၅**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကံ့ကော်ဝိုင်းအနီး တည်ထားကိုးကွယ်လျက်ရှိသော ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော် နှစ်ဆူ၊ ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်များကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရဟန်းရှင်လူ၊ ပြည်သူအများ ကုသိုလ်ယူ ပူဇော်နိုင်ရန်အတွက် အပူဇော်ခံကြွချီမည်ဖြစ်သည်။

အပူဇော်ခံကြွချီရာတွင် ဧပြီ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော် ပရိဝုဏ်အတွင်းရှိ ဝေဇယန္တာ ဗိမာန်တော်ကြီးတွင် ယာယီကိန်းဝပ်စံပယ်တော်မူမည်ဖြစ်ပြီး ထိုမှတစ်ဆင့် ပခုက္ကူ၊ ပခုက္ကူမှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အပူဇော်ခံ ကြွချီမည်ဖြစ်သည်။

ထို့နောက် မန္တလေးမြို့သို့ စစ်ကိုင်းမြို့မှတစ်ဆင့် မေ ၂ ရက်မှ ၇ ရက်အထိ မဟာမုနိရုပ်ရှင်တော်မြတ် ဘုရားပရိဝုဏ် အရှေ့စောင်းတန်း ဦးပဿတန်ဆောင်းတွင် ယာယီကိန်းဝပ်စံပယ်တော်မူကာ အပူဇော်ခံမည် ဖြစ်သည်။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောက်ဆည်မြို့ မဟာရွှေသိမ်တော်မြတ်စွာဘုရား ပရိဝုဏ်အတွင်းရှိ ဗိမာန်တော်ကြီးတွင် မေ ၇ ရက်နှင့် ၈ ရက်၊ ဝမ်းတွင်းမြို့ မြတ်စောညီနောင်စေတီတော် သာသနာ့ဗိမာန်တော်ကြီးတွင် မေ ၈ ရက် နှင့် ၉ ရက်တို့တွင် ယာယီကိန်းဝပ်စံပယ်တော်မူကာ အပူဇော်ခံမည်ဖြစ်သည်။



ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် ရုပ်ပွားတော်များ အပူဇော်ခံကြွချီမှုအဆင်ပြေရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးစဉ်။

အပူဇော်ခံသည့် နေရာများတွင် ရွှေပါရမီ တောရဆရာတော် အရှင်ဆန္ဒာဓိက က ညောင်ဦးမြို့တွင် ဧပြီ ၂၉ ရက်ည၊ မန္တလေးမြို့တွင် မေ ၃ ရက် ည၊ ကျောက်ဆည်မြို့တွင် မေ ၇ ရက် ညနှင့် ဝမ်းတွင်းမြို့တွင် မေ ၈ ရက် ည ၇ နာရီတို့တွင် ငြိမ်းချမ်းရေးဓမ္မသဘင်များကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ထာဝရငြိမ်းချမ်းရေး စေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော် နှစ်ဆူ၊ ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်များ အပူဇော်ခံကြွချီရာတွင် အစဉ်ပြေချောမွေ့စေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှဦးစီးကာ ကော်မတီများဖွဲ့စည်းပြီး လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ အဆိုပါကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုလည်း ဧပြီ ၂၄ ရက်က တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ ဦးဆောင်ကာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်**

# ပြည်ပခရီးသွားများကိုဆွဲဆောင်စေမည့် ရန်ကုန်ညဈေးတန်း မေ ၄ ရက်တွင် ဖွင့်လှစ်မည်

**ရန်ကုန် မေ ၂၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ပြည်ပခရီးသွား တိုးမြှင့်ဝင်ရောက်နိုင်စေရန် ကြိုးပမ်းဖော်ဆောင်လျက်ရှိရာ မေ ၄ ရက်မှစ၍ ရန်ကုန်မြို့ရှိ ဗဟိုဘဏ်လမ်းနှင့် ပန်းဆိုးတန်းလမ်းအား အယ်လ် (L) ပုံသဏ္ဌာန်ညဈေးတန်း ဖွင့်လှစ်၍ ပြည်ပခရီးသွားများကို ဝန်ဆောင်မှုပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"ရုံးပိတ်ရက်နှစ်ရက်မှာ Weeked Market ညဈေးတန်းကို အပတ်စဉ်ကျင်းပသွားမှာပါ။ မေ ၄ ရက်နဲ့ ၅ ရက်မှာ စတင်ဖွင့်လှစ်မှာပါ။ စားသောက်ကုန် အပါအဝင်ဖျော်ဖြေမှုတွေ၊ လက်မှုပစ္စည်းနဲ့ ရိုးရာအဝတ်အထည်တွေ၊ တခြားအဆင့်မြင့် ဝန်ဆောင်မှုတွေနဲ့ ဗန်ကောက် မားကတ်ပုံစံမျိုးလုပ်ဆောင်သွားမှာပါ။ နိုင်ငံတကာအတွေ့အကြုံရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့ ခရီးသွားလုပ်ငန်းအောက်မှာရှိတဲ့ အသင်း ၁၁ သင်း ပူးပေါင်းလုပ်ဆောင်ကြတာပါ။ ရန်ကုန်မြို့ရဲ့အလှဟာ ညဈေးတန်းရဲ့စည်ကားမှုနဲ့ ပြည်ပခရီးသွားတွေကို ပိုပြီးဆွဲဆောင်နိုင်စေမယ်လို့မြင်ပါတယ်"ဟု ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ဦးအုန်းမြင့်က ပြောသည်။

အဆိုပါ ညဈေးတန်းဖြစ်မြောက်ရေးအတွက် ဦးစီးကော်မတီနှင့်လုပ်ငန်းကော်မတီဟူ၍ ကော်မတီနှစ်ရပ်ဖွဲ့ကာ စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အပတ်စဉ်ညဈေးတန်းကို ဖွင့်လှစ်ရောင်းချ၍ မိုးရာသီ သုံးလတွင် လမ်းရေလျှံမှုရှိခဲ့ပါက ဈေးတန်းကိုယာယီပိတ်ထားမည်ဖြစ်ကြောင်း၊ နိုင်ငံခြားသားများ အထူးကြိုက်နှစ်သက်စေမည့် ပြည်တွင်းအမှတ်တရပစ္စည်းမျိုးစုံကိုလည်း ထိုညဈေးတန်းတွင် ပြသရောင်းချသွားမည်ဖြစ်ရာ ခရီးသွားဝန်ဆောင်မှုကဏ္ဍ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မှုကြောင့် ရန်ကုန်မြို့သည် နိုင်ငံခြားဝင်ငွေပိုမိုရရှိစေမည်ဖြစ်ကြောင်း သိရသည်။

ယမန်နှစ်ထက် ရန်ကုန်မြို့သို့ နိုင်ငံခြားခရီးသွားဝင်ရောက်မှု ၃၃ ရာခိုင်နှုန်းကျော် တိုးမြင့်ခဲ့ပြီး ရန်ကုန်မြို့ကိုအခြေခံ၍ တစ်နိုင်ငံလုံး သွားလာကြသောကြောင့် ရန်ကုန်မြို့တွင် တစ်ရက်နေထိုင် လည်ပတ်ရာမှ တစ်ပတ်နေထိုင် လည်ပတ်ချင်စဖွယ် နေရာတစ်ခုအဖြစ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က နိုင်ငံခြားခရီးသွားလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်သည့် ရန်ကုန်မြို့အနီးရှိ ဒလ၊ တွံတေးနှင့် ကွမ်းခြံကုန်းမြို့နယ်တို့တွင် ခရီးသွားလုပ်ငန်းတိုးမြင့်လာစေမည့်အပြင် လက်ခုပ်ကုန်းကို ပြန်လည်ဖော်ဆောင်ခြင်းဖြင့် ရန်ကုန် ညဈေးတန်းသည် ပြည်ပခရီးသွားများ စိတ်ဝင်တစား အပန်းဖြေရာ ညဈေးတန်းအဖြစ် မကြာမီတွေ့မြင်ရမည်ဖြစ်ကြောင်း သိရသည်။ **သန်းထိုက်**

# Yangon ICT Fair (May-2019) ပြပွဲကို မေ ၃ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် မေ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် ရန်ကုန်တိုင်း ဒေသကြီး ကွန်ပျူတာပညာရှင်အသင်းတို့ ပူးပေါင်းကျင်းပမည့် Yangon ICT Fair (May-2019) ပြပွဲကို မေ ၃ ရက်မှ ၅ ရက်အထိ ရန်ကုန်မြို့ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မိုဘိုင်းနှင့်အိုင်တီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယင်းကဏ္ဍကို စိတ်ဝင်စားသော နိုင်ငံ့ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မန်နေဂျာများ၊ ကျောင်းသားကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများအား ကွန်ပျူတာပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်အပိုပစ္စည်းများ၊ နောက်ဆုံးပေါ် အီလက်ထရွန်နစ်ပစ္စည်းများ၊ ဆက်သွယ်ရေးကိရိယာများ၊ မိုဘိုင်းနည်းပညာနှင့်ပစ္စည်းများ၊ ကွန်ပျူတာ အသုံးချဆော့ဖ်ဝဲလ်နည်းပညာများကို တစ်နေရာတည်းတွင် ကြည့်ရှုလေ့လာနိုင်စေရန်နှင့် နိုင်ငံတော်ကချမှတ်ထားသော ဈေးကွက်စီးပွားရေးစနစ်အား တစ်စိတ်တစ်ဒေသ အထောက်အကူဖြစ်စေရန်အတွက် ရည်ရွယ်ကာပြပွဲကို စီစဉ်ရခြင်းဖြစ်ကြောင်း သိရသည်။



Yangon ICT Fair (May-2019) ပြပွဲကျင်းပရေး မီဒီယာရှင်းလင်းပွဲကျင်းပစဉ်။

Yangon ICT Fair (May-2019) တွင် မိုဘိုင်းနှင့်အိုင်တီနယ်ပယ်မှ အီလက်ထရွန်နစ်ကုမ္ပဏီများ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းအရောင်းဆိုင်များ၊ Scanner, Copier, Camera, Projector အရောင်းဆိုင်များ၊ Software & Training ဆိုင်များ၊ Website, SMS Solution,Wimax, Wifi , Networking Product, Mobile & Mobile Software, Virus သတ်သည့် Software အရောင်းဆိုင်များ၊ Electronic Dictionary အစရှိသော အရောင်းဆိုင်များ ပါဝင်ပြသမည်ဖြစ်သည်။ ယခုကျင်းပသောပြပွဲသည် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာအသင်းများမှ ၂၀၁၉ ခုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ခင်းကျင်းပြသမည့် ပြပွဲဖြစ်ပြီး ကုမ္ပဏီပေါင်း ၅၂ ခုမှ ပြခန်းပေါင်း ၁၃၅ ခန်း ခင်းကျင်းပြသမည်ဖြစ်ကြောင်း သိရသည်။ ပြခန်းများကို ပြပွဲရက်အတွင်း နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ပြည်သူများ လာရောက်ကြည့်ရှုလေ့လာနိုင်ရန် ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၅-၄-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၈၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၉၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၈၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၇၅/၁၀၁၀ ကျပ် | ၁၀၂၀/၁၀၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၈၅/၁၀၂၀ ကျပ် | ၁၀၃၅/၁၀၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀/၉၀၀ ကျပ် | ၉၁၅/၉၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀/၉၆၅ ကျပ် | ၉၉၅/၁၀၁၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၂ ・ ၄ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၁၉ ・ ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၈ ・ ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၈၂ ・ ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၇၀ ・ ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၇၉ ・ ၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၈ ・ ၁၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၉၃၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၃ ・ ၂၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၁ ・ ၀၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ ・ ၉၂၅ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ပရီမီယာလိဂ်ပွဲစဉ် (၃၆)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၂၆-၄-၁၉** |
| လီဗာပူး | - | ဟက်ဒါဖီးလ် | နံနက် ၁း၃၀ |
| **စနေနေ့** | | | **၂၇-၄-၁၉** |
| စပါး | - | ဝက်စ်ဟမ်း | ညနေ ၆း၀၀ |
| ပဲလေ့စ် | - | အဲဗာတန် | ည ၈း၃၀ |
| ဖူလ်ဟမ် | - | ကာဒစ်ဖ် | ည ၈း၃၀ |
| ဆောက်သမ်တန် | - | ဘုန်းမောက် | ည ၈း၃၀ |
| ဝက်ဖို့ဒ် | - | ဝုဖ် | ည ၈း၃၀ |
| ဘရိုက်တန် | - | ကာဆယ် | ည ၁၁း၀၀ |
| **တနင်္ဂနွေနေ့** | | | **၂၈-၄-၁၉** |
| လက်စတာ | - | အာဆင်နယ် | ညနေ ၅း၃၀ |
| ဘန်လေ | - | မန်စီးတီး | ည ၇း၃၅ |
| မန်ယူ | - | ချယ်လ်ဆီး | ည ၁၀း၀၀ |

## လာလီဂါပွဲစဉ် (၃၅)

| | | | |
|---|---|---|---|
| **စနေနေ့** | | | **၂၇-၄-၁၉** |
| ဘီဘာအို | - | အလာဗက်စ် | ညနေ ၅း၃၀ |
| အက်သလက်တီကို | - | ဗယ်လာဒိုးလစ် | ည ၈း၄၅ |
| လီဂါနက်စ် | - | ဆယ်တာဗီဂို | ည ၁၁း၀၀ |
| ဘာစီလိုနာ | - | လီဗန်တေး | နံနက် ၁း၁၅ |
| **တနင်္ဂနွေနေ့** | | | **၂၈-၄-၁၉** |
| ဗလင်စီယာ | - | အီဘာ | ညနေ ၄း၃၀ |
| ဂျီရိုနာ | - | ဆီဗီလာ | ညနေ ၆း၃၀ |
| ဆိုစီဒက်စ် | - | ဂီတာဖေး | ည ၈း၄၅ |
| ဗီလာရီးရဲ | - | ဝက်စ်ကာ | ည ၁၁း၀၀ |
| ဗယ်လီကာနို | - | ရီးရဲ | နံနက် ၁း၁၅ |
| **တနင်္လာနေ့** | | | **၂၉-၄-၁၉** |
| ဘက်တစ် | - | အက်စ်ပန်ညို | နံနက် ၁း၃၀ |

## စီးရီးအေပွဲစဉ် (၃၄)

| | | | |
|---|---|---|---|
| **စနေနေ့** | | | **၂၇-၄-၁၉** |
| ဘိုလော့ဂ်နာ | - | အမ်ပိုလီ | ည ၇း၃၀ |
| ရိုးမား | - | ကယ်ဂလီယာရီ | ည ၁၀း၃၀ |
| အင်တာ | - | ဂျူဗင်တပ်စ် | နံနက် ၁း၀၀ |
| **တနင်္ဂနွေနေ့** | | | **၂၈-၄-၁၉** |
| ဖရိုစီနိုနီ | - | နာပိုလီ | ညနေ ၅း၀၀ |
| SPAL | - | ဂျီနိုအာ | ည ၇း၃၀ |
| ချီယေဗို | - | ပါးမား | ည ၇း၃၀ |
| ဆမ်ဒိုးရီးယား | - | လာဇီယို | ည ၁၀း၃၀ |
| တိုရီနို | - | မီလန် | နံနက် ၁း၀၀ |
| **တနင်္လာနေ့** | | | **၂၉-၄-၁၉** |
| အတ္တလန္တာ | - | အူဒီးနိစ် | ည ၁၁း၃၀ |
| ဖီအိုရင်တီးနား | - | ဆက်ဆူအိုလို | နံနက် ၁း၃၀ |

## ပြင်သစ်ပထမတန်းပွဲစဉ် (၃၄)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၂၆-၄-၁၉** |
| ဘော်ဒိုး | - | လိုင်ယွန် | နံနက် ၁း၁၅ |
| **တနင်္ဂနွေနေ့** | | | **၂၈-၄-၁၉** |
| အာမီယံ | - | စထရက်ဘော့ချ် | ည ၇း၃၀ |
| အန်ဂျာစ် | - | ရိမ်းစ် | ည ၇း၃၀ |
| ကိန်း | - | ဒီဂျွန် | ည ၇း၃၀ |

## ပြင်သစ်ဖလားဗိုလ်လုပွဲ

| | | | |
|---|---|---|---|
| **စနေနေ့** | | | **၂၇-၄-၁၉** |
| ရိန်းနက်စ် | - | ပီအက်စ်ဂျီ | နံနက် ၁း၃၀ |

## ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပကျော့

| | | | |
|---|---|---|---|
| **အင်္ဂါနေ့** | | | **၃၀-၄-၁၉** |
| စပါး | - | အိုင်းယက်စ် | နံနက် ၁း၃၀ |
| **ဗုဒ္ဓဟူးနေ့** | | | **၁-၅-၁၉** |
| ဘာစီလိုနာ | - | လီဗာပူး | နံနက် ၁း၃၀ |



# ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အရေးပါချိန်

ဝေမိုးဆက်

ပရီမီယာလိဂ်ပွဲစဉ် ၃၆ မှာတော့ မန်ယူနဲ့ ချယ်လ်ဆီးတို့ဆုံတွေ့မယ့်ပွဲပါဝင် နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ဒါ့အပြင် ဒီပွဲစဉ်မှာ စပါးကလည်း လန်ဒန်ဒါဘီပြိုင်ဘက်ဖြစ်တဲ့ ဝက်စ်ဟမ်းနဲ့ရင်ဆိုင်ရမှာဖြစ်သလိုအာဆင်နယ်ကလည်း လက်ရှိအချိန်မှာခြေစွမ်းကောင်းနေတဲ့ လက်စတာ နဲ့ရင်ဆိုင်ရမှာဖြစ်တာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့် တိုက်ပွဲက စိတ်ဝင်စားဖို့ကောင်းနေဦးမှာပါ။

### မန်ယူ Vs ချယ်လ်ဆီး

ပထမအကျော့ရလဒ် - ချယ်လ်ဆီး ၂-၂ မန်ယူ

မန်ယူကစပါး၊ အာဆင်နယ်တို့ ရှုံးပွဲကြုံချိန်မှာ အဲဗာတန်ကို ဂိုးပြတ်အရေးနိမ့်ခဲ့တာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အခွင့်အရေးကောင်းတစ်ခု လက်လွှတ်လိုက်ရပါတယ်။ ဒါကြောင့်လည်း မန်ယူတို့ ဒီပွဲမှာနိုင်ပွဲရယူနိုင်ပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ ခြေကုန်ထုတ်လာမှာဖြစ်ပေမယ့် မန်ယူရဲ့ခြေစွမ်းကတော့ အားနည်းမှုတွေများနေလို့ ချယ်လ်ဆီးကို နှစ်သက်တယ်။

### လီဗာပူး Vs ဟက်ဒါဖီးလ်

ပထမအကျော့ရလဒ် - ဟက်ဒါဖီးလ် ၀-၁ လီဗာပူး

လီဗာပူးက ဒီပွဲအပြီးမှာ ဘာစီလိုနာနဲ့ ချန်ပီယံလိဂ်ပွဲကစားဖို့ရှိနေပေမယ့် ချန်ပီယံဆုအတွက် အမှားခံမှာ မဟုတ်ပါဘူး။ အိမ်ကွင်းဖြစ်သလို လက်ရှိအချိန်မှာ လီဗာပူးရဲ့ခြေစွမ်းပိုင်းကလည်း ကောင်းမွန်နေပါတယ်။ အထူးသဖြင့် တန်းဆင်းနေရပြီဖြစ်တဲ့ ဟက်ဒါဖီးလ်ခြေက အားနည်းလွန်းတာကြောင့် လီဗာပူးနဲ့သာ လက်တွဲထားရဖို့ရှိပါတယ်။

### ပဲလေ့စ် Vs အဲဗာတန်

ပထမအကျော့ရလဒ် - အဲဗာတန် ၂-၀ ပဲလေ့စ်

အဲဗာတန်ကမန်ယူကို အနိုင်ရခဲ့တဲ့ပွဲမှာ ခြေစွမ်းပိုင်းကောင်းမွန်ခဲ့တာမှန်ပါတယ်။ အိမ်ကွင်းပွဲတွေမှာဆိုရင်လည်း မန်ယူ၊ အာဆင်နယ်၊ ချယ်လ်ဆီးတို့လို အသင်းကြီးတွေကိုတောင် အနိုင်ကစားနိုင်စွမ်းရှိပါတယ်။ ဒါပေမယ့် အဲဗာတန်က အဝေးကွင်းပွဲတွေမှာ ခြေစွမ်းကျဆင်းတတ်တာကြောင့် တိုက်စစ်ပိုင်းကောင်းမွန်နေတဲ့ ပဲလေ့စ်ကိုထိန်းဖို့ ခက်မယ်။ ပဲလေ့စ်ပါပဲ။

### စပါး Vs ဝက်စ်ဟမ်း

ပထမအကျော့ရလဒ် - ဝက်စ်ဟမ်း ၀-၁ စပါး

စပါးစ်ကမန်စီးတီးကိုအရေးနိမ့်ခဲ့တာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ဆက်လက်အားစိုက်ရဦးမယ့်အခြေအနေမှာ ရှိနေပါတယ်။ ဒါကြောင့် စပါးတို့အိမ်ကွင်းမှာ ဂရုတစိုက်ကစားလာမှာဖြစ်ပေမယ့် ချန်ပီယံလိဂ်ပွဲရှိလို့ ခြေကုန်ထုတ်နိုင်ဖို့တော့ခက်တယ်။ ဝက်စ်ဟမ်းကလည်း အခုအချိန်မှာခြေစွမ်းကောင်းမွန်နေလို့ ဝက်စ်ဟမ်းနဲ့အရဲစွန့်မယ်။

### ဖူလ်ဟမ် Vs ကာဒစ်ဖ်

ပထမအကျော့ရလဒ် - ကာဒစ်ဖ် ၄-၂ ဖူလ်ဟမ်

ဖူလ်ဟမ်ကတန်းဆင်းသွားရပြီးတဲ့ နောက်ပိုင်းမှာ ဖိအားမရှိတော့သလို ခြေစွမ်းပိုင်းလည်း တိုးတက်လာတယ်။ အိမ်ကွင်းလည်းဖြစ်တာကြောင့် နိုင်ပွဲရဖို့အား စိုက်လာမှာသေချာတယ်။ ကာဒစ်ဖ်ကတော့ ဒီပွဲအနိုင်မရရင်တန်းဆင်းရဖို့ ပိုမိုနီးကပ်သွားမှာဖြစ်လို့ ခြေကုန်ထုတ်လာမှာဖြစ်ပေမယ့် ခြေသာမန်သာရှိတယ်။ ကာဒစ်ဖ် သရေလောက်ပဲရမယ်။

### ဝက်ဖို့ဒ် Vs ဝုဖ်

ပထမအကျော့ရလဒ် - ဝုဖ် ၀-၂ ဝက်ဖို့ဒ်

ပရီမီယာလိဂ်မှာ ပထမအကျော့အဖြစ် ဆုံခဲ့တုန်းက ဝုဖ်တို့အိမ်ကွင်းမှာအရေးနိမ့်ခဲ့ပေမယ့် အက်ဖ်အေဖလားမှာဆုံခဲ့ရာမှာတော့ မိနစ် ၉၀ အတွင်း သရေခံကစားနိုင်ခဲ့ပါတယ်။ ဒီပွဲကလည်း အဝေးကွင်းဖြစ်နေလို့ဝုဖ်တို့ ဝက်ဖို့ဒ်ကို အသာရယူနိုင်ဖို့တော့ခက်နေဦးမှာပါ။ ဝက်ဖို့ဒ်က အိမ်ကွင်းခြေစွမ်းကောင်းတတ်လို့ ဝက်ဖို့ဒ်နဲ့သာ လက်တွဲမယ်။

### ဘရိုက်တန် Vs ကာဆယ်

ပထမအကျော့ရလဒ် - ကာဆယ် ၀-၁ ဘရိုက်တန်

ဘရိုက်တန်က လက်ရှိအချိန်မှာ တန်းမဆင်းရဖို့ အားစိုက်ကစားနေသလို အိမ်ကွင်းဖြစ်တာကြောင့်လည်း ခြေကုန်ထုတ်လာမှာသေချာနေပါတယ်။ ဒါပေမယ့် ဘရိုက်တန်ရဲ့ခြေစွမ်းက သာမန်သာရှိတယ်။ ဒါ့အပြင် ကာဆယ်ကလည်း အခုနောက်ပိုင်း ခြေစွမ်းပိုင်းကောင်းမွန်နေတာကြောင့် ဒီပွဲမှာ ဘရိုက်တန်တို့ အမြင့်ဆုံး သရေလောက်ပဲရမယ်။

### ဆောက်သမ်တန် Vs ဘုန်းမောက်

ပထမအကျော့ရလဒ် - ဘုန်းမောက် ၀-၀ ဆောက်သမ်တန်

ဆောက်သမ်တန်က ဒီပွဲအနိုင်ရခဲ့ရင်တန်းဆင်းကျန်ရစ်ဖို့ ပိုမိုနီးကပ်သွားမှာ ဖြစ်တာကြောင့် အားစိုက်ကစားလာမှာ သေချာပါတယ်။ အိမ်ကွင်းပွဲတွေမှာလည်း ဆောက်သမ်တန်ရဲ့ ခြေစွမ်းပိုင်းကောင်းမွန်တတ်တယ်။ ဘုန်းမောက်ကတော့ တစ်ပွဲနဲ့တစ်ပွဲ ခြေမငြိမ်ပါဘူး။ တန်းမဆင်းရဖို့ ခြေကုန်ထုတ်လာမယ့် ဆောက်သမ်တန်ကိုသာ ရွေးချယ်ထားမယ်။

### ဘန်လေ Vs မန်စီးတီး

ပထမအကျော့ရလဒ် - မန်စီးတီး ၅-၀ ဘန်လေ

မန်စီးတီးအနေနဲ့ ဒီပွဲမတိုင်ခင်မှာ ပရီမီယာလိဂ်ပွဲကျန်အဖြစ် မန်ယူနဲ့ရင်ဆိုင်ရဖို့ရှိလို့ ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဒါပေမယ့် ချန်ပီယံဆုရယူနိုင်ဖို့အတွက်တော့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဘန်လေက လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကောင်းမွန်နေသလို အိမ်ကွင်းဖြစ်ပေမယ့် မန်စီးတီးကို တော့ထိန်းဖို့ခက်မယ်။ မန်စီးတီးကိုပဲ ရွေးမယ်။

### လက်စတာ Vs အာဆင်နယ်

ပထမအကျော့ရလဒ် - အာဆင်နယ် ၃-၁ လက်စတာ

မန်ယူနဲ့ စပါးတို့ရှုံးပွဲကြုံချိန်မှာ အာဆင်နယ်တို့ ပဲလေ့စ်ကို အနိုင်မယူနိုင်ဘဲ ရှုံးနိမ့်ခဲ့ရတာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် နစ်နာခဲ့ရပါတယ်။ ဒါကြောင့် ဒီပွဲမှာ ခြေကုန်ထုတ်လာမှာဖြစ်ပေမယ့် ယူရိုပါလိဂ်ကစားရဖို့ရှိနေသလို လက်စတာကလည်း အိမ်ကွင်းခြေစွမ်းပိုင်း ကောင်းမွန်တတ်ပါတယ်။ အာဆင်နယ်အနိုင်ရနိုင်ပေမယ့် လက်စတာကိုရွေးချင်တယ်။

## မြို့ခံပြိုင်ဘက်ကို အနိုင်ယူနိုင်ခဲ့ပြီးနောက် မန်စီးတီးအသင်း စံချိန်သစ်တစ်ခု တင်နိုင်ခဲ့

ပြီးခဲ့သည့် ဧပြီ ၂၅ ရက်တွင် မန်စီးတီးအသင်းက မန်ယူအသင်းအား အဝေးကွင်း၌ နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီးနောက် မန်စီးတီးအသင်းသည် ဘောလုံးရာသီတစ်ခုအတွင်း ပြိုင်ပွဲအရပ်ရပ်၏ သွင်းဂိုးအများဆုံး သွင်းယူနိုင်သည့် အင်္ဂလိပ်ဘောလုံးကလပ်အသင်းအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

မန်စီးတီးအသင်းသည် ၂၀၁၃-၁၄ ခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲအရပ်ရပ်၌ စုစုပေါင်း ၁၅၆ ဂိုး သွင်းယူကာ ပြိုင်ပွဲအရပ်ရပ်၏ သွင်းဂိုးအများဆုံး သွင်းယူနိုင်သည့် အင်္ဂလန်ဘောလုံးကလပ်အသင်းအဖြစ် စံချိန်တင်ထားခြင်းကို ယခုနှစ်ရာသီတွင် ချိုးဖြတ်နိုင်ခဲ့ခြင်း ဖြစ်သည်။ မန်ယူအသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ပရီမီယာလိဂ် အမှတ်ပေးဇယား၏ ဦးဆောင်သူနေရာကို ပြန်လည်ရယူနိုင်ခဲ့သည့် မန်စီးတီးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲအရပ်ရပ်၌ စုစုပေါင်း သွင်းဂိုး ၁၅၇ ဂိုး သွင်းယူနိုင်ခဲ့ခြင်းကြောင့် စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။ မန်စီးတီးအသင်းသည် ယခုနှစ် ဘောလုံးရာသီ၏ ကွန်မြူနတီဒိုင်းပွဲတွင် နှစ်ဂိုး၊ ပရီမီယာလိဂ် ပြိုင်ပွဲတွင် ၈၉ ဂိုး၊ အက်ဖ်အေဖလားပြိုင်ပွဲတွင် ဂိုး ၂၀၊ Carabao Cup ပြိုင်ပွဲတွင် ၁၆ ဂိုး၊ ချန်ပီယံလိဂ် ပြိုင်ပွဲတွင် ဂိုး ၃၀ သွင်းယူထားခြင်း ဖြစ်သည်။

မန်ယူအသင်းအား အနိုင်ရရှိခဲ့ပြီးနောက် မန်စီးတီးအသင်းခေါင်းဆောင် ဗင်ဆင့်ကွန်ပါနေးက "မန်စီးတီးအသင်းအနေနဲ့ ပရီမီယာလိဂ်ချန်ပီယံဖလားရယူနိုင်ဖို့အတွက် လက်ကျန်ပွဲသုံးပွဲစလုံးမှာ အနိုင်ရရှိဖို့ လိုအပ်ပါတယ်။ လီဗာပူးအသင်းအနေနဲ့ လက်ကျန်ပွဲတွေမှာ အမှတ်လျော့လိမ့်မယ်လို့ မျှော်လင့်လို့ မရပါဘူး။ မန်ယူနဲ့ ရင်ဆိုင်ခဲ့တဲ့ပွဲမှာ ကျွန်တော်တို့ စိတ်ရှည်စွာကစားခဲ့ရတယ်။ ပွဲအစပိုင်းမှာ ကျွန်တော်တို့ လိုချင်တဲ့ပုံစံမျိုးအတိုင်း မကစားနိုင်ခဲ့ပါဘူး။ ဒါပေမယ့် ဒီလိုအချိန်မျိုးမှာတော့ ဒါမျိုးကြုံတွေ့နိုင်ပါတယ်။ ခက်ခဲခဲ့ပေမယ့် ကျွန်တော်တို့ တည်တည်ငြိမ်ငြိမ်နဲ့ကစားနိုင်ခဲ့သလို ခံစစ်ကလည်း အကောင်းဆုံး ကာကွယ်နိုင်ခဲ့တယ်။ ပွဲချိန် ဒုတိယပိုင်းမှာ မန်စီးတီးအသင်းက အခွင့်အရေးတွေ ဖန်တီးနိုင်ခဲ့ပြီး သွင်းဂိုးတွေလည်း ရရှိလာခဲ့တယ်" ဟု ပြောဆိုခဲ့သည်။



မန်စီးတီး အသင်းသည် ပရီမီယာလိဂ် လက်ကျန်ပွဲများအဖြစ် အိမ်ကွင်းတွင် လက်စတာစီးတီးအသင်း၊ အဝေးကွင်းတွင် ဘန်လေ၊ ဘရိုက်တန်အသင်းများနှင့် ရင်ဆိုင်ရမည် ဖြစ်သည်။ **ထက်အောင်**

# ချယ်လ်ဆီးကစားသမား ဟာဇက်အား လုပ်ခငွေ အများအပြားဖြင့် ရီးရဲကမ်းလှမ်းခဲ့

**ထက်အောင်**



စပိန်လာလီဂါကလပ် ရီးရဲမက်ဒရစ်အသင်းသည် ချယ်လ်ဆီးအသင်း တောင်ပံတိုက်စစ်ကစားသမား အီဒင်ဟာဇက်အား ခေါ်ယူနိုင်ရေးအတွက် တစ်ပတ်လျှင် အခွန်ဆောင်ပြီး လုပ်ခငွေ ပေါင် ၄၀၀၀၀၀ ဖြင့် ကမ်းလှမ်းမှုပြုလုပ်လိုက်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဘယ်ဂျီယံကစားသမား ဟာဇက်အနေဖြင့် ရီးရဲမက်ဒရစ်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံခဲ့မည်ဆိုပါက တစ်နှစ်လျှင် ပေါင် သန်း ၂၀ အထိ ရရှိမည်ဖြစ်ကာ အခြားဆုကြေးငွေများလည်း ရရှိနိုင်မည်ဖြစ်သည်။ ရီးရဲသို့ ပြောင်းရွှေ့ပြီးနောက် ဟာဇက်သည် ရီးရဲအသင်းနှင့်အတူ စပိန်လာလီဂါချန်ပီယံဆုဖလား၊ ချန်ပီယံလိဂ်ချန်ပီယံဆုဖလားတို့ကို ရယူနိုင်ခဲ့မည်ဆိုပါက ဆုကြေးငွေအဖြစ် ပေါင် ၁၅ သန်းကျော် ထပ်မံရရှိဖွယ်ရှိကြောင်း၊ ရီးရဲအသင်းသည် ဟာဇက်နှင့် ချုပ်ဆိုမည့်စာချုပ်၌ ဟာဇက်အား ခေါ်ယူလိုပါက ပြောင်းရွှေ့ကြေးအဖြစ် ပေါင်သန်း ၂၅၀ ပေးချေရမည်ဟူသော သတ်မှတ်ချက်ကို ထည့်သွင်းချုပ်ဆိုသွားဖွယ်ရှိကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

တောင်ပံတိုက်စစ်ကစားသမား ဟာဇက်သည် ရီးရဲသို့ပြောင်းရွှေ့ရန် စိတ်ဝင်စားမှုရှိနေပြီး ချယ်လ်ဆီးအသင်း တာဝန်ရှိသူများကလည်း ၎င်းတို့အနေဖြင့် ရီးရဲအသင်းသို့ ဟာဇက်ပြောင်းရွှေ့မည်ဆိုပါက တားဆီးပိတ်ပင်သွားမည်မဟုတ်ကြောင်း ပြောဆိုထားသည်။ ချယ်လ်ဆီးအသင်းသည် ဟာဇက်၏ ပြောင်းရွှေ့ကြေးအဖြစ် ပေါင်သန်း ၁၀၀ ဝန်းကျင် တောင်းဆိုဖွယ်ရှိနေသည်။

ချယ်လ်ဆီးအသင်းနှင့် တောင်ပံတိုက်စစ်ကစားသမား ဟာဇက်တို့ ချုပ်ဆိုထားသည့် လက်ရှိစာချုပ်သက်တမ်းမှာ တစ်နှစ်သာ ကျန်ရှိတော့ပြီး စာချုပ်သစ်ချုပ်ဆိုရန် ဟာဇက်က ငြင်းဆိုထားခြင်းကြောင့် ချယ်လ်ဆီးအသင်းအနေဖြင့် လာမည့်နွေရာသီဈေးကွက်ကာလအတွင်း ဟာဇက်အား ရောင်းချခြင်းမပြုခဲ့ပါက ပြောင်းရွှေ့ကြေးအလွတ်ဖြင့် လက်လွှတ်ဆုံးရှုံးရမည့်အခြေအနေတွင် ရှိနေသည်။

ချယ်လ်ဆီးအသင်းသည် လာမည့်ကစားသမားအပြောင်းအရွှေ့ဈေးကွက်ကာလနှစ်ခုအတွင်း ကစားသမားသစ် ခေါ်ယူခြင်းမပြုရန် ပိတ်ပင်ခံထားရခြင်းကြောင့် ဟာဇက်ကို ရောင်းချခဲ့ပါက ၎င်း၏နေရာတွင် ပြန်လည်အစားထိုးမည့် ကစားသမားအား ခေါ်ယူနိုင်မည် မဟုတ်ပေ။

ဟာဇက်အား ခေါ်ယူရေးအတွက် ရီးရဲအသင်းသည် ချယ်လ်ဆီးအသင်းထံ ကမ်းလှမ်းသွားရန် အဆင်သင့်ရှိနေပြီး ယခုနှစ်ဘောလုံးရာသီပြီးဆုံးချိန်တွင် ဟာဇက်နှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောတူညီမှု ရရှိရန်အတွက် ပြင်ဆင်မှုများ ပြုလုပ်ထားသည်ဟုဆိုသည်။

အသက် ၂၈ နှစ်အရွယ်ရှိ ဟာဇက်သည် ယခုနှစ်ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းအတွက် စုစုပေါင်း ၄၆ ပွဲ ပါဝင်ကစားထားကာ ၁၉ ဂိုး သွင်းယူထားသူဖြစ်သည်။




**မန်စီးတီးအသင်းအတွက်တော့ ပရီမီယာလိဂ်ချန်ပီယံဆုကို နောက်တစ်ကြိမ်ထပ်ရဖို့ရှိနေတဲ့အသင်းလို့ ဆိုရမှာပါ။ မန်စီးတီးအသင်းအနေနဲ့ ဒီနှစ်ရာသီမှာသာချန်ပီယံ ဖြစ်ခဲ့မယ်ဆိုရင်လည်း ၂၀၀၉ခုနှစ် နောက်ပိုင်း ပရီမီယာလိဂ်ချန်ပီယံဆုကို နှစ်နှစ်ဆက်တိုက်ရယူနိုင်တဲ့အသင်းအဖြစ် မှတ်တမ်းဝင်သွားမှာဖြစ်ပါတယ်။ လီဗာပူးအနေနဲ့ကလည်း ၂၉ နှစ်ကြာဝေးကွာနေခဲ့တဲ့ ပရီမီယာလိဂ်ဆုဖလားကိုရယူနိုင်ဖို့အတွက် အပြင်းအထန်ကြိုးစားနေတာကြောင့် မန်စီးတီးအသင်းအနေနဲ့ အမှားခံလို့မရတဲ့အခြေအနေမှာတော့ ရှိနေပါတယ်။ မန်စီးတီးအသင်းဟာ ပြီးခဲ့တဲ့ရက်ပိုင်းက ကစားခဲ့တဲ့ စပါးအသင်းနဲ့ပွဲစဉ်မှာတော့ တစ်ဂိုး-ဂိုးမရှိနဲ့ကပ်နိုင်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီပွဲမှာတော့အသင်းအတွက် အနိုင်ဂိုး တစ်ဂိုးကို လူငယ်ကစားသမားဖီးလ်ဖိုဒန်က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ ဖီးလ်ဖိုဒန်ဟာ မန်စီးတီးအသင်းရဲ့လူငယ်ကစားသမား တစ်ဦးဖြစ်ပေမယ့် ထူးချွန်တဲ့ကစားသမားကောင်းတစ်ဦး ဖြစ်ပါတယ်။ ဖီးလ်ဖိုဒန်ရဲ့လက်ရှိခြေစွမ်းတွေနဲ့ အသင်းရဲ့အခြေအနေအရတော့ သူဟာမန်စီးတီးအသင်းရဲ့ရာသီကုန်ခါနီး နောက်ပိုင်းသူ့ရဲကောင်းဖြစ်လာနိုင်ဖို့လည်း ရှိနေပါတယ်။**



# မန်စီးတီးအသင်းရဲ့ နောက်ပိုင်းသူ့ရဲကောင်းဖြစ်လာနိုင်တဲ့ ဖီးလ်ဖိုဒန်

**အောင်က**

### ငယ်ဘဝ

ဖီးလ်ဖိုဒန်ဟာ အင်္ဂလန်နိုင်ငံ၊ စတော့ပို့မြို့မှာ မွေးဖွားခဲ့တဲ့သူဖြစ်ပြီး အသက် ရှစ်နှစ်အရွယ်ကတည်းက မန်စီးတီးလူငယ်အကယ်ဒမီကျောင်းကို ရောက်ရှိလာခဲ့သူဖြစ်ပါတယ်။ သူဟာ မန်စီးတီးအကယ်ဒမီရဲ့စကော်လားရှစ် ရရှိသူဖြစ်တာကြောင့် ကောလိပ်တက်တဲ့ ကျောင်းစရိတ်တွေကို မန်စီးတီးအသင်းက အကုန်အကျခံရတာ ဖြစ်ပါတယ်။

သူဟာမန်စီးတီးအသင်းကြီးနဲ့အတူ စတင်ပါဝင်ကစားခွင့်ရရှိခဲ့တာက ၂၀၁၇ ခုနှစ် အမေရိကမှာကစားခဲ့တဲ့ ရာသီအကြို ခြေစမ်းပွဲစဉ်မှာ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာတော့သူဟာခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့်လည်း မန်နေဂျာ ဂွါဒီယိုလာက "သူ့အနေနဲ့ အခုလို ခြေစွမ်းမျိုးနဲ့ ကစားနိုင်တာကို တွေ့နေရတာဟာ အချိန်အတော်ကြာပြီ ဖြစ်ပါတယ်။ သူရဲ့ခြေစွမ်းတွေက ကောင်းပါတယ်။ သူဟာအသင်းကိုချစ်တဲ့သူဖြစ်ပြီး ကျွန်တော်တို့အတွက်တော့ သူဟာ လက်ဆောင်တစ်ခုပါပဲ" လို့လည်း ပြောဆိုခဲ့ပါတယ်။ ဒါကိုကြည့်တာနဲ့ အစောပိုင်းကလည်းသူဟာ ဂွါဒီယိုလာရဲ့ ယုံကြည်မှုကိုတော့ ရရှိထားသူဖြစ်ပါတယ်။

### ခဲယဉ်းတဲ့ကစားခွင့်

ဒါပေမယ့် မန်စီးတီးလိုအသင်းမျိုးမှာက ကစားသမားကောင်းတွေအလွန်များပြားလွန်းတယ်လို့ဆိုရမှာပါ။ ဒါကြောင့် အသက် ၁၈ နှစ်ကျော် သာရှိနေသေးတဲ့ ဖီးလ်ဖိုဒန်အတွက်တော့ ကစားခွင့်ရရှိရေးက အလွန်ကို ခက်ခဲလွန်းပါတယ်။ ပြီးခဲ့တဲ့စပါးအသင်းပွဲစဉ်အပါအဝင် ဖီးလ်ဖိုဒန်ရဲ့ ဒီနှစ်ရာသီမှာ မန်စီးတီးအသင်းနဲ့အတူ ပရီမီယာလိဂ် ၁၂ ပွဲသာပါဝင်ကစားခွင့် ရရှိထားသေးတာဖြစ်ပါတယ်။ ၁၀ ပွဲက လူစားလဲပါဝင်ကစားခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ သူဟာ မန်စီးတီးအသင်းမှာ ပုံမှန်ကစားခွင့်ရဖို့အတွက် ခက်ခဲစွာရုန်းကန်နေရပေမယ့် သူဟာအသင်းရဲ့အနာဂတ်အတွက်တော့ အရေးပါတဲ့ကစားသမားတစ်ဦးဖြစ်လာမယ်ဆိုတာကို လူတိုင်းက လက်ခံထားကြတာဖြစ်ပါတယ်။


နောက်ထပ်သေချာတာတစ်ခုက သူ့ရဲ့နည်းစနစ်ပိုင်းတွေဟာ ဂွါဒီယိုလာရဲ့လက်အောက်မှာတော့ တိုးတက်မှုရှိနေခဲ့ပြီး ဂွါဒီယိုလာရဲ့နှစ်သက်မှုကိုလည်းခံနေရတဲ့ကစားသမားတစ်ဦးဖြစ်ပါတယ်။ ပြီးခဲ့တဲ့စပါးပွဲမှာ ကစားခဲ့တဲ့ ခြေစွမ်းတွေအရဆိုရင် သူဟာ ဒီဘရူနီ၊ ဂန်ဒိုဂန်တို့နဲ့အတူ ယှဉ်ကစားနိုင်တဲ့သူအဖြစ် တွေ့ရမှာဖြစ်ပါတယ်။

### ဖီးလ်ဖိုဒန်ရဲ့ခြေစွမ်း

ဖီးလ်ဖိုဒန်ရဲ့ခြေစွမ်းနဲ့ပတ်သက်ပြီး ဘီဘီစီရဲ့ဘောလုံးရေးရာလေ့လာသုံးသပ်သူပတ်နီဗင်က "ဖီးလ်ဖိုဒန်ဟာ လမ်းပတ်လိုကစားဟန်မျိုးနဲ့ကစားတဲ့ သူဖြစ်ပါတယ်။ သူဟာအရည်အချင်းရှိတဲ့သူဖြစ်ပြီး မန်စီးတီးအသင်းကိုတော့ တစ်စုံတစ်ရာပေးနိုင်စွမ်းရှိမယ့်သူ ဖြစ်ပါတယ်" လို့လည်း ပြောဆိုခဲ့ပါတယ်။

ပြီးခဲ့တဲ့စပါးအသင်းနဲ့ပွဲမှာဆိုရင် သူ့ရဲ့ခြေစွမ်းက သိသိသာသာကောင်းမွန်လွန်းတယ်။အဲဒီပွဲမှာဆိုရင် ဖီးလ်ဖိုဒန်ဟာ ဘောလုံးပေးပို့မှုပေါင်း ၄၁ ကြိမ်ပြုလုပ်ခဲ့ပြီး အောင်မြင်တဲ့ ဘောလုံးပေးပို့နိုင်မှုက ၃၄ ကြိမ်ရှိခဲ့တယ်။ ဒါ့အပြင်အဲဒီပွဲမှာဆိုရင် ဖီးလ်ဖိုဒန်ဟာ ဂိုးပေါင်းခြိမ်းခြောက်မှု သုံးကြိမ် လုပ်ဆောင်နိုင်ခဲ့တယ်။ အဲဒီ သုံးကြိမ်မှာ တစ်ကြိမ်ကတော့ ဂိုးအဖြစ်ပြောင်းနိုင်ခဲ့တယ်။ ဒါတွေကိုကြည့်မယ်ဆိုရင်တော့ သူ့ရဲ့ခြေစွမ်းဟာ ဂွါဒီယိုလာအတွက်တော့ အားထားစရာဖြစ်လာနိုင်တယ်လို့ ပြောရမယ်။

အခုဆိုရင် ဒီဘရူနီကလည်းဒဏ်ရာကြောင့် အသင်းမှာ ရာသီကုန်အထိတောင် အနားယူရဖို့ရှိနေပြီ။ ဒါကြောင့် လာမယ့်လမှာ အသက် ၁၉ နှစ်ပြည့်ဖို့ရှိနေတဲ့ ဖီးလ်ဖိုဒန်ဟာ ပရီမီယာလိဂ် ရာသီကုန်ခါနီးမှာတော့ မန်စီးတီးအသင်းရဲ့အားကိုးရတဲ့ သူရဲကောင်းတစ်ဦး ဖြစ်လာနိုင်ဖို့ရှိနေပါတယ်။ ။



## ပရီမီယာလိဂ် ထိပ်ဆုံးလေးသင်းဝင်ဖြစ်နိုင်မည်ဟု အာဆင်နယ်မန်နေဂျာ အမ်မရီ မျှော်လင့်ထား

အာဆင်နယ်အသင်းအနေဖြင့် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သော ပရီမီယာလိဂ်နှစ်ပွဲဆက် အရေးနိမ့်ခဲ့ရသော်လည်း ရာသီကုန်ချိန်တွင် အမှတ်ပေးဇယား၏ ထိပ်ဆုံးလေးသင်းစာရင်းဝင်ဖြစ်ရန် အခွင့်အလမ်းရှိနေဆဲဖြစ်ကြောင်း အာဆင်နယ်အသင်းမန်နေဂျာ အမ်မရီက ထုတ်ဖော်ပြောဆိုလိုက်သည်။

အာဆင်နယ်အသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သော ပရီမီယာလိဂ်ပွဲနှစ်ပွဲတွင် ခရစ္စတဲလ်ပဲလေ့စ်အသင်း သုံးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ ဝုဖ်ဗာဟမ်တန်အသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အရေးနိမ့်ခဲ့ရသည်။ ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် လက်ကျန်ပွဲ သုံးပွဲသာကစားရန် ကျန်ရှိတော့ ချိန်၌ အာဆင်နယ်အသင်းသည် ရမှတ် ၆၆ မှတ်ဖြင့် အမှတ်ပေးဇယား၏ အဆင့် ၅ နေရာတွင် ရပ်တည်နေကာ ချန်ပီယံလိဂ်ဝင်ခွင့် ရရှိနိုင်မည့် အဆင့် ၄ နေရာမှ စပါးအသင်းထက် တစ်မှတ်လျော့ နည်းနေသည်။

မန်နေဂျာ အမ်မရီက "အာဆင်နယ်အသင်းအနေနဲ့ အဆင့် ၄ နေရာ ကို ရယူနိုင်မယ့် ကိုယ့်လက်ထဲက အခွင့်အရေးတွေကို ဆုံးရှုံးခဲ့ရပါတယ်။ ဒါပေမယ့် အဲဒီအခွင့်အရေးကို ကျွန်တော်တို့ ပြန်ရနိုင်ပါသေးတယ်။ ထိပ်ဆုံးလေးသင်းစာရင်းဝင်ဖြစ်ဖို့က အာဆင်နယ်အသင်းရဲ့ ပစ်မှတ်ပါ။ ခက်ခဲတဲ့ ပစ်မှတ်လည်းဖြစ်ပါတယ်။ အာဆင်နယ်က နောက်ထပ် ပရီမီယာလိဂ်ပွဲ သုံးပွဲကစားဖို့ ကျန်ရှိနေပြီး အဲဒီပွဲတွေမှာ ထိပ်ဆုံးလေးသင်းစာရင်းဝင်ဖြစ်ဖို့ အခွင့်အလမ်း ပြန်ရလာနိုင်တယ်။ လာမယ့် ပရီမီယာလိဂ်ပွဲစဉ်အဖြစ် လက်စတာအသင်းနဲ့ ရင်ဆိုင်ရမယ့်ပွဲအတွက် အကောင်းဆုံးပြင်ဆင်သွားဖို့ လိုအပ်ပါတယ်။ အဲဒီပွဲက ခက်ခဲတဲ့ပွဲဖြစ်လာနိုင်ပေမယ့် ကျွန်တော်တို့ တစ်စုံတစ်ရာ ရရှိနိုင်ပါတယ်"ဟု ပြောဆိုခဲ့သည်။ **ထက်အောင်**

# မူဆယ်မြို့တွင် အလုပ်ရှင်နှင့် အလုပ်သမားများ သိရှိသင့်သော ဥပဒေဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**မူဆယ် ဧပြီ ၂၅**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့တွင် အလုပ်ရှင်နှင့် အလုပ်သမားများ သိရှိသင့်သော ဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနနှင့် လူမှုဖူလုံရေးအဖွဲ့၊ မြို့နယ်လူမှုဖူလုံရေးရုံးတို့ ပူးပေါင်း၍ ယမန်နေ့က မူဆယ်မြို့ မင်္ဂလာမူဆယ် နယူးစတားလိုက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

"ဥပဒေမှာပါတဲ့ ရပိုင်ခွင့်တွေကို အလုပ်သမားတွေ ပြည့်ပြည့်ဝဝ ရရှိနိုင်ဖို့အတွက် ဥပဒေမှာ ပြဋ္ဌာန်းထားတဲ့အတိုင်း သူတို့ရဲ့ အခွင့်အရေးတွေကို သူတို့ကိုယ်တိုင် သိရှိဖို့ လိုအပ်ပါတယ်။ အလုပ်ချိန်၊ လုပ်ခလစာ၊ ခွင့်ရက်၊ အလုပ်ပိတ်ရက်စတဲ့ ခံစားခွင့်တွေရယ် လုပ်ငန်းခွင်ဘေး အန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ ရှောင်ရန်၊ ဆောင်ရန်တွေကို သူတို့ကိုယ်တိုင် သိရှိနားလည်ဖို့နဲ့ သူတို့ပတ်ဝန်းကျင်မှာ အလုပ်လုပ်ကိုင်နေတဲ့ မိသားစုတွေ လုပ်ဖော်ကိုင်ဖက်တွေကို တစ်ဆင့် ပြန်လည်မျှဝေပေးဖို့အတွက် အခုလို ဆွေးနွေးပွဲကို ပြုလုပ်ပေးတာပါ"ဟု အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးဇာခြည်အောင်က ပြောသည်။

ဆွေးနွေးပွဲတွင် မူဆယ်မြို့ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးလှမြင့်သိန်းက အလုပ်ရှင်နှင့် အလုပ်သမားများ သိရှိသင့်သော ဥပဒေများနှင့် ပတ်သက်သည့် သိကောင်းစရာများ၊ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက အလုပ်သမားဥပဒေရေးရာများ၊ လူမှုဖူလုံရေးအဖွဲ့မှ တာဝန်ခံ ဒေါ်စုနန္ဒာမိုးက လူမှုဖူလုံရေးဥပဒေနှင့် အကျိုးခံစားခွင့်များနှင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှဦးစီးအရာရှိ ဒေါ်မေသက်ပိုင်ဦးက လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အကြောင်းအရာများကို ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဝန်ထမ်းများ၊ အလုပ်ရှင်များနှင့် အလုပ်သမားများက သိလိုသည့် အလုပ်သမားဥပဒေဆိုင်ရာ အကြောင်းအရာများကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေး ဖြေကြားပေးသည်။

**ဇန်ရိုးထန် (ပြန်/ဆက်)**



မူဆယ်မြို့တွင် အလုပ်ရှင်နှင့် အလုပ်သမားများ သိရှိသင့်သော ဥပဒေဆိုင်ရာ ဆွေးနွေးပွဲကျင်းပစဉ်။

# ကုန်းသာကျေးရွာ၌ ကုန်ထုတ်လမ်းခင်း

**သီပေါ ဧပြီ ၂၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကုန်းသာကျေးရွာတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက် ရန်ပုံငွေဖြင့် ဆောင်ရွက်သော ကျေးရွာ ကုန်ထုတ်လမ်း ဖြုန်းကျောက်လမ်းခင်းခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေဖြင့် ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို ယမန်နေ့က ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးရာ ခရိုင်ကျေးလက်ဦးစီးမှူး ဒေါ်မြင့်ဝင်း၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဒေါ်နှင်းယဉ်ဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်းပြသခဲ့သည်။

**စိုင်း (သီပေါ)**

# မကွေးမြို့ရှိ ကန်သာဈေး၌ စားသောက်ကုန်အချို့တွင် ခွင့်မပြု တာရှည်ခံဆေးသုံးထားသည်ကို တွေ့ရ

**မကွေး ဧပြီ ၂၅**

မကွေးမြို့ရှိ ဈေးများအနက် ကန်သာဈေးကို အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့က ယမန်နေ့က စစ်ဆေးခဲ့ရာ ခေါက်ဆွဲခြောက်နှင့် အသားတုအချို့တွင် ထည့်သွင်းသုံးစွဲရန် ခွင့်ပြုထားခြင်းမရှိသော တာရှည်ခံဆေးများ တွေ့ရှိသည်။

"အသားတုအကြီး၊ အသေးနှစ်မျိုးနဲ့ လပ်ကီးတံဆိပ်ခေါက်ဆွဲခြောက်တစ်မျိုးမှာ Borax တာရှည်ခံဆေးသုံးစွဲထားတာကို တွေ့ရပါတယ်။ သုံးခွင့်ပြုထားတဲ့ တာရှည်ခံဆေးတွေထဲမှာ Borax မပါပါဘူး။ ခေါက်ဆွဲခြောက်ကတော့ တံဆိပ်ပါတဲ့အတွက် စက်ရုံက ခေါက်ဆွဲခြောက်တွေကို စစ်ဖို့လုပ်နေတယ်။ အသားတုကတော့ တံဆိပ်မပါဘူး။ သူတို့ပြောတဲ့ ရန်ကုန်နဲ့ အိန္ဒိယဘက်ကဝင်တယ်ဆိုတဲ့ အပေါ်မှာ ဈေးကွက်ထောက်လှမ်းမှုတွေ လုပ်နေပါတယ်" ဟု အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး တာဝန်ခံ ဒေါက်တာပြည့်ထူးက ပြောသည်။

ပြည်သူများ စားသောက်လေ့ရှိသည့် ငရုတ်သီးမှုန့်၊ မုန့်ဖတ်၊ ငါးပိ၊ သရက်ချဉ်၊ အသားတု၊ ဝက်အူချောင်း၊ ကြက်အူချောင်း၊ ခေါက်ဆွဲခြောက်စသည်တို့တွင် အန္တရာယ်ရှိသည့် ပစ္စည်းများ၊ ခွင့်မပြုဆိုးဆေးများ ပါဝင်ခြင်း ရှိ မရှိကို ဓာတ်ခွဲခန်းယာဉ်ဖြင့် စစ်ဆေးခဲ့သည်မှာ သုံးကြိမ်မြောက်ဖြစ်ကြောင်း၊ ယခင်အကြိမ်စစ်ဆေးမှုများတွင် အသားတုနှင့် ကွမ်းသီးများတွင် ခွင့်မပြု ဓာတုဆိုးဆေးများ ပါဝင်ခဲ့၍ ဖျက်ဆီးမှုများ၊ ရောင်းချသူကို ခံဝန်ကတိပြုလက်မှတ်ရေးထိုးစေခြင်းများ လုပ်ဆောင်ခဲ့ရကြောင်းငင်းက ဆက်လက်ပြောပြသည်။

အမျိုးသား ကျန်းမာရေးကို စောင့်ရှောက်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည့်အတွက် ယခုကဲ့သို့စစ်ဆေးမှုများ ဆက်တိုက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်သူများ၊ ရောင်းချသူများဘက်မှ အမှားတွေ့လျှင် အမှန်ပြင်ခြင်းဖြင့် ကောင်းမွန်သော ရလဒ်များ ဖော်ဆောင်လာနိုင်မည်ဖြစ်ကြောင်း မကွေးမြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးဖိုးနီက ပြောကြားသည်။ **ဇေယျတု(မကွေး)**




တာဝန်ရှိသူတို့မှ မကွေးမြို့ကန်သာဈေးအတွင်းရှိ ဈေးဆိုင်များအား ကွင်းဆင်းစစ်ဆေးစဉ်။

# မအူပင်မြို့နယ်၌ ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များ ပြန်လည်ရွေးချယ်

**မအူပင် ဧပြီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာဖြစ်သည့် အလန်းကျေးရွာအုပ်စုရှိ အလန်းကြီးကျေးရွာ၊ သခွပ်ပင်စုကျေးရွာနှင့် ကနူးကျေးရွာအုပ်စုရှိ မြင်းခြံစုကျေးရွာ၊ ကျီစုကျေးရွာတို့တွင် ကျေးရွာမြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များ ပြန်လည်ရွေးချယ်ပွဲကို ယမန်နေ့က အလန်းကြီးကျေးရွာနှင့် မြင်းခြံစုကျေးရွာ ဘုန်းတော်ကြီးကျောင်းတို့၌ ကျင်းပသည်။

အခမ်းအနားတွင် မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ဝါဝါမိုးက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာပေါင်း ၂၁ ရွာရှိပြီး စီမံကိန်းကာလ သုံးနှစ်ပြည့်မြောက်ပြီ ဖြစ်သောကြောင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်နှင့်အညီ ကျေးရွာမြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှု ကော်မတီဝင်များကို ပြန်လည်ရွေးချယ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်သော ကျေးရွာသူ ကျေးရွာသားများ၏ သိရှိလိုသည့် မေးမြန်းချက်များကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးက ပြန်လည်ဖြေကြားပြီး ကျေးရွာသူ ကျေးရွာသားများ၏ ဆန္ဒမဲများနှင့်အညီ ကျေးရွာမြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များကို ရွေးချယ်ခဲ့သည်။

မအူပင်မြို့နယ်အတွင်း ကျေးရွာအုပ်စု ၇၆အုပ်စု၊ ကျေးရွာ ၄၄၂ ရွာရှိသည့်အနက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ မြစိမ်းရောင်ကျေးရွာစီမံကိန်း ယူနစ်ပေါင်း ၆၈ယူနစ် အကျိုးပြုကျေးရွာအုပ်စု ၆၅ အုပ်စု၊ ကျေးရွာ ၈၈ ရွာ၌ စီမံကိန်း ရန်ပုံငွေကျပ် စုစုပေါင်း ၂၆၆၈ ဒသမ ၄၇၈ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမြင့်မိုရ်**



မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှု ကော်မတီဝင်များ ပြန်လည်ရွေးချယ်ပွဲ ပြုလုပ်နေစဉ်။

# ရေမီတာသုံး ရေပေးရေးစနစ် ပေါက်တောမြို့နယ်၌ဆောင်ရွက်

**ရမ်းဗြဲ ဧပြီ ၂၅**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် မြင့်ဂါသစ်ကျေးရွာ၊ ကံချောင်းကျေးရွာ၊ သာစည်ကုန်းကျေးရွာတို့တွင် ပြည်သူ့ကျေးလက်ယူနီဆက်တို့ ပူးပေါင်းကာ ရေမီတာသုံးရေပေးဝေရေးစနစ် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၂ ရက်က မြို့နယ်ကျေးလက်ဦးစီးမှူး ဦးအောင်မြတ်ဦးနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးဟိန်းထက်အောင်တို့က ကွင်းဆင်းစစ်ဆေးခဲ့ပြီး လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရန် ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။ **အောင်လှဖြူ(ရမ်းဗြဲ)**

# မုံရွာမြို့နယ်၌ ဧက ၅၀ အကျယ် ဝါးကျေးရွာတည်ထောင်ရေး မေလအတွင်း စတင်မည်

**မုံရွာ ဧပြီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်း ဝါးနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအသင်းမှ တည်ထောင်မည့် ဧက ၅၀ အကျယ်ရှိ ဝါးကျေးရွာကို မေလအတွင်း စတင်အကောင်အထည်ဖော် လုပ်ဆောင်သွားမည်ဖြစ်သည်။

"ကျွန်တော်တို့ဒေသက အပူပိုင်းဇုန်ထဲမှာ ကျနေတာဆိုတော့ အပူချိန်က အလွန်များတယ်။ အဲဒီအတွက်လည်း အပူချိန်ကို လျှော့ချဖို့ အပင်စိုက်တာလည်း တစ်ခုအပါအဝင်ပါ။ နောက်ပြီး ဒေသကလူငယ်တွေ ဝါးနဲ့ပတ်သက်တဲ့ လက်မှုပညာတွေကို လက်တွေ့သိရှိပြီး လေ့လာလို့ရအောင်လို့ ဝါးကျေးရွာမှာ လုပ်ဆောင်ပေးမယ်။ အဲဒီမှာ မြန်မာနိုင်ငံမှာရှိတဲ့ ဝါးမျိုးစိတ်တွေကို စိုက်ပြီးတော့ ပြသထားမယ်။ ဝါးလက်မှုပစ္စည်းတွေ၊ ဝါးနဲ့ပတ်သက်တဲ့ ထုတ်ကုန်တွေကိုလည်း ပြည်သူတွေ လေ့လာနိုင်အောင် ဝယ်ယူစုဆောင်းတာတွေ လုပ်ဆောင်နိုင်ဖို့အတွက်လည်း စီစဉ်ပေးထားမှာပါ"ဟု ဝါးနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအသင်းဥက္ကဋ္ဌ ဦးသန့်ဇင်က ပြောသည်။

မုံရွာမြို့နယ် ဗောဓိတထောင် သာသနာ့နယ်မြေ အနောက်ဘက်ခြမ်းတွင် ဧက ၅၀ အကျယ်အဝန်းရှိ ကျေးရွာတည်ထောင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ဝါးနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအသင်းတွင် ဇန်နဝါရီ ၂ ရက်က တင်ပြခဲ့ရာ မတ် ၂၉ ရက်တွင် ကျင်းပသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစည်းအဝေး အမှတ်စဉ်(၇/၂၀၁၉)၏ ဆုံးဖြတ်ချက်အပိုဒ် (၃၂)အရ ခွင့်ပြုခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး (ဧေယျာတိုင်း)**

Don't Use Cell Phone While Driving
အသက်အန္တရာယ်ကင်းစေဖို့ ယာဉ်မောင်းနှင်စဉ်
ဖုန်းသုံးစွဲမှုရှောင်ရှားစို့

# လမ်းကွန်ရက်အမှတ်(၃)လပွတ္တာ-သင်္ကန်းကြီး-ပြင်စလူ လမ်း ကတ္တရာခင်း


လမ်းကွန်ရက်အမှတ် (၃) ကတ္တရာလမ်းခင်းခြင်းဆောင်ရွက်နေသော လမ်းပိုင်းတစ်နေရာကို တွေ့ရစဉ်။

**ရန်ကုန် မေ ၂၅**

လပွတ္တာ-သင်္ကန်းကြီး-ပြင်စလူကားလမ်းသည် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့မှ သင်္ကန်းကြီးကျေးရွာကိုဖြတ်၍ ပင်လယ်ဝ ပြင်စလူမြို့နယ်အထိ ၅၆ ဒသမ ၇၂၉ ကီလိုမီတာရှိပြီး ၂၀၀၈- နာဂစ်မုန်တိုင်း ကျရောက်ပြီးနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန (ယခင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း) ယခု လမ်းဦးစီးဌာနက ဖောက်လုပ်ခဲ့သော လမ်းကွန်ရက်၁၀ သွယ်အနက် အမှတ်(၃)လမ်းကွန်ရက်တစ်ခုဖြစ်သည်။

အဆိုပါလမ်းသည် ယခင်က လပွတ္တာမြို့မှ သင်္ကန်းကြီးကျေးရွာအထိ ၃၀ ဒသမ ၁၈၇ ကီလိုမီတာအား ဆည်မြောင်းဦးစီးဌာန၏ ပင်လယ်ရေငန်များ ဝင်ရောက်ခြင်း မပြုနိုင်ရန် ဆောင်ရွက်ထားသော ရေငန်တား တာပေါင်ဖြစ်သည်။ ၁၉၉၃ ခုနှစ်တွင် ၁၀ ပေအကျယ်ကျောက်ခင်းကားလမ်းအဖြစ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဆောင်ရွက်ခဲ့သော်လည်း ၂၀၀၈ ခုနှစ် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် လမ်းပျက်စီးသွားခဲ့ရသည်။

ထိုနှစ် နာဂစ်မုန်တိုင်းလွန်ကာလမှာပင် လမ်းကွန်ရက် (၁၀)သွယ် အား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လပွတ္တာ-သင်္ကန်းကြီး- ပြင်စလူလမ်းသည်လမ်းကွန်ရက်အမှတ်(၃)အဖြစ် ပါဝင်ခဲ့ပြီး မြေသားတာပေါင် ဆောင်ရွက်ခြင်းလုပ်ငန်းအား လပွတ္တာခရိုင် လမ်းဦးစီးက ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ ပြည်ထောင်စုအစိုးရ ခွင့်ပြုရန်ပုံငွေနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေတို့ကို သုံးစွဲ၍ လမ်းနယ်နိမိတ်သတ်မှတ်ခြင်း၊ လမ်းတာပေါင်ထိပ်ကိုခြောက်မီတာအကျယ် တည်ဆောက်ခြင်း၊ လမ်းတာပေါင်အမြင့်တည်ဆောက်ခြင်း၊ လမ်းပခုံးမြေသားများတင်ခြင်း၊ ကွန်ကရစ်မြေကာနံရံများတင်ခြင်း၊ သစ်သားတံတားများကို ကွန်ကရစ်တံတားအဖြစ် ပြောင်းလဲတည်ဆောက်ခြင်း၊ ၃ ဒသမ ၆၆ အကျယ်မီတာရှိ ကတ္တရာလမ်းအရှည် ၁၄ ဒသမ ၂၈၃ ကီလိုမီတာခင်းခြင်း၊ အမာခံလမ်း ၂၉ ဒသမ ၇၇၃ ကီလိုမီတာခင်းခြင်း၊ မြေသားလမ်း ၁၂ ဒသမ ၆၇၃ ကီလိုမီတာတိုးအောင် ဆောင်ရွက်ထားရှိပြီး ခွင့်ပြုရန်ပုံငွေ ထပ်မံရရှိပါက မိုင်အားလုံးကို ရာသီမရွေးသွားလာနိုင်ရန် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်သွားမည်ဟု သိရသည်။

**ခရမ်းစိုးမြင့်**

## မီးဖိုမီး စတင်ဖြစ်ပွားရသည့် အချက်များ

- ❖ မီးဖိုတွင် မီးကြွင်းမီးကျန်ရှိခြင်း။
- ❖ မီးဖိုမီးကို လိုသည်ထက်ပို၍သုံးစွဲခြင်း။
- ❖ မီးဖိုအသုံးပြုစဉ် အစောင့်မရှိခြင်း။
- ❖ ထင်းကြပ်တင်ခြင်း။
- ❖ ကြပ်ခိုးများသို့ မီးစွဲခြင်း။
- ❖ ဆီအိုးအပူလွန်ကဲခြင်း။
- ❖ မီးဖိုနှင့် ထရံအကာနီးကပ်နေခြင်း။
- ❖ ဓာတ်ဆီ၊ ရေနံဆီနှင့်မီးမွှေးခြင်း။
- ❖ အသက်အရွယ်ကြီးရင့်သူ၊မသန်မစွမ်းသူနှင့် ကလေးသူငယ်များမှ ချက်ပြုတ်ကြော်လှော်ခြင်း။



# ချင်းတွင်းမြစ်အတွင်း မုံရွာဘက်ခြမ်းမှ ညောင်ပင်ကြီးဆိပ်ကမ်းသို့ ပြေးဆွဲလျက်ရှိသော ကူးတို့စက်လှေအသင်းများကို ခေါ်ယူသတိပေး

**မုံရွာ မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး၌ ယမန်နေ့က မုံရွာမြို့ဘက်ခြမ်းမှ ဆားလင်းကြီးမြို့နယ် ညောင်ပင်ကြီးဆိပ်ကမ်းသို့ ချင်းတွင်းမြစ်ကိုဖြတ်လျက် နေ့စဉ်ပြေးဆွဲပေးလျက်ရှိသော ကူးတို့စက်လှေများ အန္တရာယ်ကင်းရှင်းစွာ ပို့ဆောင်နိုင်ရေး ကူးတို့စက်လှေအသင်းများကို ခေါ်ယူသတိပေးခဲ့ကြောင်း သိရသည်။

"မကြာမီအချိန်မှာ မိုးရာသီလည်းနီးလာပြီဖြစ်တယ်။ မတော်တဆမှုတွေ မဖြစ်ပေါ်စေဖို့အတွက် ထိန်းကျောင်းမှုတွေ လုပ်ဆောင်ပေးနေရတာဖြစ်ပါတယ်။ ကြပ်မတ်ကွပ်ကဲတဲ့နေရာမှာ နေ့စဉ်တယ်လီဖုန်းနဲ့ တိုက်ရိုက်ချိတ်ဆက်ပြီးသော်လည်းကောင်း၊ ညွှန်ကြားချက်စာတွေ ထုတ်ပြန်ပြီးသော်လည်းကောင်း၊ လူကိုယ်တိုင်သွားပြီး စစ်ဆေးခြင်းဖြင့်လည်းကောင်း ကြပ်မတ်ကွပ်ကဲနေတယ်။ လိုက်ဂျက်ကက်တွေ ပါရှိရေး၊ လိုက်ဂျက်ကက်တွေကို ခရီးသည်များဝတ်ဆင်ရေး၊ အရေးပေါ်တစ်ခုခုဖြစ်ပေါ်ပါက အလွယ်တကူအသုံးပြုနိုင်ရေး ဗောကွင်းများ၊ ရေပုံးများ၊ ကြိုးများနဲ့သီထားဖို့ လုပ်ဆောင်ခြင်း ရှိ မရှိကိုလည်း စစ်ဆေးနေတယ်"ဟု တိုင်းဒေသကြီးရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်သန်းက ပြောသည်။

မုံရွာမြို့ဘက်ခြမ်းမှ ဆားလင်းကြီးမြို့နယ် ညောင်ပင်ကြီးဆိပ်ကမ်းသို့ ချင်းတွင်းမြစ်ကို ဖြတ်လျက် ကူးတို့စက်လှေအသင်း သုံးခုမှ နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ပြေးဆွဲပေးလျက်ရှိရာ ရေယာဉ်မတော်တဆမှုများ မဖြစ်ပေါ်စေရေး ရေယာဉ်စစ်ဆေးရေးအဖွဲ့မှလည်းကောင်း၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လည်းကောင်း စစ်ဆေးမှုများ လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းဦး (ဇေယျာတိုင်း)**


ချင်းတွင်းမြစ်ကိုဖြတ်လျက် နေ့စဉ်ပြေးဆွဲလျက်ရှိသော ကူးတို့စက်လှေတစ်စင်းကို တွေ့ရစဉ်။

# သောက်သုံးရေ အခက်အခဲဖြစ်နေသော နေရာများသို့ သောက်သုံးရေများ လှူဒါန်း

**တောင်ငူ မေ ၂၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်းရှိ ရေရှားပါးပြတ်လပ်ရာ နေရာများသို့ သောက်သုံးရေများ ဖြန့်ဖြူးပေးနိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနနှင့် တောင်ငူမြို့ပေါ်ရှိ ပရဟိတအဖွဲ့ဝင်များ အစည်းအဝေးပြုလုပ်ကာ သောက်သုံးရေ ဖြန့်ဝေပေးနိုင်မှု အခြေအနေ၊ စက်သုံးဆီထောက်ပံ့ပေးနိုင်မှု အခြေအနေတို့ကို ဆွေးနွေးပြီး ယမန်နေ့က ရေများ သွားရောက်လှူဒါန်းသည်။

သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေသော ကျေးရွာအုပ်စု ငါး အုပ်စုရှိ ကျေးရွာ ၁၁ ရွာနှင့် မြို့ပေါ်ရှိ ရပ်ကွက် ၁၂ ရပ်ကွက်နှင့် ဒိုးသောင်ကျေးရွာအုပ်စုရှိ သဲဖြူကျေးရွာကို ကေတုပရဟိတ ရေသယ်ယာဉ်ဖြင့် ရေဂါလန် ၃၆၀၀ သွားရောက် လှူဒါန်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**


သောက်သုံးရေအခက်တွေ့နေသော နေရာများသို့ ရေဖြန့်ဝေပေးနေစဉ်။

# သင်္ကြန်ပိတ်ရက်ပြီး အပြန် ခရီးသွားပြည်သူများ အဆင်ပြေစေရေးအတွက် ဖျာပုံ မ.စ.က မှ ပံ့ပိုးကူညီ

**ဖျာပုံ မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ရှိ ပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်း ယာဉ်များစနစ်တကျ ပြေးဆွဲရေးကြီးကြပ်မှုကော်မတီ (မစက)မှ သင်္ကြန်ပိတ်ရက်ပြီး အပြန် ခရီးသွားပြည်သူများ အဆင်ပြေစေရန် ဖျာပုံ-ဒလ ယာဉ်လိုင်းများကို အကြိမ်ရေ ၄၉ ကြိမ်အတွက် ကားဆီဖိုး တစ်ဝက်ကုန်ကျခံ ပြေးဆွဲပေးခဲ့သည်ဟု သိရသည်။

"သင်္ကြန်ပိတ်ရက်ပြီးချိန်မှာ ရန်ကုန်ဘက်ပြန်မယ့် ခရီးသွားတွေ အဆမတန်များနေလို့ ဖျာပုံဘက်ခြမ်းမှာ ခရီးသည်တွေ ပုံနေတယ်။ ဒလဘက်က ဆင်းလာမယ့်ကားတွေမှာတော့ ခရီးသည်ကနည်းပြီး ဆီဖိုးတောင် မကျေသလောက် ဖြစ်နေလို့ ယာဉ်လိုင်းတွေဘက်ကလည်း ပုံမှန်အကြိမ်ရေတိုင်း ပြေးဆွဲနိုင်ကြတယ်။ ခရီးသည်နဲ့ယာဉ်တွေမမျှဖြစ်နေလို့ ပုံမှန်အကြိမ်အရေအတွက်ထက် ပြေးဆွဲပေးတဲ့ လိုင်းကားတွေကို ဒလ -ဖျာပုံ အပြန်ဆီဖိုး တစ်ဝက်ကို အဖွဲ့ရန်ပုံငွေကနေ ကျခံပေးလိုက်တာဖြစ်ပါတယ်" ဟု မြို့နယ် ပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်း ယာဉ်များစနစ်တကျ ပြေးဆွဲရေးကြီးကြပ်မှုကော်မတီ (မစက)မှ ဦးဟန်သိန်းနိုင်က ပြောသည်။

ဖျာပုံမြို့သည် ပင်လယ်ထွက်ပေါက်ဒေသတစ်ခုဖြစ်ရာ ယခင်က ရေလမ်းခရီးကိုသာ အဓိကထားသွားလာကြရပြီး နာဂစ်မုန်တိုင်းပြီးနောက်မှစ၍ ကုန်းလမ်းကို အဓိထား သွားလာကြရသည်။ ဖျာပုံမှ ဒလသို့ ကားဖြင့် သွားလာရာတွင် အချိန်သုံးနာရီခန့်သာ ကြာမြင့်သည်။

ယခုနှစ် သင်္ကြန်ပြီးနောက်ပိုင်းတွင် ခရီးသွားပြည်သူများ အဆင်ပြေစေရေးအတွက် နှစ်ဆန်း ၂ ရက်မှစတင်၍ နှစ်ဆန်း ၄ ရက်အထိ ပုံမှန်ခရီးစဉ်ထက် အကြိမ်ရေပိုပြေးဆွဲပေးခဲ့သော ဒလ -ဖျာပုံ ထက်အောင်ကျော် ယာဉ်လိုင်းအတွက် ၃၉ ကြိမ်၊ ဒလ -ဖျာပုံပါရမီယာဉ်လိုင်းအတွက် တစ်ကြိမ်၊ ရတနာယာဉ်လိုင်းအတွက်ခြောက်ကြိမ်အတွက် ဖျာပုံ မ.စက မှ ကားဆီဖိုးတစ်ဝက် ကျခံပေးခဲ့ကြောင်း၊ ထို့အတူ ဖျာပုံ -ကျိုက်လတ်-မအူပင် -လှိုင်သာယာ ကြယ်စင်လင်း ယာဉ်လိုင်းကလည်း လပြည့်နေ့နှင့်တိုက်ဆိုင်နေ၍ ဖျာပုံ-ရန်ကုန် ခရီးစဉ် ၁၀ ကြိမ် အခမဲ့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**

## ကျိုက်ဒုံမြို့၌ လေပြင်းတိုက်၍ နေအိမ်အချို့အမိုးများပျက်စီး

**ကျိုက်ဒုံ မေ ၂၅**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျိုက်ဒုံမြို့တွင် မေ ၂၄ ရက် ညနေ ၆ နာရီခွဲခန့်က အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းတို့ကြောင့် အမှတ်(၂)ရပ်ကွက်တွင် နေအိမ် သုံးလုံး၊ အမှတ်(၃)ရပ်ကွက်တွင် နေအိမ် လေးလုံး စုစုပေါင်း နေအိမ် ခုနစ်လုံးမှ အမိုးသွပ် အချပ် ၁၀၀ ခန့်နှင့် အမိုးသစ်သားဒိုင်းများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ လေပြင်းဒဏ်ကြောင့် စုစုပေါင်း ပျက်စီးဆုံးရှုံးမှု တန်ဖိုးမှာ ကျပ် ၁၀ သိန်းခန့်ရှိပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်းနှင့် လေပြင်းဒဏ်ကြောင့် သစ်ပင်များလဲကျ၍ လမ်းပိတ်ဆို့နေမှုများကို မြို့အုပ်ချုပ်ရေးမှူး ဦးမင်းဇော်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မီးသတ်တပ်ဖွဲ့များနှင့် ရဲတပ်ဖွဲ့ဝင်များက လိုက်လံ ဖယ်ရှားရှင်းလင်းပေးလျက်ရှိကြောင်း သိရသည်။

**သန်းထွန်းနိုင်(ပြန်/ဆက်)**



## နှလုံးသွေးကြောကျဉ်းရောဂါအကြောင်း ပညာပေးဟောပြော

**လွိုင်ကော် မေ ၂၅**

မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး(နှလုံးရောဂါအထူးကုဌာန)နှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း(ကယားပြည်နယ်)တို့ ပူးပေါင်း၍ နှလုံးသွေးကြောကျဉ်းရောဂါ အကြောင်း လူထုအခြေပြု ပညာပေးဟောပြောပွဲကို 'သင့်နှလုံးသားကျန်းမာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့' ခေါင်းစဉ်ဖြင့် လွိုင်ကော်မြို့ရှိ Famous ဟိုတယ် အစည်းအဝေးခန်းမ၌ မေ ၂၄ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ခုတင်(၅၀၀)ဆံ့ လွိုင်ကော်ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာစိန်စိန်က အမှာစကားပြောကြားပြီး အထွေထွေရောဂါ အထူးကုသမားတော်ကြီး ဒေါက်တာအောင်မင်းက နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်ပွားပုံများ၊ ရောဂါလက္ခဏာများ၊ ရောဂါနှင့်ပတ်သက်သည့် သိကောင်းစရာများကို ရှင်းလင်းဟောပြောခဲ့ကာ ဟောပြောပွဲတက်ရောက်သည့် ဒေသခံပြည်သူများက သိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ကြသည်။

**လွိုင်ကော်သား**

## မလှိုင်မြို့နယ်၌ ကျန်းမာရေးအသိပညာပေး ဆွေးနွေး

**မလှိုင် မေ ၂၅**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ Woman Club အဖွဲ့က ဦးဆောင်၍ အမျိုးသမီးများအတွက် ကျန်းမာရေး အသိပညာပေး ဆွေးနွေးပွဲကို မလှိုင်မြို့နယ်ပြန်/ဆက်ရုံး ကွန်မြူနတီစင်တာခန်းမ၌ မေ ၂၄ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် Woman Club ဥက္ကဋ္ဌ ဒေါက်တာဒေါ်ပြုံး(ပါမောက္ခ -အငြိမ်းစား)က အမှာစကားပြောကြားပြီး မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ဆေးခန်းတာဝန်ခံ ဆရာမဒေါ်သောင်းသောင်းဝေက တိုင်းရင်းဆေးဝါးများအကြောင်းနှင့် အိမ်ရှင်မများ နေ့စဉ်သုံးစွဲနေသည့် ဆန်၊ ဆီ၊ ဆား၊ ချင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီနှင့် ကွမ်းရွက်စသည့် ပစ္စည်းများ၏ ကျန်းမာရေးအတွက် အထောက်အကူပြုပုံများ၊ အသုံးပြုရမည့် နည်းလမ်းများ၊ ရာသီဥတုပူပြင်းနေသည့် ယခုလိုအချိန်တွင် ရှောင်ရန်/ဆောင်ရန် အချက်များနှင့် အမျိုးသမီးများတွင် ဖြစ်ပွားတတ်သော ရောဂါများအကြောင်း စသည်တို့ကို အသိပညာပေး ဆွေးနွေးခဲ့ကာ တက်ရောက်လာသူများက သိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲသို့ Woman Club အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မလှိုင်မြို့နေ အမျိုးသမီးငယ်များ စုစုပေါင်းအင်အား ၅၀ ခန့် တက်ရောက်ခဲ့သည်။

**အောင်ဌေး(မလှိုင်)**



**စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တရားရုံးရှိ အမှုများမှ အမှုပြီးပြတ်ကာ ပြည်သူပိုင်ဘဏ္ဍာသိမ်းပစ္စည်းများဖြစ်သော အင်ဂျင်နှင့် ဆက်စပ်ပစ္စည်း ခြောက်မျိုးကို မေ ၂၄ ရက်က မြို့နယ်တရားရုံး၌ လေလံတင်ရောင်းချနေစဉ်။** (လေလံပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်၊ ခရိုင်တရားသူကြီး ဒေါ်သီတာဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်တရားသူကြီး ဒေါ်သင်းသင်းလွင်နှင့် ဝန်ထမ်းများ၊ လေလံဆွဲဝယ်ယူသူများ တက်ရောက်ခဲ့ကြပြီး လေလံတင်ရောင်းချရာတွင် အင်ဂျင်နှင့် ဆက်စပ်ပစ္စည်း ခြောက်မျိုးကို ကျပ် ၅၆၀၀၀၀ ဖြင့် ရောင်းချခဲ့ရကြောင်း သိရသည်။)

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## အပူချိန်လွန်ကဲသဖြင့် သံဖြူဇရပ်မြို့၌ ရေတွင်းများ ရေခန်းခြောက်လာ

**သံဖြူဇရပ် မေ ၂၅**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်း ဧပြီလဆန်းပိုင်းမှစတင်ကာ အပူချိန်များ မြင့်တက်လာမှုကြောင့် မြို့ပေါ်ရပ်ကွက်များအတွင်းရှိ ယခင်နှစ်များက တစ်ကြိမ်တစ်ခါမျှ ရေခန်းခြင်းမရှိခဲ့ဖူးသည့် ရေတွင်းများပင် ရေများခန်းခြောက်လာကြောင်း မြို့နေပြည်သူများ၏ ပြောကြားချက်များအရ သိရသည်။

သံဖြူဇရပ်မြို့နယ်တွင် ယခုရက်များအတွင်း အပူချိန်သည် ၃၉ ဒီဂရီစင်တီဂရိတ်အထိ ရောက်ရှိကာ ရေတွင်းများ ခန်းခြောက်လာခြင်းကြောင့် ပြည်သူများအနေဖြင့် ရေလိုအပ်မှု များလာခဲ့၍ စက်ရေတွင်းတူးဖော်ပြီး ရေရောင်းချသူများထံ ကြိုတင်မှာယူ၍ ရေဝယ်ယူသုံးစွဲနေရကြောင်း၊ ရေရောင်းချပေးပို့သည့် ရေကားများမှာလည်း စက်ရေတွင်းမှ ရေရရှိရေးအတွက် ရေတွင်းများတွင် အလှည့်ကျ တန်းစီစောင့်ဆိုင်းနေကြရကြောင်း သိရသည်။

"ကျွန်တော်တို့ရပ်ကွက်မှာ ရေတွင်းတွေ တစ်နှစ်မှ ရေမခန်းခဲ့ဘူး၊ ဒီနှစ်မှာတော့ အပူချိန်မြင့်တက်တာနဲ့ စက်ရေတွင်းတွေတူးပြီး စီးပွားဖြစ် ရေရောင်းချသူတွေ ပိုများလာတဲ့အတွက် အနီးဝန်းကျင်က ရေတွင်းတွေမှာ ရေဆုတ်သွားပြီး ရေတွင်းတွေမှာ ရေခန်းကုန်တာပါ" ဟု သံဖြူဇရပ်မြို့ပေါ် ကျောင်းပိုင်းရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောသည်။

သံဖြူဇရပ်မြို့နယ်အတွင်း သောက်သုံးရေပြတ်လပ်မှုဖြစ်ပေါ်နေသည့် ရပ်ကွက်နှင့်ကျေးရွာများသို့ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးနေသည့် မြို့နယ်ရေပေးဝေလှူဒါန်းရေးအဖွဲ့အနေဖြင့် ရေအရင်းအမြစ်ရရှိရာ စက်သစ်ရပ် ကိုးနဝင်းပိုင်းမှ နှစ်ပေါင်းခြောက်ဆယ်ကျော် သက်တမ်းရှိသော ရေထွက်အားအလွန်ကောင်းသည့် အဝီစိတွင်းဟောင်းနှင့် ရေစုကန်ဟောင်းကို လွန်ခဲ့သည့် လေးနှစ်ခန့်က ပြန်လည်ပြုပြင်ကာ အဆိုပါ အဝီစိတွင်းဟောင်းမှရေများဖြင့် ရေဖြန့်ဝေလှူဒါန်းပေးရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် မတ်လဆန်းမှစ၍ လက်ရှိအချိန်အထိ နေ့စဉ် ရေဂါလန် ခုနစ်သောင်းခန့် လှူဒါန်းပေးနေရကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ပြည်တွင်းလုပ်သားတစ်သောင်းကျော်အတွက် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခဲ့

**ရန်ကုန် မေ ၂၅**

ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် ပြည်တွင်းလုပ်သား ၁၁၅၅၄ ဦးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ကြောင်း ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရုံး၌ မေ ၂၃ ရက်က ပြုလုပ်သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေး အမှတ်စဉ် (၅/၂၀၁၇)၏ မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

ရက်သတ္တပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဆိုပြုလုပ်ငန်း တစ်ခုနှင့် အတည်ပြုလုပ်ငန်း ၂၁ ခုကို ခွင့်ပြုခဲ့ရာ အဆိုပါလုပ်ငန်းများအနက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က အဆိုပြုလုပ်ငန်း တစ်ခုနှင့် အတည်ပြုလုပ်ငန်း တစ်ခုကို ခွင့်ပြုခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုလုပ်ငန်း ၁၅ ခု၊ ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုလုပ်ငန်း သုံးခု၊ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း တစ်ခုနှင့် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုလုပ်ငန်း တစ်ခုကို ခွင့်ပြုခဲ့ကာ အဆိုပါလုပ်ငန်း ၂၂ ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၂၇၁ သန်းကို ခွင့်ပြု/အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။ ခွင့်ပြုလိုက်သည့် အဆိုပါ လုပ်ငန်း ၂၂ ခုတွင် စက်မှုကဏ္ဍလုပ်ငန်း ၂၀၊ ဟိုတယ် ကဏ္ဍလုပ်ငန်း တစ်ခုနှင့် အခြားကဏ္ဍလုပ်ငန်း တစ်ခု ပါဝင်ပြီး ထိုလုပ်ငန်းများမှ ပြည်တွင်းလုပ်သား ၁၀၁၆၈ ဦးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အောက်တိုဘာ ၁ ရက်မှ မေ ၅ ရက်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၄၇ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၃၈၅ ဒသမ ၃၆၂ သန်းကို ခွင့်ပြုခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၉၀၉ ဒသမ ၂ သန်းဖြစ်ကြောင်း၊ အောက်တိုဘာ ၁ မှ မေ ၅ အထိ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၂၀၃၀ ဒသမ ၂၇ သန်းဖြစ်ပြီး အထူးစီးပွားရေးဇုန် ဥပဒေအရ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၂၁ ဒသမ ၀၇ သန်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုအနေဖြင့် အဆိုပြုလုပ်ငန်း နှစ်ခုနှင့် အတည်ပြုလုပ်ငန်း ၁၀ ခုကို ခွင့်ပြုခဲ့ရာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အတည်ပြုလုပ်ငန်းတစ်ခုနှင့် အဆိုပြုလုပ်ငန်း နှစ်ခု၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်းတစ်ခု၊ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း လေးခု၊ ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း တစ်ခု၊ စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း နှစ်ခုနှင့် ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်းတစ်ခုတို့ ဖြစ်သည်။

အဆိုပါလုပ်ငန်းများမှလည်း ပြည်တွင်းလုပ်သား ၁၃၈၆ ဦးအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုတို့မှ အလုပ်သမားစုစုပေါင်း ၁၁၅၅၄ ဦးအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**သန်းထိုက်**

## ဝမ်းတွင်းမြို့နယ်မှ ရွာ ၁၃ ရွာ လျှပ်စစ်မီးရရှိရန် ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာ ၁၂ လုံး တည်ဆောက်နေ

**ဝမ်းတွင်း မေ ၂၅**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ပင်းတလဲ ဓာတ်အားခွဲရုံပတ်ဝန်းကျင်မှ ကျေးရွာ ၁၃ ရွာ၌ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီနှင့် ၃၃ ကေဗွီ ဓာတ်အားလိုင်းများနှင့်အတူ ထရန်စဖော်မာ ၁၂ လုံး တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း မိတ္ထီလာခရိုင် လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။

ကျေးရွာ ၁၃ ရွာ လျှပ်စစ်မီးရရှိရေးအတွက် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ပင်းတလဲဓာတ်အားခွဲရုံမှ ၁၁ ကေဗွီ ဓာတ်အားလိုင်း ခြောက်မိုင် အသစ်တည်ဆောက်ခြင်း လုပ်ငန်း အပါအဝင် ကျေးရွာ ၁၃ ရွာ၌ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၀ ဒသမ ၄၄ မိုင်နှင့် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၀ ဒသမ ၇၁ မိုင်တို့ကို တည်ဆောက်နေကြောင်း၊ ထို့အတူ ၃၃/၀.၄ ကေဗွီ ထရန်စဖော်မာ နှစ်လုံးနှင့် ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာ ၁၀ လုံး တို့ကိုလည်း တည်ဆောက်နေကြောင်း၊ လုပ်ငန်းများကို တင်ဒါအောင်မြင်ထားသည့် Pyi Lin Htain ကုမ္ပဏီလီမိတက်က တာဝန်ယူကာ မတ် ၂၁ ရက်မှ စတင်ဆောင်ရွက်နေပြီး ဩဂုတ်လ ၂၀ ရက်တွင် အပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မီးလင်းရေးလုပ်ငန်းများ ပြီးစီးသွားပါက ပင်းတလဲဓာတ်အားခွဲရုံနှင့် ပတ်ဝန်းကျင်ကျေးရွာများ ဖြစ်သည့် မကျည်းတော၊ ရိုးရွာ၊ ကိုင်းရွာသစ်၊ ဗျင်းကြီး၊ ရွာသစ်၊ ကျွဲသား၊ ညောင်ပင်ကုန်း၊ လက်ပက်ကုန်း၊ ညောင်တို၊ ကန်ပတ်လည်၊ မြောက်ဆည်၊ ဉာဏ်ကန်နှင့် ငွေးကုန်းကျေးရွာများမှ ပြည်သူများအနေဖြင့် ၂၄ နာရီ လျှပ်စစ်ဓာတ်အား ရရှိမည်ဖြစ်ကာ မြို့နယ်အတွင်းမှ အခြား မီးမလင်းသေးသည့် ကျေးရွာများတွင်လည်း မီးရရှိရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်လျှပ်စစ်မန်နေဂျာရုံးမှ မန်နေဂျာ ဦးယုမော်ထံမှ သိရသည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**

## မိတ္ထီလာမြို့နယ်အတွင်း စက်ရေတွင်းတူးဖော်မှုကို တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ မေ ၂၅**

မိတ္ထီလာမြို့နယ် မွေကျေးရွာအုပ်စု မကျီးပင်တဲကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၆ ဒသမ ၀၁ သန်းဖြင့် ဆောင်ရွက်သည့် အနက်ပေ ၂၀၀ လေးလက်မ စက်ရေတွင်း တူးဖော်ပြီးစီးမှုကို တာဝန်ရှိသူများက မေ ၂၃ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

"မကျီးပင်တဲကျေးရွာမှာ သောက်သုံးရေ အခက်အခဲရှိနေတာကြောင့် အခုလို စက်ရေတွင်းတူးဖော်ပေးတာဖြစ်ပါတယ်၊ လက်ရှိမှာ ရေထွက်အားကောင်းမွန်တာ တွေ့ရပါတယ်၊ ရေအရည်အသွေးက သောက်သုံးဖို့ ကောင်းမွန်ခြင်းရှိမရှိကိုလည်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဓာတ်ခွဲခန်းကိုပို့ပြီး စမ်းသပ်ပေးဦးမှာဖြစ်ပါတယ်၊ စက်ရေတွင်းနဲ့အတူ လိုအပ်တဲ့ ရေစုပ်စက်၊ အင်ဂျင်နဲ့ အုတ်ရေကန်များလည်း ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသင်းမင်းလတ်က ပြောကြားသည်။

မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် မိတ္ထီလာမြို့နယ်အတွင်းမှ အမှန်တကယ် သောက်သုံးရေအခက်အခဲရှိသည့် ကျေးရွာများကို စိစစ်ရွေးချယ်၍ နှစ်စဉ် သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်း၊ တွင်းတိမ်၊ တွင်းနက်များ လိုအပ်သလို တူးဖော်ခြင်း၊ မြေသားသောက်ရေကန်အသစ်များ တူးဖော်ခြင်းနှင့် ကန်အဟောင်းများ ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကာ ယခုနှစ်တွင်လည်း မိတ္ထီလာမြို့နယ်အတွင်းမှ ရွာရှစ်ရွာ၌ စက်ရေတွင်း တွင်းတိမ် နှစ်တွင်းနှင့် တွင်းနက် ခြောက်တွင်းကို တူးဖော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**



တူးဖော်ပြီးစီးနေသော မကျီးပင်တဲကျေးရွာ စက်ရေတွင်းကို တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးနေစဉ်။

# နိုင်ငံတစ်ဝန်း 4G/LTE တာဝါ ၆၁၀၀ ကျော်ဖြင့် တယ်လီနောက မြန်မာ့အကြီးဆုံး 4G ကွန်ရက်ဖြစ်လာ

**ရန်ကုန် မေ ၂၅**

တယ်လီနောမြန်မာအနေဖြင့် လက်ရှိတွင် နိုင်ငံတစ်ဝန်း၌ LTE တာဝါတိုင်ပေါင်း ၆၁၀၀ ကျော်ပိုင်ဆိုင်ထားပြီး မြို့နယ်ပေါင်း ၃၀၀ ကျော်၌ 4G/LTE ကွန်ရက် လွှမ်းခြုံထားနိုင်ခဲ့ပြီဖြစ်၍ မြန်မာနိုင်ငံ၏ အကြီးမားဆုံးသော 4G/LTE ကွန်ရက် ဖြစ်လာကြောင်း သိရသည်။ ၂၀၁၉ ခုနှစ် ပထမသုံးလအတွင်း တယ်လီနောမြန်မာသည် LTE တာဝါတိုင်ပေါင်း ၈၅၆ ခုကို ထပ်မံတည်ဆောက်နိုင်ခဲ့သည့်အပြင် မင်းလှ၊ လေးမျက်နှာ၊ ဇလွန်၊ ကျောင်းကုန်း၊ နမ္မတူ၊ မိုင်းပန်နှင့် ပုဏ္ဏားကျွန်း မြို့နယ်များ၌ 4G/LTE ဝန်ဆောင်မှုများ တိုးပေးနိုင်ခဲ့ကြောင်း၊ ဧပြီလကုန်တွင် LTE တာဝါတိုင်ပေါင်း ၁၁၀၀ ကျော် တည်ဆောက်သွားနိုင်ရန်လည်း ရည်ရွယ်ထားကြောင်း သိရသည်။

"တယ်လီနောက မြန်မာနိုင်ငံရဲ့ ၁၀၀ ရာခိုင်နှုန်းနီးပါးကို 4G ကွန်ရက် ဖြန့်ကြက်လွှမ်းခြုံထားနိုင်ပြီဖြစ်ပါတယ်၊ LTE တာဝါတိုင်ပေါင်း ၆၁၀၀ ကျော်တည်ဆောက်သွားမယ့် ကျွန်တော်တို့ရဲ့ရည်မှန်းချက်ကိုလည်း ၂၀၁၉ ခုနှစ်မှာ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်၊ အသုံးပြုသူတွေအတွက် တယ်လီနောကွန်ရက်ကို ဆက်လက် အဆင့်မြှင့်တင်သွားဦးမှာဖြစ်ပါတယ်"ဟု တယ်လီနောမြန်မာ၏ နည်းပညာဆိုင်ရာအရာရှိချုပ် Jai Prakash က ပြောသည်။



တယ်လီနော၏ 4G/LTE တာဝါတိုင်တစ်တိုင်

တယ်လီနောအနေဖြင့် မြန်မာနိုင်ငံအတွင်း ပိုမိုကောင်းမွန်ကျယ်ပြန့်သော ကွန်ရက်လွှမ်းခြုံမှုများရရှိစေရန်အပြင် အရည်အသွေးကောင်းမွန်စေရန်အတွက်လည်း လုပ်ဆောင်လျက်ရှိကြောင်း၊ နိုင်ငံတစ်ဝန်းရှိ ကွန်ရက်အခြေအနေကို တိုင်းတာစစ်ဆေးရန်အတွက် တယ်လီနော၏ ကွန်ရက်ဆိုင်ရာကိုယ်စားလှယ် 4GLeo အနေဖြင့် ၂၀၁၈ ခုနှစ်အတွင်း မြို့နယ်ပေါင်း ၅၄ မြို့နယ်သို့ သွားရောက်ကာ ကွန်ရက်အရည်အသွေး တိုင်းတာစစ်ဆေးခြင်း၊ အသုံးပြုသူများနှင့် တွေ့ဆုံခြင်းတို့ကို လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

တယ်လီနောသည် Ericsson နှင့် ပူးပေါင်း၍လည်း ၎င်း၏ 4G/LTE ကွန်ရက်ပေါ်တွင် အင်တာနက်မြန်နှုန်း စမ်းသပ်မှုတစ်ရပ်ကို ယမန်နှစ်က အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့သလို မြန်မာနိုင်ငံတွင်အမြင့်ဆုံးမြန်နှုန်းစံချိန်သစ်အဖြစ် တစ်စက္ကန့်လျှင် 1Gbps အထိ ရရှိခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် IoT နည်းပညာ စမ်းသပ်မှုကိုလည်း မန္တလေးမြို့တွင် ၂၀၁၈ နှစ်ကုန်ပိုင်းက လုပ်ဆောင်နိုင်ခဲ့ပြီး မြန်မာနိုင်ငံတွင် 5G နည်းပညာများ အသုံးပြုနိုင်ရန်လည်း တယ်လီနောအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တယ်လီနောမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သူရဖြိုး**

# MPT သုံးစွဲသူများအနေဖြင့် LTE+ Data Roaming ကို ပြည်ပနိုင်ငံအချို့တွင်ပါ ဈေးသက်သာစွာသုံးနိုင်ရန် ပရိုမိုးရှင်းအစီအစဉ် ပြုလုပ်ထား

**ရန်ကုန် မေ ၂၅**

မြန်မာနိုင်ငံမှ သွားရောက်မှုများသော ပြည်ပနိုင်ငံများဖြစ်သည့် ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယားနှင့် ဟောင်ကောင်တို့ အပါအဝင် နိုင်ငံကိုးနိုင်ငံသို့ ခရီးသွားလာကြမည့် MPT သုံးစွဲသူများသည် MPT ၏ မြန်နှုန်းမြင့်အင်တာနက် LTE+ roaming ဒေတာဝန်ဆောင်မှုကို ထိုနိုင်ငံများတွင်ပါ ဈေးနှုန်းသက်သာစွာဖြင့် အသုံးပြုနိုင်မည့် ပရိုမိုးရှင်းအစီအစဉ်ကို ပြုလုပ်ထားပြီဖြစ်ကြောင်း၊ အဆိုပါ အစီအစဉ်အရ မြန်မာနိုင်ငံမှ ပြည်ပသို့ခရီးသွားကြမည့်သူများအနေဖြင့် ပြည်ပခရီးစဉ်အတွင်း အင်တာနက်အသုံးပြုခသက်သာစွာဖြင့် အသုံးပြုနိုင်မည်ဖြစ်ကြောင်း MPT မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

MPT အနေဖြင့် ပြီးခဲ့သည့် မတ်လအတွင်းက data roaming နှုန်းထားနှင့် package အစီအစဉ်သစ်ကို MPT ၏ GSM/WCDMA အသုံးပြုသူအားလုံးအတွက် မိတ်ဆက်ပေးခဲ့ပြီး ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ တရုတ်၊ ထိုင်ဝမ်၊ ဟောင်ကောင်နှင့် မကာအိုနိုင်ငံများတွင် အင်တာနက်အသုံးပြုမှုတိုင်းအတွက် တစ်ပတ်စာ ဝန်ဆောင်ခကျပ် ၉၀၀ ပေးသွင်းကာ 1MB လျှင် ကိုးကျပ်နှုန်းဖြင့် အသုံးပြုနိုင်မည့် အစီအစဉ်ကို မိတ်ဆက်ခဲ့သလို ထိုအစီအစဉ်ကို မရယူသည့် အသုံးပြုသူများအနေဖြင့်လည်း 1MB လျှင် ၁၅ ကျပ်ဖြင့် သုံးစွဲနိုင်မည့် အစီအစဉ်ကို မိတ်ဆက်ခဲ့သည်။ ယခု ထပ်မံ၍ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယားနှင့် ဟောင်ကောင်တို့တွင် LTE+ data roaming ကို 1MB လျှင် ကိုးကျပ်နှုန်းဖြင့်သုံးနိုင်မည့် ပရိုမိုးရှင်းအစီအစဉ်ကို မိတ်ဆက်ခြင်းဖြစ်ကြောင်း သိရသည်။

MPT KSGM Joint Operations မှ တာဝန်ရှိသူတစ်ဦးက "ကျွန်တော်တို့အနေနဲ့ အမြန်ဆုံးအင်တာနက်ဝန်ဆောင်မှုကို အချိုသာဆုံး ဈေးနှုန်းတွေနဲ့ MPT သုံးစွဲသူတွေ နိုင်ငံရပ်ခြားမှာ ချိတ်ဆက်အသုံးပြုနိုင်ဖို့ MPT ရဲ့ မြန်နှုန်းမြင့် အင်တာနက် LTE+ roaming ကို ပေးနိုင်ခဲ့လို့ ကျေနပ်ပါတယ်" ဟု ပြောသည်။ ထိုဝန်ဆောင်မှုကို ရယူလိုသူများအနေဖြင့် မြန်မာနိုင်ငံတွင်ဖြစ်စေ၊ နိုင်ငံရပ်ခြားတွင်ရောက်ရှိနေလျှင်ဖြစ်စေ နံပါတ် *9007# သို့မဟုတ် *106*2*5*2# ဖုန်းခေါ်ဆိုခြင်းနှင့် နံပါတ် 1332 သို့ 'NINE' ဟု SMS ပေးပို့ခြင်းဖြင့် ရယူအသုံးပြုနိုင်မည်ဖြစ်ကာ MPT4U app မှ တစ်ဆင့်လည်း ရယူနိုင်မည်ဖြစ်ကြောင်း၊ တစ်ကြိမ်ရယူပြီးလျှင် သက်တမ်းကာလ ခုနစ်ရက်အထိ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပရိုမိုးရှင်းအစီအစဉ်တွင်ပါသော နိုင်ငံ ကိုးနိုင်ငံအပြင် MPT ဆင်းကတ်များကို သုံးပြုသူများအနေဖြင့် ဂျပန်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ အမေရိက၊ ဩစတြေးလျနှင့် သီရိလင်္ကာနိုင်ငံများတွင်လည်း MPT ၏ မြန်နှုန်းမြင့် အင်တာနက်ဝန်ဆောင်မှုများကို 1MB လျှင် ၅၀ ကျပ်နှုန်းဖြင့် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇင်ဦး**

## New Product

# Oppo ရဲ့တန်ဖိုးသင့် စမတ်ဖုန်းမော်ဒယ်သစ် A5S



Oppo A5S ဟာ နိုင်ငံတကာဈေးကွက်မှာ ပြီးခဲ့တဲ့ မတ်လအတွင်းက စတင် မိတ်ဆက်ခဲ့ပြီး ပြည်တွင်း ဈေးကွက်ကိုတော့ ဧပြီလအတွင်း ဝင်ရောက်လာတဲ့ စမတ်ဖုန်းသစ်ဖြစ်ပါတယ်။ ဒီဇိုင်းပိုင်းလှပပြီး စွမ်းဆောင်ရည်ပိုင်းမှာလည်း အတော်အသင့် ကောင်းမွန်သလို ဈေးနှုန်း သိပ်မများတဲ့အတွက် စိတ်ဝင်စားမှုများနေတဲ့ စမတ်ဖုန်း မော်ဒယ်သစ်တစ်ခု ဖြစ်ပါတယ်။

မျက်နှာပြင် အရွယ်အစားအနေနဲ့ ၆ ဒသမ ၂ လက်မရှိလို့ အရွယ်အစားကြီးတဲ့ဖုန်း အမျိုးအစားထဲမှာ ပါဝင်ပေမယ့် Screen ဟာအောက်ဘက် ဘောင်နေရာ အနည်းငယ်နဲ့ အပေါ်ပိုင်းမှာ Raindrop Notch ကင်မရာကလွဲရင် Full Screen ဖြစ်တာကြောင့် ကိုယ်ထည်အရွယ်အစားကတော့ သိပ်မကြီးဘဲ လက်ထဲကိုင်ထားရင် အဆင်ပြေတဲ့ အရွယ်ဖြစ်ပါတယ်။ LCD Touch Screen ကို Corning Gorilla Glass 3 နဲ့ ဖုံးအုပ်ကာကွယ်ထားပြီး Super AMOLED Screen ကိုမှ ကြိုက်သူတွေအဖို့တော့ အဆင်မပြေဖြစ်နိုင်ပါတယ်။

အန်းဒရွိုက်ဗားရှင်းအနေနဲ့ 8.1(Oreo)ကို Oppo ရဲ့ ColorOS 5.2 နဲ့ တွဲသုံးထားပါတယ်။ CPU က Octa-core Cortex-A53 ဖြစ်ပြီး မင်မိုရီနဲ့ RAM အနေနဲ့တော့ နိုင်ငံတကာဈေးကွက်မှာ အင်တာနယ်မင်မိုရီ 32GB နဲ့ 64GB နှစ်မျိုး၊ RAM က 2GB, 3GB, 4GB လို့ သုံးမျိုး ခွဲထွက်ထားပါတယ်။ ပြည်တွင်းဈေးကွက်မှာတော့ အင်တာနယ်မင်မိုရီ 32GB နဲ့ RAM 2GB တစ်မျိုးတည်းကိုသာ တွေ့ရပါသေးတယ်။ မင်မိုရီကတ် ထပ်စိုက်သုံးမယ်ဆိုရင် 256 GB အထိ စိုက်သုံးနိုင်ပြီး မင်မိုရီကတ်အတွက် သီးသန့်အပေါက် ပါဝင်ပါတယ်။

ကင်မရာပိုင်းမှာတော့ အလယ်အလတ်အဆင့်ပဲရှိပြီး နောက်ကင်မရာဟာ ၁၃ မဂ္ဂါပစ်ဇယ်နဲ့ ၂မဂ္ဂါပစ်ဇယ် ကင်မရာနှစ်လုံးပါတဲ့ Dual Camera ဖြစ်ပါတယ်။ ဆယ်လ်ဖီကင်မရာကတော့ ၈မဂ္ဂါပစ်ဇယ်ရှိပါတယ်။

မိုဘိုင်းကွန်ရက်အနေနဲ့ GSM ဆင်းကတ် နှစ်ကတ်စိုက်သုံးနိုင်ပြီး အင်တာနက်ကွန်ရက်အတွက်တော့ 4G/LTE ကို ထောက်ပံ့ပေးထားပါတယ်။ လက်ဗွေစနစ်လည်း ပါဝင်ပြီး အခြား Oppo ဖုန်းအများစုလိုပဲ ကျောဘက်မှာ ပါဝင်ပါတယ်။ အားသာချက်တွေကတော့ USB On-the-go စနစ်ကို ထောက်ပံ့ပေးထားတာနဲ့ ဘက်ထရီပိုင်းမှာ 4230mAh ရှိတဲ့ အရွယ်အစားကြီးတဲ့ စွမ်းရည်ပြည့်ဘက်ထရီ ပါဝင်တာဖြစ်ပါတယ်။

ကိုယ်ထည်အရောင်အနေနဲ့ အနီရောင်၊ အနက်ရောင်၊ ရွှေရောင်နဲ့ အစိမ်းရောင် လေးမျိုးရနိုင်ပြီး ဈေးနှုန်းက ပြည်တွင်းဈေးကွက်မှာ အခု ရရှိနိုင်တဲ့ RAM 2GB, မင်မိုရီ 32GB အတွက် ကျပ် ၂၁၀၀၀၀ ခန့် ရှိပါတယ်။

**သူရဖြိုး**

## မေ ၂၆ရက်မှ ၂၈ရက်အထိ ဂန့်ဂေါမြို့၌ လျှပ်စစ်ဓာတ်အားလိုင်းများပြုပြင်စဉ် ဓာတ်အားပိတ်မည့်အစီအစဉ်များ ကြေညာ

**ဂန့်ဂေါ မေ ၂၅**

ဂန့်ဂေါမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက မေ ၂၆ ရက်မှ ၂၈ ရက်အတွင်း မီးကြိုးလိုင်းများ ထိန်းသိမ်းပြုပြင်သွားမည်ဖြစ်ရာ နေရာအလိုက် မီးပိတ်မည့် အစီအစဉ်များကို ပြည်သူများသိရှိနိုင်ရန် ကြေညာထားသည်။

"ကြေညာချက်နှင့်စပ်လျဉ်း၍ ဓာတ်အားပိတ်မည့် အချိန်ကို ကြေညာပေးတော့ မီးသုံးရတဲ့သူတွေ အဆင်ပြေစွာ ဆောင်ရွက်နိုင်ပါတယ်၊ ကျေးဇူးလဲတင်ပါတယ်"ဟု မြို့မရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောသည်။

ထိုသို့ကြေညာရာတွင် မေ ၂၆ ရက် နှင့် ၂၈ ရက်တို့တွင် နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီအထိ ဂန့်ဂေါမြို့ပေါ်ရပ်ကွက်များ၊ အနောက်ဂန့်ဂေါ၊ ရှုံးရှီ၊ ပျား၊ ဇာဟော၊ လာပို့၊ အုပ်လှ၊ လုံဟော စသည့်ကျေးရွာများနှင့် မုံလယ်တောရကျောင်းတို့တွင်လည်းကောင်း၊ မေ ၂၇ ရက်တွင် နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီအထိ စိုင်ဒူး၊ ရေရှင်စသည့် ကျေးရွာများနှင့် ရုံး၌ာနဆိုင်ရာများတို့တွင်လည်းကောင်း ဓာတ်အားပိတ်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အဆိုပါ ဓာတ်အားပိတ်ထားသည့်အချိန်တွင် ဓာတ်အားလိုင်းနှင့် နီးကပ်နေသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ လိုင်းဟောင်းများပြုပြင်ခြင်း၊ ကြိုးလျော့သောနေရာများ လိုင်းကြိုးတင်းခြင်း၊ ယိုင်နေသော Single Tension တိုင်အား Tri- Pole Tension ဖြင့် ပြောင်းလဲတည်ဆောက်ခြင်းတို့ ဆောင်ရွက်ကြမည် ဖြစ်ကြောင်း သိရသည်။

**စိန်ကျော်**

# ရွှေလေးတန်ချောင်းကူးတံတား ဆောက်လုပ်မှုတွင် နိုင်ငံတော်မှပံ့ပိုးပေးရန် လိုအပ်နေ

**အင်းတော် မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မံဟဲကျေးရွာအုပ်စု မလူးကျေးရွာ မလူး-ဆားမှော်လမ်းပေါ်မှ အရှည် ၁၅၂ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၃ ပေရှိ သံကူကွန်ကရစ်၊ သံပေါင်ပျဉ်ခင်း ဝေနေယျသုခ ရွှေလေးတန်ချောင်းကူးတံတားကို မတ် ၂၂ ရက်မှစ၍ ကျေးရွာနေပြည်သူများစုပေါင်းပြီး ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်လျက်ရှိရာ ငွေကြေးနှင့် ပစ္စည်းအခက်အခဲများရှိနေ၍ နိုင်ငံတော်မှပံ့ပိုးပေးရန် လိုအပ်နေကြောင်း သိရသည်။

"ဒီတံတားကို ကျွန်တော်တို့ကျေးရွာက ပြည်သူတွေနဲ့ စေတနာရှင်ပြည်သူတွေပေါင်းပြီး သံကူကွန်ကရစ် သံပေါင် ပျဉ်ခင်းနဲ့ ဆောက်လုပ်ဖို့ ရည်မှန်းထားပါတယ်၊ ကိုယ့်အားကိုယ်ကိုး ဆောက်တာဆိုတော့ သိပ်မနိုင်ဘူး၊ နိုင်ငံတော်က ပံ့ပိုးပေးဖို့ လိုအပ်နေပါတယ်၊ ပံ့ပိုးပေးဖို့အတွက် သက်ဆိုင်ရာ ဒေသအုပ်ချုပ်ရေးအဖွဲ့တွေကိုတော့ တင်ပြထားပါတယ်၊ မတ် ၂၂ ရက်က စဆောက်ခဲ့တာ ကုန်ကျငွေက ကျပ်သိန်း ၇၀ ကျော်သွားပါပြီ၊ လုပ်အားကတော့ ရွာကလူတွေ စုပေါင်းပြီး တည်ဆောက်ကြတာပါ၊ တံတားတည်ဆောက်ရေးမှာ လိုအပ်နေတဲ့ သံပေါင်နဲ့ အခြားဆက်စပ်ပစ္စည်းတွေကို နိုင်ငံတော်က ပံ့ပိုးကူညီပေးစေချင်ပါတယ်"ဟု မလူးကျေးရွာတာဝန်ခံ ဦးတင်ဝင်းက ပြောသည်။

လက်ရှိ တံတားသစ်ဆောက်လုပ်နေဆဲအချိန်တွင် မလူး၊ ဆားမှော်၊ နမီး၊ လှေဘို၊ ကွင်းငို့၊ နားမကျိုင်း၊ နားဖာနှင့် ညောင်ပင်ဆိပ် စသည့် ကျေးရွာများမှ ဒေသခံပြည်သူများအနေဖြင့် သစ်သားတံတားအဟောင်းကိုသာ အသုံးပြုနေရကြောင်း သိရသည်။

**ကိုမင်း (အင်းတော်)**



မလူးကျေးရွာမှပြည်သူများစုပေါင်း၍ ကိုယ့်အားကိုယ်ကိုး တံတားဆောက်လုပ်နေကြစဉ်။

# မြိတ်မြို့၌ ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ် သင်တန်းများ ဖွင့်လှစ်ပို့ချ

**မြိတ် မေ ၂၅**
နိုင်ငံတော်၏နယ်နိမိတ် ရေပိုင်နက်နှင့် လေပိုင်နက်များ အကြောင်းကို လူငယ်များ ခြေခြေမြစ်မြစ် သိရှိနားလည်ပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ရှိလာစေရန်အတွက် အမှတ်စဉ်(၁/၂၀၁၉) လေကြောင်းလူငယ်သင်တန်းနှင့် ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်းများကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ မေ ၂၂ ရက်မှစ၍ သင်ကြားပို့ချပေးလျက်ရှိကြောင်း သင်တန်းများ၏ တာဝန်ရှိသူများထံမှ သိရသည်။

မေ ၂၂ မှ မေ ၁၇ ရက်အထိ သင်ကြားပို့ချသွားမည့် လေကြောင်းလူငယ်သင်တန်းကို မြိတ်လေတပ်စခန်း ဌာနချုပ်၌ ဖွင့်လှစ်ထားပြီး သင်တန်းသို့ အခြေခံပညာ ကျောင်းသားကျောင်းသူ ၄၀ တက်ရောက်လေ့လာ သင်ယူလျက်ရှိကာ သင်တန်းတွင် အခြေခံစစ်ပညာ (လက်နက်ပါ) ဘာသာရပ်၊ လေကြောင်းပညာသမိုင်း၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရား၊ လေယာဉ် ပုံစံငယ်တည်ဆောက်မှု အခြေခံသဘောတရား၊ အခြေခံ လေယာဉ်စက်အုံတည်ဆောက်မှု ဘာသာရပ်နှင့် အခြေခံ Simulator လေယာဉ်မောင်းနှင်မှု ဘာသာရပ်တို့ကို သင်ကြားပို့ချပေးလျက်ရှိသည်။


လေကြောင်းလူငယ်သင်တန်း၌ သင်ကြားပို့ချနေစဉ်။

အလားတူ (၁/၂၀၁၉)ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်းကို တနင်္သာရီရေတပ်စခန်းဌာနချုပ်က ကြီးမှူး၍ အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း၌ ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်သင်ယူ လေ့လာလျက်ရှိပြီး သင်တန်းတွင် အခြေခံစစ်ပညာ(လက်နက်ပါ) ဘာသာရပ်၊ ရေကူးဘာသာရပ်နှင့် အခြေခံရေကြောင်းဆိုင်ရာ ဘာသာရပ်များ၊ ရေတပ်သား ဘာသာရပ်၊ ပင်လယ်ပြင် အတွင်း အလံအချက်ပြနှင့် ဆက်သွယ်ရေးဘာသာရပ်များကို ပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ဇော်မျိုးနိုင်(ပြန်/ဆက်)**


ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာအုပ်စု ပတ္တမြားမြို့သစ်၌ အရှည်ပေ ၆၅၀၊ အကျယ် ၁၄ ပေ၊ ထုခြောက်လက်မရှိ မြအေးချမ်းလမ်းသွယ်(၁) ကွန်ကရစ်လမ်း ဖွင့်ပွဲကို မေ ၂၅ ရက်က ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လှိုင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာမိုးနှင့် မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ ဝင်းနိုင်(မြန်မာ့အလင်း)

# လာရောက်လည်ပတ် အပန်းဖြေသူများ စည်ကားနေသော ပုလောမြို့နယ်မှ ဖိုးရှမ်းကမ်းခြေ

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်ရှိ ဖိုးရှမ်း ကမ်းခြေသို့ သင်္ကြန်ကာလနောက်ပိုင်းရက်များတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ် အပန်း ဖြေသူများဖြင့် တစ်နေ့ထက်တစ်နေ့ ပိုမိုစည်ကားလာ လျက်ရှိကြောင်း သိရသည်။

**ဖိုးရှမ်းကမ်းခြေ**

ဖိုးရှမ်းကမ်းခြေသည် မြိတ်-ပုလော ပြည်ထောင်စု လမ်းမကြီးဘေး ပုလောမြို့နယ် ရှပ်ပုံကျေးရွာမှ ၁၃ မိုင်ခန့်အကွာတွင် တည်ရှိပြီး ကွန်ကရစ်လမ်းများခင်း ထားသောကြောင့် ကားနှင့် ဆိုင်ကယ်များ အလွယ် တကူ သွားလာနိုင်ကြသည်။ ဖိုးရှမ်းဘုရားနှင့် ကမ်းခြေသည် ယခင်က သွားရေးလာရေးခက်ခဲသည့်အတွက် လူသိနည်းပါးကာ ဒေသခံအချို့လောက်သာ မိုးရာသီ အကုန် ပွင့်လင်းရာသီအချိန်များတွင် ရေလယ်ကျွန်း ပေါ်၌တည်ရှိသည့် ဖိုးရှမ်းဘုရားသို့ သွားရောက်ဖူးမြော် ခြင်းနှင့် ကမ်းခြေတွင် ရေကစား အပန်းဖြေခြင်းများ ရှိကြောင်း ဒေသခံများထံမှ သိရသည်။

**လမ်းပန်းဆက်သွယ်ရေး**

ယခုအခါတွင်မူ လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်လာခြင်းနှင့်အတူ လူသိများ ကျော်ကြား လာသဖြင့် ရုံးပိတ်ရက်နှင့် ရက်ရှည်အားလပ်ရက်များ၊ ရာသီအလိုက် ပွဲတော်အချိန်များ၊ သင်္ကြန်ရက်များနှင့် ပါဒစက်တော်ရာ ဘုရားပွဲကာလများတွင် ရေလယ် ကျွန်းပေါ်ရှိ ရှေးဟောင်းဘုရားကို ဖူးမြော်သူများနှင့် အတူ ဖိုးရှမ်းကမ်းခြေတွင် ပင်လယ်ရေလှိုင်းစီးသူများ၊ ရေကစားသူများဖြင့် စည်ကားလာခြင်းဖြစ်သည်။


ဖိုးရှမ်းကမ်းခြေနှင့် ပင်လယ်ကျွန်း သမုတ်တောင်ပေါ်မှ ဖိုးရှမ်းဘုရား

**သမုတ်တောင်နှင့် ဖိုးရှမ်းဘုရား**

ကမ်းခြေမှ ရေလယ်ဘုရားတည်ရှိရာ ကျွန်းသို့ သွားမည်ဆိုလျှင် ပင်လယ်ရေတက်ချိန်များတွင် ဝါး၊ သစ်သားတို့ဖြင့် ဒေသခံများဆောက်လုပ်ထားသည့် တံတားပေါ်မှ ဖြတ်သန်းသွားလာရပြီး ရေကျချိန်များ တွင်မူ သဲသောင်ပြင်ပေါ်ဖြတ်သန်းလမ်းလျှောက်ကာ ရေလယ်ကျွန်းပေါ် သမုတ်တောင်ထိပ်ရှိ ဖိုးရှမ်းဘုရား ကို သွားရောက်ဖူးမြော်ကြည်ညိုနိုင်သည်။

ဖိုးရှမ်းဘုရားတည်ရှိရာ သမုတ်တောင်ထိပ်မှ ကြည့်လျှင် ပင်လယ်ပြင်နှင့် ကမ်းစပ်တစ်လျှောက်မှ ရှုခင်း များ၊ သဘာဝတောတန်းများ၏ ရှုခင်းအလှများကို တွေ့မြင်ရမည်ဖြစ်သည်။

ပင်လယ်ကမ်းခြေတစ်လျှောက် သဲသောင်ပြင် ပေါ်၌ ဒေသခံပြည်သူများ ရောင်းချနေကြသည့် အစားအသောက် အရောင်းဆိုင်များတွင် ဒေသထွက် အစားအစာများ၊ ပင်လယ်စာများ၊ ပုလောဒေသထွက် နာမည်ကြီး ရှပ်သီးများနှင့် ဒေသခံကျေးရွာများမှ ထွက်ရှိသော ဟင်းသီးဟင်းရွက် အသီးအနှံများကို လတ်လတ်ဆတ်ဆတ် ဝယ်ယူနိုင်ပြီး သဘာဝအုန်းစိမ်း ရည်ကိုလည်း ဝယ်ယူသောက်သုံးနိုင်သည်။ ထို့အပြင် ကမ်းခြေရောက် အမှတ်တရ အဝတ်အထည်နှင့် လက်ဆောင်ပစ္စည်းအရောင်းဆိုင်များလည်း ရှိသည်။

ယခုနှစ်အတွင်း ပိုမိုထင်ရှား လူသိများလာကာ ရပ်နီးရပ်ဝေးမှပြည်သူများ လာရောက် လည်ပတ် အပန်းဖြေနေကြ၍ ယခင်နှစ်များထက် ပိုမိုစည်ကား လာလျက်ရှိသည့် ပုလောမြို့နယ် ရှပ်ပုံကျေးရွာအနီးမှ ဖိုးရှမ်း ပင်လယ်ကမ်းခြေသို့ လာရောက်လည်ပတ် အပန်းဖြေနိုင်ကြရန် ဖိတ်ခေါ်လိုက်ရပါသည်။ ။

**သတင်းဆောင်းပါး - မြင့်ဦး(မြိတ်)**

# မြို့နယ်များ၌ ပြည်သူ့စကားဝိုင်းများပြုလုပ်

**ကော့သောင်း မေ ၂၅**
ကော့သောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို မေ ၂၄ ရက်က ရွှေပြည်စိုးကျေးရွာ အလယ်တန်းကျောင်း(ခွဲ)ခန်းမ၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဇင်နန္ဒာဦးက အမှာစကားပြောကြားပြီး ကော့သောင်းမြို့နယ် အမှတ် (၇၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးမောင်မျိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာ သိကောင်းစရာများ၊ ဒေသတွင်း ယာဉ်မတော်တဆမှုဖြစ်စဉ်ကြောင့် သေဆုံးရသည့် စာရင်းဇယား အချက်အလက်များနှင့် မော်တော်ယာဉ်ဥပဒေဆိုင်ရာ သိသင့် သိထိုက်သည်များကို ဆွေးနွေးဟောပြောသည်။

ထို့နောက် ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှူး ဦးညွန့်ဦးက ယာဉ်များအတွက် လိုင်စင်ပြုလုပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် သိမှတ်ဖွယ်ရာများ၊ ယာဉ်မောင်းလိုင်စင်ပြုလုပ်ရေးနှင့် လမ်းစည်းကမ်းများအကြောင်းကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ကြည်ပြာစိုးက မော်တော်ယာဉ်ဆိုင်ရာ ဥပဒေများနှင့် ယာဉ်မတော်တဆမှုဖြစ်စဉ်များ ဖော်ထုတ်ရေးတွင် ပြည်သူများ ပူးပေါင်းပါဝင်ရေးကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးမျိုးထွန်းဦးက လမ်းညွှန် အမှတ်အသား ဆိုင်းဘုတ်များအကြောင်း၊ လမ်းဧရိယာအတွင်း ကျူးကျော်ဆောက်လုပ်ထားသည့် ဆိုင်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် ယာဉ်အန္တရာယ်များနှင့် ယာဉ်တိုက်မှု လျော့နည်းကျဆင်းရေးအတွက် ဌာနအနေဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်သူများက သိရှိလိုသည်များကို မေးမြန်းကာ ဦးဆောင်ဆွေးနွေးသူများက ကဏ္ဍအလိုက် ပြန်လည်ဖြေကြားပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့က ယာဉ်မောင်းလက်စွဲ အိတ်ဆောင်ပညာပေးစာအုပ်ငယ်နှင့် ရောင်ပြန်စတေကာများ၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေး ပညာပေး လက်ကမ်းစာစောင်များနှင့် မြို့နယ်ဥပဒေဌာနက ယာဉ်မတော်တဆမှုဥပဒေဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ကျေးရွာနေပြည်သူများထံ ဖြန့်ဝေပေးအပ်ခဲ့သည်။

**ကျော်စိုး (ကော့သောင်း)**



**မြန်အောင်**
ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြားဌာနဆိုင်ရာများ ပူးပေါင်း၍ 'ဒီမိုကရေစီ၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေး' ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မြို့နယ်ခန်းမ၌ မေ ၂၄ ရက်က ပြုလုပ်ခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချိုချိုတို့က အမှာစကား ပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုအောင်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အရပ်ဘက် အဖွဲ့အစည်းတစ်ခုဖြစ်သည့် ငြိမ်းချမ်းမှုဖော်ဆောင်ရေးအဖွဲ့မှ တိုင်းဒေသကြီးတာဝန်ခံ ဦးလှထွန်းအောင်တို့က ဒီမိုကရေစီ၏ အင်္ဂါရပ်များ၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွှတ်တော်များ၊ အစိုးရ တာဝန်ရှိသူများ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူလူထု၏ ပူးပေါင်းမှု၊ ရပ်ပိုင်းဆိုင်ရာ သာမက စိတ်ပိုင်းဆိုင်ရာ ခံယူချက်နှင့် သဘောထားအမြင်များ တိုးတက်ပြောင်းလဲရေး စသည့် အကြောင်းအရာများကို ဦးဆောင်ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက ဒီမိုကရေစီစနစ်အကြောင်း သိရှိလိုသည်များ နှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြကာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။ ဆွေးနွေးပွဲသို့ အရပ်ဘက် လူမှုအဖွဲ့အစည်းဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာများမှ စိတ်ပါဝင်စားသည့် လူငယ်များနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၄၀၀ ခန့် တက်ရောက်ခဲ့သည်။

**ထွန်းဇော်ထွန်း (မြန်မာစာ)**

# ဂန့်ဂေါမြို့နယ်မှတောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများအကြောင်း ဆွေးနွေး

**ဂန့်ဂေါ မေ ၂၅**
ဂန့်ဂေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တို့ ပူးပေါင်း၍ ဂန့်ဂေါမြို့နယ် ရေရှင်ကျေးရွာမှ ဒေသခံတောင်သူများအား စိုက်ပျိုးရေး ဆိုင်ရာ အလေ့အကျင့်ကောင်းများအကြောင်း အသိပညာပေးဆွေးနွေးပွဲကို မေ ၂၃ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(GAPs) ၁၆ ချက်အကြောင်းကို အသေးစိတ် ရှင်းလင်း ပြောကြားပြီး စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို လိုက်နာဆောင်ရွက် ခြင်း၏ အရေးပါ အကျိုးရှိပုံများကို ပညာပေးဆွေးနွေးကြသည်။ ထို့နောက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက GAPs အကြောင်း သိကောင်းစရာ ပညာပေးလက်ကမ်းစာစောင်များကို တောင်သူများထံ ဖြန့်ဝေပေးခဲ့ကြသည်။



ဂန့်ဂေါမြို့နယ်တွင် ယမန်နှစ်က နှမ်းနက်ကို GAPs စနစ်ဖြင့် ၄၄၄ ဧက စမ်းသပ် စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းခဲ့ကြောင်းနှင့် ၂၀၁၉ ခုနှစ် မိုးရာသီအတွင်း၌လည်း အရည်အသွေးကောင်း နှမ်းနက် ဧက ၁၅၀၀ ကို GAPs စနစ်များနှင့်အညီ ထပ်မံ စိုက်ပျိုးထုတ်လုပ်သွားနိုင်ရန် စီစဉ်ထားကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**စိန်ကျော်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ ဓမ္မာရုံ**
**ဖားအောက်တောရ ဆရာတော်ကြီး၏ ရဟန်းဒါယကာကြီး**
**ဦးအံကူး(ခ)စောအံကူး (ညောင်ပင်ဆိပ်၊ မော်လမြိုင်မြို့)**
**အသက်(၁၀၇)နှစ်**

(ဂုဏ်ထူးဆောင်နာယကကြီး) ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာ(ပင်မ)အနုဂ္ဂဟအဖွဲ့၊ မော်လမြိုင်မြို့သည် ၂၄-၄-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အနုဂ္ဂဟအဖွဲ့**
**ဖားအောက်တောရ(ပင်မ)ရိပ်သာ**
**မော်လမြိုင်မြို့**

---

မြိတ်မြို့နယ်အသင်း(ရန်ကုန်)
**ဦးအင်စိုး** (မြိတ်)၊ အသင်းဝင်အမှတ်(၄၇၂၈)
**အသက်(၈၀)**

မြိတ်မြို့၊ ထားဝယ်စုရပ်၊ သီရိမင်္ဂလာလမ်းနေ [ဒေါ်ရီ(ခ)ဒေါ်ခင်စိန်]၏ ခင်ပွန်းသည် ၂၄-၄-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၉ရက်(သောကြာနေ့) မွန်းလွဲ၁နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ အမှုဆောင်အဖွဲ့

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမြသက်မောင်** (ပ/၃၅၇၀)၊ ဒုတိယညွှန်ကြားရေးမှူး
**ဧရာဝတီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**အသက်(၅၉)နှစ်**

ဧရာဝတီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြသက်မောင်သည် ၂၄-၄-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၀၅ နာရီတွင် ပုသိမ်မြို့၊ (၄)ရပ်ကွက်၊ အေးရိပ်မွန်ဝန်ထမ်းအိမ်ရာ၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တိုင်းအုပ်ချုပ်ရေးမှူးနှင့်အရာထမ်း၊ အမှုထမ်းများ**
**ဧရာဝတီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
## ဒေါ်အေးသန္တာဝင်း
**(ဒါရိုက်တာ၊ ငွေကြယ်အိမ် ဂရစ်ကုမ္ပဏီလီမိတက်)**
**အသက်(၄၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သုဓမ္မစာရီလမ်း၊ အမှတ်(၁၂/ဘီ)၊ အခန်း(၂၀၂)နေ ဦးဝင်းအောင်-(ဒေါ်ငြိမ်းငြိမ်းလှ)တို့၏ သမီး၊ (ဦးလှသောင်း)-ဒေါ်တင်ကြိုင်)၊ ဦးအောင်ထွန်း-ဒေါ်မြင့်ကြည် တို့၏တူမ၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးတင်ဌေးဦး-ဒေါ်ခင်ခင်ကြူ တို့၏သမီးချွေးမ၊ ဦးသီဟကိုကို၏ချစ်လှစွာသောဇနီး၊ မောင်ဟန်သုတကိုကို၏မိခင်၊ ဒေါ်သီတာမွန်၊ ဒေါ်ထားထားမော်၊ ဒေါ်နှင်းပပစိမ်းတို့၏ ညီမ၊ ဦးအေးချမ်းကိုကို-ဒေါ်စန္ဒီသော်တာရွှေ၊ ဦးငြိမ်းချမ်းကိုကို-ဒေါ်သျှိုဃာဇွန်၊ မငုဝါဇာနည်အောင်တို့၏အစ်မသည် ၂၄-၄-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် SAKURA ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၉ရက်(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါ မေတ္တာညွန့်နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၉ရက် နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါ မေတ္တာညွန့်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**မအေးသီရိအောင်** အသက်(၄၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာလမ်း၊ အမှတ်(၈၂၅)နေ ဦးတင်ထွန်း-(ဒေါ်ကြူကြူ)တို့၏သမီး၊ ဒေါ်မြင့်မေ၊ ဦးမြင့်ဆွေ-ဒေါ်နှင်းကြိုင်၊ ဦးခင်ဇော်-ဒေါ်အမာချိုတို့၏တူမ၊ ဦးအာရာဖတ်-ဒေါ်သီသီအောင်(မင်္ဂလာဈေး)တို့၏ညီမ၊ မဒါလီတင်ထွန်း၊ မောင်ရဲရင့်တင်ထွန်း၊ မသြဇာတင်ထွန်းတို့၏အစ်မ၊ မမြတ်နိုး မေမောင်၏မိခင်၊ ဦးခင်လေးမောင်၏ချစ်လှစွာသောဇနီးသည် ၂၄-၄- ၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက်၈း၂၀နာရီတွင် ဆာကူရာဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**အများသိစေရန် ကြေညာချက်**

၁။ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သုခလမ်း၊ အမှတ်(၉) တွင် (၈)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ရန် မြေရှင် ဦးလှသန်း၊ လိုင်စင်ရကန်ထရိုက်တာ ဦးအောင်တင်စိုး(LC-508)၊ လိုင်စင်ရအင်ဂျင်နီယာ ဦးနိုင်ဝင်း (LS-242 )တို့သို့ ဤဌာန၏ (၂၃-၅-၂၀၁၄) ရက်စွဲပါစာအမှတ်၊၈၂၅/ ၇၇၈/စည်ပင်-ယာ(အံ့)ဖြင့် ဆောက်လုပ်ခွင့်ပြုထားပြီး ဖြစ်ပါသည်။

၂။ ယခုအခါအဆိုပါ (၈)ထပ်တိုက်အဆောက်အဦဆောက်လုပ်ခွင့်အား မူလလိုင်စင်ရကန်ထရိုက်တာ ဦးအောင်တင်စိုး(LC-508)အစား လိုင်စင်ရကန်ထရိုက်တာ ဦးကျော်ကျော်နိုင်(LC-1204)သို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန်မြေရှင်နှင့်လိုင်စင်ရကန်ထရိုက်တာ(၂)ဦးတို့မှဌာနသို့လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့် နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
အင်ဂျင်နီယာဌာန (အဆောက်အအုံ)
အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှကြည်(အန်တီလန်း)
**ကန်တော်ကလေး**
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး တောင်ပိုင်းရပ်ကွက်၊ ဓမ္မာရုံဖြတ်လမ်း၊ အမှတ်(၃၃)နေ (ဦးဖိုးအောင်-ဒေါ်ခင်စိန်)တို့၏သမီး၊ ဒေါ်စိန်ဝင်း၊ (ဦးဖိုးထောင်)၊ (ဦးမြင့်စိုး)၊ (ဦးခင်မြင့်)၊(ဒေါ်စိန်ရင်)၊ ဦးထွန်းမြင့်တို့၏ညီမ၊ တူမလေးယောက်၊ တူ နှစ်ယောက်၊ မြေး ၁၀ယောက်တို့၏အဘွားသည် ၂၅-၄-၂၀၁၉ ရက်(ကြာသပတေးနေ့) နံနက် ၉း၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၉ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်တင့်
**ကုန်သွယ်/ပုံနှိပ်(ငြိမ်း)**
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့နေ (ဦးတူ-ဒေါ်သင်)တို့၏သမီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၁)ရပ်ကွက်၊ စိန်တလေးလမ်း၊ အမှတ် ၁၂၁၁နေ (ဦးတင်ညီညီ)၏ဇနီး၊ မမြတ်စုညီ(ရန်ကုန်စီးပွားရေးတက္ကသိုလ်)၏မိခင်သည် ၂၄-၄-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၉ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးသန်းထွန်း
**[ခ•မ•ရ(၂၁၂)-ငြိမ်း]၊**
**ကုန်သွယ်လယ်ယာ-ငြိမ်း)**
**အသက်(၆၅)နှစ်**

ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ ဦးရင်ပြင်ရွာနေ (ဦးကံကော်-ဒေါ်လှတင်) တို့၏ သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၉၀၆)နေ (ဦးအောင်ဝင်း)-ဒေါ်ဝင်းကြည်တို့၏သားသမက်၊ ဒေါ်ချိုချိုဝင်း၏ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်မင်းသန်း၊ မောင်ချမ်းငြိမ်း၊ မသွန်းမြတ်ကြယ်စင်တို့၏ ဖခင်သည် ၂၅-၄-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၉ရက် (စနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၄၅ နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ ဓမ္မာရုံဒါယကာကြီး
ဖားအောက်တောရဆရာတော်ကြီး၏ရဟန်းဒါယကာကြီး
**ဦးအံကူး(ခ)စောအံကူး (ညောင်ပင်ဆိပ်၊ မော်လမြိုင်မြို့)**
**သုခဝတီဥယျာဉ်**
**အသက်(၁၀၇)နှစ်**

မော်လမြိုင်မြို့၊ အောက်လမ်းမကြီး၊ အမှတ်(၁၈)နေ(ဒေါ်အေးရှင်)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သန်းသန်းဆွေ၊ ဒေါ်သန်းသန်းငွေ၊ ဒေါ်သန်းသန်းစိန်၊ ဦးဝင်းမြတ်အောင်(ခ)ဦးတိတ်စိန်-ဒေါ်စိုးစိုးမော်၊ မရီရီဝင်းတို့၏ချစ်လှစွာသောဖခင်၊ မောင်ဝိုင်းမော်၊ မောင်ဥက္ကာကျော်တို့၏အဘိုး၊ မောင်သုခဖြိုးကျော်၏ဘိုးဘိုးကြီးသည် ၂၄-၄-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၉ ရက် (သောကြာနေ့) မွန်းလွဲ၂နာရီတွင် ညောင်ပင်ဆိပ်တရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးမောင်မောင်လတ် (LEO MYAYIN)
**တိုင်းနှင့်ပြည်နယ်ဦးစီးမှူး(ငြိမ်း)**
**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန**
**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ ပြည်လမ်း၊ ၁၀မိုင်၊ အောင်စေတီကျောင်းလမ်း၊ အမှတ်-၈၈၆(c)နေ စက်ရှင်မင်းကြီး(ဦးမြရင်-ဒေါ်ခင်ညွန့်)တို့၏သား၊ စက်ရှင်မင်းကြီး(ဦးဘချစ်-ဒေါ်ခင်မမ)တို့၏သားသမက်၊ (ဦးသိုက်ထွန်း)၏ညီ၊ (ဦးခင်မောင်လွင်)၊ (ဦးညီညီရင်)တို့၏အစ်ကို၊ (ဒေါ်တင်မျိုးဝေ-JUNE BA CHIT)၏ခင်ပွန်း၊ ဒေါ်ညွန့်ဦးယဉ် (@)CHERYL HERD-KEITH HERD(CANADA)၊ ဒေါ်သော်တာယဉ်(@)AMANDA-ဦးခင်မောင်ထွေး(@) TONY NYEIN (DIRECTOR SEA WIND SHIPPING)၊ ဦးနေမျိုးရင်(@) CHRIS၊ ဦးအောင်မျိုးရင်(@) PEEPO တို့၏ချစ်လှစွာသောဖခင်၊ မဧကရီမောင်-ကိုဟန်လင်းမောင်မောင်(USA)၊ မသဥ္ဇာမောင်(@)TIFFANY-ကိုသီဟမျိုးလွင်(THAILAND), JAMES BENJAMIN YIN, MATTHEW BRENDEN YIN(UK) တို့၏အဘိုး၊ မြစ်သုံးယောက်တို့ဘိုးဘိုးသည် ၂၂-၄-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၇း၃၂နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၉ရက်(သောကြာနေ့) ညနေ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၄-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးမောင်လွန်းစိန်
**အသက်(၈၇)နှစ်**

(ဦးမြသာအောင်-ဒေါ်သောင်းစိန်ဖြူ)တို့၏သား၊ စစ်တွေမြို့၊ ရှုပတောင်ရပ်ကွက်၊ အမျိုးသားဓာတ်ပုံတိုက်နေ ဒေါ်စံလှဖြူ၏ခင်ပွန်း၊ ဦးဦးထွန်းလှ-ဒေါ်သန်းသန်းနွယ်(U.S.A)၊ (ဦးမောင်သန်းလှိုင်)-ဒေါ်အေးအေးသန်း၊ မသန်းသန်းရွှေ၊ ဦးစံရွှေမောင်-ဒေါ်မာလာ၊ ဦးမောင်လှရွှေ-ဒေါ်အေးမြစိန်(Australia)၊ ဦးအောင်အောင်-ဒေါ်နုနုစံတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၅-၄-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် စစ်တွေမြို့ အာကျိုတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးကျော်ညွန့် (မြင်းခြံ)**
**နာယကကြီး**
**မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)**
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ပါရမီလမ်းနေ ဒေါ်ခင်အေးအေး၏ခင်ပွန်း၊ မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)၏နာယကကြီး ဦးကျော်ညွန့်(ညွှန် ကြားရေးမှူး-ငြိမ်း၊ ဆည်မြောင်း)သည် ၂၀-၄-၂၀၁၉ရက် ည၈နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်စိန်(ခ)ဒေါ်တင်တင်မျိုး (ဘိုကလေး)**
**အသက်(၆၈)နှစ်**

ဦးသောင်းမြင့်(ဒုဥက္ကဋ္ဌ) ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)၏ဇနီး ဒေါ်စိန်(ခ)ဒေါ်တင်တင်မျိုးသည် ၂၄-၄-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ အသင်းသူအသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် ရေဝေးသုသာန်သို့အသင်းရုံးမှ ၂၆-၄-၂၀၁၉ရက်(သောကြာနေ့) နံနက် ၈နာရီကားထွက်ပါမည်။

**ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)**

---

## ဦးအောင်သန်း
**ကြီးကြပ်ရေးမှူး(ငြိမ်း)**
**ဆသရ၊ တိုင်းကြေးနန်းရုံး**
**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်း၊ တိုက်အမှတ်(၁၁၆၅)၊ လေးလွှာ(ခေါင်းရင်း)နေ ဒေါ်စန်းလေး၏ချစ်လှစွာသောခင်ပွန်း၊ (ဦးတင်ညို-ဒေါ်လှစိန်)တို့၏သား၊ (ဦးမောင်ကြည်-ဒေါ်နှင်းအောင်)တို့၏သားသမက်၊ ကိုထွန်းလင်းဗိုလ်-မတူးတူးမာ၊ မတင်တင်အေး၊ ကိုညီညီလင်းတို့၏ချစ်လှစွာသောဖခင်၊ မဆုစန္ဒီလင်း၏အဘိုးသည် ၂၅-၄-၂၀၁၉ရက် နံနက် ၈း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၉ရက် နံနက်၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## တိုက်အုပ်ဆရာတော် ဘဒ္ဒန္တပညာလောက
**သာသန ဓဇဓမ္မာစရိယ(ဝိနယပါဠိပါရဂူ)**
**မဟာဂန္ထဝါစကပဏ္ဍိတ**
**သက်တော်(၇၀)၊ သိက္ခာတော်(၅၀)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အရိယာမဏ္ဍိုင်စာသင်တိုက် တိုက်အုပ်ဆရာတော် သာသနဓဇဓမ္မာစရိယ (ဝိနယပါဠိပါရဂူ) မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာလောက မဟာထေရ်မြတ်သည် ၁၃၈၁ခုနှစ် တန်ခူးလပြည့်ကျော် ၄ ရက် ၂၃-၄-၂၀၁၉ရက် (အင်္ဂါနေ့) ည ၇း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၁ခုနှစ် တန်ခူးလပြည့်ကျော် ၈ရက်) ၂၇-၄-၂၀၁၉ရက် (စနေနေ့) ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမစျာပန ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာ ဒါယကာ/ဒါယိကာမအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

**တပည့်သံဃာတော်များနှင့် ဒါယကာ/ဒါယိကာမများ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်းဆောင်း၊ ဒါယိကာမကြီး
## ဒေါ်အေးကြည် (ဖျာပုံမြို့) အသက်(၉၇)နှစ်

ဖျာပုံမြို့၊ အမှတ်(၄၀)ပထမလမ်းနှင့် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ကုန်းဘောင်(၁၄)လမ်း၊ အမှတ်၁၁၇၃ နေ(ဦးကျော်-ဒေါ်သက်စု)တို့၏သမီး၊ (ဦးကြီးစိန်)၏ဇနီး၊ ဦးအောင်သန်းလှ-ဒေါ်ယဉ်အေး၊ ဒေါ်ရီရီစိန်၊ ဦးညိုလုံး-ဒေါ်လှလှစိန်၊ ဦးဇော်ထိန်လင်း-ဒေါ်အေးသန်း၊ ဒေါ်မြင့်မြင့်စိန်၊ ဒေါ်သင်းသင်းစိန်၊ ဒေါက်တာခင်မောင်သက်-ဒေါ်သန္တာထွေး(Australia)၊ ဦးကိုကိုနိုင်-ဒေါ်မိုးသူစံတို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်ခုနစ်ယောက်၊ တီနှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၄-၄-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ၂၅-၄-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

[ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ တောင်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ရဟန်းအမကြီး ဒေါ်ခင်စန်းမြင့်
**(စာရေးဆရာမ၊ မင်းလှယမင်း)**
**ကုန်သွယ်ရေး(ငြိမ်း)**
**အသက်(၈၀)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၃)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၂၁၇)နေ(ဦးကျော်အုန်း-ဒေါ်မယ်ကြည်)တို့၏သမီး၊ (ဦးဖေသောင်း)၏ဇနီး၊ (ဦးဝင်းကြည်)- ဒေါ်ဌေးတို့၏ညီမ၊ ဦးမင်းသွင်(စက်ရှင်တရားသူကြီး-ငြိမ်း)-ဒေါ်သီတာချို၊ ဒေါ်လှလှမော် (JCB)Carton Boxတို့၏အစ်မ၊ ဦးတင်မောင်ဝင်း-(ဒေါ်ခင်သောင်းဦး)၊ ဒေါ်ခင်ပြုံးရီ(စိုက်ပျိုးရေး-ငြိမ်း)၊ ဦးမြင့်သောင်းထူး(လပထ)မိတ္ထီလာ-ဒေါ်စုစုထွေးမော်၊ ဦးနိုင်လင်း-ဒေါ်ယမင်းသောင်း၊ ဦးကျော်ကျော်ဦး-ဒေါ်ယမင်းစုထိုက်တို့၏မိခင်၊ မြေး ၁၀ယောက်တို့၏အဘွား၊ မြစ်သုံးယောက်တို့၏ဘွားဘွားသည် ၂၄-၄-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၅၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးတင်ဝင်း(ခ)စူးကျုံးမိန် (မြောင်းမြ)
**နန်ယန်ကျောင်းသားဟောင်း**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ မင်္ဂလာသုခလမ်း၊ အမှတ်(၅၅) (ပထမထပ်)နေ (ဦးသိန်းမြင့်-ဒေါ်သန်းရွှေ)၊ (ဦးထိုက်ချောင်-ဒေါ်လိုင်းရင်)၊ ဦးရန်မင်း-ဒေါ်ခင်ကြည်၊ (ဦးဝင်းရင်-ဒေါ်ချိုရင်)တို့၏မောင်၊ (ဦးဝေမင်း)-ဒေါ်မြကြည်တို့၏အစ်ကို၊ ဒေါ်ယဉ်ယဉ်ထွေး၏ချစ်လှစွာသောခင်ပွန်း၊ မောင်ညီခိုင်(BE Civil)၊ မစုဝင်း(BE Civil)တို့၏ဖခင်သည် ၂၅-၄-၂၀၁၉ရက် နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဒေါက်တာစန်းစန်းရင် (ဗိုလ်မှူး-ငြိမ်း)
**သာယာဝတီမြို့**
**အသက်(၇၈)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နေ (ဦးဒင်အောင်-ဒေါ်သန်း)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးမြင့်သောင်း)-ဒေါက်တာ ရီရီထွေး၊ (ဗိုလ်မှူးတက်တိုး-ငြိမ်း)-ဒေါ်ခင်သန်းနွဲ့၊ မိတ္ထီလာမြို့နေ ဦးမျိုးမြင့်-ဒေါ်နှင်းနှင်းရီ(ကထိက-ငြိမ်း)၊ ရန်ကုန်မြို့နေ ဗိုလ်ကြီးဇံညွန့်(ငြိမ်း)-ဒေါ်ခင်သီတာသိမ့်၊ ဒေါ်မြင့်မြင့်သိန်း (အထပြ-ငြိမ်း)တို့၏အစ်မ၊ (ဗိုလ်မှူးစိန်ရီ-ငြိမ်း)၏ဇနီးသည် ၂၄-၄-၂၀၁၉ရက်တွင် မိတ္ထီလာမြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် မိတ္ထီလာမြို့ မြင်တော်ကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမောင်နှမများ

---

## ဦးမြသက်မောင် (ပ/၃၅၇၀) အသက်(၅၉)နှစ်
**ထွေအုပ်အပတ်စဉ်(၁၃)၊ ဒုတိယညွှန်ကြားရေးမှူး**
**ဧရာဝတီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ စိမ်းရတနာမွန်(တောင်)ရပ်ကွက်နေ(ဦးအေးမောင်)-ဒေါ်အုန်းအုန်းတို့၏သား၊ မြစ်ကြီးနားမြို့နေ (ဦးမြင့်ဦး)-ဒေါ်အမာစိန်တို့၏ညီ၊ မန္တလေးမြို့နေ ဦးမောင်မောင်ဌေး(လ/ထညွှန်မှူး၊ အကောက်ခွန်)-ဒေါ်မြသက်ဆွေ(လ/ထညွှန်မှူး-ငြိမ်း၊ ပြည်တွင်းအခွန်)၊ မိုးညှင်းမြို့နေ ဦးဆန်းအောင်ထူး(ထူးမြတ်ပညာကိုယ်ပိုင်အထက်တန်းကျောင်း)-ဒေါ်ထွေးထွေးတို့၏အစ်ကို၊ မဇင်မာလင်း၏ဦးလေး၊ ပုသိမ်မြို့၊ အေးရိပ်မွန်ဝန်ထမ်းအိမ်ရာနေ ဒေါ်မို့မို့၏ခင်ပွန်း၊ ကိုဝင်းကျော်ဖြိုး၊ ကိုကျော်စွာစိုး၊ ကိုသက်မောင်တိုးတို့၏ဖခင်သည် ၂၄-၄-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၉ရက် (သောကြာနေ့)တွင် သရောင်းချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မော်စကိုမြို့ရှိ MIG - 29 Service Support Center ကြည့်ရှုလေ့လာ

**နေပြည်တော် မေ ၂၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် မေ ၂၄ ရက် မွန်းလွဲပိုင်းတွင် မော်စကိုမြို့ ဘာလာရီးခါ ရပ်ကွက်ရှိ မြန်မာ့ထေရဝါဒ ဗုဒ္ဓဝိဟာရကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဒေါက်တာအရှင်အစ္ဆရိယအား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ကျောင်းတိုက်အတွင်း ဓမ္မာရုံတည်ဆောက်မည့် အခြေအနေများနှင့် ကျောင်းတိုက်တိုးချဲ့တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှုများ၊ ကမ္ဘာ့ယဉ်ကျေးမှုပေါင်းစုံ ပြတိုက်ပန်းခြံအတွင်း ရွှေစည်းခုံစေတီတော်ပုံစံတူ တည်ထားကိုးကွယ်ရန် ဆောင်ရွက်နေသည့် အခြေအနေများနှင့် လိုအပ်ချက်များအား မေးမြန်းလျှောက်ထားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများက လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ

*စာမျက်နှာ ၇ ကော်လံ ၁* ❒



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မော်စကိုမြို့ရှိ MIG - 29 Service Support Center မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။**
ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၉) ဆက်လက်ကျင်းပမည်



**ရောဝတီနှင့် ရှမ်းယူနိုက်တက်အသင်း ပြီးခဲ့သည့်ရာသီက တွေ့ဆုံခဲ့စဉ်။** ဓာတ်ပုံ-စိုးညွန့်

**ရန်ကုန် မေ ၂၅**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၉) ကို ယခုတစ်ပတ် စနေ၊ တနင်္ဂနွေနေ့တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ ပွဲစဉ် (၉) တွင် ပရိသတ်အကြိုက်တွေ့နိုင်သည့် ပွဲကောင်းများပါဝင်နေပြီး ရောဝတီနှင့် ရှမ်းယူနိုက်တက်၊ စစ်ကိုင်းနှင့် မကွေးအသင်းတို့၏ တွေ့ဆုံမှုများက အကြိတ်အနယ် ဖြစ်ဖွယ်ရှိနေသည်။

ပွဲစဉ် (၉) အဖြစ် မေ ၂၇ ရက်တွင် ဝေသာလီကွင်း၌ ရခိုင်အသင်းနှင့် ဟံသာဝတီအသင်း၊ သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် Chinland အသင်း၊ မုံရွာကွင်း၌ စစ်ကိုင်းအသင်းနှင့် မကွေးအသင်း၊ မေ ၂၈ ရက်တွင် သုဝဏ္ဏကွင်း၌ ဒဂုံအသင်းနှင့် ရန်ကုန်အသင်း၊ မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် ရတနာပုံအသင်း၊ ပုသိမ်ကွင်း၌ ရောဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၈) အပြီးတွင် ရတနာပုံအသင်းက ၁၇ မှတ်ဖြင့် ထိပ်ဆုံးသို့ ရောက်ရှိလာပြီး ရှမ်းယူနိုက်တက်၊ ရန်ကုန်နှင့် ဟံသာဝတီအသင်းက ၁၆ မှတ်စီ၊ စစ်ကိုင်းနှင့်

*စာမျက်နှာ ၁၂ ကော်လံ ၅* ◆

## လေဖိအားနည်းရပ်ဝန်းဆက်လက်တည်ရှိ

**နေပြည်တော် မေ ၂၅**

ယနေ့ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းနေပြီး နောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## မြောက်ဦးမြို့နယ် ဘောင်းဒုတ်ကျေးရွာရှိ နယ်မြေခံတပ်ဌာနချုပ်အား AA အဖွဲ့က ကျေးရွာအတွင်းမှ နေရာယူ၍ လက်နက်ကြီး/လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်

စာ » ၁၃



# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ

မြန်မာ့အလင်း
သောကြာ၊ ဧပြီ ၂၆၊ ၂၀၁၉

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သုံးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။



၇-၃-၂၀၁၈ ရက်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံတွင် အမှာစကားပြောကြားစဉ်။

# ပြည်သူများ ဥပဒေ၏ကာကွယ်စောင့်ရှောက်မှုကို ရရှိခံစားနိုင်ရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေသည့် ပြည်ထောင်စုရှေ့နေချုပ်ရုံး



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး

**တရားဥပဒေ စိုးမိုးရေး တိုးတက် ကောင်းမွန်ခြင်းဖြင့် အများပြည်သူရဲ့ ဥပဒေဆိုင်ရာ အခွင့်အရေးနဲ့ တရားမျှတမှုတွေ တိုးတက်ကောင်းမွန် လာမှာ ဖြစ်ပါတယ်**

**သတင်းဆောင်းပါး - သီသီမင်း၊ ဓာတ်ပုံ - မိုင်ခ**

**ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အဓိကလုပ်ငန်းရည်မှန်းချက်များမှာ အများပြည်သူတို့အနေဖြင့် ဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုကို ရရှိခံစားနိုင်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ဖြစ်ပြီး တတိယ (၁)နှစ်တာကာလအတွင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် တရားဥပဒေစိုးမိုးရေး၏ အခြေခံအုတ်မြစ်ဖြစ်သည့် ဥပဒေပြုရေးကဏ္ဍ၊ ဥပဒေများကို လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်ရသည့် အုပ်ချုပ်ရေးယန္တရားနှင့် တရားမျှတမှုကို ဆောင်ကြဉ်းပေးရသည့် တရားစီရင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။**

"တရားဥပဒေစိုးမိုးရေး တိုးတက်ကောင်းမွန်ခြင်းဖြင့် အများပြည်သူရဲ့ ဥပဒေဆိုင်ရာ အခွင့်အရေးနဲ့ တရားမျှတမှုတွေ တိုးတက်ကောင်းမွန်လာမှာ ဖြစ်ပါတယ်"ဟု ပြည်ထောင်စု ရှေ့နေချုပ် ဦးထွန်းထွန်းဦးက ပြောသည်။

တတိယ (၁)နှစ်တာ ကာလအတွင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် ဥပဒေပြုကဏ္ဍတွင် ဝန်ကြီးဌာနများက ပေးပို့သည့် ဥပဒေမူကြမ်း ၁၈၁ ကြိမ်၊ နည်းဥပဒေ၊ စည်းမျဉ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက် ၂၅၇ ကြိမ်ကို စိစစ်အကြံပေးနိုင်ခဲ့ကြောင်း သိရသည်။ လွှတ်တော်နှင့် ဝန်ကြီးဌာနများတွင် ပြုလုပ်သည့် ဆွေးနွေးပွဲ၊ အစည်းအဝေးများတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးက တက်ရောက်ဆွေးနွေးအကြံပြုခဲ့ခြင်း၊ အစိုးရအဖွဲ့လုပ်ငန်းများတွင် အစိုးရဌာနအဖွဲ့အစည်းများ၏ စီမံဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု ၆၈၈ ခု၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ၁၀၉၇ ခုနှင့် အခြားဥပဒေရေးရာ ၅၂၇ ခုတို့ကို အကြံပြုဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် **"တရားဥပဒေစိုးမိုးရေးဆီသို့"** စသည့်မဟာဗျူဟာ စီမံကိန်းတစ်ရပ်ကို ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခုစီမံကိန်းတစ်ရပ်လုံး၏ အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်ပြီး ဒုတိယ ၅ နှစ် စီမံကိန်းချမှတ် အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စီမံကိန်းလုပ်ငန်းများသည် နိုင်ငံသားများ၏ ဥပဒေဆိုင်ရာ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးရန် ပြည်သူကို ရှေးရှုသည့် ဥပဒေဝန်ဆောင်မှုစနစ်များ ဖြစ်ထွန်းလာရန်၊ ရုံးလုပ်ငန်းစနစ်များ တိုးတက်ကောင်းမွန်လာရန်၊

**အချပ်ပို(ခ)သို့**




၂၃-၁၂-၂၀၁၈ ရက်က ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ဦးညီပုနှင့် တာဝန်ရှိသူများ မောင်တောခရိုင် ဥပဒေရုံးသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

အချပ်ပို(က)မှ

အများယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ် ဖြစ်ထွန်းလာရန် တရားမျှတမှုကဏ္ဍ တိုးတက်ကောင်းမွန်ရန်အတွက် ဆက်စပ်အဖွဲ့အစည်းများ အကြား ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်နိုင်ရန် အလေးထားဆောင်ရွက်မှုများ ဖြစ်ကြောင်း ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ဆိုသည်။

**နိုင်ငံတော်ကိုယ်စား လိုက်ပါဆောင်ရွက်လျက်ရှိ**

ထို့ပြင် တရားစီရင်ရေးလုပ်ငန်းများတွင် ရာဇဝတ်မှုများကို တရားမစွဲမီ ဥပဒေအကြံပေးခြင်းနှင့် နိုင်ငံတော်ကိုယ်စား အမှုလိုက်ပါဆောင်ရွက်ခြင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးအရ နိုင်ငံသားတစ်ဦးက ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးသို့ စာချွန်တော် လျှောက်ထားလာသည့်ကိစ္စများတွင် နိုင်ငံတော်ကိုယ်စား လိုက်ပါဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဥပဒေအရာရှိများအနေဖြင့် မှုခင်းဆိုင်ရာများကို ဆောင်ရွက်ရာတွင် ဘက်လိုက်မှု ကင်းကင်းဖြင့် တရားမျှတစွာဆောင်ရွက်နိုင်ရန် ဥပဒေအရာရှိ ကျင့်ဝတ်လက်စွဲစာအုပ်ကို ထုတ်ဝေပြီး လိုက်နာကျင့်သုံးလျက်ရှိကြောင်း ပြည်ထောင်စုရှေ့နေချုပ်ထံမှ သိရသည်။

ဥပဒေရုံးများ၏ ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်လာရန်အတွက် ဥပဒေရုံးရှစ်ရုံးကို ရှေ့ပြေးဥပဒေရုံးအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး ရှေ့ပြေးရုံးများတွင် အမှုများ ကြန့်ကြာမှု မရှိရန်၊ အမှုတွဲနှင့် ရုံးလုပ်ငန်းများ စီမံခန့်ခွဲမှု ကောင်းမွန်ရန် စသည်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အပြင် အများပြည်သူများ ဥပဒေဆိုင်ရာ ဗဟုသုတများ တိုးပွားလာရေး အတွက် တရားဥပဒေစိုးမိုးရေး စကားဝိုင်းများ၊ စာချွန်တော်အကြောင်း၊ သက်ငယ်မုဒိမ်း အကြောင်း၊ ဆက်သွယ်ရေးဥပဒေအကြောင်း သိကောင်းစရာများကို နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့ကြောင်း သိရသည်။

"ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နဲ့ ညွှန်ကြားချက်တွေကို လေ့လာဖတ်ရှုနိုင်ဖို့ အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ မြန်မာဥပဒေသတင်းအချက်အလက်စနစ် အင်တာနက် စာမျက်နှာကို လွှင့်တင်ခဲ့တဲ့အတွက် အများပြည်သူတွေအနေနဲ့ တယ်လီဖုန်းကနေ လွယ်လွယ်ကူကူ ကြည့်ရှုဖတ်နိုင်တဲ့အတွက် တစ်နှစ်အတွင်း ကြည့်ရှုသူ နှစ်သိန်းခန့်ရှိပြီး ၄၆ ရာခိုင်နှုန်းခန့်ဟာ ရန်ကုန်မြို့က ကြည့်ရှုနေသူတွေ ဖြစ်ပါတယ်"ဟု ဦးထွန်းထွန်းဦးက ပြောသည်။

**သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်**

ထို့အပြင် တရားမျှတမှုဆိုင်ရာ အခက်အခဲများရှိခဲ့ပါက နစ်နာသူအနေဖြင့် တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်ရှိသည့် အဖွဲ့ခွဲများဆီသို့ တင်ပြနိုင်ကြောင်း၊ တင်ပြချက်နှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ သိရသည်။

နိုင်ငံသားတစ်ဦး၏ ဥပဒေဆိုင်ရာ အခွင့်အရေး နစ်နာဆုံးရှုံးမှုရှိပါက စာချွန်တော်အမိန့် လျှောက်ထားခွင့် နိုင်ငံသားတစ်ဦးအနေဖြင့် ဥပဒေဆိုင်ရာ အခွင့်အရေး နစ်နာဆုံးရှုံးမှုရှိလာပါက စာချွန်တော်အမိန့် လျှောက်ထားခွင့်ရှိကြောင်း ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်က ပြောသည်။

**အချင်းချင်း အပြန်အလှန်ထိန်းကျောင်း**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်က စာချွန်တော်အမိန့် လျှောက်ထားမှုများကို စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြားနာဆုံးဖြတ်ပြီး နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁(က) အရ နိုင်ငံတော်၏ အချုပ်အခြာ အာဏာ ၃ ရပ်ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

"စာချွန်တော်အမိန့် လျှောက်ထားခွင့်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာတာ ဖြစ်ပြီး အုပ်ချုပ်ရေးအာဏာပိုင်တို့ရဲ့ ဆောင်ရွက်ချက်တွေကို ဥပဒေနဲ့အညီဖြစ်ရေးအတွက် တရားစီရင်ရေးအာဏာနဲ့ တည့်မတ်ထိန်းကျောင်းဖို့ ဖြစ်ပါတယ်"ဟု ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်က ပြောသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးတစ်ရပ်ရပ် နစ်နာဆုံးရှုံးလျှင် နစ်နာသူအနေဖြင့် ရှေ့တော်သွင်း စာချွန်တော်အမိန့်၊ အာဏာပေးစာချွန်တော်အမိန့်၊ တားမြစ်စေစာချွန်တော်အမိန့်၊ အာဏာပိုင်မေး စာချွန်တော်အမိန့်နှင့် အမှုခေါ်စာချွန်တော်အမိန့် စသည့် စာချွန်တော်အမိန့် ငါးမျိုးကို လျှောက်ထားနိုင်ကြောင်း သိရသည်။

"စာချွန်တော်အမိန့်တွေက တရားရုံးသို့မဟုတ် အခွင့်အာဏာရှိသော အဖွဲ့အစည်းသို့မဟုတ် အခွင့်အာဏာရှိသူတို့ရဲ့ ဆုံးဖြတ်ဆောင်ရွက်ချက်တွေသည် ဥပဒေနဲ့ ညီညွတ်ခြင်းရှိ/မရှိ၊ စီရင်ခွင့်အာဏာကျော်လွန်ခြင်း ရှိ/မရှိနဲ့ တရားမျှတမှုကို ဆန့်ကျင်၍ ဆောင်ရွက်ခြင်း ရှိ/မရှိ တို့ကို စိစစ်သုံးသပ်ဆုံးဖြတ်ရပါတယ်။ ဒါကြောင့် စာချွန်တော်အမိန့် လျှောက်ထားမှုတွေ ပြည်ထောင်စုရှေ့နေချုပ်ရုံးက လျှောက်ထားသူဘက်မှဖြစ်စေ၊ လျှောက်ထားခံရသူ ဘက်မှဖြစ်စေ၊ လျှောက်ထားသူနဲ့ လျှောက်ထားခံရသူတွေ အပေါ်ဖြစ်စေ၊ ရုံးသဟာယအဖြစ်ဖြစ်စေ လိုက်ပါဆောင်ရွက်ရပါတယ်"ဟု ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်က ပြောသည်။

**စာချွန်တော်အမိန့်လျှောက်ထားမှုပေါင်း ၉၀ ကို လိုက်ပါဆောင်ရွက်**

ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် တတိယ(၁)နှစ်တာကာလအတွင်း စာချွန်တော် အမိန့်လျှောက်ထားမှုပေါင်း ၉၀ ကိုလိုက်ပါဆောင်ရွက်ခဲ့ရာ အများဆုံးလျှောက်ထားသည့် စာချွန်တော် အမှုများတွင် အမှုခေါ်စာချွန်တော်အမိန့်၊ အာဏာပေးစာချွန်တော်အမိန့်နှင့် အာဏာပိုင်မေး စာချွန်တော်အမိန့်များဖြစ်ကြောင်း သိရသည်။

အများပြည်သူအနေဖြင့် တရားမျှတမှုဆိုင်ရာ အခက်အခဲများကို ကြုံတွေ့လျှင် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် အဖွဲ့ခွဲများသို့ တင်ပြချက်များအပေါ် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လိုအပ်သလို အကြောင်းပြန်ကြားပေးလျက်ရှိ**

"ဥပမာတင်ပြချက်ဟာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနဲ့ ဆိုင်တာလား၊ ဥပဒေရုံး၊ တရားရုံး၊ ဒါမှမဟုတ် ရဲတပ်ဖွဲ့တို့နဲ့ ဆိုင်တာလား၊ အခြားဌာန အဖွဲ့အစည်းနဲ့ ဆိုင်တာလားဆိုတာကို လေ့လာပြီး တင်ပြချက်အပေါ် တရားမျှတစွာ ဆောင်ရွက်ပေးနိုင်ဖို့အတွက် သက်ဆိုင်ရာဌာနနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပါတယ်။ တင်ပြသူဆီကို ဆောင်ရွက်ချက် လိုအပ်သလို အကြောင်းပြန်ကြားပေးလျက်ရှိပါတယ်" ဟု ဒုတိယရှေ့နေချုပ်က ပြောသည်။

အဆိုပါ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ လုပ်ငန်းများအဆင်ပြေချောမွေ့စွာဖြင့် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့က ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလမှာ ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီအဖွဲ့မှာ ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး ဒုတိယရှေ့နေချုပ်နဲ့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ဒုတိယဥက္ကဋ္ဌတွေအဖြစ် ပါဝင်ကာ အဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန၊ တရားလွှတ်တော်ရှေ့နေ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းတွေမှ ကိုယ်စားလှယ်တွေနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ နယ်ပယ်ကဏ္ဍစုံက ပုဂ္ဂိုလ် ၁၇ ဦးနဲ့ ဖွဲ့စည်းထားပါတယ်"ဟု ဒုတိယရှေ့နေချုပ်က ပြောသည်။

**တိုးချဲ့ဖွဲ့စည်းထား**

အဆိုပါ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် တိုးချဲ့ဖွဲ့စည်းထားပြီး အဖွဲ့ခေါင်းဆောင်သည် သက်ဆိုင်ရာ ဝန်ကြီးချုပ်က တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် ညှိနှိုင်းရွေးချယ်ထားသူဖြစ်ကြောင်း သိရသည်။

အချပ်ပို(ဂ)သို့



ဒုတိယရှေ့နေချုပ်
ဦးဝင်းမြင့်



အမြဲတမ်းအတွင်းဝန်
ဒေါ်နုနုယဉ်



ညွှန်ကြားရေးမှူးချုပ်
ဒေါ်ခင်ချိုအုန်း



ညွှန်ကြားရေးမှူးချုပ်
ဒေါက်တာဆွေဆွေအောင်



ညွှန်ကြားရေးမှူးချုပ်
ဒေါက်တာသီတာဦး

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ



**အချုပ်ပို(ခ)မှ**

ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် အဖွဲ့ခွဲများ ဖွဲ့စည်းခဲ့သည့် နှစ်နှစ်တာကာလအတွင်း တရားမျှတမှုဆိုင်ရာ အခက်အခဲတင်ပြစာပေါင်း ၅၅၂ စောင်ရှိခဲ့ပြီး ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်နိုင်ရေးအတွက် ရည်ရွယ်ပြီး တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံကို ၂၀၁၈ ခုနှစ် မတ်လတွင် ကျင်းပခဲ့ရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် တက်ရောက်ခဲ့ကြောင်း သိရသည်။

ယင်းညီလာခံကရရှိသည့် ဆွေးနွေးချက်ရလဒ်များ၊ အကြံပြုချက်များအပေါ် အခြေခံပြီး ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ **"ပြည်သူ့အတွက် တရားမျှတမှု"** မဟာဗျူဟာစီမံကိန်းကို ရေးဆွဲအတည်ပြုနိုင်ခဲ့ကြောင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ သိရသည်။

**တစ်ဆင့်ခံ ဥပဒေပြုခြင်းဖြစ်**

ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေများစိစစ်အကြံပြုရေးဦးစီးဌာနသည် နိုင်ငံတော်၏ ဥပဒေပြုရေး အခန်းကဏ္ဍတွင် အထောက်အကူပြုပါဝင်ဆောင်ရွက်လျက်ရှိသည်။ ဥပဒေပြုရေးတွင် အမြင့်ဆုံးဥပဒေပြုခြင်းနှင့် တစ်ဆင့်ခံဥပဒေပြုခြင်းဟူ၍ရှိရာ နိုင်ငံ၏ အမြင့်ဆုံးဥပဒေပြုအဖွဲ့ဖြစ်သည့် ပြည်ထောင်စုလွှတ်တော်က ဥပဒေများပြဋ္ဌာန်းခြင်းသည် အမြင့်ဆုံးဥပဒေပြုခြင်းဖြစ်ပြီး ယင်းဥပဒေများကို အကောင်အထည်ဖော်ရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများကို နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း စသည့် တစ်ဆင့်ခံဥပဒေများ ထုတ်ပြန်ပိုင်ခွင့်အပ်နှင်းခြင်းသည် တစ်ဆင့်ခံဥပဒေပြုခြင်းဖြစ်ကြောင်း သိရသည်။

"ဦးစီးဌာနက ဒီဥပဒေပြုခြင်း နှစ်ရပ်လုံးမှာ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ သက်ဆိုင်ရာ အစိုးရဌာနနဲ့ အဖွဲ့အစည်းတွေက စီမံခန့်ခွဲတဲ့ ဥပဒေတွေကို ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းနဲ့ အသစ်ပြဋ္ဌာန်းခြင်းတို့ ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေမူကြမ်းတွေ ရေးဆွဲပြီး ဌာနသို့ အကြံပြုချက်တွေ တောင်းခံခြင်း၊ ယင်းတို့ထုတ်ပြန်မည့် တစ်ဆင့်ခံဥပဒေတွေကို ပေးပို့အကြံပြုချက်တောင်းခံခြင်းတွေကို ဆောင်ရွက်ပါတယ်"ဟု ဥပဒေစိစစ်အကြံပြုရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆွေဆွေအောင်က ပြောသည်။

အဆိုပါ ဥပဒေစိစစ်အကြံပြုရေးဦးစီးဌာနက တတိယ (၁)နှစ်တာကာလအတွင်း ဥပဒေမူကြမ်းတွေကို ၁၈၁ ကြိမ် စိစစ်ပြန်ကြားနိုင်ခဲ့ပြီး တစ်ဆင့်ခံဥပဒေမူကြမ်းများကို ၂၅၇ ကြိမ် စိစစ်ပြန်ကြားခဲ့ကြောင်း သိရသည်။ ထိုသို့ ဥပဒေမူကြမ်းများ စိစစ်အကြံပြုရာတွင် ဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်ကို ဖော်ဆောင်နိုင်မည့် အဓိကအချက်များအပေါ် စိစစ်အကြံပြုသကဲ့သို့ ရေးထုံးရေးနည်း မှန်ကန်ရန် စိစစ်အကြံပြုကြောင်း သိရသည်။

**ဥပဒေကြမ်းများအပေါ် ဆွေးနွေး**

ထို့ပြင် မကြာသေးမီက ပြဋ္ဌာန်းခဲ့သည့် မူပိုင်ခွင့်ဆိုင်ရာ ဥပဒေများနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံက လိုက်နာရန်တာဝန်ရှိသည့် အပြည်ပြည်ဆိုင်ရာ စာချုပ်များနှင့် ညီညွတ်မှုရှိရေးကိုပါ အကြံပြုခဲ့ကြောင်း သိရသည်။ သက်ဆိုင်ရာလွှတ်တော်ဥပဒေကြမ်းကော်မတီများ၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ဖိတ်ကြားသည့်အခါတွင် ဥပဒေကြမ်းများအပေါ် ဆွေးနွေးခြင်း၊ ဥပဒေမူကြမ်းများ၊ တစ်ဆင့်ခံဥပဒေမူကြမ်းများအပေါ် ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပါ ဥပဒေများကို ဘာသာပြန်ဆိုခြင်းဆိုသည့် လုပ်ငန်း တာဝန်ကို ဥပဒေစိစစ်အကြံပြုရေးဦးစီးဌာနက ဆောင်ရွက်ရပြီး ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများကို ဘာသာပြန်ဆိုခြင်း၊ တစ်ဆင့်ခံဥပဒေများ၊ စာချုပ်ပါ Legal Terms များ၏ ဘာသာပြန်ဆိုချက်များကို စိစစ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး တတိယ (၁)နှစ်တာအတွင်း



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

ဥပဒေအပါအဝင် အခြားဘာသာပြန်ဆိုမှု ၁၁၄ ခု ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရန် အရေးပါသည့် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ၏ အင်္ဂလိပ်ဘာသာပြန်ဆိုချက်ကို တရားဝင်ဘာသာ ပြန်ဆိုပေးနိုင်ခဲ့ကြောင်း သိရသည်။

**ကိစ္စရပ်ပေါင်း ၄၃ ခု အကြံပြုနိုင်**

ထို့ပြင် ဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် သက်ဆိုင်သည့် ဥပဒေအကြံဉာဏ်များ တောင်းခံခြင်းအတွက် အကြံပြုချက်များပေးခဲ့ရာ တတိယ (၁)နှစ်တာအတွင်း ကိစ္စရပ်ပေါင်း ၄၃ ခုကို အကြံပြုနိုင်ခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၁၂၊ နည်းဥပဒေ ၄၂ အရ ပြည်ထောင်စု ရှေ့နေချုပ်ရုံး ဥပဒေအကြံဉာဏ်ပေးရေး ဦးစီးဌာနကို အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေရေးရာဌာနခွဲ၊ စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲနှင့် အထွေထွေဥပဒေ အကြံဉာဏ်ပေးရေးဌာနခွဲဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

**ဥပဒေအကြံဉာဏ်ပေးလျက်ရှိ**

အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေရေးရာဌာနခွဲသည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ ၂(ဎ)၊(ဏ) တို့အရ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာနှင့် လူ့ခွင့်အရေးဆိုင်ရာ စာချုပ်စာတမ်းများ၊ နယ်နိမိတ်သတ်မှတ်ရေး၊ နယ်ခြားဒေသ စီမံခန့်ခွဲရေးဆိုင်ရာ စာချုပ်များ၊ နှစ်နိုင်ငံ လေကြောင်းပို့သန်းရေးစာချုပ်များ၊ စီးပွားရေးနှင့် သက်ဆိုင်ခြင်းမရှိသည့် စာချွန်လွှာများ၊ နားလည်မှုမှတ်တမ်းများ၊ အထောက်အပံ့စီမံကိန်း မှတ်တမ်းများ၊ ကလေးသူငယ်များနှင့် အမျိုးသမီးများ၏ အခွင့်အရေးဆိုင်ရာ စာချုပ်များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ စာချုပ်များ၊ နှစ်နိုင်ငံအကြားချုပ်ဆိုမည့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေး၊ သိပ္ပံနှင့် နည်းပညာ၊ ယဉ်ကျေးမှုနှင့် အခြားသော ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချုပ်များ၊ စီးပွားရေးနှင့် သက်ဆိုင်ခြင်းမရှိသည့် အခြားစာချုပ်စာတမ်းများနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများမှ ဥပဒေအကြံဉာဏ်တောင်းခံသည့်အခါ စိစစ်ပြီး ဥပဒေအကြံဉာဏ်ပေးလျက်ရှိကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ စာချုပ်များ (treaties)၊ ကွန်ဗင်းရှင်းများကို မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး စိစစ်ပေးရာတွင် နိုင်ငံတော်မှ တာဝန်ယူထည့်ဝင်ပေးရမည့် ငွေကြေးတာဝန်များကျရောက်ခြင်း ရှိ/မရှိ၊ ပြည်တွင်းဥပဒေ သတ်မှတ်ပြဋ္ဌာန်းပေးရန် လို/မလို စသည့်အချက်များပေါ်တွင် အဓိကထား စိစစ်အကြံပြုပေးလျက်ရှိကြောင်း သိရသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲသည် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များ၊ ကုမ္ပဏီများက ချုပ်ဆိုမည့် ဖက်စပ်စာချုပ်များ၊ ကုမ္ပဏီသင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းများ၊ မြေအဆောက်အအုံငှားရမ်းသည့်စာချုပ်များ၊ B.O.T စာချုပ်များ၊ ပြည်ပမှ ပစ္စည်းဝယ်ယူရေးစာချုပ်များ၊ ငွေချေးစာချုပ်များ၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ဓာတ်သတ္တုရှာဖွေတူးဖော်ထုတ်လုပ်ခြင်း စာချုပ်များ၊ စီးပွားရေးဆိုင်ရာ MoU များ၊ ပြည်ပမှ အတိုင်ပင်ခံငှားရမ်းရေးစာချုပ်များ၊ ပြည်တွင်းရောင်းဝယ်ရေးစာချုပ်များ၊ ဆောက်လုပ်ရေးစာချုပ်များ၊ တင်ဒါခေါ်ယူရေးစာချုပ်များ၊ အစိုးရပါဝင်သည့် အစုရှယ်ယာများ၊ ဝယ်ယူ/လွှဲပြောင်းခြင်းစာချုပ်များကို တာဝန်ယူစိစစ်ပေးရပါသည်။

**တာဝန်ယူစိစစ်ပေးလျက်ရှိ**

ထို့ပြင် တိုင်းဒေသကြီး/ ပြည်နယ် ဥပဒေချုပ်ရုံးများမှတစ်ဆင့် ပေးပို့လာသော တိုင်းဒေသကြီး/ ပြည်နယ်အဆင့် အစိုးရအဖွဲ့၊ ဝန်ကြီးဌာနများနှင့် တစ်ဖက်စာချုပ်ဝင်တို့အကြား ချုပ်ဆိုမည့် စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်း(မူကြမ်း)များကို တာဝန်ယူစိစစ်ပေးလျက်ရှိကြောင်း သိရသည်။

အထွေထွေဥပဒေ အကြံဉာဏ်ပေးရေးဌာနခွဲအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ သမ္မတဦးစီးရုံး၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများက ပြည်သူပိုင်သိမ်းဆည်းထားသော မြေယာ၊ အဆောက်အအုံများနှင့်စပ်လျဉ်း၍ မူလပိုင်ရှင်များနှင့် ၎င်းတို့၏ ဆက်ခံသူများက ပြန်လည်တောင်းခံလာခြင်းအပေါ် ပြန်လည်ပေးအပ်ရန် သင့်/မသင့်၊ နိုင်ငံ့ဝန်ထမ်းများအပေါ် အရေးယူအပြစ်ပေးခံရမှုများနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့် ညီညွတ်မှု ရှိ/ မရှိ၊ နိုင်ငံပိုင်မြေများ၊ ပြည်ထောင်စုဝန်ကြီးဌာနများပိုင် မြေယာ၊ အဆောက်အအုံများတွင် ကျူးကျော်နေထိုင်သူများကို ဖယ်ရှားရှင်းလင်းရေး၊ နိုင်ငံခြားသားအမည်ပေါက်မြေများနှင့်စပ်လျဉ်း၍ အမွေဆက်ခံခွင့်ပေးရန် သို့မဟုတ် ပြည်သူ့ဘဏ္ဍာသိမ်းရန် သင့်/ မသင့် အစရှိသည့် မေးမြန်းလာသော ကိစ္စရပ်များနှင့် ခက်ခဲနက်နဲသည့် ဥပဒေရေးရာကိစ္စရပ်များအပေါ် အကြံပြုချက်တောင်းခံလာပါက အချိန်နှင့်တစ်ပြေးညီ ပြန်ကြားပေးလျက်ရှိကြောင်း သိရသည်။

"ဒီဌာနတွေ သုံးခုစလုံးက နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိခိုက်ခြင်း ရှိ/မရှိ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေနဲ့ ညီညွတ်ခြင်း ရှိ/မရှိ၊ နိုင်ငံတော်အပေါ်မှာ ဝန်ထုပ်ဝန်ပိုးတွေ၊ ငွေကြေးဆိုင်ရာဝန်ထုပ်ဝန်ပိုးတွေ၊ ဥပဒေဆိုင်ရာ ဝန်ထုပ်ဝန်ပိုးတွေ ဖြစ်/ မဖြစ်၊ နိုင်ငံတော်နဲ့ ပြည်သူတွေရဲ့ အကျိုးစီးပွားကိုထိခိုက်ခြင်း ရှိ/ မရှိ၊ အကျိုးစီးပွား အမှန်တကယ်ဖြစ်ထွန်းနိုင်ခြင်း ရှိ/မရှိစတဲ့ အချက်တွေပေါ်မှာအခြေခံပြီး စိစစ်အကြံပြုလျက်ရှိပါတယ်"ဟု ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာဦးက ပြောသည်။

**သုတေသနစာတမ်းများ ရေးသားပြုစု**

ဦးစီးဌာနအနေဖြင့် ဥပဒေအရာရှိများကျင့်ဝတ်စာအုပ်ထုတ်ဝေရာတွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်း၊ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဒိန်းမတ်သံရုံးတို့အကြား ချုပ်ဆိုခဲ့သည့် နားလည်မှုစာချွန်လွှာအရ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာသင်တန်းများ ပူးပေါင်းဖွင့်လှစ်ခဲ့ခြင်း၊ International Covenant on Economic, Social and Cultural Rights (ICESCR) နှင့် Universal Periodic Review(UPR) ဆိုင်ရာ အသိပညာပေးသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပူးပေါင်းဖွင့်လှစ်ခဲ့ခြင်း၊ ဖက်စပ်စာချုပ်နှင့် မြေငှားရမ်းခြင်းစာချုပ်စိစစ်ခြင်းဆိုင်ရာလုပ်ငန်းလမ်းညွှန် (Guideline on Scrutinizing Joint Venture Agreement and Land Lease Agreement) ကို ထုတ်ဝေနိုင်ခဲ့ခြင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ သုတေသနဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ (Research Team)ကို ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ပြီး သုတေသနစာတမ်းများ ရေးသားပြုစုလျက်ရှိခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တရားစွဲနှင့်အမှုလိုက် ဦးစီးဌာနအနေဖြင့် တရားစွဲအဖွဲ့အစည်းများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ ဥပဒေအကြံဉာဏ်ပေးခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်ရုံးများသို့ လမ်းညွှန်အကြံပြုခြင်း၊ ဥပဒေချုပ်ရုံးများ၏ ဥပဒေအကြံပြုချက်များအပေါ် စိစစ်ဆောင်ရွက်ခြင်း၊ တင်ပြစာ၊ တိုင်စာများအပေါ် စိစစ်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

**နိုင်ငံတော်ကိုယ်စား အမှုလိုက်ပါ ဆောင်ရွက်**

"ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ရာဇဝတ်ပြင်ဆင်မှု၊ အယူခံမှု၊ သေဒဏ်အတည်ပြုမှု၊ အထွေထွေလျှောက်ထားမှုနဲ့ အထူးအယူခံမှုတွေကို နိုင်ငံတော်ကိုယ်စား အမှုလိုက်ပါဆောင်ရွက်ရပါတယ်။ နိုင်ငံတော်ပါဝင်တဲ့ တရားမမှုတွေနဲ့စပ်လျဉ်း၍ ဥပဒေ အကြံဉာဏ်ပေးခြင်း၊ အမှုလိုက်ပါဆောင်ရွက်ခြင်းတွေကို ဆောင်ရွက်ရပါတယ်"ဟု တရားစွဲနှင့် အမှုလိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ချိုအုန်းက ပြောသည်။

ထို့အပြင် အများပြည်သူဆိုင်ရာ လျှောက်ထားမှုများနှင့်စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၉၂ အရ ပြည်ထောင်စုရှေ့နေချုပ်၏ ခွင့်ပြုမိန့်လျှောက်ထားသည့်ကိစ္စရပ်ကို စိစစ်ခြင်း၊ ဥပဒေချုပ်ရုံးများက တင်ပြလာသည့် သက်ဆိုင်ရာ တရားလွှတ်တော်အသီးသီး၏ အမိန့်အပေါ်အယူခံမှု၊ ပြင်ဆင်မှုတင်သွင်းရန် သင့်/ မသင့် စိစစ်ခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် လျှောက်ထားသည့် စာချွန်တော်အမိန့် လျှောက်ထားမှုများတွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ ကိုယ်စားအမှုလိုက်ပါဆောင်ရွက်ခြင်းတို့ ပြုလုပ်ကြောင်း သိရသည်။

**ရှေ့ပြေးဥပဒေရုံးရှစ်ရုံး ထူထောင်**

ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒုတိယပန်းတိုင်ဖြစ်သည့် အမှုကိစ္စစီမံခန့်ခွဲခြင်းကို USAID ၏ ပံ့ပိုးမှုဖြင့် ရှေ့ပြေးဥပဒေရုံး ရှစ်ရုံး ထူထောင်ပြီး ရှေ့ပြေးဥပဒေရုံးများမှ ဥပဒေအရာရှိများနှင့် ဝန်ထမ်းများကို သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်းဖြင့် လေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

"ရှေ့ပြေးဥပဒေရုံးတွေ ဆောင်ရွက်ခြင်းက တရားဥပဒေစိုးမိုးရေးအတွက် အဓိက လုပ်ဆောင်နေခြင်း ဖြစ်ပါတယ်။ ရုံးတွေမှာ စာရင်းဇယားတွေကို ကွန်ပျူတာနဲ့ ဆောင်ရွက်ခြင်း၊ သက်သေကို တရားရုံးတွင် မစစ်ဆေးမီ ကြိုတင်ပြင်ဆင်ခြင်းနဲ့ တရားစွဲအဖွဲ့အစည်းက အမှုစုံစမ်းစစ်ဆေးဆဲကာလတွင် လိုအပ်ပါက ဥပဒေအရာရှိတွေ ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ခြင်းတို့ကို ပြုလုပ်လျက်ရှိပါတယ်"ဟု တရားစွဲနှင့် အမှုလိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ချိုအုန်းက ပြောသည်။

ထို့ပြင် တရားစွဲအဖွဲ့အစည်းများနှင့် ဥပဒေအရာရှိများအကြား ပူးပေါင်းဆောင်ရွက်ရေးလမ်းညွှန်မှုများဖွံ့ဖြိုးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၏ ရလဒ်အဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ နယ်မြေရဲစခန်းအမှုစစ်အရာရှိများနှင့် ဥပဒေအရာရှိများအကြား လူကုန်ကူးမှုခင်းများ၊ ပူးပေါင်းစစ်ဆေး တရားစွဲဆိုရေးလမ်းညွှန်ချက်(Cooperation Guidelines) ရေးဆွဲပြီး စာအုပ်ထုတ်ဝေခဲ့ပါတယ်။ Cooperation Guidelines နဲ့အညီ ပူးပေါင်းဆောင်ရွက်ခြင်း၊ လူကုန်ကူးမှုကျူးလွန်သူ တရားခံ

**အချုပ်ပို(ယ)သို့**



၅-၁၂-၂၀၁၈ ရက်က ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ဥပဒေအရာရှိ အဆင့်-၄(အစမ်းခန့်များ) လုပ်ငန်းဝင်သင်တန်း အမှတ်စဉ်(၁/၂၀၁၈) သင်တန်းဆင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**တတိယ (၁)နှစ်တာကာလအတွင်း မျှတသော တရားစီရင်ရေးဆိုင်ရာ စံနှုန်းနဲ့ စာအုပ် မိတ်ဆက်ပွဲတွေကို မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်တို့တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးက မိတ်ဆက်ရှင်းလင်းတင်ပြခြင်းတွေကို ဆောင်ရွက်ခဲ့ပါတယ်**

**အချပ်ပို(ဂ)မှ**

တွေကို ထိရောက်ဟန့်တားတဲ့ ပြစ်ဒဏ်တွေချမှတ်ခြင်းနှင့် လူကုန်ကူးမှုတွေ လျော့နည်းပပျောက်သွားစေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်**

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အမေရိကန်နိုင်ငံ တရားရေးဌာနတို့ ပူးပေါင်းပြီး Transnational Crime Programme အရ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာနမှ ဥပဒေအရာရှိ ၂၄ ဦးပါဝင်သည့်အဖွဲ့ကို ၂၀၁၈ ခုနှစ် မေလ ၁၈ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး နိုင်ငံဖြတ်ကျော်မှုခင်းများနှင့်စပ်လျဉ်း၍ ငွေကြေးခဝါချမှုခင်း၊ မူးယစ်ဆေးဝါးမှုခင်း၊ လူကုန်ကူးမှုခင်း၊ ဆိုက်ဘာမှုခင်းနှင့် အဂတိမှုခင်းစသည့် မှုခင်းများအတွက် အမှုလိုက်ပါဆောင်ရွက်မှု စွမ်းရည်နှင့် အမှုတည်ဆောက်ခြင်းဆိုင်ရာ အယူအဆစွမ်းရည်များ မြင့်မားတိုးတက်လာရန် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဥပဒေအရာရှိများသည် မျှတသောတရားစီရင်ရေး၏ အခြေခံမူသဘောတရားများကို နားလည်ရန်နှင့် ဥပဒေအရာရှိများ အကောင်းဆုံးအမှုလိုက်ပါဆောင်ရွက်နိုင်ရေးအတွက် မျှတသောတရားစီရင်ရေးဆိုင်ရာစံနှုန်းများ (Fair Trial Standards) စာအုပ်ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် အတည်ပြုထုတ်ဝေခဲ့ကြောင်း သိရသည်။

**မိတ်ဆက်ရှင်းလင်းတင်ပြ**

"တတိယ (၁)နှစ်တာကာလအတွင်း မျှတသော တရားစီရင်ရေးဆိုင်ရာစံနှုန်းနဲ့ စာအုပ်မိတ်ဆက်ပွဲတွေကို မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်တို့တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးက မိတ်ဆက်ရှင်းလင်းတင်ပြခြင်းတွေကို ဆောင်ရွက်ခဲ့ပါတယ်"ဟု တရားစွဲနှင့် အမှုလိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ချိုအုန်းက ပြောသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ တရားသူကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ ဥပဒေအရာရှိများ၊ အကျိုးဆောင်ရှေ့နေများ၊ UNDP မှ တာဝန်ရှိသူများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခြင်းဖြင့် မျှတသောတရားစီရင်ရေးဆိုင်ရာစံနှုန်းများ ဝိုင်းဝန်းအကောင်အထည်ဖော်မှုကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

"ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိတွေအနေနဲ့ လုပ်ငန်းစွမ်းဆောင်ရည်တွေ ထိရောက်ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရေးအတွက် မျှတတဲ့ တရားစီရင်ရေးဆိုင်ရာ စံနှုန်းတွေနဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်"ဟု တရားစွဲနှင့် အမှုလိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ချိုအုန်းက ပြောသည်။

**စံချိန်စံနှုန်းများကို သင်ကြားပို့ချ**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ညွှန်ကြားရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းနှင့် ဥပဒေအရာရှိအဆင့် - ၄ အစမ်းခန့်များ လုပ်ငန်းခွင်ဝင်သင်တန်းတို့တွင် မျှတသော တရားစီရင်ရေးဆိုင်ရာ စံချိန်စံနှုန်းများကို သင်ကြားပို့ချပေးခဲ့သည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး စီမံရေးရာဦးစီးဌာနသည် လိုအပ်သည့် ဥပဒေအရာရှိများကို ခန့်အပ်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ အစိုးရသစ်၏ တတိယ (၁)နှစ်တာကာလအတွင်း ဥပဒေအရာရှိအဆင့် - ၄ ၁၅၀ နှင့် ဦးစီးအရာရှိ ၃၄ ဦးတို့ကို ခန့်အပ်ခဲ့သည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်တွင် ဥပဒေအရာရှိ ၁၅၀၄ ဦးဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုရှေ့နေချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်ထံမှ သိရသည်။

**သင်တန်းသားဗဟိုပြုသည့်စနစ်ကို ပြောင်းလဲ**

နိုင်ငံတော်တွင် နိုင်ငံရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဥပဒေနယ်ပယ်သစ်များ ပေါ်ပေါက်လာသည့်အတွက် ဥပဒေများ၏ နည်းပညာအရင်းအမြစ်များကို တိုးတက်ဖွံ့ဖြိုးရန်အတွက် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ပညာသင်စေလွှတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ၈၆ ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် သင်တန်းပေးသည့်အခါတွင် ဆရာဗဟိုပြုသည့်စနစ်မှ သင်တန်းသားဗဟိုပြုသည့်စနစ်ကို ပြောင်းလဲပြီး အသုံးပြုခဲ့ကြောင်း သိရသည်။

ထို့ပြင် စီမံရေးရာဦးစီးဌာနအနေဖြင့် တတိယ (၁)နှစ်တာကာလအတွင်း ဥပဒေရုံးအဆင့်ဆင့်တွင် ဥပဒေရုံး ၁၇ ရုံးနှင့် ဝန်ထမ်းအိမ်ရာ ခုနစ်လုံးကို ဆောက်လုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

"ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးခြင်းက ဝန်ထမ်းတွေအတွက် နေထိုင်ရေးမှာ အဆင်ပြေရုံသာမက အဂတိလိုက်စားမှုတိုက်ဖျက်ရေးမှာ ဆောင်ရွက်ရမယ့် အချက်တွေထဲက တစ်ချက်ကို ဆောင်ရွက်ပေးလိုက်ခြင်း ဖြစ်ပါတယ်" ဟု အမြဲတမ်း အတွင်းဝန် ဒေါ်နုနုယဉ်က ပြောသည်။




ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တွင် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ကျင်းပသည့် အာရှနိုင်ငံများမှ ဥပဒေစိစစ်ရေးပညာရှင်များ၏ (၆) ကြိမ်မြောက်ညီလာခံသို့ တက်ရောက်စဉ်။

ဥပဒေအရာရှိ ကျင့်ဝတ်ထဲတွင် နိုင်ငံ့ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ၊ ကျင့်ဝတ်များနှင့် လုပ်ငန်းတာဝန်များအပြင် ဥပဒေအရာရှိများ ခံယူကျင့်သုံးသင့်သည့် အခြေခံစိတ်ဓာတ်၊ ခံယူချက်နှင့် ပြုမူနေထိုင်မှုဆိုင်ရာများကို ဖော်ညွှန်းထားသည့်အတွက် ဥပဒေအရာရှိများသည် လုပ်ငန်းလမ်းညွှန်သဖွယ် ဆောင်ရွက်ရန်အတွက် ဥပဒေအရာရှိ ကျင့်ဝတ်လက်စွဲစာအုပ်ကို ထုတ်ဝေခြင်းဖြစ်ပြီး လက်စွဲစာအုပ်ထုတ်ဝေပြီးနောက် ဥပဒေအရာရှိများ အလွယ်တကူသိရှိနိုင်ရန် အိတ်ဆောင်စာအုပ်ငယ်များ ထုတ်ဝေခြင်း၊ ရှင်းလင်းဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ဘာသာရပ်တစ်ခုအနေဖြင့် သင်ကြားပို့ချပေးခြင်းနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဥပဒေရုံးအဆင့်ဆင့်တွင် စာမေးပွဲများကျင်းပခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

**အရေးယူဆောင်ရွက်မှုအမှုတွေရှိ**

"ဒီဥပဒေအရာရှိကျင့်ဝတ်လက်စွဲ စာအုပ်ထုတ်ပြီးတဲ့နောက် ဥပဒေအရာရှိတွေက ကျင့်ဝတ်စည်းကမ်းတွေ လိုက်နာဆောင်ရွက်မှုက ပိုများပြားလာပါတယ်။ ဒါပေမယ့် တချို့ ဥပဒေအရာရှိတွေက လိုက်နာမှုအားနည်းတဲ့အတွက် ဌာနဆိုင်ရာ အရေးယူဆောင်ရွက်မှုအမှုတွေ ရှိပါတယ်"ဟု အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်က ပြောသည်။

ထို့ပြင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မြန်မာဥပဒေသတင်းအချက်အလက်စနစ် ဝန်ဆောင်မှုကို KOICA ၏ ပံ့ပိုးမှုဖြင့် ၂၀၁၈ ခုနှစ် မေ ၂၄ ရက်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စာကြည့်တိုက်သဖွယ် အသုံးပြုနိုင်**

ထိုစနစ်ကို တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူများက ဥပဒေကို လက်လှမ်းမီရေးနှင့် မြန်မာနိုင်ငံတွင် စီးပွားရေးရင်းနှီးမြှုပ်နှံလိုသော ပြည်ပနိုင်ငံသားများက လိုအပ်သော သတင်းအချက်အလက်များကို အလွယ်တကူရှာဖွေနိုင်ရန် ရည်ရွယ်ချက်ဖြင့် ထူထောင်ခဲ့ခြင်းဖြစ်ပြီး မြန်မာဥပဒေ သတင်းအချက်အလက်စနစ် (MLIS)တွင် ဥပဒေသတင်းအချက်အလက် ၈၀၀၀ ကျော်ကို ဖော်ပြထားပြီး ပြဋ္ဌာန်းသည့် ဥပဒေသတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ပေးလျက်ရှိကြောင်း သိရသည်။ အဆိုပါ MLIS တွင် တည်ဆဲဥပဒေအပြင် ရုပ်သိမ်းဥပဒေများကို ကြည့်ရှုနိုင်သည့် ဥပဒေသမိုင်းအခန်းကဏ္ဍကိုပါရှိသဖြင့် ဥပဒေသုတေသီများ၊ ပညာရှင်များနှင့် ဥပဒေကျောင်းသားများက စာကြည့်တိုက်သဖွယ် အသုံးပြုနိုင်ကြောင်း သိရသည်။

ထို့ပြင် e-Government Conference and ICT Exhibition 2018 တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ မြန်မာဥပဒေသတင်းအချက် အလက်စနစ်နှင့်စပ်လျဉ်းပြီး အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး အသုံးပြုလာနိုင်ရန် ရည်ရွယ်၍ ပါဝင်ပြသခဲ့သည့်အပြင် Myanmar Law Information System အမည်ဖြင့် Facebook Page တစ်ခု တည်ထောင်ပြီး ဥပဒေသတင်းများကို လွှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် တတိယ(၁)နှစ်တာကာလအတွင်း ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အဓိကရည်မှန်းချက်ဖြစ်သည့် ပြည်သူများဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုကိုရရှိ ခံစားနိုင်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် တရားဥပဒေစိုးမိုးရေး၏ အခြေခံအုတ်မြစ်ဖြစ်သည့် ဥပဒေပြုရေးကဏ္ဍ၊ ဥပဒေများကို လက်တွေ့ကျင့်သုံးအကောင်အထည်ဖော်ရသည့် အုပ်ချုပ်ရေးယန္တရားနှင့် တရားမျှတမှုကို ဆောင်ကြဉ်းပေးရသည့် တရားစီရင်ရေးလုပ်ငန်းများတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ကြိုးပမ်းဆောင်ရွက်မှုများကို ရေးသားဖော်ပြလိုက်ရပါသည်။

# ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများနှင့် ကယားပြည်နယ်

*ရှင်မင်း၊ ဓာတ်ပုံ - အေးသန်း*

**ကန္တရဝတီခေါ် ငွေတောင်ပြည်ခေါ် ကယားသွေးချင်းတို့မြေတွင် ကယား၊ ကယန်း (ပဒေါင်)၊ ယင်းဘော်၊ ဂေခို၊ လထာ (ဇယိမ်း)၊ ကယော၊ ဂေဘား၊ ယင်းတလဲ၊ ကော်ယော် မိုနူ (မနုမနော) စသည့် ကယားမျိုးနွယ်စုကိုးမျိုးတို့နှင့်အတူ ဗမာ၊ ကရင်၊ ရှမ်း၊ ပအိုဝ်း၊ အင်းသားစသည့် တိုင်းရင်းသားလူမျိုးများသည် ချစ်ကြည်ရင်းနှီးစွာ စုပေါင်းနေထိုင်လျက်ရှိသည်။**


ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို။

ကယားပြည်နယ်တွင် စိမ့်စမ်းရေတံခွန် သဘာဝလိုဏ်ဂူများ၊ ပန်းချီကားသဖွယ် စိမ်းလန်းစိုပြည်သော သဘာဝရှုခင်းများဖြင့် ဆင်ဖြူတောင်၊ ဟိုယာ၊ ဘီယာဒေသ၏ မြူခိုးနှင့် တိမ်ရောလိမ်နေသည့် တောင်စွယ်တောင်တန်းအပေါ်စီးမှ မြင်တွေ့နိုင်ခဲ့သော ရှုမျှော်ခင်းများ၊ ထူထပ်စွာပေါက်ရောက်ဖုံးလွှမ်းနေဆဲ သစ်တောများသည် သဘာဝတရားကပေးထားသည့် အမွေအနှစ်များပင် ဖြစ်သည်။

ဧရိယာစတုရန်းမိုင် ၄၅၂၉ ဒသမ ၅၆၃ မိုင်၊ တောင်မြောက်အလျားအားဖြင့် ၁၀၂ မိုင်ခန့်၊ အရှေ့အနောက်အားဖြင့် မိုင် ၇၀ ခန့်ကျယ်ဝန်းသော ကယားပြည်နယ်တွင် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၂၈၆၆၂၇ ဦးနေထိုင်ကြပြီး ခရိုင်နှစ်ခု၊ မြို့နယ် ခုနစ်ခုနှင့် မြို့သုံးခုတို့ဖြင့် ဖွဲ့စည်းထားရှိသည်။

ပြည်နယ်အစိုးရအဖွဲ့တာဝန်ယူခဲ့သည့် သုံးနှစ်တာကာလအတွင်း ကယားပြည်နယ်၏ အသက်သွေးကြောသဖွယ်ဖြစ်သော လွိုင်ကော် - မယ်စဲ့လမ်းသည် ထိုင်းနိုင်ငံ နယ်စပ်သို့ တိုးလျှိုပေါက်ကတ္တရာလမ်းမကြီးအဖြစ် ကောင်းမွန်အောင်ဆောင်ရွက်နိုင်ခဲ့ကာ လမ်းပန်းဆက်သွယ်ရေး ပွင့်လန်းလာမှုနှင့်အတူ ကားလမ်းတစ်လျှောက်ရှိ မြို့ရွာများသည် စည်ပင်ဖွံ့ဖြိုးလာခဲ့သည်။

ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာမှုနှင့်အတူ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများသည် ဖွံ့ဖြိုးဝေစည်လာခဲ့သည်။ ထိုသို့ပြည်နယ်အတွင်း လူမှုစီးပွားဖွံ့ဖြိုးမှုရရှိရန် ရည်ရွယ်၍ ပြည်နယ်အစိုးရက လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို ဦးစားပေး ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ပြည်နယ်အစိုးရအဖွဲ့တာဝန်ယူသည့် သုံးနှစ်တာကာလအတွင်း လမ်းမိုင် ၅၅၁ မိုင် ၄ ဒသမ ၄ ဖာလုံကို ရာနှုန်းပြည့်ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ထားပြီး တံတားများကို အခိုင်အမာ သံကူကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ပေးနိုင်ခဲ့သည်။ ထိုသို့ တည်ဆောက်ပေးနိုင်ရန် ပြည်ထောင်စုရန်ပုံငွေမှ ငွေကျပ် ၉၅၅၉ ဒသမ ၆၅၈ သန်းနှင့် ပြည်နယ်ရန်ပုံငွေမှ ငွေကျပ် ၃၉၀၀၄ ဒသမ ၂၁၆ သန်း စုစုပေါင်းငွေကျပ် ၄၈၅၆၃ ဒသမ ၈၇၄ သန်းသုံးစွဲခဲ့ပြီး လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် သိသိသာသာပြောင်းလဲတိုးတက်မှု ရရှိလာခဲ့သည်။

### ကျေးလက်ဒေသဖွံ့ဖြိုးရေး

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မြို့ပြနှင့်ကျေးလက် တစ်ပြေးညီ ဖွံ့ဖြိုးရေးဆောင်ရွက်ရာ၌ ကယားပြည်နယ်အတွင်းရှိ ကျေးရွာပေါင်း ၄၆၂ ရွာတွင် လမ်းလုပ်ငန်း ၁၆၇ ခု၊ တံတား ၂၄ စင်း၊ ရေရရှိရေးလုပ်ငန်း ၁၈၁ ခု၊ အဆောက်အဦ ၂၅၀ ခု၊ အိမ်သာ ၁၉ လုံး၊ ခြံစည်းရိုး ၅၄ ခုနှင့် အခြားလုပ်ငန်းတစ်ခုတို့ကို ငွေကျပ် ၅၉၄၃ ဒသမ ၄ သန်းကုန်ကျခံ သုံးစွဲဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် သုံးနှစ်တာ ကာလအတွင်း အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း အမျိုးအစား ၃၁ မျိုးကို သင်တန်းသား ၅၉၉၂ ဦးအတွက် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ပြည်နယ်အတွင်းရှိ ကျေးရွာ ၁၂၂ ရွာနှင့် ရပ်ကွက်သုံးခုရှိ အိမ်ထောင်စုပေါင်း ၆၇၃၁ ခုတို့၏ စိုက်ပျိုးမွေးမြူရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းများအတွက် မြစိမ်းရောင်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၃၁၁၆ ဒသမ ၂၃ သန်းကို ထုတ်ချေးပေးနိုင်ခဲ့သည်။

### လျှပ်စစ်ရရှိရေး

ပြည်နယ်တွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုနှင့်အတူ လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေးအတွက် ပြည်နယ်အစိုးရအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ကယားပြည်နယ်အတွင်း ကျေးရွာစုစုပေါင်း ၅၁၇ ရွာရှိသည့်အနက်ကျေးရွာ ၃၉၂ ရွာရာခိုင်နှုန်းအားဖြင့် ၇၅ ဒသမ ၈၂ ရာခိုင်နှုန်း ဓာတ်အားစနစ်မှ ဓာတ်အားရရှိအောင် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အောက်တိုဘာလမှ စက်တင်ဘာလ ဘတ်ဂျက်၌ ပြည်နယ်အစိုးရမှ ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်နယ်အတွင်း အိမ်ထောင်စု ၅၇၂၇၄ ရှိသည့်အနက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလကုန်အထိ မီးလင်းပြီးသော အိမ်ထောင်စု ၅၁၇၈၈ စုရှိသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၀ ဒသမ ၄၂ ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီဖြစ်သည်။

ပြည်နယ်အစိုးရအဖွဲ့ တာဝန်ယူဆောင်ရွက်ခဲ့သည့် သုံးနှစ်တာကာလအတွင်း ဓာတ်အားခွဲရုံအသစ် ငါးရုံတည်ဆောက်၍ ဓာတ်အားခွဲရုံများမှ ဓာတ်အားတိုးချဲ့စေလွှတ်ခဲ့ရာ ၂၀၁၆ ခုနှစ်တွင် ၁၄ ရွာ၊ ၂၀၁၇ ခုနှစ်တွင် ၁၁ ရွာ၊ ၂၀၁၈ ခုနှစ်တွင် ၁၁ ရွာနှင့် ၂၀၁၉ ခုနှစ်တွင် ၁၃ ရွာ လျှပ်စစ်မီးရရှိခဲ့သည်။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ လျှပ်စစ်မီးရရှိခြင်းတို့ကြောင့် ဟိုတယ်နှင့် ခရီးသွားကဏ္ဍသည် တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးမှုရရှိလာခဲ့သည်။ ပြည်နယ်၏ မြို့တော်ဖြစ်သည့် လွိုင်ကော်မြို့ပေါ်တွင် ဟိုတယ်၊ မိုတယ်နှင့် အဆင့်မြင့်တည်းခိုခန်း စုစုပေါင်း ၂၃ ခု၊ အခန်းပေါင်း ၄၉၅ ခန်းအထိ ရှိလာခဲ့ပြီဖြစ်သည်။

ပြည်နယ်သို့ ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအထိ ပြည်ပခရီးသွား ၂၅၅၄၉ ဦးနှင့် ပြည်တွင်းခရီးသွား ၁၂၃၆၆၁ ဦး စုစုပေါင်း ၁၄၉၂၁၀ လာရောက်လည်ပတ်ခဲ့ကြသည်။ ခရီးသွားကဏ္ဍမှ အမေရိကန်ဒေါ်လာ ၂၃၁၁၂၇ နှင့် ငွေကျပ် ၃၂၇၈ ဒသမ ၅ သန်းရရှိခဲ့ပြီး ပြည်တွင်းပြည်ပခရီးသွားများ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာရောက်လျက်ရှိသည်။

ပြည်နယ်သို့ လာရောက်လည်ပတ်သော ပြည်တွင်းပြည်ပ ခရီးသွားများအတွက် လွိုင်ကော်မြို့အား ရစ်ခွေစီးဆင်းနေသည့် ဘီလူးချောင်းအတွင်း အပျော်စီးစက်လှေများ ပြေးဆွဲပေးလျက်ရှိသည်။ ထို့ပြင် စွန့်စားမှုကို နှစ်သက်သော ခရီးသွားများအတွက် ဖားဆောင်းမြို့နယ်ရှိ ထူးချောင်းနှင့် ပွန်ချောင်းဆုံရာနေရာတွင် ကနူးကယက်လှေစီးနိုင်ရန် စီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

လူထုအခြေပြု ခရီးသွားလုပ်ငန်းအဖြစ် ဒီးမော့ဆိုမြို့နယ်ရှိ ပန်ပက်နှင့် တနီးလာလဲကျေးရွာတို့ကို အကောင်အထည်ဖော်ခဲ့ပြီး ဒီးမော့ဆိုမြို့နယ်ရှိ ဒေါတမကြီးကျေးရွာနှင့် ဖရူဆိုမြို့နယ်ရှိ ထေခိုကျေးရွာများကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။

***အချပ်ပို(စ)သို့***

အချပ်ပို(စ)သို့

> **“ပြည်နယ်သို့ ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအထိ ပြည်ပ ခရီးသွား ၂၅၅၄၉ ဦးနှင့် ပြည်တွင်းခရီးသွား ၁၂၃၆၆၁ ဦး စုစုပေါင်း ၁၄၉၂၁၀ လာရောက်လည်ပတ်ခဲ့။ ခရီးသွားကဏ္ဍမှ အမေရိကန်ဒေါ်လာ ၂၃၁၁၂၇ နှင့် ငွေကျပ် ၃၂၇၈ ဒသမ ၅ သန်းရရှိခဲ့ပြီး ပြည်တွင်းပြည်ပခရီးသွားများ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာရောက်လျက်ရှိ”**



ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ၉-၆-၂၀၁၈ ရက်က ကျင်းပသည့် ဖရူဆိုမြို့နယ် ထားလဲ- ပရယ်တော် ရွာချင်းဆက်ကျောက်ချောလမ်းဖွင့်ပွဲတွင် ဒေသခံများအတွက် ထောက်ပံ့ငွေပေးအပ်စဉ်။




**၁၅-၁-၂၀၁၉ ရက်က ကျင်းပသည့် (၆၇) နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုနှင့် အဖွဲ့ဝင်များ ကယားပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ သဘာပတိအဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

*အချပ်ပို(င)မှ*

ပြည်တွင်းပြည်ပ ခရီးသွားတိုင်း လည်ပတ်လေ့ရှိသည့် တောင်ကွဲစေတီ၊ ငွေတောင်ဆည်၊ ထီးပွင့်ကန်၊ ကန်ခုနှစ်ဆင့်၊ ကြတ်ဂူ၊ ထီးစဲခါးရေတံခွန်၊ ကွိုင်ငံရေထွက်ပေါက်တို့မှာ ဆွဲဆောင်မှုများစွာ တည်ရှိနေဆဲဖြစ်ပြီး ဖရူဆိုမြို့နယ်ရှိ ထီးပရူနူသဘာဝလိုဏ်ဂူ၊ ဘောလခဲမြို့နယ်မှ ရေနီပေါက်ဂူ၊ ဖားဆောင်းမြို့နယ်မှ တနန်းလော့လိုဏ်ဂူနှင့် ဒီးမော့ဆိုမြို့နယ် လွိုင်နန်းဖတောင်တက်ခရီးစဉ်များကို ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဦးစီးဌာနမှ ခရီးစဉ်ဒေသသစ်များအဖြစ် ထပ်မံဖော်ထုတ်ခဲ့သည်။

"ကျွန်တော်တို့ ကယားပြည်နယ်ရဲ့ အနေအထားဟာ ဟိုတယ်နဲ့ ခရီးသွားကဏ္ဍကို ဖော်ဆောင်မယ်ဆိုရင် အင်မတန်မှ ကျယ်ကျယ်ပြန့်ပြန့်ဖော်ဆောင်နိုင်တဲ့ အနေအထားတစ်ခုကို ရရှိထားပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြည်နယ်တွင်းမှာ သာယာလှပစိမ်းလန်းစိုပြည်တဲ့ တော၊ တောင်ရေမြေရှုခင်းတွေ၊ ရေတံခွန်တွေ အင်မတန်မှ ပေါကြွယ်ဝတဲ့ ပြည်နယ်တစ်ခု ဖြစ်ပါတယ်။ ဒီလိုအခွင့်အလမ်းကောင်းရထားတဲ့ ပြည်နယ်ရဲ့ အနေအထားတစ်ခုမှာ ကျွန်တော်တို့ ဟိုတယ်နဲ့ ခရီးသွားကဏ္ဍကို ဦးစားပေးဖော်ဆောင်သင့်တဲ့ ပြည်နယ်တစ်ခု ဖြစ်နေပါတယ်" ဟု ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြောကြားသည်။

ထို့ပြင် နယ်နိမိတ်ချင်းထိစပ်နေသော ထိုင်းနိုင်ငံနှင့် ဆက်သွယ်ရာ နယ်စပ်ဂိတ် BP 13 နယ်စပ်ဝင်ပေါက်ကို နိုင်ငံတကာအဆင့် International check point ဖြစ်လာရန် ပြည်နယ်အစိုးရအဖွဲ့မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**နယ်စပ်ကုန်သွယ်ရေး**

မြန်မာ - ထိုင်းနယ်စပ် မယ်စဲ့မြို့နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ၂၀၁၆ - ၂၀၁၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၀ ဒသမ ၄၄၇ သန်း၊ ၂၀၁၇ - ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၀ ဒသမ ၉၅၇ သန်း၊ ၂၀၁၈ - ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၉၇ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၀၁ သန်း ကုန်သွယ်မှုမှုရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။

ဒေသခံပြည်သူများ လွတ်လပ်စွာ ကုန်သွယ်ခွင့်ရရှိရန် ရည်ရွယ်၍ ကုမ္ပဏီထူထောင်နိုင်ခြင်းမရှိသည့် ဒေသခံတိုင်းရင်းသားလုပ်ငန်းရှင်များ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တစ်ဦးချင်းကုန်သွယ်မှု လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် (ITC) ကို နယ်စပ်ကုန်သွယ်ရေးစခန်း၌ ၄၄ ကတ် ခွင့်ပြုထုတ်ပေးနိုင်ခဲ့သည်။ ထို့ပြင် မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းမှ ၂၀၁၇ - ၂၀၁၈ ခုနှစ်တွင် ငွေကျပ် ၁၀၂ ဒသမ ၉ သန်းနှင့် ၂၀၁၈- ၂၀၁၉ ခုနှစ်တွင် ငွေကျပ် ၁၁၆ ဒသမ ၄ သန်း စုစုပေါင်း ငွေကျပ် ၂၁၆ ဒသမ ၇ သန်း ရရှိခဲ့သည်။

**ရင်းနှီးမြှုပ်နှံမှု**

"ကျွန်တော်တို့ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင် မယ်ဟောင်ဆောင်မြို့နဲ့ ကယားပြည်နယ် လွိုင်ကော်မြို့တို့ကို Sister City မြို့တော် အဖြစ် လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ဒီလို လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့ အချိန်ကစပြီး ပိတ်နေတဲ့ ကျွန်တော်တို့ ပြည်နယ်ဟာ လမ်းကြောင်းပွင့်သွားတယ်။ ပြည်နယ်ခန်းမမှာ ဖိုရမ်တစ်ခု ကျင်းပနိုင်ခဲ့ပြီးတဲ့နောက်မှာ ၃၀ ရာခိုင်နှုန်းရှိတဲ့ ရင်းနှီးမြှုပ်နှံလိုသူတွေ ဝင်ရောက်လုပ်ကိုင်လာတာကို တွေ့ရပါတယ်။ ဒါဟာ ထင်သာမြင်သာ ပြုပြင်ပြောင်းလဲမှုတစ်ရပ်ပါပဲ" ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။

ကယားပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များ ပိုမိုစိတ်ဝင်စားကာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများစီးဝင်လာရန် ရည်ရွယ်လျက် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီတို့ ကြီးမှူးကာ ပြည်နယ်ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းစာတမ်းကို ၂၀၁၈ ခုနှစ် မတ်လတွင် ထုတ်ဝေနိုင်ခဲ့သည်။

ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ၂၀၁၈ ခုနှစ် မေ ၂၆ ရက်တွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့သည်။ ပြည်နယ်အတွင်း ယခင်ကုမ္ပဏီ ၉၅ ခုသာ ဖွဲ့စည်းပေးနိုင်ခဲ့သော်လည်း လက်ရှိအစိုးရလက်ထက် သုံးနှစ်တာကာလအတွင်း ကုမ္ပဏီပေါင်း ၁၇၉ ခုအထိ တိုးတက်မှု ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။

**စိုက်ပျိုးရေး**

ကယားပြည်နယ်တွင် စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မတ်ပဲ၊ ကြံနှင့် ဝါတို့ကို အဓိကထားစိုက်ပျိုးကြပြီး ၂၀၁၈ - ၂၀၁၉ ခုနှစ် စုစုပေါင်း လျာထားဧက ၁၈၉၅၀၀ အနက် ၁၈၅၅၉၇ ဧက စိုက်ပျိုးထုတ်လုပ်နိုင်၍ ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၅၂ ရာခိုင်နှုန်းစိုက်ပျိုးနိုင်ခဲ့သည်။ ၂၀၁၇ - ၂၀၁၈ ခုနှစ်တွင် စက်မှုလယ်ယာ စနစ်ကျလယ်ယာမြေ ၆၄ ဒသမ ၄၂ ဧကနှင့် မြေလွတ်မြေရိုင်း ကုန်းမြင့်လယ်ယာမြေ ၂၄၈ ဧက စုစုပေါင်းဧက ၃၁၂ ဒသမ ၄၂ ကို ဖော်ထုတ်ပေးနိုင်ခဲ့သည်။

မျိုးစေ့အရည်အသွေးစစ်ဆေးခန်း၊ မြေအသုံးချရေးဓာတ်ခွဲခန်းနှင့် သီးနှံကာကွယ်ရေး ဓာတ်ခွဲခန်းများ ပါဝင်သည့် စိုက်ပျိုးရေးဆိုင်ရာဓာတ်ခွဲခန်းကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၃ ရက်ကဖွင့်လှစ်နိုင်ခဲ့ပြီး မျိုးစေ့များ၏ အရည်အသွေးစစ်ဆေးခြင်း၊ မြေဆီလွှာ ပါဝင်သည့် အာဟာရဓာတ်များ စစ်ဆေးခြင်း၊ ဓာတ်မြေဩဇာတွင် ပါဝင်သည့် အာဟာရဓာတ်များ၏ အချိုးမှန်ကန်မှု ရှိ/မရှိ စစ်ဆေးပေးခြင်း၊ သီးနှံအလိုက်ပန်းတိုင် အထွက်နှုန်းရရှိရန် ထည့်သွင်းရမည့် ဓာတ်မြေဩဇာများ လမ်းညွှန်ပေးခြင်း၊ မြေဆောင်နှင့် မျိုးစေ့ဆောင်ရောဂါများ စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်နေပြီဖြစ်သည်။

**ကျန်းမာရေး**

ကယားပြည်နယ်တွင် ပြည်သူလူထုအတွက် ခုတင် ၅၀၀ ဆံ့ လွိုင်ကော်ဆေးရုံကြီး၊ ခုတင် ၅၀ ဆံ့ ဘောလခဲခရိုင်ဆေးရုံ၊ ၂၅ ခုတင်ဆံ့ မြို့နယ်ဆေးရုံ ၅ ရုံနှင့် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ၁၀ ရုံ၊ တိုက်နယ်ကျန်းမာရေးဌာန ၇ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၂၀ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၁၆ ခုတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်ကုသပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ကုသရေးဘက်တွင် အထူးကုဆရာဝန် အပါအဝင် ဆရာဝန်ပေါင်း ၇၉ ဦး၊ သူနာပြုပေါင်း ၃၇၅ ဦး၊ အခြားဝန်ထမ်းပေါင်း ၃၉၆ ဦး စုစုပေါင်းဝန်ထမ်း ၈၅၀ ရှိသည်။ သုံးနှစ်တာကာလအတွင်း ဝန်ထမ်း ၉၃ ဦး အသစ်ထပ်မံခန့်ထားနိုင်ခဲ့၍ စုစုပေါင်း ၉၄၃ ဦးတို့ဖြင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

သုံးနှစ်တာကာလအတွင်း အတွင်းလူနာ ၇၀၃၈၇ ဦး၊ ပြင်ပလူနာ ၄၀၅၃၆၁ ဦး အသေးစားခွဲစိတ်ကုသမှု ၆၅၄၀၊ အကြီးစား ခွဲစိတ်ကုသမှု

*အချပ်ပို(ဆ)သို့*



ဘီလူးချောင်းအမှတ်(၂) ဓာတ်အားပေးစက်ရုံ။

အချပ်ပို (စ) မှ

၇၆၄၈ ခု စုစုပေါင်း ၁၄၁၈၈ ခု တို့ကို ဆောင်ရွက်ပေးခဲ့သည်။ လွိုင်ကော်ဆေးရုံကြီးတွင် ကျောက်ကပ်တုသွေးသန့်စင်စက်သုံးလုံး ထပ်မံတပ်ဆင်ခဲ့ပြီး ကျောက်ကပ်လူနာများအား ၃၉၀၉ ကြိမ် သန့်စင်ဆောင်ရွက်ပေးခဲ့သည်။ သုံးနှစ်တာအတွင်း ငွေကျပ် ၈၄၂ ဒသမ ၁၀၇ သန်း သုံးစွဲကုသပေးခဲ့ပြီး ဆေးရုံနှင့် ဆက်စပ်အဆောက်အအုံများအတွက် ငွေကျပ်၄၀၆၈ သန်းကုန်ကျခံဆောက်လုပ်ခဲ့သည်။

ပြည်နယ်အတွင်း ကျန်းမာရေးဝန်ဆောင်မှု လွှမ်းခြုံမှုရှိရန် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြည်နယ်အစိုးရအဖွဲ့သည် ၎င်းတို့တာဝန်ယူဆောင်ရွက်ခဲ့သည့် သုံးနှစ်တာအတွင်း ငွေကျပ် ၈၄၂ ဒသမ ၁၀၇ သန်းသုံးစွဲ ကုသပေးခဲ့ကာ ဆေးရုံနှင့် ဆက်စပ်အဆောက်အအုံများအတွက် ငွေကျပ် ၄၀၆၈ သန်း အကုန်အကျခံ ဆောက်လုပ်နိုင်ခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် အခြေခံကျန်းမာရေးဝန်ထမ်း သားဖွားဆရာမများကို ရာနှုန်းပြည့် ခန့်ထားပေးနိုင်ခဲ့သည်။

ကျန်းမာရေးဝန်ဆောင်မှု ပိုမိုကောင်းမွန်လာရန်အတွက် ပြည်နယ်အတွင်း ပြည်သူ့ကျန်းမာရေး လုပ်ငန်းများကို ၂၀၁၆ - ၂၀၁၇ ခုနှစ်တွင် ငွေ ကျပ် ၁၈၄၀ ဒသမ ၄ သန်း၊ ၂၀၁၇ - ၂၀၁၈ ခုနှစ်တွင် ငွေကျပ် ၂၁၉၈ ဒသမ ၇ သန်း၊ ၂၀၁၈ ခုနှစ် မီနီဘတ်ဂျက်တွင် ငွေကျပ် ၁၁၉၈ ဒသမ ၇ သန်းနှင့် ၂၀၁၈ - ၂၀၁၉ ခုနှစ်တွင် ငွေကျပ် ၄၉၉ ဒသမ ၃ သန်းစသည်ဖြင့် တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်သုံးစွဲခဲ့သည်။

**ပညာရေး**

ကယားပြည်နယ်အတွင်း အခြေခံပညာကျောင်း ၄၅၄ ကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူပေါင်း ၇၃၇၇၂ ဦးရှိပြီး ဆရာဆရာမ ၃၈၄၀ ဖြင့် သင်ကြားပေးလျက်ရှိသည်။ သုံးနှစ်တာကာလအတွင်း ဆရာဆရာမ ၃၁၀ တိုးတက် ခန့်ထားပေးနိုင်ခဲ့၍ ကျောင်းသူကျောင်းသား ၂၃၁၁ ဦး ပိုမိုသင်ကြားလျက်ရှိသည်။

ထို့ပြင် ပြည်ထောင်စုဘတ်ဂျက် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် စာသင်ကျောင်းအသစ် ၁၃၉ ကျောင်း၊ သာမန်ရန်ပုံငွေဖြင့် စာသင်ကျောင်းအသစ် ၃၆ ကျောင်း စုစုပေါင်း ၁၇၅ ကျောင်း ဆောက်လုပ်ခဲ့ကာ ပြုပြင်ထိန်းသိမ်းရေးရန်ပုံငွေဖြင့် ကျောင်း ၁၃၂ ကျောင်း ပြင်ဆင်ခဲ့သည်။

ဒေသသင်ရိုးညွှန်းတမ်း စာအုပ်များကို Unicef အဖွဲ့နှင့်ပူးပေါင်း၍ တိုင်းရင်းသားဘာသာ + မြန်မာဘာသာတို့ဖြင့် G – 1, G – 2 , G –3 အတန်းများအတွက် ရေးဆွဲအကောင်အထည် ဖော်နိုင်ခဲ့သည်။

တိုင်းရင်းသားစာပေ ကယား၊ ကယော၊ ကယန်း၊ ဂေဘားနှင့် ရှမ်း (၅) မျိုးကို သင်ကြားပို့ချနိုင်ခဲ့သည်။ ကျောင်းပြင်ပ ပညာရေး မူလတန်းနှင့် အလယ်တန်းပညာရေးကို လွိုင်ကော်မြို့နယ် လွိုင်လင်လေးမြို့တွင် သင်ကြားနိုင်ခဲ့သည်။

ကယားပြည်နယ်အတွင်း လွိုင်ကော်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးကောလိပ်၊ အစိုးရနည်းပညာအထက်တန်းကျောင်း၊ သူနာပြုသင်တန်းကျောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ သင်တန်းကျောင်း နှစ်ကျောင်းတို့ကို ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

**စည်ပင်သာယာရေး**

ကယားပြည်နယ်တွင် ၂၀၁၆ ခုနှစ်မှစ၍ သုံးနှစ်တာကာလအတွင်း ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကွန်ကရစ်လမ်း၊ မြေသားလမ်းနှင့် လမ်းတိုးချဲ့ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ကွန်ကရစ်ရေပြွန်တံတား ၄၇၄ စင်း၊ ရေပေးရေးလုပ်ငန်း ၇၅ ခု၊ ရေစီးရေလာကောင်းမွန်ရေး ၃၃ ခုနှင့် လမ်းမီးတပ်ဆင်ခြင်း ၁၂ ခုတို့ကို စက်ယန္တရား ၂၅ စီးဖြင့် ဆောင်ရွက်ပေးခဲ့သည်။

ငွေလုံးငွေရင်းနှင့် သာမန်အသုံးစရိတ်တို့မှ စုစုပေါင်းငွေကျပ် ၁၄၃၈၃ ဒသမ ၄ သန်း ကုန်ကျခံသုံးစွဲခဲ့သည်။ စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် အခွန်ကောက်ခံရရှိငွေနှင့် မလုံလောက်သော်လည်း ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် စည်ပင်သာယာရေးလုပ်ငန်းများကို သိသိသာသာ ပိုမိုတိုးတက်အောင် သုံးစွဲဆောင်ရွက်ခဲ့သည်။

မြို့ရေပေးဝေရေးအနေဖြင့် ပြည်နယ်အတွင်း မြို့နယ်ခုနစ်မြို့နယ်နှင့် မြို့နယ်ခွဲ တစ်မြို့နယ်တို့တွင် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ လွိုင်ကော်မြို့တွင် ဈေးတစ်ဈေး၊ ဒီးမော့ဆိုမြို့တွင် ဈေးနှစ်ဈေး၊ မယ်စဲ့မြို့တွင် ဈေးတစ်ဈေး ဖွင့်လှစ်၍ အများ ပြည်သူလွယ်ကူစွာ ရောင်းဝယ်နိုင်ရန် ဆောင်ရွက်ထားရှိသည်။

ပြည်သူများ စိတ်ချမ်းမြေ့စွာ အပန်းဖြေနိုင်ရေးအတွက် လွိုင်ကော်မြို့တွင် ကန္တာဟေဝန်ပန်းခြံ၊ ကန္တရဝတီမြိုင်ပန်းခြံ၊ 'အ' သုံးလုံးပန်းခြံ၊ အာဇာနည်ကျောက်တိုင်ပန်းခြံ စုစုပေါင်းလေးခုရှိပြီး နောင်ယားကန်နှင့် ထေးငှားလျားကန်ပတ်လမ်း သာယာလှပရေးဆောင်ရွက်ထားရှိပြီး နောင်ယားကန်ညဈေးတန်းကို ဖွင့်လှစ်ပေးခဲ့သည်။ ကယားပြည်နယ် လွိုင်ကော်မြို့အဝင်မုခ်ဦးကို ၂၀၁၈ ခုနှစ်တွင် တည်ဆောက်ပေးနိုင်ခဲ့သည်။



လွိုင်ကော်တက္ကသိုလ်ကို တွေ့ရစဉ်။

> "ကျန်းမာရေးဝန်ဆောင်မှု ပိုမိုကောင်းမွန်လာရန်အတွက် ပြည်နယ်အတွင်း ပြည်သူ့ကျန်းမာရေး လုပ်ငန်းများကို ၂၀၁၆ - ၂၀၁၇ ခုနှစ်တွင် ငွေကျပ် ၁၈၄၀ ဒသမ ၄ သန်း၊ ၂၀၁၇ - ၂၀၁၈ ခုနှစ်တွင် ငွေကျပ် ၂၁၉၈ ဒသမ ၇ သန်း၊ ၂၀၁၈ ခုနှစ် မီနီဘတ်ဂျက်တွင် ငွေကျပ် ၁၁၉၈ ဒသမ ၇ သန်းနှင့် ၂၀၁၈- ၂၀၁၉ ခုနှစ်တွင် ငွေကျပ် ၄၉၉ ဒသမ ၃ သန်းစသည်ဖြင့် တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်သုံးစွဲခဲ့"

**အားကစား**

ကယားပြည်နယ် လွိုင်ကော်မြို့တွင် ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် အားကစားနှင့် ကာယပညာသိပ္ပံကို ဖွင့်လှစ်ခဲ့သည်။ အားကစားရုံနှင့် ကစားကွင်းများကို အဆင့်မြှင့်တင်ဆောက်လုပ်ခဲ့ရာ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း လွိုင်ကော်၊ ဒီးမော့ဆို၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ် အားကစားရုံများ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ကစားကွင်းများ အဆင့်မြှင့်တင်ခြင်းများကို လည်းကောင်း၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း လွိုင်ကော်၊ ဘောလခဲ၊ ရှားတော၊ ဖရူဆိုမြို့နယ် ကစားကွင်းနှင့် အားကစားရုံများ ပြုပြင်တည်ဆောက်ခြင်းကို လည်းကောင်း၊ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း လွိုင်ကော်၊ ရှားတောနှင့် မယ်စဲ့မြို့နယ်ကစားကွင်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၁၆ - ၂၀၁၇ ခုနှစ်တွင် အားကစားနည်း ၂၆ မျိုး ပါဝင်ယှဉ်ပြိုင်နိုင်ရာမှ ၂၀၁၇ - ၂၀၁၈ ခုနှစ်တွင် အားကစားနည်း ၃၀ နှင့် ၂၀၁၈ - ၂၀၁၉ ခုနှစ်တွင် အားကစားနည်း ၃၁ မျိုးအထိ တိုးတက်ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့သည်။

ထို့ကြောင့် ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၂)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ပထမတံခွန်စိုက်ဒိုင်းဆုကိုရရှိခဲ့ပြီး ၂၀၁၇ ခုနှစ် နွေရာသီဖိတ်ခေါ်အလွတ်တန်းအသက် (၁၉) နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲ (ရန်ကုန်) တွင် ပထမတံခွန်စိုက် ဒိုင်းဆုရရှိခဲ့သည်။ ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အလွတ်တန်း ခရစ်ကက်ဖိတ်ခေါ်ပြိုင်ပွဲတွင် အသင်းလိုက် ဒုတိယဆုကို ရရှိခဲ့သည်။

၂၀၁၇ ခုနှစ် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပသည့် (၂၉) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ တိုက်ကွမ်ဒိုနှင့် ကရာတေးဒိုပြိုင်ပွဲများတွင် ကယားပြည်နယ်မှ အားကစားသမားများ နိုင်ငံကိုယ်စားပြုယှဉ်ပြိုင်၍ ကြေးတံဆိပ်ငါးခုကို ရရှိခဲ့သည်။

ထို့အတူ ၂၀၁၈ ခုနှစ် မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဖလားပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဒိုင်းဆု၊ ၂၀၁၉ ခုနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ခရစ်ကက်ပြိုင်ပွဲတွင် အမျိုးသားပထမတံခွန်စိုက်ဒိုင်းဆု၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှုတွင် အတက်ကြွဆုံး ပါဝင်ဆင်နွှဲခဲ့သည့် တိုင်းဒေသကြီး/ပြည်နယ် တတိယအဆင့်နှင့် ၂၀၁၈ ခုနှစ်အတွက် ပထမဆုများရရှိခဲ့ကြသည်။

လူငယ်များအကြား အားကစားလိုက်စားမှု စိတ်ပါဝင်စားမှုများ မြင့်တက်လာ၍ ပြည်သူများလည်း လူထုအားကစား လှုပ်ရှားမှုများကို ကိုယ်တိုင်ကိုယ်ကျ တက်ကြွစွာအားပေးလျက်ရှိသည်။

အချပ်ပို (ဇ) သို့



၂၆-၅-၂၀၁၈ ရက်က လွိုင်ကော်မြို့၌ ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုဖိုရမ် ကျင်းပစဉ်။

**အချပ်ပို (ဆ) မှ**

## ပြည်သူဗဟိုပြုလူထုတွေ့ဆုံပွဲများနှင့် ကွင်းဆင်းမှုများ

ကယားပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် လွိုင်ကော် ခရိုင်အတွင်းရှိ လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆိုနှင့် ရှားတောမြို့နယ်များသို့ ၂၀၁၆ ခုနှစ်အတွင်း (၁၁) ကြိမ်၊ ၂၀၁၇ ခုနှစ်အတွင်း (၇၃) ကြိမ်၊ ၂၀၁၈ ခုနှစ် အတွင်း အကြိမ် (၅၀) နှင့် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအထိ (၄) ကြိမ် စုစုပေါင်း (၁၃၈) ကြိမ် ပြည်သူလူထုနှင့် တွေ့ဆုံခဲ့သည်။

ကျေးရွာများသို့ ကွင်းဆင်းသွားရောက်မှု အနေဖြင့် လွိုင်ကော်မြို့နယ်မှ တင်ပြမှု ၈၆ ခု၊ ဒီးမော့ဆိုမြို့နယ်မှ တင်ပြမှု ၇၁၉ ခု၊ ဖရူဆိုမြို့နယ် မှ တင်ပြမှု ၃၃ ခု၊ ရှားတောမြို့နယ်မှ တင်ပြမှု ၇၅ ခု စုစုပေါင်း ၉၁၃ ခုအား ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ပြည်သူလူထု၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး အခက်အခဲများကို ဖြေရှင်း ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် ရေရှည်ဆောင်ရွက် ရမည့် ကိစ္စရပ်များကို စီမံကိန်းတွင် ထည့်သွင်း လျာထားပေးခဲ့သည်။

ဘောလခဲခရိုင်အတွင်းရှိ ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်များသို့ ၂၀၁၆ ခုနှစ် အတွင်း (၂၆) ကြိမ်၊ ၂၀၁၇ ခုနှစ်အတွင်း (၄၂) ကြိမ်၊ ၂၀၁၈ ခုနှစ်အတွင်း (၄၁)ကြိမ်နှင့် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအထိ (၆) ကြိမ် စုစုပေါင်း ကြိမ်နှင့် လွှတ်တော်သို့ အစီရင်ခံစာတင်သွင်းမှု (၂၇) ကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်နယ်လွှတ်တော် အစည်းအဝေးများတွင် ကြယ်ပွင့်ပြမေးခွန်း ၈၇ ခု ရှိသည့်အနက် ဆောင် ရွက်ပြီး ၄၆ ခု၊ ဆောင်ရွက်ဆဲ ၂၇ ခုနှင့် ဆောင် ရွက်ရန် ကျန် ၁၄ ခုရှိသည်။ ကြယ်ပွင့်မပြမေးခွန်း ၁၆ ခုအနက် ဆောင်ရွက်ပြီး ခြောက်ခု၊ ဆောင်ရွက် ဆဲ ခြောက်ခုနှင့် ဆောင်ရွက်ရန်ကျန် နှစ်ခုရှိသည်။ အဆို တင်သွင်းမှု ၁၂ ခုအနက် ဆောင်ရွက်ပြီးခုနစ်ခု၊ ဆောင်ရွက်ဆဲလေးခုနှင့် ဆောင်ရွက်ရန်ကျန်တစ်ခု ရှိကြောင်း သိရသည်။

### ပြုပြင်ပြောင်းလဲမှုရလဒ်များ

သုံးနှစ်တာကာလအတွင်း ကယားပြည်နယ်ရှိ ကျေးရွာအုပ်စု ၁၅ အုပ်စု၊ ကျေးရွာပေါင်း ၈၅ ရွာမှ တောင်သူ ၆၄၄၈ ဦး၏ ၁၈၀၈၂ ဧကကို လယ်ယာ မြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) အရေအတွက် ၈၄၂၀ ခု ထုတ်ပေးနိုင်ခဲ့သည်။ သိမ်းဆည်းမြေ များနှင့် ပတ်သက်၍ ကယားပြည်နယ်သည် ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ယနေ့အထိ ပြန်လည် စွန့်လွှတ်သည့် ဧရိယာ ၃၄၁ ဒသမ ၅၀ဧကရှိပြီး တောင်သူ ၉၅ ဦးအား ၁၈၃ ဒသမ ၂၈ ဧက ပြန်လည်ပေးအပ်ခဲ့သည်။

သိမ်းဆည်းမြေများနှင့်ပတ်သက်၍ ယနေ့ အထိ လျော်ကြေး/နစ်နာကြေး ပေးအပ်ခဲ့သည့် တောင်သူပေါင်းရှစ်ဦး၊ ဧရိယာ ၄၁ ဒသမ ၈၆၆ ဧကအတွက် လျော်ကြေး/နစ်နာကြေးငွေကျပ်



၉-၄-၂၀၁၉ ရက်က ကယားပြည်နယ်လုံးဆိုင်ရာ စုပေါင်းကေ့ထျိုးဘိုး(ခေါ်) ဂန်းခွမ့်တံခွန်တိုင် ပွဲတော်ကျင်းပစဉ်။



ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်အဖွဲ့ ရှမ်းပြည်နယ်တောင်ပိုင်း အင်းလေးဒေသနှင့် ကယားပြည်နယ် လွိုင်ကော်မြို့တို့ကြား ဆက်သွယ် သွားလာနိုင်မည့် ရေလမ်းကြောင်းခရီးစဉ်သစ်တစ်ခု ဖြစ်ထွန်းလာစေရေးအတွက် ၂၄-၉-၂၀၁၈ ရက်က ကွင်းဆင်းလေ့လာစဉ်။

(၁၁၅)ကြိမ် ပြည်သူလူထုနှင့် တွေ့ဆုံရန် ကျေးရွာ များသို့ ကွင်းဆင်းသွားရောက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းသွားရောက်ခဲ့ရာတွင် ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်များမှ ၆၀၆ ခုအား တင်ပြခဲ့ရာ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ လက်ငင်းလုပ်ဆောင်ရမည်များကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီး ရေရှည်လုပ်ဆောင် ရမည့် ကိစ္စရပ်များအား စီမံကိန်းတွင် ထည့်သွင်း လျာထား ဆောင်ရွက်ခဲ့သည်။

### ပြည်နယ်လွှတ်တော်

သုံးနှစ်တာကာလအတွင်း ကယားပြည်နယ် လွှတ်တော်တွင် ပြည်နယ်လွှတ်တော် ကိုယ်စား လှယ် ၁၄ ဦး၊ တိုင်းရင်းသားလွှတ်တော်ကိုယ်စား လှယ်တစ်ဦး၊ တပ်မတော်သား လွှတ်တော်ကိုယ်စား လှယ်ငါးဦးတို့ဖြင့် ပုံမှန်အစည်းအဝေး (၁၂) ကြိမ်၊ အထူးအစည်းအဝေး (၁) ကြိမ်နှင့် အရေးပေါ် အစည်းအဝေး (၅)ကြိမ်တို့ကို ကျင်းပခဲ့ပြီး ဥပဒေ သုံးခုနှင့် နည်းဥပဒေနှစ်ခုတို့ကို အတည်ပြု ပြဋ္ဌာန်းခဲ့ကြောင်း သိရသည်။

ထို့ပြင် ကယားပြည်နယ် လွှတ်တော်တွင် ရေးရာကော်မတီငါးခုကို ဖွဲ့စည်းထားရှိကာ ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် သုံးနှစ် တာကာလအတွင်းရေးရာကော်မတီအစည်းအဝေး (၁၁၇) ကြိမ်၊ မြေပြင်ကွင်းဆင်းဆောင်ရွက်မှု (၇၂)

၁၄၅၂ ဒသမ ၁ သိန်း ပေးအပ်ခဲ့ပြီးဖြစ်သည်။

၂၀၁၆ ခုနှစ် မှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအထိ တစ်ပြည်နယ်လုံးတွင် မြို့မြေဂရန် ၂၆၃၄ ဦး ထုတ်ပေးခဲ့ပြီးဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေးတွင် ဘဏ္ဍာရေး နှစ်အလိုက် ကတ္တရာလမ်းခင်းခြင်း၊ ပြုပြင်ထိန်းသိမ်း ခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးခဲ့သဖြင့် ကုန်စည်စီးဆင်းမှု မြန်ဆန်လာခြင်း၊ ခရီးသွား ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာသွားလာ နိုင်ခြင်း၊ ယာဉ်မတော်တဆဖြစ်စဉ်များ လျော့နည်း လာခြင်း၊ တစ်နေရာမှ တစ်နေရာသို့ သွားလာရာ တွင် ခရီးသွားချိန်နှင့် ယာဉ်မောင်းနှင်ချိန် ပိုမို မြန်ဆန်လာခြင်းနှင့် ယာဉ်များ ပြင်ဆင်ထိန်းသိမ်း စရိတ် လျှော့ချလာနိုင်ခဲ့သည်။

လျှပ်စစ်မီးများ ကျေးရွာအရောက် သွယ်တန်း ပေးနိုင်ခဲ့ခြင်းကြောင့် လျှပ်စစ်မီး ပိုမိုသုံးစွဲလာနိုင်၍ လူနေမှုဘဝမြင့်တက်လာခြင်း၊ မြို့ရွာများ ရေရရှိ ရေး ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် သောက်သုံး ရေ လွယ်ကူစွာသုံးစွဲနိုင်၍ သန့်ရှင်းကျန်းမာသော ပတ်ဝန်းကျင် ရရှိလာခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုး ရေး မြစိမ်းရောင်စီမံကိန်းများ ဆောင်ရွက်ပေးခြင်း ကြောင့် ရောင်းဝယ်ဖွံ့ဖြိုးတိုးတက်လာခြင်း၊ မြို့ရွာ များတွင် စည်ပင်သာယာရေးဆောင်ရွက်ပေးခြင်း ကြောင့် ပိုမိုဖွံ့ဖြိုးစည်ကားလာခြင်း၊ ကျန်းမာရေး ကြိုတင်ကာကွယ်ပေးခြင်းနှင့် ကုသပေးခြင်းတို့ကို တစ်နှစ်ထက်တစ်နှစ် ဘဏ္ဍာငွေပိုမိုကုန်ကျခံ သုံးစွဲခဲ့ခြင်းကြောင့် ကျန်းမာသော လူနေမှုဘဝ တည်ဆောက်နိုင်ခြင်း၊ ဆေးရုံဆေးခန်းများ တိုးချဲ့ ဆောက်လုပ်ပေးခြင်းကြောင့် ကျန်းမာရေးပိုမို ကောင်းမွန်လာခြင်း၊ ပညာရေးကျောင်းများ အသစ်ဆောက်လုပ်ခြင်း၊ ကျောင်းဆောင်များ ပြုပြင်မွမ်းမံပေးခြင်းနှင့် ဆရာ ဆရာမများ တိုးချဲ့ ခန့်ထားပေးခြင်းကြောင့် ကလေးများ ပညာရေး ကောင်းမွန်လာပြီး ပညာတတ်များ များပြားလာ ခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဘက်နှင့် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် ပေးခြင်းတို့ကြောင့် လူနေမှုဘဝမြင့်မားတိုးတက် လာသည်ကို တွေ့မြင်ရသည်။

### ငြိမ်းချမ်းဖြာဝေကယားမြေ အားနည်းသူကို ကူညီနေ

ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ် ခန်းမတွင် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လူငယ်များ ငြိမ်းချမ်း ရေးစကားဝိုင်း၊ ၂၀၁၈ ခုနှစ် ဧပြီ ၂၆ ရက်နှင့် ၂၇ ရက်တို့၌ NCA လက်မှတ်ရေးထိုးနိုင်ရေး အတွက် ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) တို့ ဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်သည့် (၆၇) နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်း အနားသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက် ဖွင့်လှစ်ပေးခဲ့သည်။

အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံရပ်ခြားသို့ ရောက်ရှိသွားခဲ့ပြီး မိမိဇာတိမွေးရပ်မြေသို့ ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်များအား မြန်မာ - ထိုင်းနယ်စပ်သို့ သွားရောက်ကြိုဆို၍ ၂၀၁၈ ခုနှစ် မေ ၇ ရက်တွင် ပြည်သူ ၁၉ ဦးနှင့် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် ၅၉ ဦး တို့ကို ပြည်နယ်အစိုးရအဖွဲ့မှ ပြန်လည်နေရာချ ထားရေးကော်မတီဖွဲ့စည်းပြီး စနစ်တကျ ကူညီ ထောက်ပံ့နေရာချထား ဆောင်ရွက်ပေး ခဲ့သည်။

သုံးနှစ်တာကာလအတွင်း မိဘမဲ့ကလေးနှင့် လူငယ်စောင့်ရှောက်ရေး ပရဟိတဂေဟာများနှင့် ဘိုးဘွားရိပ်သာများသို့ ငွေကျပ် ၂၉၅ ဒသမ ၅၆ သန်း၊ မသန်စွမ်းသူ ၅၀၉ ဦး အတွက် ထောက်ပံ့ ငွေကျပ် ၅၀ ဒသမ ၉ သန်းနှင့် မိုင်းကြောင့်ထိခိုက်၍ မသန်စွမ်းသူ ၁၀၉ ဦးတို့အတွက် ငွေကျပ် ၂၁ ဒသမ ၈ သန်း လှူဒါန်းပေးအပ်ခဲ့သည်။

### ပြည်သူ့အစိုးရ

အချုပ်အားဖြင့်ဆိုရသော် ကုန်းတွင်းပိတ် ဖွံ့ဖြိုးမှုနည်းသည့် ပြည်နယ်အဖြစ်မှ ရုန်းထွက်ကာ ဖွံ့ဖြိုးမှုအသီးအပွင့်များဖြင့် ကယားသွေးချင်းတို့ မြေသည် သာယာဝေစည်နေပြီဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ပြည်နယ်သူ၊ ပြည်နယ်သားများ ပိုမိုရရှိခံစားနိုင် ရန် သုံးနှစ်တာကာလကို ကြိုးပမ်းကျော်လွှန်ခဲ့ပြီး ဆက်လက်၍ ပြည်သူ့အတွက် ပြည်သူ့အစိုးရ ကောင်းဖြစ်ရန် ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း တင်ပြရေးသားအပ်ပါသည်။ ။



ကယားပြည်နယ်၏ အထင်ကရအပန်းဖြေနေရာတစ်ခုဖြစ်သည့် ထီးစဲခါးရေတံခွန်ကို တွေ့ရစဉ်။